www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဦးမြလေဝီပါဒေဖော်

စီစဉ်သူ

ပိုး နှဲ့ အိ

# ဇော်ထက်အောင်

## စဝ်ရန်နိုင် နှင့် မိန်

အသစ်စက်စက် စ / ဆုံး လုံးချင်းဝတ္ထု

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂/၂၀၁၀(၆)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၂/၂၀၁၀(၆)၊ ၂၀၁၀၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ပထမအကြိမ် အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၂၈၀၀၊ မျက်နှာဖုံးဝန်းရှိ ချစ်ဆန်း၊ ကာလာခွဲ မြကျွန်းသာ၊ စာအုပ်ချုပ် - မောင်မောင်၊ ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ - ရေနံသာကျေးရွာ၊ ပုလဲမြို့သစ် - ၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇)၊ ပြည်ဦးအော့ဖ်ဆက်ပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းစာပေမှ တင်ဆက်ပါသည်။ ဖုန်း - ၇၀၅၄၈၃

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## 'မိန်' ၏ နိဒါန်း



FEBRUARY 1958

| | | | | | | |
|---|---|---|---|---|---|---|
| Sun | | | | | | |
| Mon | | | | | | |
| Tues | | | | | | |
| Wed | | | | | | |
| Thurs | | | | | | |
| Fri | | | ● | | | |
| Sat | | | | | | |

## အခန်း (၁)

ရေယာဉ်တစ်စီး. . . ။

နောက်ဘက်၌ မှုန်ပျပျလရောင်. . . ။

မုန်တိုင်းစဲလုစအချိန်. . . ။

ခရီးကျွန်းဘက်သို့ ဦးတည်၍ခုတ်မောင်းနေပေသည်။

အင်ဂျင်စက်သံနှင့် လေတိုးသံက နားကွဲလုမတတ် ကျယ်လောင်လွှန်းနေပေသည်။

ကောင်းကင်ယံ၌ တိမ်ညိုတိမ်မည်းတို့က ရှိနေပေသေးသည်။

ပွဲစင်ပေါ်၌ အရပ်အမောင်းမြင့်မား၍ ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင်သော 'ထက်နေဗလ' ငြိမ်သက်စွာ ရပ်၍နေ၏။ ဆားငွေ့ပါသည့် ရေစက်ရေမှုန်များက သူ၏မျက်နှာပြင်ပေါ်သို့ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရိုက်ခတ်နေသည်။

'နေထက်ဗလ' ၏ဘေး၌ ခန္ဓာကိုယ်ခပ်သေးသေးနှင့် 'ချစ်ထွေး' ရှိနေသည်။

ရေယာဉ်ကို 'ချစ်ထွေး' က ပဲ့ကိုင်မောင်းနှင်၍နေသည်။ သူတို့လိုက်ပါလာသည့်ရေယာဉ်မှာ လှိုင်းလုံးများကြား၌ နိမ့်ချည်မြင့်ချည်ဖြင့် သွား၍နေသည်။

'ထက်နေဗလ' က ကမ်းခြေဘက်သို့ လှမ်းကြည့်လိုက်၏။

ဤဒေသတစ်ဝိုက်၌ အကြီးမားဆုံးသော ငါးဖမ်းဆိပ်ကမ်းဖြစ်သည့် 'ပလာတူး'ဆိပ်ကမ်းမှ မီးရောင်များကို မြင်နေရသည်။

ထက်နေဗလက အေးလွင်ကို လှမ်း၍အမိန့်ပေးသည်။

အေးလွင်က ပဲ့ကိုင်တံကို တအားကုန်ဆွဲ၍ လှည့်လိုက်သည်။ ရေယာဉ်သွားသည့်လမ်းကြောင်း ပြောင်း၍သွားပြီဖြစ်သည်။

ပဲ့စင်၏နောက်ဘက်နား၌ မှီ၍ရပ်နေသူမှာ လူထွားကြီးတစ်ဦးဖြစ်သည်။ ခန္ဓာကိုယ်အထက်ပိုင်း၌ အင်္ကျီဝတ်ထားခြင်း မရှိသဖြင့် ကြွက်သားများ အမြောင်းလိုက် အဖြိုင်းဖြိုင်း ထင်ရှားစွာပေါ်၍နေသည်။

သူ့ကို အားလုံးက လူဝံကြီးအောင်ဒင် ဟုအမည်ပေးထားကြသည်။

သူသည် ယခင်က လက်ဝှေ့ထိုးနေသူတစ်ဦးဖြစ်သည်။ ငွေရရန်အတွက် သူသည် ခက်ခဲစွာကြိုးစားခဲ့ရသည်။



ယခုမူ သူသည် ထက်နေဗလ၏ အားကိုးယုံကြည်ရသော လက်ရုံးတစ်ဦးဖြစ်၍နေပေပြီ။

စက်ခန်းထဲ၌ 'အေးလွင်' ရှိနေသည်။

တဝုန်းဝုန်းတဝေါဝေါမြည်နေသော အင်ဂျင်စက်ကြီးသုံးလုံးကို ငေးစိုက်ကြည့်၍နေသည်။

ဤအင်ဂျင်စက်သုံးလုံးကြောင့် 'မိန်' ဟု ခေါ်သည့် သူတို့၏ရေယာဉ်သည် ပင်လယ်ကမ်းခြေဒေသတစ်ဝိုက်၌ အမြန်ဆုံးရေယာဉ်တစ်စီး ဖြစ်လာရသည်။

ပင်လယ်ပြင်မှာ ပြန်လည်၍ ကြည်လင်လာ၏။

အေးလွင်သည် ကုန်းပတ်ပေါ်သို့တက်သွားသည်။

ပတ်ဝန်းကျင်၌ မှောင်မည်း၍နေ၏။ လေများက တဝေါဝေါဖြင့် တိုက်ခတ်နေဆဲပင်ရှိသေးသည်။

မြင့်မားသော လှိုင်းလုံးကြီးများသည် လှိုင်းခေါင်းဖြူများအမြှုပ် ပါးပျဉ်းထောင်ထလာပြီး ရေယာဉ်အပေါ်မှ ဖြတ်ကျော်သွားကြသည်။

မြင့်၍တက်လာသည့် လှိုင်းလုံးကြီးတစ်ခုအတွင်းသို့ ရေယာဉ်က ထွင်းဖောက်ဝင်ရောက်သွားသည်။ အေးလွင်၏ရင်ထဲ၌ အေးစိမ့်စွာခံစားလိုက်ရသည်။

လှိုင်းခွက်ထဲသို့ ရေယာဉ်ထိုးဆင်းသွားသောအခါ၌ ဦးပိုင်း အလျင်မော့၍ပေါ်လာသည်။

ကုန်းပတ်တစ်ခုလုံး ရေများပြည့်၍ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မိန်' သည် ရေလက်ကြားထဲသို့ ဝင်၍လာသည်။

ချစ်ထွေး၏မျက်နှာမှာ စိုးရိမ်၍နေသည်ကို ထက်နေဗလ သတိပြုမိသည်။

"ပလာတူး. . ."

ထက်နေဗလက ကျယ်လောင်စွာ အမိန့်ပေးလိုက်သည်။

သူသည် 'မိန်' ကပ်ရန် နေရာကို ရွေးချယ်လိုက်ခြင်းပင် ဖြစ်သည်။ ဤသို့ရွေးချယ်သည်မှာ သင့်လျော်မှုရှိသည်။ ဤသို့သော မှောင်မိုက်သည့်ညအချိန်၌ ထက်နေဗလနှင့်မိန်တို့ ရောက်လာကြမည်မဟုတ်ဟု တစ်ဖက်မှ သေချာပေါက် တွက်ဆထားကြပေလိမ့်မည်။

ထက်နေဗလက. . .

"ကမ်းခြေမှာ လိုအပ်တာတွေအားလုံး ကြိုတင်စီစဉ်ထားပြီးပြီ၊ ဘာမှ ပြဿနာမရှိနိုင်ဘူး၊ မုန်တိုင်းတိုက်ထားလို့. . .ရဲ မော်တော်တွေပါ ဆိပ်ကမ်းမှာ ကပ်နေကြလိမ့်မယ်"

ချစ်ထွေးက လက်ညှိုးထိုး၍ပြလိုက်ပြီး. . .

"ဟိုဘက်က ဆိပ်ကမ်းကို မုန်တိုင်းအဖျားခတ်သွားတယ်"

ရေတိုက်စားမှုကြောင့် ကွန်ကရစ်အုတ်ရိုး တစ်နေရာ၌ ကျိုးပေါက်၍နေ၏။

ထိုအပေါက်မှ ဝင်ရောက်သွားသည့်ရေများသည် တစ်ဖက်၌ ရေပြင်ကျယ်ကြီးဖြစ်၍နေသည်။

ဆိပ်ကမ်းဝင်ပေါက်ကို 'မိန်' က ဖြတ်ကျော်လာခဲ့ပြီး ပလာ



တူးမြို့ထဲသို့ ဝင်လာသည်။ မိုးသက်မုန်တိုင်း နှစ်ရက်တိတိပြင်းထန်စွာကျရောက်ထားသဖြင့် တစ်မြို့လုံး ရေများလျှံတက်၍နေ၏။

လှေများ၊ သမ္ဗာန်များ၊ မော်တော်များ ဆိုက်ကပ်ထားသည့် ရေပေါ် ဆိပ်ကမ်းတစ်ခု ဖြစ်၍နေသည်။

မုန်တိုင်းဒဏ်မိသွားသည့် လှေ၊ သမ္ဗာန်၊ သင်္ဘောအချို့မှာမူ ရေထဲ၌ တစ်နေရာစီမြုပ်၍နေကြသည်။ ရွက်တိုင်ကလေးမျှသာ ရေပေါ်၌ ထိုးထိုးထောင်ထောင်ပေါ်၍နေပေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကွန်ကရစ်အုတ်ရိုး တာတာမံနှင့် မလှမ်းမကမ်း တစ်နေရာ၌ ဖြစ်သည်။

တာရပတ်ပေါင်းမိုးတင်ထားသော လှေကြီးတစ်စီးအတွင်း၌ စဝ်ရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး 'အန့်ကူ' တို့ရှိနေကြသည်။ အန့်တူသည် ခြေပစ်လက်ပစ် လဲလျောင်း၍နေ၏။ သူသည် လုပ်သက်ပြည့်၍ အနားယူတော့မည်ဖြစ်သည်။

သူသည် 'ထက်နေဗလ' ကို လိုက်လံ၍ ဖမ်းဆီးနိုင်ရေးအတွက် အမြဲကြိုးစားနေခဲ့သူဖြစ်သည်။

ယခုတစ်ကြိမ်. . .

သူ့အလုပ်သက်တမ်းကာလ၏ နောက်ဆုံးအခွင့်အရေးတစ်ရပ်အနေဖြင့် ထက်နေဗလကို ဖမ်းဆီးရန် စီစဉ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထက်နေဗလကို ဖမ်းဆီးနိုင်ခဲ့လျှင် သူ့အတွက် ဆုငွေအမြောက်အများ ရပေလိမ့်မည်။

အန့်ကူက. . .

"မုန်တိုင်းကျတာကို အခွင့်ကောင်းယူပြီး ထက်နေဗလ ဆိပ်ကမ်းကို ဝင်လာမယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိတယ်၊ သူ့ကိုမိတော့မယ်ဆိုတာနဲ့ သူ့ဘက်က တစ်မျိုးမျိုးကြံစည်လာလိမ့်မယ်၊ သူ ဘာလုပ်တော့မယ်ဆိုတာ. . . ဘယ်သူမှမသိအောင် လုပ်နိုင်တဲ့ အရည်အချင်းတော့ သူ့မှာရှိတယ်"

သူတို့၏လှေကြီးဘေး၌ ရဲမော်တော်နှစ်စီးကပ်၍ထားသည်။ ရေလက်ကြားမှကြည့်လျှင် ထိုမော်တော်များကို လုံးဝ မမြင်နိုင်ပေ။

စစ်ရန်နိုင်က မသိမသာပြုံးလိုက်ပြီး. . .

"ငါဆင်ထားတဲ့ထောင်ချောက်ထဲ. . . သူတို့ဝင်လာတာနဲ့ အပိုင်ဖမ်းကြတာပေါ့"

အန့်ကူက စစ်ရန်နိုင်၏လက်ကို ဆွဲ၍ပြောသည်။

"ခဏလောက်စောင့်ဦး. . . စစ်ရန်နိုင်၊ သမ္မာန်တွေ ဝိုင်းထားမိတဲ့အချိန်ထိ စောင့်ပါဦး၊ ဒါမှ သူ့ကိုအပိုင်ဖမ်းမိမှာ. . .

စစ်ရန်နိုင်ခေါင်းညိတ်လိုက်မိသည်။

◆



ထက်နေဗလသည် ဆိပ်ကမ်းတစ်ခုလုံးကို မှန်ပြောင်းဖြင့် သေချာစွာကြည့်နေသည်။

'မိန်' ရေယာဉ်သည် သမ္ဗာန်ငယ်များ၊ လှေများဆိုက်ကပ်ထားသည့်နေရာသို့ တဖြည်းဖြည်းတိုး၍ ဝင်လာသည်။ ရေယာဉ်ပေါ်မှာ မီးထွန်းထားခြင်းမရှိပေ။

မည်းမည်းသဏ္ဍာန်ရေယာဉ်သည် ငါးဖမ်းသင်္ဘောများ၊ လှေများ၏ ရွက်တိုင်များကြား၌ ရောထွေး၍နေပေသည်။

သင်္ဘော၏ရှေ့ဘက်ရှိ ကုန်းပတ်ဝမ်းပေါက် ပွင့်၍လာသည်။

လူဝကြီးမိုးဇက်နှင့်လှမျိုးတို့ ကုန်းပတ်ပေါ်သို့ အသာတက်သွားကြသည်။ သူတို့နှစ်ဦးက သတိကြီးစွာထား၍ ရွှေချောင်းများကို သယ်နေကြသည်။

တတိယမြောက်လူဖြစ်သော 'ဇင်လင်း' မှာမူ သင်္ဘောဝမ်းအတွင်း၌ရှိနေသည်။

ဇင်လင်းက ပလတ်စတစ်အိတ် လှမ်း၍ပေးသည်။

လူဝကြီးမိုးဇက်က ခေါင်းခါသည်။

'ဟင့်အင်း. . . ငါမယူဘူး"

"ယူပါ. . . ဒေါက်တာချမ်းက ၁၆. ဝိုင်. ဘုံးဆင့်အဖွဲ့ကို ပို့ပေးဖို့ မှာလိုက်တာပါ"

ထို့နောက်. . .

ဇင်လင်းက လူဝကြီးမိုးဇက်၏အနီးသို့ကပ်၍ တီးတိုးပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်မြန်သည်။

အိတ်ထဲ၌ မည်သည့်ပစ္စည်းများပါမည်ကို မိုးဇက်နှင့် ဖင်လင်းတို့သိနေကြသည်။

ထိုအချိန်မှာပင်. . .

'ထက်နေဗလ'က. . .

"အချက်ပြလိုက်. . ."

သင်္ဘောအပေါ်မှနေ၍ အချက်ပြမီးရောင်ပေါ်လာသည်။

လှိုင်းထနေသော ပင်လယ်ရေပြင်ကို ဖြတ်သန်း၍ သမ္ဗာန်အုပ်စုတစ်စုသည် 'မိန်' ရေယာဉ်ဆီသို့ ဦးတည်၍ လျှင်မြန်စွာလာနေကြ၏။

'မိန်' ရေယာဉ်ပေါ်၌ ရွှေချောင်းများပါလာသည်။

ထိုသမ္ဗာန်ထဲသို့ ရွှေချောင်းများရောက်သွားလျှင် သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်ရဲများ၏ မျက်စိရှေ့မှာပင်လျှင် ရွှေချောင်းများသည် ပင်လယ်ထဲသို့ ကျရောက်သွားသည့်ပမာ ပျောက်ကွယ်ကုန်ကြပေလိမ့်မည်။

ထိုသမ္ဗာန်များပေါ်၌ လိုက်ပါလာကြသူများမှာ ၁၆, ဝိုင်, သုံးဆင့်အဖွဲ့မှ လူများ ဖြစ်ကြပေသည်။

◆



ထက်နေဗလသည် မှန်ပြောင်းတစ်လက်ဖြင့် သူ၏လူများ အလုပ်လုပ်နေကြသည်ကို ကြည့်ရှု၍နေသည်။

ထိုအချိန်မှာပင်. . .

သင်္ဘောဝမ်းပေါက်အတွင်းမှနေ၍ ပလတ်စတစ်အိတ်ကြီးတစ်လုံး တိတ်တဆိတ်ထိုး၍ပေးနေသည်ကို ရုတ်တရက်မြင်လိုက်ရသည်။

သမ္ဗာန်တစ်စီးက 'မိန်' အနီးသို့တိုးဝင်၍လာပြီး ယှဉ်၍ကပ်လိုက်သည်။

ထက်နေဗလက မာကျောသောလေသံဖြင့် ပြောလိုက်သည်။

"အဲဒီအိတ်. . . ငါ့ဆီကိုယူခဲ့စမ်း"

ဖင်လင်းသည် လေးကန်သောခြေလှမ်းများဖြင့် မလှုပ်တလှုပ် လျှောက်၍လာသည်။

ပွဲစင်ပေါ်မှနေ၍ ထက်နေဗလက အိတ်ကိုလှမ်းယူလိုက်၏။

အိတ်တွင်းကို ဖွင့်ကြည့်လိုက်သည်။

မည်းနက်စေးကပ်သော အလုံးတစ်လုံးကို တွေ့လိုက်ရသည်။

'ထက်နေဗလ' ၏မျက်နှာမှာ သိသာစွာ မာကျောခက်ထန်၍သွားသည်။

ဤပစ္စည်းများကို သူ၏သင်္ဘောပေါ်၌ ယူဆောင်သယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခွင့် လုံးဝမပြု။ သူမသိအောင် ခိုးဝှက်၍ယူဆောင်လာခြင်းသည် သူ၏သိက္ခာကိုထိပါးခြင်း၊ သူ့ကို အာခံခြင်းပင်ဖြစ်သည်။

သို့သော်. . .

ဇင်လင်းသည် ဒေါက်တာချမ်း၏ လူယုံတော်တစ်ဦးဖြစ်သည်။ ထို့အတွက်ကြောင့်လည်း ဤကဲ့သို့ ရဲတင်းစွာ လုပ်ရဲခြင်းပင်ဖြစ်သည်။

ထက်နေဗလက ပုံမှန်လေသံဖြင့် မေးသည်။

"ဘယ်နှစ်အိတ် ပါလာသလဲ"

ဇင်လင်းက လေသံခပ်တင်းတင်းဖြင့်. . .

"ဆယ့်ငါးအိတ်ပါတယ်၊ ဒေါက်တာချမ်းက ပို့ခိုင်းလိုက်တာပါ"

ထက်နေဗလ၏လေသံက ပို၍တင်းမာခက်ထန်သွားသည်။

"အဲဒီအိတ်တွေအားလုံး. . . ရေထဲပစ်ချလိုက်"

ဇင်လင်းက မကျေမနပ်သည့်အမူအရာဖြင့် ကြည့်လျက်. . .

"ဒါ. . . ဒေါက်တာချမ်းရဲ့ပစ္စည်း၊ ခင်ဗျားက ဒီလိုလုပ်ရဲလို့လား"

"ငါ့ရဲ့ 'မိန်' ရေယာဉ်ပေါ်မှာ ဒီလိုပစ္စည်းမျိုးတွေ မတင်ရဘူး၊ လူပိုမတင်ရဘူး၊ ဒါ. . . ငါ့ရဲ့စည်းကမ်းပဲ"

ထက်နေဗလ၏နောက်၌ ရပ်နေသည့်အောင်ဒင်က



ကြားမှဝင်၍ ပြောလိုက်သည်။

"ဟေ့ကောင်. . . ထက်နေဗလ. . . လွှတ်ပေးလိုက်စမ်းပါကွာ"

"ဘာလဲ မင်းက သူတို့နဲ့အတူတူလား"

"ငါ့အကြောင်း မင်းသိပါတယ်၊ ဒီအထဲမှာ ငါ လုံးဝမပါဘူး၊ သူက. . . ဒေါက်တာချမ်းမြရဲ့ လူယုံဖြစ်နေတယ်လေ"

ပွဲထိန်း 'ချစ်ထွေး' က. . .

"ခင်ဗျား စဉ်းစားပြီးမှလုပ်ပါ၊ ဒေါက်တာချမ်းကို အာခံတဲ့အလုပ်မျိုးလုပ်ရင် ခင်ဗျားကော. . . ကျုပ်တို့ပါ အားလုံး အသတ်ခံရလိမ့်မယ်"

ဇင်လင်းက မထီမဲ့မြင်ပြုံးလိုက်သည်။

ထက်နေဗလ အံကိုတင်းစွာကြိတ်လိုက်၏။

ကုန်းပတ်ရှေ့ပိုင်း၌ အလုပ်လုပ်နေသည့် သူ၏လူများကို လှမ်း၍အမိန့်ပေးလိုက်သည်။

"အဲဒီအိတ်တွေအားလုံး. . . ပင်လယ်ထဲတန်းချလိုက်"

ထို့နောက်. . .

ဇင်လင်းဘက်သို့လှည့်၍. . .

"မင်းပါ. . . ရေထဲကိုခုန်ချလိုက်"

ဇင်လင်းက မခိုးမခန့်လေသံဖြင့်. . .

"ဒေါက်တာချမ်းရဲ့အကြောင်း ခင်ဗျား. . . မကြာခင် သိရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လူဝံကြီးအောင်ဒင်က ဘာမှမပြောတော့။

'မိန်' သင်္ဘောပေါ်၌ မာလိန်မှူး 'ထက်နေဇလ' ၏အမိန့်သာ အတည်ဖြစ်သည်။

အောင်ဒင်က ပွဲစင်ပေါ်မှ ကုန်းပတ်ပေါ်သို့ ခုန်ချလိုက်၏။

ဇင်လင်းထံသို့ အောင်ဒင်က တစ်လှမ်းချင်းလျှောက်လာသည်။

လူဝံကြီးအောင်ဒင်လာနေသည်ကို တွေ့လိုက်သည်နှင့် ဇင်လင်းသည် ရေထဲသို့ ခုန်ချလိုက်လေသည်။

မိမိတို့ရေယာဉ်၏တစ်ဖက်သို့ အောင်ဒင်လှမ်းကြည့်လိုက်၏။ မော်တော်များ ချဉ်းကပ်လာသည်ကို မြင်လိုက်ရသည်။

အောင်ဒင်က သတိပေးရန် ပါးစပ်ဟလိုက်၏။

ထက်နေဇလက ကြို၍မြင်ထားပြီးပြီဖြစ်သည်။

အောက်ဘက်စက်ခန်းဆီသို့ အချက်ပေးသည့် မောင်းတံလုတ်ကို အဆုံးထိ ဖိချလိုက်၏။

ခေါင်းလောင်းသံများ ဆူညံကျယ်လောင်စွာ မြည်ဟီး၍သွားသည်။

မိမိတို့ရေယာဉ်ကို စက်ကုန်ဖွင့်၍ ရှေ့သို့မောင်းရန် အမိန့်ပေးလိုက်ပြီးသားဖြစ်သွားသည်။

စက်ခန်းအတွင်း၌ ခေါင်းလောင်းသံပေါ်၍လာသည်။

ဤကဲ့သို့သော ပြဿနာကြီးမားသည့်အန္တရာယ်နှင့် ကြုံ



လာလျှင် မည်သို့ပြုလုပ်ရန် 'အေးလွင်' က သိထားပြီးသားဖြစ်သည်။ အသင့်ပြင်ထားပြီးသားလည်း ဖြစ်သည်။

အေးလွင်သည် အင်ဂျင်စက်များ၏မောင်းတံကို အဆုံးထိ လျှင်မြန်စွာလှည့်ပစ်လိုက်၏။

ပန်ကာဒလက်သုံးခုက ရေများကို အရှိန်ပြင်းစွာ ယက်ထုတ်ပစ်လိုက်သည်။ 'မိန်'မှာ ဦးထောင်၍သွားသည်။

ယက်ထုတ်လိုက်သော ရေအရှိန်ကြောင့် အနီးရှိသမ္ဘာန်များ မှောက်ကုန်သည်။ သင်္ဘောဦးမှာလည်း ထောင်၍တက်သွားသည်။

သက်သေခံပစ္စည်းများဖြစ်သော တရားမဝင်ရွှေချောင်းများမှာ ပလာတူးဆိပ်ကမ်း၏ ရေအောက်သို့ လျှော၍ကျဆင်းသွားကြသည်။

ရေထဲ၌ သမ္ဘာန်သမားများ၊ အလုပ်သမားများ ရောက်နေကြသည်။

ရဲမော်တော်များ ရှေ့သို့တိုးရန် မဖြစ်တော့ပေ။

ထို့ကြောင့် 'မိန်' ကို ဖြတ်၍မတားနိုင်ကြတော့ပေ။

စစ်ရန်နိုင်က အော်ဟစ်၍အမိန့်ပေးလိုက်သည်။

"အလုပ်သမားတွေကို မတိုက်မိစေနဲ့. . . ကွေ့ပြီးရှောင်မောင်း၊ အမြန်လိုက်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'မိန်' မှာ ရေလက်ကြားထဲသို့ ရောက်လာသည်။

အောင်ဒင်က ရှေ့သို့လှမ်းကြည့်ရင်းပြောသည်။

'အရှေ့ဘက်ထွက်ပေါက်ကို. . . ပိတ်ထားလိုက်ကြပြီ'

ထက်နေဗလက မှန်ပြောင်းနှင့်ကြည့်သည်။

ပင်လှယ်ပြင်သွားသည့် မော်တော်နှစ်စီး ယှဉ်၍မောင်းလာနေသည်ကို မြင်လိုက်ရသည်။

ထက်နေဗလက ရေယာဉ်ကို တောင်ဘက်သို့ လှည့်လိုက်၏။

လှေငယ်ကလေးများ ရှုတ်ထွေးနေသည့် တောင်ဘက်ထွက်ပေါက်သို့ ဦးတည်၍မောင်းသည်။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



ထက်နေဗလ၏လှုပ်ရှားမှုမှာ နှောက်ကျ၍သွားပေပြီ။

သူတို့ထွက်မည့် ထွက်ပေါက်နေရာ၌ ရဲမော်တော်နှစ်စီး ယှဉ်၍ပိတ်ထားသည်ကို မြင်လိုက်ရလေသည်။

◆

မင်း . . . ဘယ်လောက်ပြေးနိုင်မလဲ၊ ပြေးချင်သလောက် ပြေးစမ်း"

စဝ်ရန်နိုင်က မော်တော်ပေါ်၌ရပ်လျက်ကြည့်ရင်းမှ . . .

"ဒီတစ်ခါတော့ မင်းလွတ်ပြီး မပြေးနိုင်တော့ပါဘူးကွာ"

စဝ်ရန်နိုင်အနေနှင့် ထက်နေဗလ၏ရေယာဉ်ကို မိရန်အတွက် အပြင်းအထန်ကြိုးစားနေပေသည်။

သူသည် ပဲ့ကိုင်နေသူဘက်သို့လှည့်၍ . . .

"ဒီကောင့်ရေယာဉ်နောက်ကနေ ကပ်ပြီးလိုက်စမ်း၊ ဒီတစ်ခါတော့ . . . ပြေးပေါက်မရှိနိုင်တော့ဘူး"

◆

'မိန်' ရေယာဉ်ပေါ်မှ ချစ်ထွေးက ထက်နေဗလကို လှမ်း၍ပြောသည်။

"အခြေအနေကတော့ မကောင်းဘူးဟေ့၊ ပလာတူးဆိပ်



တမ်းရဲ့ ထွက်ပေါက်နှစ်ခုလုံးကို သူတို့ပိတ်ထားတယ်"

ထက်နေဗလက သူ၏ 'မိန်' ကို ဆိပ်ကမ်းဘက်သို့ ချိုးကွေ့၍မောင်းနှင်လိုက်သည်။

ရေတိုက်စား၍ ကျိုးပေါက်နေသော ရေကာတာ၏ကွန်ကရစ်အုတ်ရိုးပေါက်ကို မြင်လိုက်သည်။

စိတ်မှန်းဖြင့် ထိုအပေါက်၏အတိုင်းအတာကို ခန့်မှန်းတွက်ချက်ကြည့်သည်။

သူတို့၏ 'မိန်' နှင့် ဖြတ်ဝင်လျှင် တစ်ဖက်လျှင် သုံးပေလေးပေခန့် လွတ်ထွက်နိုင်သည်။

အချိန်အဆ တိကျမှန်ကန်မှသာလျှင် လွတ်ပေမည်။

ထက်နေဗလ၏အကြံအစည်ကို ရိပ်စားမိသော ချစ်ထွေးက ခေါင်းခါလျက်တားသည်။

"မဖြစ်နိုင်ဘူး . . . ငါတို့အားလုံး သေကုန်တာပဲ အဖဟ်ချင်လိမ့်မယ်"

"ဘာလဲ . . . မင်းက သွေးကြောင်နေပြီလား"

ထက်နေဗလက တင်းမာစွာအော်ဟစ်ပြောလျက် 'မိန်' ကို ထိုအုတ်ရိုးပေါက်ဆီသို့ ဦးတည်မောင်းနှင်သည်။

ထို့နောက် လှေဝံကြီးအောင်ဒင်ဘက်သို့လှည့်၍ . . .

"အေးလွှင်ကို အမြန်ပြောလိုက်စမ်း၊ အင်ဂျင်စက်ကို အားကုန်ဖွင့်မောင်း"

အင်ဂျင်စက်သံက တဝေါဝေါမြည်ဟီး၍လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'မိန်' မှာ ရှေ့သို့ တစ်ဟုန်ထိုး တိုးထွက်သွားသည်။

တိုအချိန်မှာပင်. . .

ရေကာတာ၏ အုတ်ရိုးပေါ်သို့ ကျော်လွှားတက်သွားသော လှိုင်းလုံးကြီးတစ်လုံးကို မြင်လိုက်ကြရသည်။ ထိုလှိုင်းလုံးကြီးမှာ ပင်လယ်အတွင်းမှ အရှိန်ပြင်းစွာဖြင့်တက်လာသော ဧရာမလှိုင်းလုံးကြီးဖြစ်သည်။

တချိန်တည်းမှာပင်. . .

ထက်နေဇလက 'မိန်' ကို ကျိုးပေါက်နေသော ကွန်ကရစ်အုတ်ရိုးပေါက်အတွင်းမှနေ၍ အရှိန်ပြင်းစွာ မောင်းနှင်ထွက်လိုက်လေသည်။

◆

'မိန်' ၏ဦးပိုင်းမှာ ရေထဲသို့ထိုးစိုက်ကျဆင်းလာသည်။ အရှိန်ဖြင့် ဦးမော့၍ထောင်တက်သွားသည်။

ရေယာဉ်၏ကိုယ်ထည်တစ်ခုလုံးကို လှိုင်းလုံးကြီး၏ ပင့်တင်သယ်ဆောင်သွားသည်။

လှိုင်း၏ဦးဖျားမှာ 'မိန်' ၏ အောက်၌ ရောက်၍နေ၏။

'မိန်' ရေယာဉ်သည် မည်သည့်အရာနှင့်မျှ ထိခိုက်ခြင်း တိုက်မိခြင်းမရှိဘဲ ကွန်ကရစ်အုတ်ရိုးပေါက်ကို ကျော်ဖြတ်ထွက်လာနိုင်သည်။



ထက်နေဇလက မြင်းကောင်ရေအား တစ်ထောင့်ခြောက်ရာရှိသော ညာဘက်အင်ဂျင်ကိုဖွင့်၍ မောင်းလိုက်သည်။

ရေယာဉ်မှာ ဦးပြန်၍လည်ပြီး တည့်မတ်သွားသည်။

'မိန်' သည် တစ်ဖက်ရှိ ပင်လယ်ပြင်ကျယ်ကြီးအတွင်းသို့ အန္တရာယ်မရှိ လွတ်ကင်းစွာ မောင်းနှင်ထွက်သွားပြီဖြစ်မေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အရှေ့ဘက်မှ ရောင်နီပျို့စပြုနေပေပြီ။

'မိန်' သည် တာပိုမြို့၏ ဆိပ်ကမ်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည်။

တာပိုဆင်ဒီကိတ်အဖွဲ့၏ လူမိုက်ဝေလီသည် သူ၏လူယုံများနှင့်အတူ ဆိပ်ကမ်း၌ အသင့်စောင့်ဆိုင်း၍နေသည်။ သူ၏တာဝန်မှာ ထက်နေဗလကို ဒေါက်တာချမ်းမြထံသို့ ပို့ပေးရန်ဖြစ်သည်။

ထက်နေဗလသည် ပွဲစင်ပေါ်မှတစ်ဆင့် ကုန်းပတ်ပေါ်သို့ဆင်းသည်။ ကမ်းခြေကုန်းမြေပေါ်သို့ ခုန်ဆင်းမည့်ဟန် ပြင်လိုက်၏။

လူဝံကြီးအောင်ဒင်က သူ၏လက်ကိုဆွဲလျက်. . .

"ထက်နေဗလ. . . ဒါဟာ မင်းရဲ့သေတူရှင်ဘက် သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းပါ။ မင်းနဲ့အတူ ငါပါလိုက်ခဲ့မယ်"

ထက်နေဗလက ပြုံး၍ခေါင်းခါသည်။

သူသည် အရပ်အမောင်းမြင့်မား၍ ယောက်ျားပီသသော ရုပ်ရည်ရှိသူဖြစ်သည်။

ထက်နေဗလက. . .

"အောင်ဒင်. . . မင်းပါ ငါနဲ့အတူရောပြီး အသေခံစရာ မလိုပါဘူး။ မင်းက သင်္ဘောသားတွေနဲ့ နေရစ်ခဲ့စမ်းပါ"

ထက်နေဗလက ဝေလီနှင့်အတူ လိုက်ပါသွားပြီး အသင့် စောင့်နေသည့် ကားထဲသို့ဝင်ထိုင်လိုက်၏။

မိမိ၏ 'မိန်' ရေယာဉ်သည် ကံကောင်းထောက်မစွာဖြင့် သီသီလေး လွတ်မြောက်ခဲ့ရသည်။ သူကိုယ်တိုင်လည်း ထိုအဖြစ် အပျက်ကို သတိရရင်း တုန်လှုပ်မိခဲ့ရသည်။

ထက်နေဗလ၏ လှုပ်ရှားမှုများမှာ တည်ငြိမ်လွန်းလှသည် ဟု လူမိုက်ဝေလီ ထင်မိသည်။ ထက်နေဗလကို သူ၏လုပ်ငန်းတာ ဝန်များမှ ဒေါက်တာချမ်းမြက ရပ်ဆိုင်းပစ်တော့မည်ဟု ဝေလီ တစ်ထစ်ချ သတ်မှတ်ထားသည်။

ဤတစ်ကြိမ်တွင် ထက်နေဗလ၏လုပ်ငန်းစဉ်မှာ ဆုံးရှုံးမှု များ ကြီးမားစွာနှင့်ကြုံခဲ့ရသည်။ အောင်မြင်မှုအလျဉ်းမရှိခဲ့။

ဝေလီက ခက်ထန်သောမျက်နှာဖြင့် 'မိန်' မှ သင်္ဘောသား များဘက်သို့ လှည့်လိုက်သည်။ သူ၏ အပေါ်အင်္ကျီရင်ဝကိုဖွင့်၍ ထားသည်။ အတွင်းဘက်ပခုံးစလွယ်ကြိုးအတွင်းမှ ဇော်တိုမက်



တစ်ပစ္စတိုကို သင်္ဘောသားများမြင်သာအောင် ပြလိုက်ခြင်းပင် ဖြစ်သည်။

သူ၏အပြုအမူနှင့်သဘောထားက ရှင်းလင်းလှသည်။

သူသည် ဒေါက်တာချမ်းမြ၏အမိန့်အတိုင်း တာဝန်ယူ လုပ်ဆောင်နေသည်ဟု ဆိုလိုခြင်းပင်. . .

အာခံခဲ့သူရှိပါက. . .

သူ၏ပစ္စတိုဖြင့် အမြီးရှင်းပစ်မည်ဟု ယဉ်ယဉ်ကလေး ခြိမ်းခြောက်လိုက်ခြင်းလည်းဖြစ်သည်။

◆

တာပိုမြို့. . .

စိတ်ဝင်စားဖွယ်ကောင်းသော ပင်လယ်ဆိပ်ကမ်းမြို့တစ် မြို့ဖြစ်သည်။

တာပိုမြို့သည် အစဉ်အဆက်ကတည်းက တည်ရှိခဲ့သော မြို့ဖြစ်သည်။ တောင်ကုန်းမြင့်များပေါ်၌ တည်ရှိသည်။

လှပခမ်းနားသော ရှေးဟောင်းအိမ်များ၊ အဆောက်အဦး များနှင့် ကျောက်သားများရှိနေသည်။

ဈေးဆိုင်များ၏ရှေ့၌ ထွန်းညှိထားသော နံ့သာအမွှေး တိုင်များမှ မီးခိုးများက တလူလူထွက်၍ သင်းပျံ့နေသည်။ ပင်လယ် ဒီရေတက်သောအခါ၌ ညစ်ထေးသောရွှံ့ညွှန်များ၏ အပုပ်နံ့ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ရတတ်မေသည်။

တာပိုဆင်ဒီကိတ်ဟုခေါ်ဆိုသည့် ဒေါက်တာချမ်းမြ၏ ဒု စရိုက် ရာဇဝတ်ဂိုဏ်းတစ်ဂိုဏ်းမှာ ခရုမြို့မှ ၁၆ ဝိုင်, သုံးဆင့် ဂိုဏ်းနှင့် အပြိုင်ကြီးထွားပေါ်ပေါက်လာခဲ့သည်။

ထိုဂိုဏ်းနှစ်ဂိုဏ်းစလုံးသည် ဥပဒေနှင့်ဆန့်ကျင်သည့် ရာဇဝတ်မှုလုပ်ငန်းများစွာကို လုပ်ကိုင်ကြသည်။ သူတို့၏ ပိုင်ဆိုင်မှုငွေကြေးပမာဏမှာလည်း ကြီးမားလှသည်။

အမှန်စင်စစ်အားဖြင့်. . .

တာပိုမြို့ပေါ်၌ ဒေါက်တာချမ်းမြသည် ကြီးမားထည်ဝါ ခန့်ငြားလှပသည့် မျက်နှာဖုံးကြီးတစ်ခုစွပ်၍ သူ၏လုပ်ငန်းများကို ပိရိသေသပ်စွာ လုပ်ကိုင်လှုပ်ရှားနေသူတစ်ဦးသာလျှင် ဖြစ်သည်။

◆

ဒေါက်တာချမ်းမြ တျောက်စိမ်းမှန်နန်းဆောင်. . .။

သူ၏ရင်းနှီးသောမိတ်ဆွေနှစ်ဆယ်ကျော်ကို ဧရာမစားပွဲဝိုင်းကြီး၌ ဝိုင်းထိုင်လျက် စားသောက်ဖွယ်ရာများကို တည်ခင်းဧည့်ခံကျွေးမွေးနေပေသည်။

စားပွဲပေါ်၌ အရက်မျိုးစုံ၊ ဘီယာမျိုးစုံ. . .

အခြားစားသောက်ဖွယ်ရာ အသားဟင်းလျာမျိုးစုံ. . .

ထိုဧည့်သည်တော်များအားလုံးသည် အားပါးတရ စား



သောက်၍နေကြသည်။

စားသောက်နေရင်းမှပင်. . .

ဒေါက်တာချမ်းက သူ၏လုပ်ငန်းများ ပြောင်းလဲတော့မည့် အကြောင်း၊ အစီအစဉ်များကို ပြောပြသည်။ သူအားကိုးအားထားပြုနေသည့် ရွှေချောင်းများနှင့် ပတ်သက်သည့် လုပ်ငန်းနေရာ၌ အခြားလုပ်ငန်းများ၊ လောင်းကစားလုပ်ငန်းများကို အသစ်ထပ်မံ လုပ်ကိုင်သွားတော့မည်ဖြစ်ကြောင်း ပြောပြသည်။

ဒေါက်တာချမ်းမြသည် စားပွဲဝိုင်း၏ထိပ်၌ ထိုင်နေသည်။

ကျားသစ်ရေခင်းထားသည့် နဂါးခေါင်းရုပ်ထွင်းထုထားသည့် နောက်မှီကုလားထိုင်မြင့်ကြီး၌ ထိုင်၍နေခြင်းဖြစ်သည်။

ဒေါက်တာချမ်းမြက ခေါင်းကိုနောက်သို့လှန်၍ အားရပါးရ ရယ်မောနေသည်။ သူ၏ဘေးပတ်လည်၌ ရှိနေသူများမှာ အရက်မူးနေကြပြီဖြစ်သည်။

သို့သော် ဒေါက်တာချမ်းက လက်ညှိုးထိုး၍ အပြစ်ပြောလာမည်ကိုစိုး၍ ဒေါက်တာချမ်းနှင့်အတူ ရော၍ ဟားတိုက်ရယ်မောနေကြသည်။

ဒေါက်တာချမ်း၏ ဘေး၌ရှိနေကြသော သူ၏ဧည့်သည်တော်များထဲ၌ လူကောင်းသူကောင်းဟူ၍ တစ်ဦးမျှမပါပေ။

ခါးပြ၊ လူလိမ်၊ လူပေါ်လူညွှန့်ခူးစားသူများ၊ သူခိုးများ၊ သွေးသားအရောင်းအဝယ်လုပ်ငန်းလုပ်သူများဖြစ်သော ထိုသူများအားလုံးသည် ဒေါက်တာချမ်းကို ကျောရိုးထဲမှစိမ့်၍ ကြောက်ရွံ့နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသူများဖြစ်သည်။

သူတို့အားလုံးသည် ဒေါက်တာချမ်း ပျော်ရွှင်ရယ်မောနေသည်ကိုသာ အမြဲအလိုရှိနေကြသည်။

ဒေါက်တာချမ်း စံအိမ်ကြီး၌ နေထိုင်သူများထဲ၌ ဩဇာမြင့်မားထက်မြက်သော အတွင်းလူယုံတော်ကြီး ဦးသိယံမှာမူကား စားပွဲသောက်ပွဲ၌ ဝင်၍ထိုင်မနေပေ။

သူ၏တာဝန်မှာ လာရောက်ကြသော ဧည့်သည်တော်များထဲ၌ ရန်သူပါ၊မပါ သတိကြီးစွာထား၍ စောင့်ဆိုင်းကြည့်ရှုအကဲခတ်ရန်ဖြစ်သည်။

သူသည် အမိကဝင်ပေါက်တံခါးတွင် ရပ်၍နေ၏။

စားပွဲထိုးတာဝန်ထမ်းဆောင်နေသည့် အလုပ်သမားများ လုပ်ကိုင်နေသည်ကိုပါ ကြီးကြပ်ညွှန်ကြား၍နေသည်။

အရက်ခွက်သံများ၊ ပုလင်းသံများနှင့်အတူ ရယ်မောသံများဆူညံ၍နေ၏။

ရယ်မောသံများ တဖြည်းဖြည်းရပ်၍သွားသည်။

စားပွဲဝိုင်း၌ ဆက်လက်၍ စကားပြောနေကြဆဲ၊ သောက်နေကြဆဲ၊ စားနေကြဆဲပင် ရှိကြသေးသည်။

ထိုအချိန်မှာပင် . . .

ဒေါက်တာချမ်းအား သူ၏အတွင်းလူယုံတော်ကြီး ဦးသိယံအား မသိမသာ အချက်ပြလိုက်သည်။

ဦးသိယံက မသိမသာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။



အနီးရှိ အလုပ်သမားလူရွယ်တစ်ဦး အနီးသို့ကပ်၍ တိုးတိုးပြောဆိုလိုက်သည်။

ထိုအလုပ်သမားလူရွယ်သည် အိမ်တော်စောင့်ကိုယ်ရံတော်အဖွဲ့၏ခေါင်းဆောင် 'ကျောက်လူ' ကို သွား၍ရှာသည်။ ထို့နောက် ကျောက်လူထံမှ ကတ္တီပါစအနီရောင်အုပ်ထားသည့် ယွန်းဗန်းတစ်ခု ကိုင်၍ပြန်လာသည်။

အတွင်းလူယုံတော်ကြီး ဦးသိယံက ကတ္တီပါစအနီကို အသာလှပ်ကြည့်သည်။ ယွန်းဗန်းအတွင်း၌ ပစ္စတိုသေနတ်တစ်လက် အသင့်ရှိသည်။ ဦးသိယံက စစ်ဆေးကြည့်ရှုပြီး ခေါင်းညိတ်လိုက်သည်။

ဆရာကြီး 'ချမ်း' ဆီကို . . . သေသေချာချာ သွားပေးလိုက်"

ယိုအချိန်၌ . . .

ဖျတ်ခနဲ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်ရသည်။

မှန်ဗီရိုအတွင်းရှိ လျှို့ဝှက်ခန်းကလေးတစ်ခုအတွင်းမှ တစ်စုံတစ်ဦးက ဧည့်ခန်းဆောင်စားပွဲကို ချောင်း၍ကြည့်နေခြင်းပင်ဖြစ်သည်။

ဤလှုပ်ရှားမှုကို ဒေါက်တာချမ်းမြနှင့် ဦးသိယံတို့နှစ်ဦးသာလျှင် သတိထားလိုက်မိကြသည်။

အတွင်းလူယုံတော်ကြီး ဦးသိယံက ကျောက်လူအား သူ၏နောက်မှလိုက်ပါလာရန် အချက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဗီရိုထဲသို့ဝင်နိုင်သည့် တစ်ဖက်ခန်းသို့ လျှောက်၍သွားသည်။

'ကျောက်လူ'က ပစ်အားပြင်းထန်သည့် အော်တိုမက်တစ်ပစ္စတိုကို အသင့်ထုတ်၍ ချိန်ရွယ်လိုက်သည်။

ဦးသိယ်က ဗီရို၏နောက်ဘက်ရှိ အစိမ်းရောင်ကတ္တီပါကန့်လန့်ကာကို ဆွဲဖွင့်လိုက်သည်။

ဗီရိုလျှို့ဝှက်ခန်းအတွင်းမှ ကြည်လင်စိမ်းလဲ့သော မျက်လုံးအစုံနှင့် ချစ်စရာကောင်းသော အသက်တစ်ဆယ်နှစ်ခန့်အရွယ်မိန်းကလေးငယ်တစ်ဦး ထွက်လာသည်။

'ကျောက်လူ'၏ အော်တိုမက်တစ်ပစ္စတိုက ထိုမိန်းကလေးငယ်၏ဦးခေါင်းကို အသင့်ချိန်ရွယ်ထားပြီးသားဖြစ်နေ၏။

ဦးသိယ်က မိန်းကလေးငယ်ကို ကောက်ယူပွေ့ချီလိုက်သည်။

"သမီးလေး. . . အဲဒီလို ချောင်းမကြည့်ရဘူး၊ သမီး ဒုက္ခရောက်သွားနိုင်တယ်"

ဒေါက်တာ'ချမ်းမြ'၏သမီးလေးကို ဦးသိယ်က တီးတိုးကပ်၍ ပြောဆိုလိုက်သည်။

မိန်းကလေးငယ်က ဦးသိယ်လက်ထဲမှ ရုန်းထွက်လိုက်သည်။ ကျောက်လူ၏ဘေးမှဖြတ်လျက် အခန်းထဲမှ ပြေးလွှတ်သွားလေတော့သည်။

◆ ◆ ◆

## အခန်း (၅)

ထိုအချိန်မှာပင်. . .

ကျောက်စိမ်းမှန်နန်းဆောင်အတွင်းမှ သေနတ်သံတစ်ချက် ကျယ်လောင်စွာပေါ်ထွက်လာသည်။

နာကျင်စွာဖြင့် စူးစူးဝါးဝါးအော်ဟစ်သံ. . .

ဧည့်ခန်းမဆောင်ကြီးအတွင်းပတ်လည်၌ တပ်ဆင်ထားသော ပယင်းပုတီးကြိုးများမှ ရိုက်ခတ်သံ တချွင်ချွင်မြည်၍လာ၏။

အသံများမှာ ဆက်တိုက်ပေါ်လာခြင်းဖြစ်သည်။

ဤသည်မှာ ဒေါက်တာ 'ချမ်းမြ' ၏ ထူးခြားသည့် အားရအနုပ်ဝမ်းမြောက်ပျော်ရွှင်မှု တစ်ခုပင်ဖြစ်ပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာချမ်း၏ ညာဘက်စတုတ္ထမြောက် ခုံနေရာ၌ 'ဟန်မော်' ထိုင်၍နေ၏။ သူသည် ဒေါက်တာချမ်း၏ လက်ထောက်တစ်ဦးဖြစ်သည်။ သူသည် တစ်ချိန်သောအခါက ဒေါက်တာချမ်း၏ မွေးစားသားအဖြစ် ယုံကြည်အားထားခြင်း အပြုခံခဲ့ရသည်။ သို့သော် ဒေါက်တာချမ်း၌ 'မြသင်းကြည်' ဟူသော သမီးတစ်ဦး မွေးဖွားလာကတည်းကပင် ယင်းသို့သော မျှော်လင့်ချက်အခွင့်အရေးများ နေလာနှင့်ပျောက်သကဲ့သို့ လွင့်ပါးပျောက်ပျက်ခဲ့ရသည်။

သူသည် အခြားသော ဧည့်သည်တော်များကဲ့သို့ တရားလွန်စားသောက်ထားခြင်းမရှိပေ။ ထို့ကြောင့် သူသည် မမူးသေးပဲ ပုံမှန်အတိုင်းရှိနေသည်။ သို့သော် 'ဟန်မော်' သည် မူးချင်ဟန်ဆောင်၍နေပေသည်။

သူသည် သူ၏အနီးအနားမှလူများ ပြောဆိုနေကြသည့် စကားများကို ဂရုမစိုက်ဟန်ဖြင့် နားထောင်နေပေသည်။ စားသောက်ပွဲပြီးစီးသောအခါမှ ဒေါက်တာချမ်းထံပြန်၍ ပြောပြအစီရင်ခံရမည်ဖြစ်သည်။

သောက်စားမူးယစ်နေကြပြီဖြစ်သော ဧည့်သည်တော်များ သတိမထားမိကြသည့်အချိန်၌ ဒေါက်တာချမ်းသည် ယွန်းလင်ဗန်းအတွင်းမှ ပစ္စတိုကို နှိုက်ထုတ်ယူလိုက်၏။ ဤသည်ကို 'ဟန်မော်' သတိထားလိုက်မိသည်။

ဆက်၍ဖြစ်ပေါ်လာမည့်ကိစ္စကို သူကောင်းစွာသိနေပေ



သည်။ သူ၏တစ်ကိုယ်လုံး အေးစက်တောင့်တင်း၍လာသည်။ ဟန်မော်သည် အနည်းငယ်မျှပင် မလှုပ်ရဲတော့ပေ။ သူ၏ခြေအစုံမှာလည်း လေးလံထုံကျင်ကိုက်ခဲ၍လာသည်။

စားသောက်ပွဲပြုလုပ်နေသည့် စားပွဲ၏ပတ်လည်၌ ကံမကောင်းသူတစ်ဦးကို ဒေါက်တာချမ်းက လိုက်လံရှာဖွေနေပေပြီ။

စားပွဲအောက်သို့သွင်းထားသည့် ဒေါက်တာချမ်း၏လက်ထဲ၌ ပစ္စတိုတစ်လက်ကိုင်ထားသည်ကို ခုမှပင် အားလုံးသတိပြုမိကြသည်။

မည်သူမျှ စကားမပြောရဲကြ။

အပ်ကျသံကြားရမတတ် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်၍သွားသည်။

ဧည့်သည်တော်များအားလုံး အကြီးအကျယ် မျက်စိမျက်နှာပျက်နေကြ၏။ အားလုံး တုန်လှုပ်ကြောက်ရွံ့နေကြပြီဖြစ်သည်။

ရုတ်တရက်. . .

ပြောင်းဝမှ ကျည်ဆန်ထွက်၍သွားသည်။

'ဟန်မော်'၏ဘေး၌ထိုင်နေသည့် ဧည့်သည်၏ဦးဆစ်အောက်ဘက်သို့ ကျည်ဆန်ဖောက်၍ဝင်သွားသည်။ ထိုဧည့်သည်မှာ ခြေမထောက်ကိုကိုင်၍ နာကျင်စူးရှစွာဖြင့် အော်ဟစ်လိုက်လေသည်။

ဒေါက်တာ 'ချမ်းမြ' က မီးခိုးငွေ့ပြယ်ခြင်း မရှိသေးသော ပစ္စတိုကို လက်ထဲ၌ ထောင်၍ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာမှာ ပြုံး၍နေ၏။

ဒေါက်တာ 'ချမ်း' ၏ ထိုအပြုံးကို ဧည့်သည်များအားလုံး သေလုမတတ်ကြောက်ကြသည်။ သို့သော် သူတို့သည် အားတင်း၍ ဒေါက်တာ 'ချမ်း' ပြုံးသည့်အတိုင်း လိုက်၍ပြုံးကြသည်။

အိမ်ဖော်များ ချက်ချင်းရောက်လာသည်။

ကံမကောင်းသူဧည့်သည်ကို ပွေ့ချီမလျက် အပြင်သို့ ခေါ်ထုတ်သွားကြသည်။

ဒေါက်တာချမ်း၏ မျက်နှာအမူအရာ မူလအနေအထားသို့ ပြန်လည်ရောက်ရှိ၍ တည်ငြိမ်လာသည်အထိ အတွင်းလူယုံတော်ကြီး ဦးသိယ်က ငြိမ်သက်စွာစောင့်၍ ကြည့်နေပေသည်။

သူ့ထံသို့ စောစောကပင် သတင်းတစ်ခုရောက်လာသည်။

ဒေါက်တာချမ်းထံ သတင်းပို့ပေးရပေဦးမည်။

စားသောက်ပွဲပြီးစီးချိန်၌ ဧည့်သည်တစ်ဦး၏ ခြေထောက်ကို သေနတ်ဖြင့်ပစ်တတ်သည်မှာ ဒေါက်တာချမ်း၏ ရူးသွပ်မိုက်မဲသည့် စိတ်ဖျော်ဖြေမှုတစ်ခုပင်ဖြစ်သည်။ ထိုသို့ပြုလုပ်လိုက်ပြီးမှသာလျှင် သူသည် ပုံမှန်အတိုင်း စိတ်ကောင်းဝင်လာတတ်လေ့ရှိသည်။

ဦးသိယ်က ဒေါက်တာချမ်းအနီးချဉ်းကပ်၍ တီးတိုးပြောလိုက်သည်။

"ဆရာကြီး . . . ပဲ့နင်းနဂါးကို 'ဝေလီ' က ခေါ်လာတယ် သူက ဆရာကြီးနဲ့ တွေ့ချင်တယ်လို့ပြောတယ်"



ဒေါက်တာ 'ချမ်း' ၏ မျက်နှာမှာ ကြည်လင်၍နေ၏။

ပုံမှန်စိတ်ကောင်းဝင်နေသည့် လေသံဖြင့်ပြန်ပြောသည်။

"ပဲ့ကိုင်နဂါးကို ဒီအခန်းထဲ လွှတ်လိုက် . . . သူ့အတွက် ဒီစားပွဲမှာ အသင့်ပြင်ပေးထားလိုက်"

ဦးသိယ်က ဆက်၍ . . .

"ရွှေချောင်းတွေပို့တာ . . . မအောင်မြင်ဘူး ဆရာကြီး၊ ဒါ့ထက် ပိုဆိုးတာတစ်ခုရှိသေးတယ်၊ သူ့ရဲ့ 'မိန်' သင်္ဘောပေါ်မှာ သူခွင့်မပြုတဲ့ပစ္စည်းတွေတင်လာတဲ့ ဆရာကြီးရဲ့လူ ဇင်လင်းနဲ့ ပစ္စည်းတွေကိုပါ သင်္ဘောပေါ်ကနေ . . . ရေထဲကို ကန်ချပစ်လိုက်တယ်လို့ သတင်းရပါတယ်"

ဒေါက်တာ 'ချမ်း' ၏မျက်ပေါက်များ မသိမသာကျဉ်းမြောင်း၍သွားသည်။

"အခု . . . ပဲ့နင်းနဂါး ဘယ်မှာလဲ"

"အပြင်ဘက်အခန်းမှာ ရောက်နေပါပြီ ဆရာကြီး"

ဒေါက်တာ 'ချမ်း' သည် ထိုင်ခုံမှထလိုက်ပြီး အခန်းဃမှ ထွက်၍သွားသည်။

ဒေါက်တာချမ်း၏နောက်မှ 'ဟန်မော်'ပါ ထ၍လိုက်ပါသွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်ခန်းမဆောင်။

ထက်နေဗလနှင့် ဒေါက်တာ'ချမ်း'ရင်ဆိုင်တွေ့သည်။

ထိုအချိန်၌ ဒေါက်တာချမ်းသည် သူ၏ဒေါသကို အတော်အတန်မျှ ချုပ်ထိန်းနိုင်စွမ်း ရှိနေပြီဖြစ်သည်။

သို့သော်. . .

ပွဲနှင်းနဂါးခေါ် ထက်နေဗလသည် ဒေါက်တာချမ်း ဒေါသထွက်စိတ်ဆိုးမည်ကို ကြောက်ရွံ့မည့် လူစားမျိုးမဟုတ်ပေ။ ဤသည်ကိုလည်း ဒေါက်တာ'ချမ်း' ကောင်းစွာသိထားပေသည်။

ဒေါက်တာ'ချမ်း'က လူမိုက်'ဝေလီ' ကို လက်ညှိုးထိုးလျက်. . .

'ဟေ့ကောင် အပြင်ထွက်စမ်း. . ."

ဝေလီ ခေါင်းငုံ့၍ အပြင်ထွက်သွားသည်။

ဒေါက်တာချမ်းက ထက်နေဗလဘက်သို့လှည့်၍. . .

"ဘယ်လောက်အထိ ဆုံးရှုံးသွားသလဲ. . ."

" 1/4 TON လောက်ပဲ. . . ရှိပါလိမ့်မယ်"

ဒေါက်တာချမ်းက မျက်မှောင်ကြုတ်လျက်. . .

"မင်းက တော်တော်ပေါ့ဆတာပဲ. . ."

"ကျွန်တော့်လုပ်ငန်းကိုကျွန်တော် အမြဲတန်း ဂရုစိုက်ပါတယ်၊ အခုကိစ္စမှာ တစ်ယောက်ယောက်က ရဲအဖွဲ့ကို အတိအကျ သတင်းပေးလိုက်တာပဲဖြစ်မယ်၊ ရဲအရာရှိစဝ်ရန်နိုင်နဲ့အဖွဲ့က စောင့်ပြီး ဖမ်းတာပါ"



ဒေါက်တာချမ်းက မျက်နှာကိုမဲ့လိုက်သည်။

"မင်းကပြောလိုက်ရင် ဒီလိုချည်းပဲ၊ စဝ်ရန်နိုင်တို့က ဒီလောက်အထိ ခြေလှမ်းကျဲလာနေပါလား၊ ရွှေချောင်းတွေ ဆုံးရှုံးသွားတာတော့ ထားလိုက်ပါ၊ ဒါနဲ့ ငါ့ရဲ့လူ ဇင်လင်းကျတော့ကော"

"သူက ကျွန်တော့်ရဲ့သဘောပေါ်မှာ ကျွန်တော့်ရဲ့အမိန့်ကို နားမထောင်ဘူး၊ ဒီလိုပစ္စည်းမျိုး. . . ကျွန်တော်မတင်နိုင်ဘူးဆိုတာ ဆရာလည်းသိပါတယ်"

"ထက်နေဗလ. . ."

ဒေါက်တာချမ်း၏အသံက ဟိန်း၍သွားသည်။

ဒေါက်တာ'ချမ်း'သည် တစ်ကြိမ်မှ မကြုံစဖူးသော သည်းခံမှုမျိုးဖြင့် သည်းခံ၍နေ၏။ ဤနေရာတွင် ထက်နေဗလ မဟုတ်ဘဲ အခြားလူတစ်ဦးသာဆိုလျှင် လုံးဝလွယ်လိမ့်မည် မဟုတ်ပေ။

ဒေါက်တာချမ်းကိုယ်တိုင်ကပင်လျှင် ထက်နေဗလ၏ အပေါ်၌ လေးစားမှုရှိနေသောကြောင့်လည်း ဖြစ်နိုင်သည်။

ဒေါက်တာချမ်းက ခေါင်းကို မသိမသာမော့လိုက်ပြီး. . .

"ဒီမှာ ထက်နေဗလ. . . မင်းနဲ့ငါ အလုပ်လုပ်နေတဲ့ ရွှေချောင်းသယ်တဲ့လုပ်ငန်းကို ရပ်လိုက်တော့မယ်၊ လုပ်ငန်းအသစ်စမယ်၊ အခုပစ္စည်းက သယ်ရတာ ပေါ့ပါးတယ်၊ ဝှက်ရတာလည်း အင်မတန်လွယ်တယ်၊ အမြတ်အစွန်းလည်း ရွှေချောင်းထက်ပိုများတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီအလုပ်မလုပ်နိုင်ဘူး၊ ဆရာ့အလုပ်အတွက် ဆရာ့မှာ မော်တော်ဘုတ်တွေ ရှိနေပြီးသားပဲ၊ အခု. . . ဆရာ့ဆီမှာ ကျွန်တော် အလုပ်မလုပ်တော့ဘူးလို့ လာပြောတာပါ"

ဒေါက်တာချမ်းက ခေါင်းခါရမ်းလိုက်၏။

"မရဘူး ထက်နေဗလ၊ ငါ့ရဲ့အလုပ်ကနေ ဘယ်သူမှ ထွက်သွားခွင့်မရှိဘူး၊ ငါ့ဆီက. . . ဘယ်သူမှ ထွက်သွားခွင့်မပေးနိုင်ဘူး၊ ငါ့အလုပ်ကနေ ထွက်ချင်ရင် သေမှပဲ ထွက်လို့ရမယ်၊ မင်းကို ဒုက္ခအကြီးအကျယ်ရောက်နေတဲ့အချိန်မှာ ငါကိုယ်တိုင် ကယ်တင်ထားခဲ့ရတယ်၊ ပြီးတော့ ငါ့ရဲ့မာလိန်မှူးတွေထဲမှာ မင်းတစ်ယောက်ကိုပဲ ငါက. . . အထူးအခွင့်အရေးတွေ ပေးခဲ့တယ်"

"ဆရာ့ရဲ့ကျေးဇူးတွေကို. . . ကျွန်တော် အကြိမ်ပေါင်းအတော်များများ ဆပ်ခဲ့ပြီးပါပြီ"

ဒေါက်တာချမ်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မင်းရဲ့အသက်သခင်က ငါပဲလေ၊ ငါ့ကို မင်းရဲ့ အသက်ကြွေးအတွက်. . . ပြန်မဆပ်ရသေးဘူးလေ"

ထက်နေဗလက ပြတ်သားသောလေသံဖြင့်. . .

"ဒါဆို ဆရာ. . . အသက်ကြွေးအတွက် အခုပဲ ယူလိုက်လေ"

ထက်နေဗလ ချာခနဲလှည့်ထွက်လာသည်။

သူနောက်ကျောသို့ ကျည်တစ်တောင့် အချိန်မရွေးဖောက်ဝင်လာနိုင်သည်ကို စောင့်နေမိသည်။ သို့သော် မည်သည့် ကျည်



တစ်တောင့်မှ ဖောက်ဝင်လာခြင်း မရှိ။

တံခါးပေါက်ကြီးကို ကျော်၍လာ၏။ ကြီးမားထူထဲခိုင်ခန့်သည့် အုတ်တံတိုင်းကြီးများကို ကျော်ပြီးမှ ဤစံအိမ်အတွင်းမှ လွတ်မြောက်ထွက်နိုင်ပေမည်။ အုတ်တံတိုင်းကြီးများကို အိမ်တော်စောင့်ကိုယ်ရံတော်အဖွဲ့က စောင့်ကြပ်၍နေသည်။

အပေါ်ထပ်ရှိ လှေကားအိမ်ကြီး၏ဘေး၌ 'မြသင်းကြည်' ကလေးသည် ပုန်း၍နေ၏။ ထက်နေဗလ ထွက်သွားသည်ကို မျက်လုံးအဝိုင်းသားဖြင့် ငေး၍ကြည့်နေပေသည်။

◆

'ဟန်မော်'က မျက်နှာလိုမျက်နှာရ ပြောလိုက်သည်။

"ပုံနှင်းနဂါးကို သတ်ဖို့အတွက် လူမိုက် 'ဝေလီ' ကို နိုင်းလိုက်ပါလားဆရာကြီး၊ ဆရာကြီးအနေနဲ့ ကိုယ့်သိက္ခာကို ပြန်ဆယ်ဖို့လိုတယ်၊ ဒီကောင်က. . . ဆရာကြီးရဲ့ သိက္ခာကို ချသွားတယ်၊ သူ လုပ်ချင်တာလုပ်လို့ရတယ်လို့ စိတ်ကြီးဝင်နေတယ်၊ မကြာခင်မှာ ဒီသတင်းဟာ တာပိုမြို့တစ်မြို့လုံးမှာ ပျံ့သွားတော့မယ်"

အတွင်းလူယုံတော်ကြီး ဦးသိယ်က တည်ငြိမ်စွာဝင်၍ပြောသည်။

"ဆရာကြီး. . . အတွင်းသဘောဆိပ်ကမ်းမှာ သူ့ရဲ့ သဘောသားတွေနဲ့ သူ့ရဲ့သဘော်ာ စောင့်နေတယ်ဆိုတာ ထ . ပြီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားထားပါ၊ သူ့ကို သတ်လိုက်တာနဲ့ လူဝံကြီးအောင်ဒင်တာ သူ့ရဲ့မာလိန်မှူးထက်နေဗလအတွက် ချက်ချင်းလာပြီး လက်တုန့်ပြန်သွေးကြွေးဆပ်ပါလိမ့်မယ်၊ လူဝံကြီးသွေးဆာလာပြီဆိုရင် ကြောက်ဖို့အလွန်ကောင်းပါတယ်၊ ဆရာကြီးရဲ့ လက်ရုံးလူမိုက် 'ဝေလီ' ရော၊ 'ကျောက်လူ' ရော. . . ဆရာကြီးကို အကာအကွယ်ပေးနိုင်ကြမှာ မဟုတ်ပါဘူး. . .

နောက်ပြီးတော့ 'ပဲနင်းနဂါး' ဟာ ဆရာကြီးကိုယ်တိုင် ကျွေးမွေးပြုစုပေးလာခဲ့တဲ့ ကောင်လေးတစ်ယောက်ပါ၊ သူ့ဂုဏ်ရှိနေလျှင် ဆရာကြီးလည်း ဂုဏ်ရှိနေမှာပါပဲ၊ သူ့ရဲ့သတင်းက မွှေးပျံ့နေခဲ့ရင်လည်း ဆရာကြီးပါ သတင်းမွှေးပျံ့ရတာပေါ့၊ တကယ်လို့ ပဲနင်းနဂါးကို သတ်ပစ်လိုက်ခဲ့ရင် ဆရာကြီးရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို ဖြတ်ထုတ်ပစ်လိုက်တာနဲ့ အတူတူပါပဲ၊ ဒါကြောင့် သူ့ကို လွှတ်ပေးလိုက်ပါ ဆရာကြီး"

ဒေါက်တာ 'ချမ်းမြ' မသိမသာခေါင်းညိတ်သည်။

ဝင်၍ထောက်ပြပြောဆိုသော အတွင်းလူယုံတော်ကြီး ဦးသိယ်ကို 'ဟန်မော်' က မကျေမနပ်စိုက်၍ကြည့်နေပေသည်။

ဒေါက်တာ 'ချမ်း' က 'ဟန်မော်' ကို စိုက်၍ကြည့်လိုက်ပြီး. . .

"ဟေ့ကောင်. . . ငါ့မျက်စိရှေ့ကနေ အခုချက်ချင်း ထွက်သွားလိုက်စမ်း၊ ခွေးမသား. . . ငါ့ရဲ့ အချစ်ဆုံးကောင်လေးကို ဘယ်လိုသုတ်သင်ပစ်ရမယ်ဆိုတာ လာပြောစရာအကြောင်း



မရှိဘူး"

ဟန်မော်၏ မျက်စိမျက်နှာ ပျက်၍သွားသည်။

နောက်ဆုတ်လျက် ဒေါက်တာ 'ချမ်း' ၏ အမိန့်အတိုင်း ခပ်တုတ်ကုတ်လေး အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

◆

ခန်းမကျယ်ကြီးထဲသို့ 'ထက်နေဗလ' ရောက်လာစဉ်မှာပင် နောက်ဘက်မှ တဖျပ်ဖျပ်နှင့် ပြေးလာသည့် ခြေသံသေးသေးလေးတစ်ခု၏ အသံကိုကြားလိုက်ရသည်။

'ထက်နေဗလ' နောက်သို့လှည့်ကြည့်မိသည်။

'မြသင်းကြည်' သည် သူ၏ရင်ခွင်တွင်းသို့ ပြေးဝင်ဖက်တွယ်လိုက်ပြီး. . .

"ကျွန်မကို ဒီမှာမထားခဲ့ပါနဲ့. . . ကျွန်မကို ခေါ်သွားပါ"

ထက်နေဗလက သူမကို ကောက်၍ပွေ့ချီလိုက်၏။

မြသင်းကြည်က သူ၏ရင်ခွင်၌ သူမ၏မျက်နှာနုနုလေးကို အပ်၍ကပ်ထားသည်။ သူမသည် ကလေးအရွယ်သာ ရှိသေးသည်။ အန္တရာယ်လွန်စွာကြီးမားသည့် ဤစံအိမ်ကြီးအတွင်း၌ အဖော်မဲ့စွာနေထိုင်ရသူကလေးဖြစ်သည်။

မြသင်းကြည်သည် ထက်နေဗလအပေါ်၌ လွန်စွာခင်မင်တွယ်တာသည်။ သူတစ်ဦးတည်းကိုသာ ပို၍ယုံကြည်သည်။ အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးသည်။ သူ၏ခွန်အားများ၊ စွမ်းရည်များကို သူမ မြင်တွေ့ထားသည်။

ထက်နေဗလကိုယ်တိုင်မှာလည်း တွယ်တာစရာ သံယောဇဉ်ဟူ၍ မြသင်းကြည် တစ်ဦးတည်းသာရှိသည်။

ယမန်နေ့ညက ဖြစ်ခဲ့သည့်ကိစ္စကို ထက်နေဗလပြန်၍ စဉ်းစားမိသည်။ သူကိုယ်တိုင်၏ ညံ့ဖျင်းမှုကြောင့် ယခုကဲ့သို့ ဖြစ်သည်ဟု သတ်မှတ်မိသည်။

ယခု မိမိကိုယ်တိုင် ဤနေရာမှ ခွာထွက်ရပေတော့မည်။

ဤကလေးမလေးအတွက် စွမ်းအင်များ ရှိနေစေချင်သည်။

သို့သော် မြသင်းကြည်အတွက် သူ့အနေဖြင့် မည်သို့မျှ ကူညီကယ်တင်နိုင်စွမ်း မရှိတော့ပေ။

ထက်နေဗလ၏ရင်ထဲမှ နာကျင်သောဝေဒနာများကို သူမမျက်လုံးအိမ်ထဲ၌ တင်ဟပ်ဖော်ပြ၍နေသည်။ သူမ၏ဖခင် ဒေါက်တာ'ချမ်းမြ'၏ ဩဇာအရှိန်ကို ရှင်းပြသည့်တိုင် ဤကလေးမ နားလည်ဦးမည်မဟုတ်ပေ။

ထက်နေဗလက လေသံခပ်တိုးတိုးဖြင့်. . .

"ညီမလေးရယ်. . . မင်းကိုခေါ်သွားလို့ မဖြစ်နိုင်သေးပါဘူးကွယ်၊ မင်းကို ခေါ်သွားခဲ့လျှင် ငါတို့နှစ်ယောက်စလုံး ဒီစံအိမ်ကြီးထဲကနေ အသက်ရှင်လျက် ထွက်သွားခွင့်ရကြမှာ မဟုတ်တော့ဘူး"



မြသင်းကြည်သည် လွန်စွာ ခေါင်းမာသူကလေးဖြစ်သည်။ အလွန်ငိုခဲ့သူလည်းဖြစ်သည်။

သို့သော်. . .

ယခုအချိန်၌. . .

သူမသည် ထက်နေဗလ၏ရင်ခွင်အတွင်း၌ ခေါင်းအပ်လျက် ရှိုက်ငင်၍နေ၏။

ရုတ်တရက်. . .

'ထက်နေဗလ' သည် မြသင်းကြည်ကို ကောက်၍ ပွေ့ချီလိုက်၏။ ထို့နောက် အိမ်တွင်းသို့ ပြန်၍လှည့်ဝင်လာသည်။

ဖြစ်လိုရာဖြစ်တော့ဟု သူစိတ်ပိုင်းဖြတ်လိုက်သည်။

◆

ဒေါက်တာ'ချမ်း' မှာ မျက်မှောင်ကြုတ်လျက် အံ့အားသင့်၍နေမိသည်။

ထက်နေဗလသည် သေရမည်ကိုပင် မကြောက်သူပါလားဟု တွေးမိသည်။

ထက်နေဗလက ဒေါက်တာ'ချမ်း' အားပြောလိုက်သည်။

"ဒီနဂါးကျင်းထဲကနေ ခင်ဗျားရဲ့သမီးကို တစ်နေရာရာ ပို့ထားရင်ကောင်းမယ်၊ နိုင်ငံခြားမှာပဲဖြစ်ဖြစ် သူ့ကို ကျောင်းသွားထားလိုက်ပါ၊ ဒီအတွက် ကုန်ကျတာ ကျွန်တော်တာဝန်ယူပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာချမ်းက လေသံခပ်ဆတ်ဆတ်ဖြင့် . .

"ဒါ ငါ့ရဲ့ကိစ္စပဲ . . . ငါ့သမီးကိစ္စကို မင်းအနေနဲ့ ဘာမှ ညွှန်ကြားချက် ထုတ်ပေးစရာမလိုဘူး"

နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်း ယခုကဲ့သို့ မည်သူကမျှ ပြောခွင့်ကြခြင်း မရှိသေးပေ။

ထက်နေဗလက ခေါင်းမာစွာဖြင့် ဆက်၍ပြောသည်။

"ညီမလေးကို . . ကျွန်တော်ပဲ ခေါ်သွားပါရစေ"

ဒေါက်တာချမ်း ၏မျက်နှာ တင်းခနဲဖြစ်၍သွားသည်။

အတွင်းလူယုံတော်ကြီး ဦးသိယ်က ဒေါက်တာချမ်း အနီးကပ်၍ တိုးတိုးပြောလိုက်သည်။

"ဆရာကြီး . . . ဒေါသကိုရှေ့မထားဖို့ တောင်းပန်ပါတယ်၊ သမီးကို နိုင်ငံခြားမှာပို့ထားပေးလျှင် သမီးဟာ ထူးချွန်ထက်မြက်တဲ့ ပညာတွေတတ်မြောက်ပြီး ကြီးပြင်းလာပါလိမ့်မယ်၊ ဒီနဂါးကျင်းထဲမှာ ထားရင်တော့ . . . ရန်သူတွေက သမီးကိုပါ သူတို့ရဲ့ ပစ်မှတ်အဖြစ် သတ်မှတ်ထားကြပါလိမ့်မယ်၊ ကလေးအတွက် စိုးရိမ်ရပါတယ် ဆရာကြီး"

ဒေါက်တာချမ်း သည် ခေတ္တမျှငြိမ်၍ စဉ်းစားချိန်ဆ၍နေသည်။

ထို့နောက် သူနှင့်ထက်နေဗလကြား၌ ပြဿနာ မရှိစေလိုဟန်ဖြင့် သူ၏လက်တစ်ဖက်ကို အသာမြှောက်လိုက်သည်။

"ကောင်းပြီ . . မင်းဆန္ဒအတိုင်း ကလေးကို နိုင်ငံခြားမှာ



ပို့ပြီး ပညာသင်ခိုင်းမယ်၊ မင်းအနေနဲ့လည်း ငါ့အလုပ်က ထွက်နိုင်ပြီ၊ မင်းကိုယ်တိုင် တာပိုမြို့ကနေ ထွက်သွားပါ၊ ဒီမှာ ငါရှိနေသရွေ့ကာလပတ်လုံး မင်း . . . ပြန်မလာခဲ့ပါနဲ့"

ထက်နေဗလက မည်သည့်အမူအရာမျှ မပြပေ။

ငြိမ်သက်စွာ နာခံသည့်သဘောပင်ဖြစ်သည်။

ဒေါက်တာချမ်းက ဆက်၍ပြောသည်။

"တစ်နေ့နေ့တစ်ချိန်ချိန်မှာ . . . ငါ့ရဲ့သမီးဟာ တာပိုဆင်ဒီကိတ်ကို အုပ်ချုပ်လိမ့်မယ်၊ အဲဒီအချိန်မှာ သူက မင်းကိုခေါ်ပြီး ငါ့အပေါ်မှာ မင်းပေးစရာရှိတဲ့အကြွေးကို တောင်းလိမ့်မယ်၊ အဲဒီအချိန်မှာ . . . မင်းဘက်က ငြင်းပိုင်ခွင့်မရှိဘူး၊ သမီးဖြစ်တဲ့လူက ဖခင်ရဲ့ကိုယ်စား အကြွေးတောင်းတာမျိုးပဲဖြစ်မယ်"

ထက်နေဗလက 'မြသင်းကြည်'ကလေးကို အောက်သို့ အသာအယာချလိုက်သည်။

မြသင်းကြည်မှာ ထက်မ . . လနှင့် ခွဲခွာရတော့မည်ဖြစ်၍ စိတ်ထိခိုက် ကြေကွဲဝမ်းနည်း၍နေ သည်။

"ကျွန်မ . . . ကျွန်မလေ . . . ခင်ကို့ကို ချစ်ပါတယ်၊ ကျွန်မ နိုင်ငံခြားကိုရောက်သွားရင် ကျွန်မ ကို ဘာရေးပါနော်"

ထက်နေဗလက ပြုံး၍ခေါင်းညိတ်ပြသည်။

သူမ၏မျက်နှာပေါ်မှ မျက်ရည်များကို ယုယစွာသုတ်၍ပေးလိုက်သည်။

ထက်နေဗလက လှိုက်လှဲစွာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို အစ်ကို ဘယ်တော့မှ မမေ့ပါဘူးကွယ်၊ စိတ်ချပါ၊ ဟိုရောက်ရင်သာ . . . လိမ်လိမ်မာမာနေနော်"

မြသင်းကြည်က ဖြည်းညင်းစွာ ခေါင်းညိတ်၍ပြလိုက်သည်။

◆ ◆ ◆

## အခန်း (၆)

ဆင်စွယ်ရောင်အသားအရည်ရှိ၍ ချောမောလှပနုနယ်သည့် မိန်းမပျိုလေးတစ်ဦးသည် လန့်နိုးလာသည်။

သူမ၏လက်တစ်ဖက်က ခေါင်းအုံးအောက်ရှိ အော်တိုမက်တစ်ပစ္စတို၏ဒင်ကို စမ်းသပ်လိုက်မိသည်။

ကျည်ကာမှန်ပြတင်းပေါက်၏ အထက်ဖျားဆီမှ အရုဏ်ဦး၏ နီဝေးသောအလင်းရောင်တန်းများက ဖြာ၍ဝင်နေ၏။

ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်း၍ကြည့်သည်။

သူမ၏ကိုယ်ပိုင်သီးသန့် ပန်းခြံကလေးကို မြင်နေရပေသည်။ ပန်းခြံကလေးအတွင်း၌ အရောင်အသွေးစုံလင်လှပသော ပန်းပေါင်းစုံကို စိုက်ပျိုးထားသည်။

ပန်းခြံကလေးမှာ မြင့်မားသော အုတ်တံတိုင်းစည်းရိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကာရံထားသည်။ အုတ်တံတိုင်းပေါ်၌ လျှပ်စစ်ဓာတ်လွှတ်ထားသော သွပ်ဆူးကြိုးဖြင့် ရစ်ပတ်၍ထားသည်။

ခြံစောင့်ဒိုဘာမင်ခွေးကြီးများနှင့် အစောင့်များက အုတ်တံတိုင်းအနီးပတ်ဝန်းကျင်၌ စောင့်ကြပ်၍နေကြ၏။

မြသင်းကြည်သည် အိပ်ရာမှ ညင်သာစွာထလိုက်၏။

စကျင်ကျောက်များဖြင့်ခင်းထားသော လသာဆောင်ဘက်သို့ ထွက်၍လာ၏။

သူမ၏မျက်နှာနုနုကလေးမှာ တည်ငြိမ်၍နေ၏။

ပင်လယ်၏တစ်ဖက်ဆီမှ နေလုံးနီနီကြီးသည် တဖြည်းဖြည်းမြင့်တက်၍လာနေသည်။

သူမသည် လွန်ခဲ့သော တစ်လကျော်ခန့်ကမှ မွေးရပ်မြေဇာတိဖြစ်သော တာပိုသို့ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ သူမ၏ဖခင်ဖြစ်သူ ဒေါက်တာချမ်းမြ ကွယ်လွန်သွားခဲ့ပြီဖြစ်၍ ဖခင်ဖြစ်သူ၏နေရာကို ဆက်ခံ၍တာဝန်ယူရန်အတွက် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

သူမ နိုင်ငံခြားသို့ ရောက်နေစဉ်ကာလအတွင်း၌. . .

တာပိုမြို့သည် အပြောင်းလဲကြီးပြောင်းလဲ၍ နေပြီဖြစ်သည်။

အိုမင်းဟောင်းမြေနေပြီဖြစ်သည့် အဆောက်အအုံဟောင်းများနေရာ၌ ခေတ်မီသပ်ရပ်သည့် တိုက်တာအဆောက်အအုံများ အစားထိုး ဝင်ရောက်နေရာယူနေပြီဖြစ်သည်။



တာပို၏အခြေအနေမှာလည်း ယခင်နှင့်မတူ ပြောင်းလဲ၍နေပေပြီ။ စီးပွားရေးလုပ်ငန်းများမှာလည်း အသွင်ပြောင်းလဲ၍နေပြီဖြစ်သည်။

သို့ရာတွင်. . .

တာပိုမြို့သည် သတိကြီးစွာထားရမည့် နေရာဖြစ်ကြောင်းကိုမူ သူမ၏ရင်ထဲ၌ စွဲမှတ်ယုံကြည်ထားသည်။

ထိုစဉ်မှာပင်. . .

သူမ၏ အိပ်ခန်းတံခါးကို ခပ်ဖွဖွခေါက်သည့်အသံ ပေါ်၍လာ၏။

အပြင်၌ တစ်စုံတစ်ဦး မဝံ့မရဲခြေလှမ်းများဖြင့် ရောက်လာပုံရသည်။

"ဝင်ခဲ့ပါ"

အသက်အရွယ် အိုမင်းရင့်ရော်နေပြီဖြစ်သော အတွင်းလူယုံတော်ကြီး ဦးသိယ်သည် အခန်းထဲသို့ ဖြည်းညင်းစွာဝင်၍လာ၏။

ဦးသိယ်သည် သူမ၏ဘဝသက်တမ်း တစ်ခုလုံးနီးပါးမျှ တာဝန်ယူ အလုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။

လူယုံတော်ကြီး ဦးသိယ်က လေသံခပ်တိုးတိုးဖြင့်ပြောသည်။

"၁၆၊ ဝိုင်၊ သုံးဆင့်အဖွဲ့ဆီကို ပို့ပေးလိုက်တဲ့. . ရွှေချောင်းတွေ လမ်းမှာဖြတ်ပြီး အတိုက်ခံရပါတယ်. . ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခရုကျွန်းကို ပစ္စည်းတွေ. . . . မရောက်ပါဘူး"

ပင်လယ်လေပြည်နုနုအေးအေးက တိုက်ခတ်၍နေ၏။ မြသင်းကြည်၏ဆံနွယ်များမှာ လူးလွန့်၍သွားသည်။ သူမက စူးရှသောအကြည့်ဖြင့်. . .

"ဒါဆို. . . ကျွန်မတို့ရဲ့ လူတွေကျတော့ရော"

ဦးသိယ်က သူမကို ရဲရဲမကြည့်ဝံ့ဘဲ မျက်လွှာချလိုက်ပြီး. . .

"တစ်ယောက်ထဲပဲ ကျန်ရစ်ခဲ့ပါတယ်၊ သူ့ကို. . . သမီးငယ်လေးပိုင်တဲ့ သင်္ဘောတစ်စင်းက ကျွန်းတစ်ကျွန်းမှာ ပုန်းနေတာ တွေ့ရလို့. . . ခေါ်လာခဲ့တာပါ"

"ကျွန်မတို့ရဲ့လှေကို ဘယ်သူတွေက ကြားဖြတ်ပြီး တိုက်တာလဲ"

"အဲဒီလူက သူဘာမှ. . . မတွေ့လိုက်ရဘူးလို့ပဲပြောတယ်၊ အကြောက်လွန်ပြီး ဘာကိုမှ သတိမရတာလည်း ဖြစ်နိုင်ပါတယ်"

"ကောင်းပြီ. . . သူ့ကို မသေပါစေနဲ့"

ဦးသိယ်က. . .

"သူဟာ. . . သမီးငယ်လေးရဲ့တာဝန်ကို ထမ်းဆောင်တာ မအောင်မြင်ခဲ့တဲ့လူတစ်ယောက်ပါ၊ သူ့ကြောင့် သမီးငယ်လေးရဲ့ ဆင်ဒီကိတ်အဖွဲ့မှာ ဂုဏ်သိက္ခာကျဆင်းစရာတွေ ဖြစ်လာနိုင်ပါတယ်. . . သမီးငယ်လေးရဲ့ဖခင်သာဆိုရင် ဒါမျိုးကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"



မြသင်းကြည်က လက်ကာပြလိုက်ပြီး. . .

"၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ကို ကျွန်မရဲ့အဖေ ပေးစရာရှိတဲ့ အကြွေးတွေ မပေးဆပ်ခဲ့ရင် ဘာတွေဖြစ်လာနိုင်မလဲ. . . ဘဘ"

"ဒါဆိုရင် ၁၆ . ဝိုင်. သုံးဆင့်အဖွဲ့က ဆင်ဒီကိတ်ထဲမှာရှိနေတဲ့ သမီးငယ်လေးရဲ့ ရန်သူတွေနဲ့ ပူးပေါင်းမယ်၊ သမီးငယ်လေးပျက်စီးဖို့အတွက် ကြံစည်ကြပါလိမ့်မယ်၊ သူတို့ကိုပေးရမယ့် ရွှေချောင်းတွေဟာ. . . သူတို့ရဲ့လုပ်ငန်းတွေကနေ ရထားတဲ့ ရှယ်ယာအမြတ်အစွန်းတွေပါ၊ သခင်မလေးရဲ့ဖခင်ဟာ တာပိုဆင်ဒီကိတ်နဲ့ ၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ရဲ့ ငွေကြေးပစ္စည်းတွေကို ထိန်းချုပ်ရတဲ့ တာဝန်ခံတစ်ဦးပါ၊ ၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ကို ပေးရမယ့်အကြွေးတွေကို နိုဝင်ဘာလကုန်တဲ့နေ့မှာ အပြီးပေးချေရမှာဖြစ်ပါတယ်၊ အဲဒီရက်မတိုင်မီမှာ ငွေမပေးခဲ့ဘူးဆိုရင် သမီးလေးရဲ့ အသက်နဲ့ စည်းစိမ်တွေကို ဖျက်ဆီးပစ်မှာဖြစ်ပါတယ်"

စံအိမ်တော်ကြီး၏ သစ္စာရှိအခြွေအရံ ဆယ့်ငါးဦးထဲမှ တစ်ဦးအပါအဝင်ဖြစ်သော အထိန်းတော်ကြီးက လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များကို စာကြည့်ဆောင်ထဲသို့ လာ၍ချပေးသည်။

လက်ဖက်ရည်ကြမ်းမှာ မွှေးပျံ့သင်းကြိုင်၍ စိမ်းဖန့်ဖန့် အရောင်ရှိသည့် အလွန်အရသာကောင်းမွန်သည့် အမျိုးအစားဖြစ်သည်။

"ကောင်းပါပြီ ဘဘ. . . ကျွန်မနဲ့ စာကြည့်ဆောင်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပါ"

စာကြည့်ဆောင်ထဲသို့ လူယုံတော်ကြီးဦးသိယ် လိုက်ပါ၍ သွားရသည်။

ဦးသိယ်သည် ဒေါက်တာချမ်း၏ စံအိမ်တော်တွင် လွန်စွာ အရေးပါသူတစ်ဦးဖြစ်သည်။

သူသည် စံအိမ်တော်ကြီး၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ကိစ္စပေါင်းစုံ၌ ကြားခံဆောင်ရွက်ပေးရသူလည်းဖြစ်သည်။ လျှို့ဝှက်သော အတွင်းရေးအချက်အလက်များ၏ အတိုင်ပင်ခံလည်းဖြစ်သည်။

သူ၏စိတ်ဓာတ်မာကျောမှု၊ သစ္စာရှိမှု၊ စိတ်ဆတ်မှုတို့နှင့် ဒေါက်တာ'ချမ်း' ၏ ယုံကြည်အားထားမှုခံရသူတစ်ဦးဖြစ်ခြင်းကြောင့် ကျန်လူများအားလုံးက ဦးသိယ်ကို လွန်စွာရိုသေလေးစားကြောက်ရွံ့ကြရသည်။

ဒေါက်တာချမ်း၏ အတွင်းရေးလျှို့ဝှက်ချက်အားလုံးကို ခရေစေ့တွင်းကျသိသူမှာ ဦးသိယ်တစ်ဦးတည်းသာလျှင်ရှိသည်။ သူသည် လက်ရှိမြသင်းကြည်ကိုပင်လျှင် သူမ၏နေရာမှ ဆွဲချ ခါ ထုတ်ပစ်လိုက်နိုင်စွမ်းရှိသူဖြစ်သည်။

သို့သော်. . .

တာပိုတွင် မည်သည့်အတွင်းလူယုံတော်မှ သူ၏ဦးဆောင်ဦးရွက်ပြုသူအပေါ်၌ သစ္စာဖောက်ခြင်း၊ အာခံခြင်းမျိုး လုံးဝမရှိခဲ့ပေ။



ထိုအစဉ်အလာအတိုင်းပင်. . .

အတွင်းလူယုံတော်ကြီး ဦးသိယ်၌ အဆုတ်ကင်ဆာရောဂါ ခံစားနေရသည်။ သူ၏ရောဂါဝေဒနာကြောင့် သူအနည်းငယ်မျှပင် အသက်ရှင်နိုင်ပေတော့မည်။

မကြာခင် ကြုံတွေ့ရင်ဆိုင်ရတော့မည့် တိုက်ပွဲ၌ ဦးသိယ်သည် အဓိကနေရာမှ အားကိုးအားထားပြုရမည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း မြသင်းကြည်ကောင်းစွာသိ၍နေ၏။

သူမက သက်ပြင်းတစ်ချက်ချလိုက်၍. . .

"ကျွန်မရဲ့ ဟောဒီစံအိမ်ကြီးထဲမှာ. . . သစ္စာဖောက်တစ်ယောက်ရှိနေတာသေချာတယ် ဘဘ၊ ကျွန်မတို့ရဲ့ ပစ္စည်းတင်တဲ့လှေ ဘယ်အချိန်မှာ ဘယ်ကိုထွက်မယ်ဆိုတာ. . . ဘယ်သူမှ တိတိကျကျ မသိနိုင်ကြပါဘူး"

ဦးသိယ် မသိမသာ ခေါင်းညိတ်လိုက်မိသည်။

ဒေါက်တာ'ချမ်း'ကွယ်လွန်သွားပြီးနောက်ပိုင်း၌ တာပိုဆင်ဒီကိတ်တွင် ကြီးမားသောဟာကွက်များ ပေါ်ပေါက်လာသည်ကို သူ နားလည်ထားသည်။

"ဒီမှာရှိတဲ့လူတွေအားလုံးဟာ သမီးလေးရဲ့ဖခင်ဆီမှာ တာဝန်ယူ အလုပ်လုပ်ခဲ့ကြတဲ့ လူတွေချည်းပါပဲ၊ သူတို့ သစ္စာရှိ၊မရှိတို့ ဘဘတို့ အကြိမ်ကြိမ် စမ်းသပ်ကြည့်ပြီးပါပြီ၊ ဒါပေမယ့် လူဆိုတာ အချိန်မရွေး အကြောင်းမရွေး ပြောင်းလဲတတ်တဲ့ သဘောရှိတယ်။ ကဲ. . . သမီးငယ်လေး အဝတ်အစားလဲပြီး ပြင်ဆင်ပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဒီကိတ်အဖွဲ့ရဲ့ ဗဟိုရုံအဓိကအစည်းအဝေးကို နောက်ထပ် တစ်နာရီအကြာမှာ . . စပါလိမ့်မယ်"

သူမ ငြိမ်သက်စွာ စဉ်းစား၍နေ၏။

တာပိုသည် ယခင်ကအတိုင်း ဘာမှပြောင်းလဲခြင်း မရှိသေးပါလားဟု တွေးနေလေမိသည်။

◆ ◆ ◆

## အခန်း(၄)

မြသင်းကြည် ရေချိုးပြီး၍ အဝတ်အစားများ လဲလှယ်ဝတ်ဆင်နေစဉ် အတွင်းလူယုံတော်ကြီး ဦးသိယ်က စာကြည့်ဆောင်ထဲ၌ သူမကို စောင့်၍နေ၏။

သူမသည် ဦးစွာ ဘုရားခန်းထဲသို့ ဝင်လိုက်သည်။

ဖယောင်းတိုင်၊ အမွှေးတိုင်များ မီးထွန်းညှိ ပူဇော်၍ ဘုရားရှိခိုးသည်။

ထို့နောက် ဖခင်ဖြစ်သူအတွက် သီးသန့်ရည်စူးသတ်မှတ်ထားသောနေရာ၌ ဦးတိုက်လိုက်သည်။

"အဖေ . . အခု ဟာပိုဆင်ဒီကိတ်အဖွဲ့မှာရှိနေတဲ့ အဖွဲ့ဝင်တချို့ဟာ သမီးရဲ့ဦးဆောင်မှုကို မလိုလားကြပါဘူး၊ သမီးက မိန်းမသားတစ်ဦး ဖြစ်နေလို့ပါပဲ၊ သမီးခေါင်းဆောင်ဖြစ်လာတဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကို အကြီးအကျယ်အန္တရာယ်ပေးနေကြပါတယ်၊ သမီး. . . ဟောဒီ စံအိမ်တော်ကြီးထဲမှာ ရှိနေသရွေ့ကတော့ သူတို့ အန္တရာယ်မပေးနိုင်ကြပါဘူး၊ ဒါပေမယ့် သမီးရဲ့နေရာကို လုယူမယ့်အန္တရာယ်တွေက ပတ်ချာလည်ဝိုင်းနေပါပြီအဖေ. . . တကယ်တော့ အဖေ့မှာ စိတ်ချယုံကြည်ရတဲ့ မိတ်ဆွေနည်းနည်းလေးပဲ ရှိခဲ့ပါတယ်၊ သမီး အနေနဲ့ အဖေ့ရဲ့ရန်သူတွေက ပေးလာနိုင်မယ့်. . . အန္တရာယ်ကိုပါ အမွေအဖြစ် ဆက်ခံရခဲ့ပါတယ်၊ သမီး ဘယ်သူ့ကိုမှ အကူအညီတောင်းလို့ မရနိုင်အောင် အဘက်ဘက်က ပိတ်ဆို့ထားကြပါတယ်. . .

စံအိမ်တော်ကြီးက အမှုထမ်းတွေကလည်း ဆက်ပြီး အလုပ်မလုပ်ချင်ကြတော့ဘူး၊ သမီးကို သူတို့အားလုံးနီးပါးက ပစ်ပယ်ထားကြပါတယ်၊ အဖေ့ရဲ့အတွင်းလူယုံတော်ကြီး ဦးသိယ်ပေးတဲ့ အကြံဉာဏ်ကိုသာ သမီး အားကိုးအားထားပြုနေရပါတယ်၊ သူတို့ စုပေါင်းပြီး ဆင်ဒီကိတ်ရဲ့ ခေါင်းဆောင်သစ်တစ်ဦး ထပ်ရွေးဖို့ ကြံစည်ထားသလား၊ မထားဘူးလားဆိုတာ သမီး. . . ဘယ်လိုမှ မသိနိုင်ပါဘူး၊ သမီးကို ကူညီပါဦး အဖေ၊ သမီးဟာ. . . အဖေ့ရဲ့ သွေး အပြည့်အဝပါတဲ့ အဖေ့ရဲ့သမီးပါ"

မြသင်းကြည်သည် ဘုရားခန်းထဲမှ တည်ငြိမ်စွာပင် ထွက်၍လာသည်။ လူယုံတော်ကြီးဦးသိယ်က သူမ၏နောက်မှနေ၍ လိုက်ပါလာသည်။

◆



ကျောက်စိမ်းနန်းဆောင်ခန်းမ၏ တံခါးကို ဦးသိယ်က ဖွင့်ပေးသည်။

ခန်းမထဲ၌ လူလေးဦး ရှိနေကြသည်။

ထိုလူလေးဦးသည် တာပိုဆင်ဒီကိတ်၏ အမိကရလူများ ဖြစ်ကြသည်။

ဦးသိယ်က မျက်မှောင်ကြုတ်လျက် အချက်ပြလိုက်သည်။ ထိုအခါမှပင် ခန်းမဆောင်ထဲ၌ရှိနေသော လူလေးဦးက မြသင်းကြည်ကို အရိုအသေပြုသည့်အနေဖြင့် မတ်တတ်ရပ်လိုက်ကြသည်။

သူမ၏ဖခင် ဒေါက်တာချမ်း၏လက်ထက်ကဆိုလျှင် ဤသို့ လုံးဝမဟုတ်ပေ။ ဒေါက်တာ ချမ်း ရောက်မလာမချင်း မည်သူမျှ မထိုင်ဝံ့ကြပေ။

ဇညားသည် မျက်တောင်မခတ်တမ်း သူမကို ငေးစိုက်ကြည့်နေသည်။ သူမ၏ ခန္ဓာကိုယ်အလှအပများကို သူမ၏ ကျောက်စိမ်းရောင်ဝတ်စုံက မဖုံးကွယ်ထားနိုင်ချေ။

သူမ၏မျက်နှာကလေးမှာ လွန်စွာချစ်စရာကောင်းသည်။

ဝင်းအိနုညက်သည့် အသားအရည်က စွဲမက်စရာကောင်းသည်။ ဖူးကြွနုရွသည့် နှုတ်ခမ်းကလေးများကို မြင်သူတိုင်း သတိမူမိကြရသည်။

ရှည်လျားသောမျက်တောင်များနှင့် ရွှန်းလဲ့သောမျက်လုံးများမှာ သူမ၏အလှကို ပိုမို၍ ဆွဲဆောင်မှုရှိစေသည်။

ဇညားသည် သူမ၏အလှကို ငေးမောကြည့်ရှုရင်းမှ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ လှုပ်ရှားနေသည်။

ဒေါက်တာ 'ချမ်း' ထိုင်နေကျထိုင်ခုံ၌ မြသင်းကြည်ထိုင်သည်။ သူမ၏ညာဘက်၌ လူယုံတော်ဦးသိယ်က ထိုင်သည်။ အစည်းအဝေးမှတ်တမ်း အချက်အလက်များကို မှတ်တမ်းတင်ရေးမှတ်သူမှာ ဦးသိယ်ဖြစ်သည်။ ယင်းမှတ်တမ်းသည် ပြင်ပသို့ ပေါက်ကြားခြင်း အလျဉ်းမရှိစေရပေ။

သူမ၏ ဘယ်ဘက်၌ တာပိုဆင်ဒီကိတ်အဖွဲ့၏ လူမိုက်ခေါင်းဆောင် 'ဝေလီ' ထိုင်နေသည်။ သူသည် ခန္ဓာကိုယ်တုတ်ခိုင်သန်မာပြီး ရက်စက်ကောက်ကျစ်သော မျက်နှာထားရှိသည်။

သူမအား ဝေလီစိုက်ကြည့်နေသည်ကိုသိသဖြင့် မြသင်းကြည်က ကြည့်လိုက်သည်။ ဝေလီ၏ မျက်ပေါက်ကျဉ်းကျဉ်းများ လှုပ်ခါ၍သွားပြီး တစ်ဖက်သို့ မသိမသာ လှည့်သွားသည်။

ဝေလီသည် မည်သူနှင့်မျှ မျက်နှာချင်းဆိုင်၍ ကြည့်လေ့ရှိသူ မဟုတ်ပေ။

ဝေလီက နှုတ်ခမ်းကို စေ့ထားလျက်မှ မသိမသာပြုံးသည်။

"ကျွန်တော်တို့ရဲ့ လေ့တစ်စင်း. . . မနေ့က ပျောက်သွားတယ်လို့ကြားရပါတယ်၊ အဲဒီကိစ္စကို. . . ကျွန်တော်ဦးဆောင်ပြီး စုံစမ်းပေးပါ့မယ်"

ပြောသည့်အတိုင်း တကယ်လုပ်မည် မဟုတ်မှန်း မြသင်းကြည်သိ၍နေ၏။ လူကြားကောင်းရုံ အသံကောင်းဟစ်ခြင်းသာလျှင်ဖြစ်သည်။



သူမငယ်စဉ်က သူမ၏မိခင် သေဆုံးသွားခဲ့သည်။

ဝေလီ၏လက်ချက်ဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သူမသိထားသည်။

အမှန်စင်စစ်. . .

သူမအနေဖြင့် 'ဝေလီ'ကို လုံးဝမယုံကြည်ပေ။

စားပွဲပေါ်၌တင်ထားသော ဝေလီ၏လက်များပေါ်သို့ သူမ၏အကြည့်ရောက်သွားသည်။ ဝေလီ၏လက်ကြီးများမှာ ကြီးမားတုတ်ခိုင်ကြမ်းတမ်းလှသည်။ ရက်စက်ကြမ်းကြုတ်သည့် 'ဝေလီ'ကို သူ၏ရန်သူများက အကြိမ်ကြိမ်လုပ်ကြံခဲ့ကြသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် ယခုချိန်ထိ ဝေလီအသက်ရှင်နေဆဲပင်ရှိသေးသည်။

ထို့နောက် သူမသည် 'ရာဟု' ဘက်သို့ လှည့်လိုက်၏။

ဩတြပြည်နယ်မှကိုယ်စားလှယ်မှာ 'ရာဟု' ဖြစ်သည်။ ရာဟုသည် ခန္ဓာကိုယ်ဝဝတုတ်တုတ် ခေါင်းတုံးနှင့်ဖြစ်ပြီး အမြဲပြုံး၍နေတတ်သူဖြစ်သည်။

ဒေါက်တာ 'ချမ်း'၏ လက်ထက်ကတည်းက 'ရာဟု'သည် သူ၏ပြည်နယ်အတွက် အကျိုးစီးပွားများစွာရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သူဖြစ်သည်။

'ရာဟု' သည် ဆင်ဒီကိတ်အဖွဲ့နှင့် ပတ်သက်ပုံမရှိပေ။ သူသည် အသက်အရွယ်ကြီးနေပြီဖြစ်၍ အေးချမ်းသာယာမှုကိုသာ လိုလားသူဖြစ်သည်။ ထို့ပြင် ယခုအချိန်အထိ သူ အသက်ရှင်ရပ်

www.burmeseclassic.com

www.burmeseclassic.com



တည်နေနိုင်ခြင်းမှာလည်း သူသည် သာသည့်ဘက်သို့ အမြဲကပ်တတ်သူ ဖြစ်သောကြောင့်ပင်တည်း။

သူမပညာသင်ကြားနေစဉ်ကာလက ရရှိခဲ့သော လုံခြုံအေးချမ်းမှုများ ယခုအခါ၌ မရှိတော့ပေ။ ကလေးဘဝက ခံစားခဲ့ရသော ကြောက်ရွံ့တုန်လှုပ်မှုများ သူမအပေါ်၌ ပြန်လည်၍ ဖိစီးလွှမ်းခြုံလာရပေပြီ။

သူမသည် သူမနှင့် ရင်ဆိုင်နေရသောလူများနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို လေ့လာအကဲခတ်နေမိသည်။

ရာဟုကိုကြည့်ရသည်မှာ မူမမှန်။

ရာဟု၏မျက်နှာပေါ်၌ ချွေးများပြန်၍နေ၏။

ဩတြေပြည်နယ်ခံ ဆင်ဒီကိတ်အဖွဲ့၏ အုပ်ချုပ်ရေးမှူးက သူမကို လက်မခံလိုကြောင်း သိသာ၍နေ၏။ ဒေါက်တာချမ်း၏ နေရာ ဆက်ခံမည့်သူသည် ယောကျ်ားခေါင်းဆောင် တစ်ယောက် ဖြစ်မှသာ ဆက်လက်ထောက်ခံအတည်ပြုမည်ဟု မှာလိုက်ပုံရသည်။

ဤသည်မှာ သူမ၏နေရာကို လုပ်ခါ၍ ဖွဲ့ချီးပစ်မည့်အနေအထားပင်။ ကျန်အဖွဲ့ဝင်များကလည်း ဤအခြေအနေကို စောင့်ဆိုင်းနေကြပေမည်။

ဤလူများအားလုံးသည် ခေါင်းဆောင်နေရာမှ မြသင်းကြည်အား ဖယ်ရှားမည်။ ဒေါက်တာချမ်းပိုင်ဆိုင်သည့် စံအိမ်ကြီး၏ မြေတိုက်ခန်းအတွင်း၌ ထည့်ထားသည့် အာမခံသေတ္တာကြီးများ



အတွင်းမှ ရွှေများကိုပါ အပိုင်စီးရန်ကြံစည်နေကြမည်မှာ သေချာသည်။ ထိုရွှေများထဲမှ သုံးပုံတစ်ပုံမှာ ၁၆. ၀ိုင်. သုံးဆင့်အဖွဲ့သို့ ပေးရမည့်ရွှေများဖြစ်သည်။

သူမအနေဖြင့် မည်သို့ပြန်လှန်တိုက်ခိုက်ရပါမည်နည်း။

ရာဟုနှင့် ဝေလီတို့ကိုလည်း မယုံရ။

သူမအနေဖြင့် မည်သူ့ကို ယုံရပါမည်နည်း။

မြသင်းကြည်သည် နက်နဲစွာဖြင့် စဉ်းစား၍နေ၏။

သူမသည် တစ်စုံတစ်ရာကို ကောင်းစွာသိရှိ၍နေ၏။

ဤသည်ကို လူယုံတော်ကြီး ဦးသိယ်က အကဲခတ်လိုက်မိသည်။ သူမသည် သူမ၏ဖခင်ကဲ့သို့ လူကဲခတ်ကောင်းသူဖြစ်ပုံရသည်။ တစ်ဖက်လူ၏ မျက်နှာအမူအရာကို ကြည့်ရုံမျှဖြင့် ထိုလူ၏ အတွင်းစိတ်များ၊ အားနည်းချက်များ၊ ကောက်ကျစ်မှု၊ ရက်စက်မှုများကို ချက်ချင်းပင် ထွင်းဖောက်သိနိုင်စွမ်း ရှိနေပေသည်။

ဦးသိယ်သက်ပြင်းတစ်ချက် မသိမသာချလိုက်မိသည့် အခိုက်အတန့်မှာပင် ဦးသိယ် စိတ်သက်သာရာရသွားသည်။ ဤမိန်းကလေးသည် ဖခင်၏ပိုင်ဆိုင်မှုများကို အလွယ်တကူ အဆုံးရှုံးခံမည့် မိန်းမစားမျိုး မဟုတ်ပေ။ သူမသည် ဖွဲ့သတ္တိ အားမာန်အပြည့်နှင့် သူမ၏ရန်သူများကို ကြံ့ကြံ့ခိုင်၍ ရင်ဆိုင်မည့် လူစားမျိုးဖြစ်ကြောင်း သိလိုက်သည်။

ဗညား. . .

သူမ၏ညာဘက်ရှိ စားပွဲအလယ်၌ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တစ်ကိုယ်လုံး၌ စိန်များ၊ ရွှေများ၊ ပတ္တမြားများဖြင့် ညွတ်နေအောင် ဝတ်ဆင်ထားသည်။ ရုတ်တရက်ကြည့်လျှင် ဗညား သည် ကြည့်ပျော်ရှုပျော်ရှိသူဟု ဆိုရနိုင်ပေသည်။

သူသည် ရုပ်ရှင်လုပ်ငန်းများ၌ ကျွမ်းဝင်ပတ်သက်နေသူ ဖြစ်သည်။ ရုပ်ရှင်မင်းသမီးများနှင့် တွဲနေသူလည်းဖြစ်သည်။ သူ သည် ထင်ပေါ်ကျော်ကြားမှုကို လွန်စွာမက်မောသူဖြစ်သည်။ သို့ သော် သူ၏ထင်ပေါ်ကျော်ကြားမှုကို အသိအမှတ်မပြုကြပေ။

'ဗညား'သည် ဒုစရိုက်မှုလုပ်ငန်းများနှင့် ပတ်သက်ဆက် နွယ်နေသူတစ်ဦးဖြစ်သည်ဆိုသော အချက်ကိုမူ အသိအမှတ်ပြု လက်ခံကြသည်။

ဗညားသည် လတ်တလော အန္တရာယ်ပေးမည့်သူတစ်ဦး မဟုတ်သေးပေ။ သူသည် ရှေ့ဆုံး၌ နေရာယူချင်သည့် လူစားမျိုး မဟုတ်။ ပုံမှန်အစဉ်အလာအတိုင်း နေလိုသူသာဖြစ်သည်။ သူသည် သူ၏ကိုယ်ကျိုးစီးပွားကိုသာ အဓိကထားသည့်လူတစ်ယောက် ဖြစ် သည်။

ဗညားသည် ဆင်ဒီကိတ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်လာနိုင် စရာ အကြောင်းမရှိပေ။

သို့သော် သူ့ကို အကောက်ကြံ၍ ဤနေရာမှဖြုတ်ပစ်ရန် ကြံသူတစ်ဦးရှိနေပေသည်။ ဤအခြေအနေ၌ ကျန်သူမှာ 'ဟန်မော်' တစ်ဦးတည်းသာရှိတော့သည်။

သူသည် အခြားသူများနှင့် ဝေးသောစားပွဲတစ်နေရာ၌



တစ်ဦးတည်း ထိုင်၍နေ၏။ သူသည် ဆင်ဒီကိတ်အဖွဲ့၏ ခေါင်း ဆောင်ဖြစ်လာရန် စိတ်အားထက်သန်နေသူဖြစ်သည်။

ဟန်မော်သည် အသက်ငါးဆယ်အရွယ် မျက်ပေါက်ကျဉ်း ကျဉ်း၊ နှာခေါင်းပွပွ၊ စုတ်ချွန်းချွန်းမျက်နှာရှိသူဖြစ်သည်။

သူသည် ကောက်ကျစ်စိတ် ရှိသူဖြစ်သည်။

အငြိုးအတေး ထားတတ်သူဖြစ်သည်။

သူသည် ကပြားစပ်တစ်ဦးလည်း ဖြစ်သည်။

'ဟန်မော်'သည် အန္တရာယ်လွန်စွာကြီးမားသူတစ်ယောက် ဖြစ်သည်။

သူ့ကိုယ်စဉ်ကပင် ဒေါက်တာ'ချမ်း'က မွေးစားထားခဲ့ သည်။ လိမ္မာရေးခြားရှိသူ၊ ပါးနပ်ထက်မြက်သူအဖြစ် သူ၏နေရာ၌ တစ်ချိန်တွင် ဆက်ခံရန်အထိ ရည်ရွယ်ခဲ့သည်။

သို့သော်. . .

ဒေါက်တာ'ချမ်း'၌ မြသင်းကြည်ကို မွေးဖွားလာသောအခါ ၌ 'ဟန်မော်'၏ရည်မှန်းချက်များ ပျောက်ပျက်ခဲ့ရသည်။

ဟန်မော်သည် လူရည်လည်သူဖြစ်သည်။

သူ့ကိုလျှော့တွက်၍ လုံးဝမရကြောင်း 'မြသင်းကြည်' သိထားသည်။

မြသင်းကြည်သည် ကောက်ကျစ်ရက်စက်သောလူများ၏ အန္တရာယ်ကို လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည်။

သူမသည် ဝေးမြေရပ်ခြားတစ်နေရာ၌ ပညာသွားသင်

www.burmeseclassic.com

www.burmeseclassic.com



နေသူတစ်ဦးဖြစ်၍ သူမကို အရည်အချင်း မရှိသူတစ်ဦးဟု မှတ်ထင်ထားကြပုံရသည်။

မြသင်းကြည်က မျက်နှာကို တဖြည်းဖြည်းမော့လိုက်၏။

အားလုံးက သူမကို ငေးစိုက်ကြည့်နေကြသည်။

သူမ၏ဖခင် ဒေါက်တာချမ်း'ကဲ့သို့ပင် ခွန်အားစွမ်းရည်များ ရှိနေသည်ကို သိလိုက်ကြသည်။

ဟန်မော်မှလွဲ၍ ကျန်လူအားလုံး ငြိမ်သက်သွားသည်။

ဟန်မော်ကမူ သူမဘက်သို့ အောင်နိုင်သောအကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။

မြသင်းကြည်အနေဖြင့် သူမ၏ရန်သူကို တွေ့လိုက်ရပေပြီ။

မကြာမီအချိန်အတွင်းမှာပင် ဤရန်သူက သူမကို ရင်ဆိုင်တိုက်ခိုက်လာပေတော့မည်ဖြစ်သည်။

မြသင်းကြည်သည် အစည်းအဝေးပွဲကို ရွှေ့ဆိုင်းလိုက်၏။ ချက်ချင်းပင် ကျောက်စိမ်းနန်းဆောင်ထဲမှ သူမထွက်ခွာသွားသည်။

အတွင်းလူယုံတော်ကြီး ဦးသိယ်နှင့် အိမ်တော်စောင့်များက ဆင်ဒီကိတ်အဖွဲ့ဝင်များကို စံအိမ်၏အပြင်ဘက်သို့ လိုက်လံပို့ဆောင်ပေးကြပေလိမ့်မည်။

◆



စာကြည့်ဆောင်အတွင်း၌ဖြစ်သည်။

မြသင်းကြည်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေသည်။

ဒေါသကြောင့် သူမ၏မျက်နှာကလေးတစ်ခုလုံး နီရဲ၍နေ၏။

အတွင်းလူယုံတော်ကြီး ဦးသိယ်ရောက်၍လာသည်။

သူမက ပေါက်ကွဲစွာပြောဆိုက်သည်။

"သြစတြေးလျနယ် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးက ကျွန်မတို့. . . အတိအလင်း ဆန့်တျင်လိုက်ပြီ မဟုတ်လား"

ဦးသိယ်က လေသံခပ်အေးအေးဖြင့်. . .

"ဒီအတိုင်းပဲဖြစ်လာမယ်လို့ တွက်ထားပြီးသားပါ သမီးငယ်လေး၊ သူတို့က. . . ဒီနေရာမှာ ဘယ်သူ့ကိုခန့်ထားချင်ကြတယ်လို့ ထင်သလဲ"

"ဟန်မော်ပေါ့. . . အဖေ့ရဲ့မွေးစားသားလေ၊ လူယုတ်မာ၊ သူ့ကောက်ကျစ်၊ သွေးကြီးပြီး ဘယ်သူ့မှ လူမထင်တဲ့ပုံစံမျိုး. . . သူ့မျက်နှာမှာ ပေါ်နေတယ်၊ သူ့ဘက်ကစပြီး မလှုပ်ရှားခင်မှာ ကျွန်မတို့ဘက်က စမှဖြစ်မယ်၊ ဝိုင် . ၁၆ အဖွဲ့က အကြွေးတောင်းနေတဲ့ကိစ္စ သူသိထားတယ်"

ဦးသိယ်က. . . .

"ခဏစောင့်နေလိုက်ပါဦး. . . သမီးလေး၊ ဟန်မော်ဆိုတဲ့အကောင်ဟာ အင်မတန်လည်၊ အင်မတန်ကောက်ကျစ်တဲ့

www.burmeseclassic.com



အကောင်စားမျိုး၊ သူက သမီးလေး ခံပြင်းလှုပ်ရှား လာအောင် လုပ်ပြီး သူ့ရဲ့ သတ်ကွင်းထဲဝင်လာအောင် အကွက်ဆင်လိမ့်မယ်၊ ဒီစံအိမ်ကြီးထဲမှာနေလို့ သမီးလေးမှာ. . . ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး"

သူမက ခေါင်းခါလိုက်၏။

"၁၆. ဝိုင်. အဖွဲ့ကို ပေးစရာရှိတဲ့ အကြွေးကို သတ်မှတ်တဲ့ ရက်အတွင်းမပေးခဲ့ရင် ၁၆. ဝိုင်သုံးဆင့်အဖွဲ့ဟာ ဟန်မော်နဲ့ ပေါင်းပြီး ကျွန်မကို ကိုန်းသေအန္တရာယ်ပေးလာလိမ့်မယ်၊ နောက် တစ်ခါ ဩတြပြည်နယ်အုပ်ချုပ်ရေးမှူးကလည်း ကျွန်မ့ကို လွယ်လွယ်နဲ့ ရှင်းပစ်နိုင်တယ်လို့ ထင်တဲ့ပုံပဲ"

ပြောရင်းနှင့် သူမ ခံပြင်းဒေါသထွက်၍လာ၏။

[illegible]းပွဲကို လက်ဖြင့် အသံကျယ်စွာမြည်သည်အထိ တိုက် ပစ်လိုက်သည်။

ခေတ္တမျှအကြာ၌. . .

သူမ၏ဒေါသကို သူမပြန်၍ ထိန်းချုပ်လိုက်နိုင်သည်။

အားလုံးက သူမကို မိန်းမသားတစ်ဦးဖြစ်နေ၍ အထင် သေးကြသည်။ ထိုလူများအားလုံးကို သူမက ရင်ဆိုင်၍ ပြန်လည် တိုက်ခိုက်ရသည်။ ဖခင်ကဲ့သို့ ပါးနပ်၍ ရက်စက်တတ်ကြောင်း ပြန်၍ပြသရပေမည်။

သူမက တည်ငြိမ်စွာဖြင့်ပြောသည်။

"ကျွန်မမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေအဖော်လိုတယ်၊



ဒီအချက်ကို ကျွန်မ သိနေမိတာ အတော်လေးကြာသွားပါပြီ၊ ပဲ့နင်း နဂါးဆီကို လှမ်းပြီး စာနဲ့ဆက်သွယ်တာ. . .ဘယ်နှစ်စောင်ရှိ သွားပြီလဲ. . . ဘာဘာ"

"အင်း . . . သုံးစောင်ရှိသွားပါပြီ"

"သူ့ဆီက ဘာမှ. . . အကြောင်းမပြန်ဘူးလား"

ဦးသိယ်က ခေါင်းခါလျှက်. . .

"ဟင့်အင်း . . . ဘာမှ အကြောင်းမပြန်ဘူး"

မြသင်းကြည်က သက်ပြင်းတစ်ချက် လေးတွဲ့စွာချလျက် ဖြည်းညှင်းစွာပြောသည်။

"ကျွန်မကိုယ်တိုင် သူ့ဆီကို သွားတွေ့မှဖြစ်မယ်၊ ကျွန်မနဲ့ သူ မျက်နှာချင်းဆိုင်တွေ့ရင်တော့ ငြင်းမယ်လို့မထင်ဘူး၊ ကဲ. . . ဘာဘာ. . . ကျွန်မတို့ ခရုကျွန်းကိုသွားဖို့သာ စီစဉ်လိုက်ပါ"

ဦးသိယ်က. . .

"စဉ်းစားပါ သမီးငယ်လေး၊ ဒီစံအိမ်ကြီးထဲကနေ ထွက် တာနဲ့ သမီးငယ်လေးမှာ. . . အန္တရာယ်တွေ အများကြီးကြုံလာနိုင် တယ်"

သူမက တည်ငြိမ်စွာ ဆုံးဖြတ်ချက်ချ၍ ပြောသည်။

"ကျွန်မမှာ ယုံကြည်စိတ်ချအားကိုးရတဲ့ လူလိုနေတယ်၊ ဒီတော့. . . ကျွန်မအသက်နဲ့ရင်းပြီး အပြင်ကို ထွက်ရမှာပဲ ဘာဘ၊ တကယ်တန်း အားကိုးစရာဆိုလို့ ပဲ့နင်းနဂါးတစ်ယောက်ပဲ ကျန် တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြည် ဘယ်သောအခါမျှ မမေ့မလျော့ဘဲ သတိတရရှိနေမိသူမှာ 'ထက်နေဗလ' ဖြစ်သည်။

"မွဲနင်းနဂါး (ခေါ်) ထက်နေဗလ"

သူမ၏အားကိုးအားထားပြုစရာလူဆို၍ ထက်နေဗလတစ်ဦးတည်းသာ ကျန်ပေတော့သည်။

◆ ◆ ◆

## အခန်း (၈)

တာပိုမြို့မှ ခရိုကျွန်းသို့ ဦးတည်၍ထွက်လာခဲ့သည်မှာ တစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်မျှကြာသွားပေပြီ။

မြသင်းကြည်၏ မာလိန်မှူးဖြစ်သူက သူ၏လူများအား လှမ်း၍အမိန့်ပေးသည်။

"ကမ်းခြေပေါ်က မီးပြတွေကို. . . သေသေချာချာကြည့်စမ်း. . ."

အင်ဂျင်စက်သံမှာ တဖြည်းဖြည်း နှေး၍သွားသည်။

ဟသ်ာဆိပ်ကမ်းသို့ ရေယာဉ်ဆိုက်ကပ်ပေတော့မည်။

ကမ်းနားဒေသတစ်လျှောက်၌. . .

အဆောက်အအုံကြီးငယ်များ၊ မီးပြဓာတ်များ၊ သင်္ဘောများ၊ ငါးဖမ်းစက်လှေများ၊ တောက်ပသောနီယွန်မီးရောင်များ. . .။

www.burmeseclassic.com

www.burmeseclassic.com



ရေယာဉ်ဦးပိုင်း၌ ထိုးဝါးကိုင်ထားသော လမ်းပြက ရပ်၍ အော်ပြောလိုက်သည်။

"ကိုက်ငါးရာ. . ."

ရေယာဉ်မှာ တရွေ့ရွေ့ မောင်းနှင်၍နေ၏။

"ကိုက်. . . သုံးရာ. . ."

သင်္ဘောများ၊ လှေများကြားမှနေ၍ ရေယာဉ်ကို ဂရုတစိုက်ဖြင့် မာလိန်မှူးက ပဲ့ထိန်း၍ပေးနေ၏။

"ကိုက်. . . ငါးဆယ်. . ."

"နောက်ထပ် တစ်ဆယ့်ငါးကိုက်. . ."

မာလိန်မှူးက အော်၍ အမိန့်ပေးလိုက်သည်။

"စက်ရှိန်သတ်လိုက်. . . ကြိုးချည်. . ."

ကမ်းခြေ၌ ရေယာဉ်ဆိုက်ကပ်မိပြီဖြစ်သည်။

မြသင်းကြည်သည် ကမ်းပေါ်သို့တက်လာသည်။

သူမ၏ဘေး၌ ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင်သည့် ကိုယ်ရံတော်ငါးဦး ပါ၍သွားသည်။

မာလိန်မှူးသည် သူမကို ငေး၍ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။ အမှန်တကယ်ပင် သူသည် စိတ်မကောင်းဖြစ်နေမိ၏။ မြသင်းကြည်အနေဖြင့် ဘာမျှသိဦးမည် မဟုတ်သေးပေ။

မာလိန်မှူးသည် ခေါက်တာချမ်းမြေ၏သမီးထံ၌ တာဝန်ထမ်းဆောင်ခြင်းသည် ဤညသည် နောက်ဆုံးအဖြစ် တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်သည်။



အရေးကြီးသောသတင်း ကောင်းကောင်းပေးမည်ဆိုလျှင် ငွေအမြောက်အမြားပေးမည်ဟု 'ဟန်မော်'က သူ့ကိုမှာ၍ထားသည်။

မာလိမ်မှူး၏သစ္စာတရားကို ငွေစက္ကူများက ဖျက်ဆီးပစ်လိုက်နိုင်ပြီဖြစ်သည်။

ယခုလိုအခြေအနေမျိုး၌. . .

မက်မောစရာကောင်းအောင် များပြားသည့်ငွေကြေး အစုလိုက်အပုံလိုက် ပေးသူဘက်သို့သာ သူလိုက်ပါရပေလိမ့်မည်။

ဤသည်မှာ သူ့မိသားစုအတွက် အကောင်းဆုံးနှင့် အဓိပ္ပာယ်အရှိဆုံးရပ်တည်ချက်ပင် ဖြစ်သည်ဟု သူ သတ်မှတ်ထားပေသည်။

◆

သူမသွားသည့်လမ်းတစ်လျှောက် သူမ၏ ကိုယ်ရံတော်များက ရှေ့မှ အကာအကွယ်ပြုပေးထားကြသည်။

လမ်းမပေါ်သို့ ရောက်လာသည်။

ရှုပ်ထွေးစွာသွားလာနေသည့် ခရုမြို့၏ရှုခင်းကိုငေး၍ သူမ ကြည့်နေမိသည်။

ခေတ္တမျှအကြာ၌ စင်းလုံးငှားထားသည့် ဘောလ်ဗိုကား

www.burmeseclassic.com



နှစ်စီး ရောက်လာသည်။

ရှေ့ကား၏အောက်ခန်း၌ အတွင်းလူယုံတော်ကြီး ဦးသိယ် မှီ၍ထိုင်နေ၏။ သူနှင့်အတူ ကိုယ်ရံတော်သုံးဦးပါလာသည်။

ဦးသိယ်က. . .

"စံအိမ်ကြီးမှာ အစောင့်တွေချထားခဲ့ရဲ့လား . . သမီး"

"ဟုတ်ကဲ့"

"ဘဘတို့ အခုလို. . . ခရီးထွက်လာတာကို ဟန်မေ် သိမှာ သေချာတယ်၊ စံအိမ်ကိုတော့. . . သူ မကျူးကျော်ဝံ့ပါဘူး၊ ဘဘတို့ဒီမှာ အချိန်မကြာနိုင်ပါဘူး၊ နောက်ထပ် ခုနစ်နာရီဆိုရင် ပြန်ရောက်ကြမှာပါ"

သူမကော ညင်သာစွာ ခေါင်းညိတ်ပြသည်။

လမ်းပေါ်၌ အသံမျိုးစုံ ဆူညံ၍နေ၏။

ကားများက ရှုပ်ထွေး၍နေပေသည်။

မြောက်ဘက်၌ အထပ်သုံးဆယ်ကျော်မြင့်မားသည့် အဆောက်အအုံကြီးတစ်ခုကို တွေ့မြင်ရသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာကုမ္ပဏီ၏ ပင်မရုံးများတည်ရှိသည့် အဆောက်အဦးဖြစ်သည်။

ဘောလ်ဗိုကားနှစ်စီးသည် တောင်တက်လမ်းလေးတစ်ခုအတိုင်း မောင်း၍တက်လာကြသည်။

တစ်ဆစ်ချိုးကွေ့ငါးခုခန့် ကျော်ဖြတ်၍လာလျှင် သန့်ရှင်းလတ်ဆတ်သော အေးမြသည့်လေကို ရှူရှိုက်ခံစားရသည်။



တောင်ကမ်းပါးယံ တစ်လျှောက်၌ စိုက်ခင်းများ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

တောင်ခြေဆင်ခြေလျှောတစ်ဖက်၌ သစ္စာတွင်းဟောင်းအချို့ကို မြင်ရသည်။

မြသင်းကြည်က ဦးသိယ်ဘက်သို့လှည့်၍. . .

"ဘဘ ဒီမှာ. . . သူတစ်ယောက်တည်းပဲ အိမ်မှာနေတာလား"

သူမ၏ရင်ထဲမှ ခံစားမှုများ မပေါ်လွင်အောင် ထိန်းချုပ်၍ မေးလိုက်ခြင်းဖြစ်သည်။

"သူနဲ့အတူနေတာဆိုလို့ သူ့ရဲ့တပည့်တစ်ယောက်ပဲရှိတယ်"

"သူ့မှာ ငွေကော. . . ပြည့်စုံလုံလောက်ရဲ့လား"

"ပြည့်စုံမှာပါ၊ သူ အလုပ်ကောင်းတုန်းက စုဆောင်းထားခဲ့တဲ့ ငွေအတော်များများရှိတယ်"

ဦးသိယ်က မြသင်းကြည်ကို မသိမသာအကဲခတ်နေမိသည်။

ပုံနင်းနဂါးဟူသောအမည်နှင့် ထင်ရှားခဲ့သော ထက်နေ ဗလအပေါ်၌ သူမအားကိုးလွန်းသည်ဟု ထင်မိသည်။ ထို့ပြင် ထင်နေဗလအပေါ်၌ တွယ်တာမှု သံယောဇဉ် ကြီးမားလွန်းနေခြင်းလည်း ဖြစ်နိုင်သည်။

ဦးသိယ်က ဆက်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဲ့နှင်းနဂါး သူ့အလုပ်ကနေ အနားယူသွားတာ ဆယ်နှစ်ကျော်သွားပြီ၊ ဒီနှစ်ပိုင်းတွေမှာ နေ့တိုင်းလိုလို အရက်ပဲဖိသောက်နေတယ်လို့ သတင်းကြားရတယ်၊ ဒီတော့. . . သမီးအနေနဲ့ တခြားအားကိုးနိုင်လောက်တဲ့ လူငယ်တစ်ယောက်ကို သူ့နေရာမှာ ရွေးလိုက်ပါလားကွယ်"

မြသင်းကြည်က ခေါင်းခါရမ်းလိုက်၏။

"တခြားရွေးစရာ ဘယ်သူမှမရှိဘူး ဘဘ၊ ကျွန်မအနေနဲ့ တခြားဘယ်သူ့ကိုမှ. . . မယုံကြည်နိုင်ဘူး"

မကြာခင်မှာပင်. . .

ကားနှစ်စီးသည် တောင်ကုန်းပေါ်သို့ရောက်လာကြသည်။

◆

အနီရောင်နှင့် ရွှေရောင်ဆေးများသုတ်ထားသည့် သံမဏိတံခါးဂိတ်ပေါက်ဝ၏ရှေ့၌ ကားများရပ်တန့်လိုက်သည်။

ရှေ့ဆုံးမှကားမောင်းသူသည် တံခါးဖွင့်၍ဆင်းသည်။

အုတ်တံတိုင်းနံရံအတွင်း၌ ကပ်၍မြှုပ်နှံထားသည့် ဗီဒီယိုကင်မရာတစ်ခု၏ရှေ့၌ ရပ်၍ မည်သူဖြစ်ကြောင်း အမှတ်အသားများထုတ်၍ ပြသလိုက်သည်။

ထိုအခါတွင်မှ. . .

လျှပ်စစ်သံမဏိတံခါးမကြီးမှာ အလိုအလျောက် ပွင့်၍



သွားသည်။

အောက်ဘက်သို့ဆင်းသည့် မြေအောက်လိုဏ်ခေါင်းလမ်းအတိုင်း ကွေ့ကောက်၍ ကားနှစ်စီးဆင်းသွားကြသည်။

ရုတ်တရက် ရှေ့မှသံတံခါးများပိတ်၍သွားသည်။

နံရံ၏အပေါ်ဘက်မှ မီးချောင်းများ တောက်ပစွာလင်း၍လာသည်။

ရှေ့ဆုံးကားပေါ်မှ မြသင်းကြည်၏ကိုယ်ရံတော်များ လက်နက်အသင့်ထုတ်လျက် ဆင်းလာကြသည်။

အပေါ်ဘက်မှ စကြီလမ်းအတိုင်း လူတစ်ယောက်လျှောက်၍လာနေသည်။

ထိုလူက. . .

"မင်းတို့ရဲ့ လူတွေကို. . ."

သူ၏စကားမဆုံးသေးခင်မှာပင် ကိုယ်ရံတော်များကနေရာအနှံ့ရောက်ရှိသွားကြသည်။

ကိုယ်ရံတော်တစ်ဦးက စကြီပေါ်သို့ထွက်၍ လျင်မြန်စွာခုန်တက်သွားသည်။

လျှောက်လာနေသည့်လူကိုဖမ်းချုပ်လျက် ကိုယ်ပေါ်၌စမ်းသပ်ရှာဖွေ၍နေ၏။

ဦးသိဃ်က ထိုလူကို မှတ်မိ၍သွားသည်။

"ဩ. . . ပဲ့နှင်းနဂါးတပည့်ပဲ"

ဦးသိဃ်က လှမ်း၍အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမည် 'ပါပါလေး'မဟုတ်လား. . . ငါ မင်းကို ကောင်းကောင်းမှတ်မိတယ်၊ ဒေါက်တာချမ်းရဲ့သမီးက ပွဲနင်းနဂါးကို ပြောစရာရှိလို့ ငါတို့. . .လာခဲ့ကြတာ"

ကိုယ်ရံတော်များက အောက်ထပ်ဘက်သို့ရှာဖွေကြပြီး အတွင်းဘက်သို့ ဆက်၍ဝင်သွားသည်။ ဦးသိယ်နှင့် မြသင်းကြည်တို့က နောက်မှလိုက်ပါသွားကြသည်။

သေချာစွာ ပြုပြင်စိုက်ပျိုးထားသည့် ပန်းခြံငယ်လေးတစ်ခုထဲသို့ ရောက်သွားကြသည်။

'ပါပါလေး'က နောက်မှ ပြေးလွှား၍လိုက်လာသည်။

"ခင်ဗျားတို့အားလုံး ဒီနေရာကနေ. . . စောင့်ကြပါ၊ ကျွန်တော့်ရဲ့ဆရာ ဝူရှူးလေ့ကျင့်ခန်းလုပ်နေပါတယ်၊ ပြီးရင်. . . သူဘုရားခန်းမှာ ထိုင်ရဦးမယ်"

မြသင်းကြည်၏လူများကို 'ပါပါလေး'အနေဖြင့် မည်သို့မျှတား၍ မရမှန်းသိသဖြင့် မျက်စိမျက်နှာပျက်၍နေ၏။

ထိုစဉ်မှာပင်. . .

ခပ်သြသြအသံတစ်ခုပေါ်၍လာ၏။

"အဲဒီတိုစွတွေပြီးမှ ကျုပ်က အရက်သောက်မယ်၊ ပြီးတော့ ညစာစား၊ အိပ်ရာဝင်မယ်၊ ဒါတွေအားလုံး ကျုပ်ရဲ့ပုံမှန်အလုပ်တွေကဲ. . . ခင်ဗျားတို့အားလုံးကို ကျုပ်ကကြိုဆိုပါတယ်"

အိမ်ပေါ်လှေကားထိပ်ဘက်မှနေ၍ 'ထက်နေဗလ'က ပြောလိုက်ခြင်းဖြစ်သည်။



ထက်နေဗလသည် လှေကားမှဆင်း၍လာ၏။ မြသင်းကြည်ကို ငယ်စဉ်ကလို ပြေး၍ပွေ့တော့မည်ဟု ဟန်ပြင်လိုက်မိသည်။

မြသင်းကြည်မှာလည်း သူမအနီးတွင် ထက်နေဗလ ရှိနေသည်ဟူသောအသိစိတ်ဖြင့် သူမ၏တစ်ကိုယ်လုံးကို ပီတိစိတ်ဖြင့် ပြည့်နှက်သွားမိရသည်။ သူမအပေါ်၌ထားရှိသည့် သူ၏ချစ်ခြင်းမေတ္တာအတိမ်အနက်ကို မြသင်းကြည်နားလည်မိသည်။ သူမအနေဖြင့်လည်း သူ့အပေါ်၌ အဆပေါင်းများစွာသာလွန်သည့် ချစ်ခြင်းမေတ္တာဖြင့် ချစ်နိုင်ကြောင်း သိနေပေသည်။

ထက်နေဗလ၏ရင်ခွင်ထဲ၌ သူမ၏မျက်နှာကို အပ်၍ထားသည်။

နှစ်ဦးစလုံး၏လက်များ ပြေလျော့သွားသည်။

ဤမိန်းကလေးသည် ယခုအခြေအနေ၌ လှပချောမွေ့၍ နှိန်းအဝါပြည့်စုံနေသည့် မိန်းကလေးတစ်ဦးဖြစ်၍နေပေပြီ။ သူမ၏ ကိုယ်သိက္ခာကို လေးစားသည့်အနေဖြင့် ထက်နေဗလက သူ၏ လက်များကို ဖြည်ချလိုက်ခြင်းဖြစ်သည်။

သူမ၏မျက်နှာနုနုလေးကို ငေးစိုက်၍ကြည့်ရင်း ထက်နေဗလက ညင်သာစွာပြောသည်။

"အစ်ကိုတို့ မတွေ့ဖြစ်ကြတာ. . . အချိန်အတော်ကြာ သွားပြီနော်"

မြသင်းကြည်က စိုးရိမ်သည့်အမူအရာဖြင့် ထက်နေဗလ

www.burmeseclassic.com

www.burmeseclassic.com



ကို မော့၍ကြည့်လိုက်သည်။ သူ၏အသွင်မှာ ပြောင်းလဲမှုမရှိ။ ပေါ့ပါးဖျတ်လတ် သွက်လက်နေဆဲပင် ရှိသေးသည်။ နေ့ညမပြတ် အရက်များသောက်နေသဖြင့် ကျန်းမာရေးချို့ယွင်းနေပြီလားဟု ကြိတ်၍စိုးရိမ်နေမိခဲ့ရသည်။ ယခု သူ့ကိုယ်တိုင် မြင်တွေ့လိုက်ရချိန်၌ ထိုစိုးရိမ်စိတ်များ ပျောက်ကွယ်၍သွားရလေသည်။

ထက်နေဗလသည် သူ့အတွက် မြတ်နိုးတွယ်တာစရာကောင်းနေလျက်ပင်ရှိနေသည်။ အခြားလူများ မစွမ်းဆောင်နိုင်သည့် လုပ်ငန်းများကို သူလုပ်ကိုင်လျှင် အောင်မြင်ရမည်ဟု ယုံကြည်မှုအပြည့် သူ့မှာတွင်ရှိ၍နေသည်။

ထက်နေဗလ၏မျက်လုံးများမှာ စူးရှတောက်ပ၍နေဆဲပင်ရှိသည်။

ဦးသိယ်ဘက်သို့ ထက်နေဗလက လှည့်၍ကြည့်သည်။ အတွင်းလူယုံတော်ကြီး ဦးသိယ်မှာ ခါးအနည်းငယ်မျှကိုင်း၍လာပြီး အသက်အရွယ်ကြီးရင့်လျက် ရှိနေပေပြီ။

ဦးသိယ်အနေဖြင့် မြသင်းကြည်အပေါ်၌သာ သစ္စာရှိမည်ဖြစ်သည်။ ထက်နေဗလကိုပင်လျှင် သူက ယုံကြည်မည့်သူမဟုတ်ပေ။

ထက်နေဗလက ပခုံးတစ်ချက်တွန့်လိုက်သည်။

ဦးသိယ်ကိုကြည့်လျက် ခနဲ့သည့်အသံမျိုးဖြင့် ပြောလိုက်သည်။

"ကျွန်တော့်ရဲ့ကိုယ်ပေါ်မှာတော့. . . ခင်ဗျားရဲ့လူတွေ



ကို ရှာခိုင်းချင်သေးလား"

အမှန်စင်စစ် ထက်နေဗလက ခနဲ့သည့်အနေအထားဖြင့် ပြောခြင်းမဟုတ်။ တစ်ချိန်သောအခါက ကြုံတွေ့ရင်ဆိုင်ထားခဲ့ရသည့် နာကြည်းချက်များဖြင့် ပြောလိုက်မိခြင်းသာဖြစ်သည်။

ဦးသိယ်က မျက်မှောင်တစ်ချက်ကြုတ်လျက်. . .

"မင်းကိုယ်ပေါ်မှာ ရှာစရာမလိုပါဘူး၊ ဒါပေမယ့် အထင်အမြင်လွဲနိုင်တဲ့စကားမျိုး၊ အပြုအမူမျိုးတွေ မလုပ်ရင် မင်းရဲ့အသက်ပိုရှည်လိမ့်မယ်"

ဦးသိယ်က ကိုယ်ရံတော်များဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ မြသင်းကြည်၏လူများက ပန်းခြံထဲနှင့် အိမ်ဘေးအဆောင်များထဲ၌ နေရာယူထားကြပြီးပြီဖြစ်သည်။

ထက်နေဗလက မသိမသာရယ်မောလိုက်သည်။

မိမိကို ဤသို့ခြိမ်းခြောက်၍ လုံးဝမရနိုင်ကြောင်း ဦးသိယ်မှုလျော့၍နေပုံရသည်။

မြသင်းကြည်သည် ထက်နေဗလ၏အိမ်ကို သေချာစွာ အကဲခတ်လိုက်မိသည်။ အိမ်မှာ တောင်ကုန်းကွက်လပ်ပေါ်တွင် သေချာကျနစွာ ထုထည်ကြီးမားစွာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ သံမဏိတိုင်များ၊ ကွန်ကရစ်တိုင်များဖြင့် ခေတ်မီစွာဆောက်လုပ်ထား၍ လွန်စွာလှပခေတ်မီ၍ လက်ရာအလွန်ကောင်းသည့် အဆောက်အအုံဖြစ်သည်။

မြသင်းကြည်က သံဘောမကျသည့်လေသံကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် . . .

"ကျွန်မဆီကိုလာဖို့ စေ့ရေးပြီးခေါ်တာ. . . ဘာဖြစ်လို့ အစ်ကိုက အကြောင်းမပြန်ရတာလဲ"

"အစ်ကိုက ညီမရဲ့အဖေဆီမှာ အလုပ်မလုပ်တော့ဘူးလေ၊ ဒါကြောင့်မို့ပါ"

"အဖေက သေသွားပြီပဲ၊ ကျွန်မက. . . အဖေ့ရဲ့နေရာမှာ အမွေ ဆက်ယူလိုက်ရတယ်လေ"

"ဒါတွေအားလုံးကြားပါတယ်. . . အဲဒီကိစ္စတွေနဲ့ အစ်ကို မပတ်သက်ချင်တော့ဘူး၊ အစ်ကို အေးအေးဆေးဆေးပဲ နေချင်တော့တယ်"

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမ၏အဖေ ဒေါက်တာ ချမ်းအပေါ်၌ 'ထက်နေဗလ' စိတ်နာနေကြောင်း သူမနားလည်လိုက်သည်။

"အဖေက. . . ဘယ်လောက်ထိတောင် ဆိုးခဲ့လို့ အစ်ကိုက စိတ်ထဲမှာ နာကြည်းနေရတာလဲဟင်"

ထက်နေဗလက မသိမသာ ပခုံးတွန့်လိုက်သည်။

"ဒါ့ထက်မက ဆိုးဝါးတယ်လို့တောင် ပြောလို့ရတယ်"

ထက်နေဗလ၏လေသံ၌ မည်သည့်ခံစားချက်မျှမပါပေ။

သူမအပေါ်၌ ထက်နေဗလကိုယ်တိုင်ပင်လျှင် သဘော မကျကြောင်း သူမနားလည်မိသည်။ ထက်နေဗလက သူမအား တာဝိုသို့ ပြန်မလာစေချင်။ ရပ်ဝေးမြေခြားဒေသ၌ပင် မညာ



သင်ယူ၍ အတည်တကျအေးချမ်းစွာ နေထိုင်စေလိုသည်။

မြသင်းကြည်က ငယ်စဉ်ကာလများ၌ ထက်နေဗလပုံပြင် များ ပြောပြသည်ကို အမှတ်တရ ပြန်၍ပြောသည်။ ချစ်သူနှစ်ဦးကို ပန်းသီးအဆိပ်ကျွေး၍ ခွဲခဲ့သည့် စုန်းမကြီးပုံပြင်၊ အာလာဒင်မီး ခွက်ပုံပြင်. . .

. . . . . . . . .

ထက်နေဗလ၏စိတ်များ နူးညံ့ပျော့ပျောင်း၍သွားရသည်။

မြသင်းကြည်သည် သူ၏စိတ်ဓာတ်ကို ကောင်းကောင်းသိ ထားသူပင်ဖြစ်ပေသည်။

ထက်နေဗလဘက်သို့ သူမလှည့်လိုက်၏။

စိမ်းမြသော လရောင်အောက်၌ သူမ၏ မျက်နှာကလေး မှာ ချစ်စရာကောင်းလှပေသည်။

ထက်နေဗလက နူးညံ့သောလေသံဖြင့်မေးသည်။

"ညီမလေး မြသင်းကြည်. . . အစ်ကို့ဆီက ဘာလိုချင်လို့ ဒီအထိလိုက်လာရတာလဲ"

သူမ၏မျက်နှာပေါ်၌ အပြုံးရိပ်ပေါ်၍လာသည်။

"အဖေဆုံးတော့ တာဝိုဆင်ဒီကိတ်ရဲ့ ခေါင်းဆောင်နေရာ ကို ကျွန်မက အဖေ့ရဲ့အမွေအဖြစ် ဆက်ခံခဲ့ရတယ်၊ အေးချမ်းသာ ယာတဲ့ အခြေအနေမျိုးနဲ့ ရခဲ့တာမဟုတ်ဘူး၊ ဆင်ဒီကိတ်အဖွဲ့ထဲ ကလည်း ကျွန်မကို အဖွဲ့ထဲကနေ အပြီးအပိုင်ဖယ်ထုတ်ပစ်ချင် နေကြတယ်၊ ဒီတော့ အစ်ကို့အနေနဲ့ ညီမကို အကူအညီပေးစေ

www.burmeseclassic.com



ချင်ပါတယ်"

ထက်နေဇလက ခေတ္တမျှစဉ်းစားလိုက်ပြီး. . .

"အစ်ကိုက သေနတ်သမား၊ ဓားသမားမှ မဟုတ်တာ၊ ဘယ်လိုနည်းနဲ့ ကူညီရမှာလဲ"

"ဒီလိုပါအစ်ကို. . . ခရုကျွန်းက အဖေနဲ့စီးပွားတူလုပ်ခဲ့တဲ့လူတွေက ညီမရဲ့ရန်သူတွေကို အကူအညီပေးနေကြတယ်၊ ကုမ္ပဏီတစ်ထောင် စက္ကက အရှေ့တောင်အာရှ မိုးယံကူးသန်းရောင်းဝယ်ရေးကုမ္ပဏီနဲ့ တော်ဝင်နန်းတော်ရောင်းဝယ်ရေးကုမ္ပဏီကို အပိုင်စီးပြီးဝယ်ဖို့ ကြံစည်နေတယ်၊ ကုမ္ပဏီတစ်ထောင်စက္ကဟာ ၁၆. ဝိုင်. သုံးဆင့်အဖွဲ့ဆီမှာ အကူအညီတောင်းထားတယ်၊ ဒီတော့ မိုးယံကုမ္ပဏီက ရှယ်ယာတွေကို ဝယ်နိုင်ဖို့အတွက် ၁၆. ဝိုင်. သုံးဆင့်အဖွဲ့ရဲ့ခေါင်းဆောင်က. . . လိုတဲ့ငွေကိုထုတ်ပေးမယ်၊ နောက်ပြီးတော့ မိုးယံကုမ္ပဏီနဲ့ သူ့ရဲ့လက်အောက်ကုမ္ပဏီတွေမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေ ပဋိပက္ခဖြစ်အောင် သူတို့ကပဲ ဖန်တီးကြမယ်၊ အဲဒီအချိန်ကျရင် မိုးယံကုမ္ပဏီရဲ့ အစုရှယ်ယာတွေ စျေးထိုးကျလာမယ်လေ၊ ဒါ အံကိုက်ဖန်တီးထားတဲ့ ကိစ္စတစ်ခုလေ၊ အဲဒီနည်းကိုသုံးမှ. . . သူတို့အနေနဲ့ မိုးယံကုမ္ပဏီနဲ့ တော်ဝင်နန်းတော်ကုမ္ပဏီကို အပိုင်စီးနိုင်မယ်လေ၊ ၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ဟာ တခြားဥရောပနိုင်ငံတွေအထိပါ ခြေလှမ်းဆန့်နိုင်ဖို့အတွက် တော်ဝင်နန်းတော်ကုမ္ပဏီကို အပေါ်ယံမျက်နှာဖုံးမှုပြီး အသုံးချဖို့ စီစဉ်ထားကြတယ်"



မလှမ်းမကမ်း၌ရှိနေသည့် လူယုံတော်ကြီးဦးသိယ်က. . .

"၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ဟာ. . . မိုးယံကုမ္ပဏီရဲ့ ရှယ်ယာတွေ ဝယ်ဖို့ ငွေလိုလာတယ်၊ ဒီတော့ ဆမီးငယ်လေးရဲ့ ဖခင်ဆီမှာရှိတဲ့ကြွေးတွေကို. . . ရွှေတုံးတွေနဲ့ ပြန်ဆပ်ပေးဖို့ တောင်းဆိုလာတယ်"

မြသင်းကြည်က. . .

"ကျွန်မဆီကရွှေတွေကို တာပိုကနေ ခရုကျွန်းအထိ သယ်ပို့ပေးရမယ်၊ ပေးရမယ့်နောက်ဆုံးရက်ကိုလည်း သတ်မှတ်ထားတယ်၊ တကယ်လို့ ကျွန်မဘက်က. . . အချိန်မီ မပေးနိုင်ရင် ၁၆. ဝိုင်. သုံးဆင့်အဖွဲ့နဲ့ ကျွန်မရဲ့ဆင်ဒီကိတ်အဖွဲ့ထဲက သစ္စာဖောက်တွေပေါင်းပြီး ကျွန်မကို ဝိုင်းပြီး တိုက်ခိုက်လာကြလိမ့်မယ်"

ထက်နေဇလက ခပ်ဆိုင်းဆိုင်းလေသံဖြင့်. . .

"ဒီလုပ်ငန်းက အခုအချိန်မှာ ရပ်သွားပြီ မဟုတ်လား"

"ကျွန်မဆီမှာ စိတ်ချအားကိုးရတဲ့ မာလိန်မှူးကောင်းကောင်းမရှိဘူး၊ ခရုကျွန်းကို လှေနဲ့ ရွှေနည်းနည်းပါးပါး တင်ပြီး ပို့ကြည့်ပြီးပြီ၊ သုံးခါလုံး ဖြတ်မြီး အတိုက်ခံရတယ်"

ထက်နေဇလက ငြိမ်၍ပင်နေသည်။

"၁၆ . ဝိုင်. သုံးဆင့်အဖွဲ့ကို ပေးရမယ့်ရွှေတွေကို တစ်ခါတည်းနဲ့ အပြီးအပြတ်သယ်ပြီး ပို့ပေးလိုက်ချင်တယ်၊ ညီမကို နောက်ဆုံးအခေါက်အဖြစ်နဲ့ အကူအညီပေးဖို့ တောင်းပန်ပါရစေ၊ ညီမအတွက် ခရုကျွန်းကို ရွှေတွေ ပို့ပေးပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြည်က နွေးထွေးသည့်အပြုံးရိပ်များဖြင့် နူးညံ့စွာ ပြောပြနေသည်။

ထက်နေဗလက ဖြည်းညင်းစွာခေါင်းခါသည်။

"အစ်ကို ဒီအလုပ်. . . မလုပ်တာ ကြာသွားပြီ၊ အခြား တစ်ယောက်ကိုသာ ရှာပါလား"

"မဖြစ်လို့ပါ. . . အစ်ကိုထက်နေဗလရယ်၊ ကျွန်မမှာ အားကိုးစရာဆိုလို့ အစ်ကိုတစ်ယောက်ပဲရှိတယ်၊ ၁၆. ဝိုင်. သုံးဆင့်အဖွဲ့ရဲ့အန္တရာယ်ကို ရှင်းပစ်နိုင်တာနဲ့ ဆင်ဒီကိတ်အဖွဲ့ ထဲမှာ ကျွန်မနိုင်ဖို့ သေချာသွားပါပြီ"

"**အမေ့ဆီမှာ**. . . အလုပ်လုပ်ခဲ့တဲ့ မာလိန်မှူးတွေထဲမှာ အစ်ကိုဟာ **အကောင်းဆုံး** မာလိန်မှူးတစ်ယောက်ပါ၊ အမေဟာ မာလိန်မှူးတွေအားလုံးထဲမှာ အစ်ကိုတစ်ယောက်တည်းကိုပဲ လေးစားတယ်၊ **ညီမက** **အစ်ကို့**ကိုယုံကြည်တယ်၊ မာလိန်မှူးတွေ အားလုံးထဲမှာ **အစ်ကိုဟာ** **အတော်ဆုံး**အဆင့်မှာ. . . အခုထိရှိ နေသေးတုန်းပါပဲ"

ထက်နေဗလက **တုန့်ပြန်ခြင်း မရှိတဲ့** **ငြိမ်**သက်စွာပင်ရှိ နေသည်။

သူမ ပင့်သက်တစ်ချက် **ရှိုက်လိုက်သည်၊ စိတ်ကို**တင်း၍ လေသံအနည်းငယ်မျှပြောင်း၍ **ပြောလိုက်သည်**၊

"ဒီမှာအစ်ကို. . . အမေ့ကိုကြွေးဆပ်စရာ **အစ်ကို့မှာ** ကျန်နေသေးတယ် မဟုတ်လား၊ အခု. . . အမေ့ကိုယ်စား အဲဒီ



ကြွေးကို ကျွန်မ လာတောင်းတာ"

ထက်နေဗလက နားလည်စာနာစွာဖြင့် သူမကိုကြည့်၍ ပြောသည်။

"တာပိုကနေ ထွက်လို့ အခွင့်အရေးရတုန်း အေးအေးဆေးဆေး ထွက်သွားပါလား ညီမရယ်၊ ဟိုမှာပဲ အခြေစိုက်၊ အိမ်ထောင်ပြုပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေပါလား၊ တကယ်လို့ ခရုကျွန်းကို ရွှေတွေသယ်လာနိုင်ခဲ့တယ်ပဲ ထားဦးတော့၊ ပြဿနာတွေက အေးချမ်းသွားမယ်လို့ ညီမထင်နေသလား"

မြသင်းကြည်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်၍သွားသည်။

"ကျွန်မက မိန်းမသားတစ်ယောက်ဖြစ်နေလို့ အစ်ကိုကပါ အထင်သေးနေတာလား. . . ကျွန်မဆက်ခံရမယ့် အမွေတွေကို လောဘသားတွေတောင်းတိုင်း အလကားပေးပစ်ရမှာလား၊ ကျွန်မ အနေနဲ့ တစ်ပြားတစ်ချပ်မှ မပေးပစ်နိုင်ဘူး. . . ကျွန်မအနေနဲ့ အိမ်ထောင်ပြုဖို့ကိစ္စကို ထည့်ပြီး မစဉ်းစားနိုင်သေးဘူး၊ ဒီကိစ္စဟာ တစ်ခဏလောက် သာယာတဲ့ကိစ္စမျိုး၊ ရေရှည်မှာ ဒီကိစ္စက ဘေးကို ရောက်သွားလိမ့်မယ်၊ အဓိက. . . ဘာလိုအပ်တယ် ဆိုတာကိုတော့ ကျွန်မ နားလည်ပါတယ်"

ထက်နေဗလ မသိမသာလန့်သွားရသည်။

ဤကောင်မလေး. သူထင်သည်ထက်ပင် ပို၍ထက်မြက် နေပေသည်။ သူမ၏ဖခင်ကဲ့သို့မျိုး ဆုံးဖြတ်ချက်ကြီးမားသူကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင်ဖြစ်နေသည်။ မိမိအနေဖြင့် သူမကို မည်သို့မျှ လှည့်ပတ်ပြောဆို၍ မဖြစ်နိုင်တော့ကြောင်း ထက်နေဗလ နားလည်လိုက်သည်။

သူမ ခေါ်သည့်ကိစ္စကို သူ့အနေနှင့် အလွယ်တကူ လက်ခံ၍ရသည်။

သို့သော် အခြေအနေများမှာ ပြောင်းလဲ၍နေပြီဖြစ်သည်။

သူ့ကိုယ်သူ လုံးဝစိတ်မချနိုင်ပေ။ နောက်ဆုံးအခေါက် အလုပ်လုပ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို သူတစ်ဦးတည်းသာ နာကြည်းကြုံတွေ့ခဲ့ရသည်။ သူမကိုလည်း ထိုအကြောင်းများ ပြန်မပြောချင်တော့ပေ။

"ဒီမှာ . . . ညီမလေးမြသင်းကြည် . . . ဒီကနေ ခရကျွန်းကို အရင်လို တိတ်တိတ်ဆိတ်ဆိတ် လျှို့ဝှက်ပြီးသွားလို့ရတဲ့ အချိန်ကာလမျိုး အခုအချိန်မှာ မရှိတော့ဘူး၊ အခြေအနေတွေ ပြောင်းလဲကုန်ပြီ၊ ဒီအထဲ တင်သွားတဲ့ပစ္စည်းဟာ ဘယ်လိုပစ္စည်းမျိုးဆိုတဲ့ သတင်းပေါက်ကြားသွားရင် ပိုပြီး အခြေအနေဆိုးမယ်၊ သွေးညှီနံ့ရတဲ့ ငါးမန်းတွေလို နောက်ကနေအုပ်စုဖွဲ့ပြီး လိုက်လာကြလိမ့်မယ်၊ ၁၆ . ပိုင်. သုံးဆင့်အဖွဲ့ကို ရွှေတွေပေးဖို့ ထွက်လာတယ်ဆိုတဲ့ သတင်းထွက်လာတာနဲ့ နောက်ကနေလိုက်လာမယ့် မုဆိုးတွေ အများကြီးဖြစ်နေလိမ့်မယ်၊ အခုအခြေအနေက ကမ်းခြေမှာရှိတဲ့ အဖွဲ့တွေဟာ အများကြီးခေတ်မီနေကြပြီ၊ အကောင်းဆုံး ကာကွယ်မှု အစီအစဉ်တွေ ရှိလာနေကြပြီ၊ သူတို့ဆီမှာ အင်မတန်မြန်တဲ့ သင်္ဘောတွေရှိနေကြပြီ၊ အခုလိုအချိန်မျိုးမှာ သူတို့ကိုပေးဖို့ ရွှေတွေ



သယ်သွားရင် ကိုယ့်သေတွင်းကိုယ်တူးတာနဲ့ အတူတူပဲဖြစ်သွားလိမ့်မယ်"

ထက်နေဗလသည် မာနကြီးသူ၊ စိတ်မာတင်းခိုင်မာပြီး ဇွဲကြီးသူတစ်ဦးဖြစ်သည်။

"ဒါဖြင့် ဒီနေရာမှာ . . . ဆယ်နှစ်ကျော်ကျော် အစ်ကိုတစ်ယောက်တည်း ဘာဖြစ်လို့နေရတာလဲ၊ လူအတော်များများက အစ်ကို လူ့လောကမှာ မရှိတော့ဘူးလို့ ပြောနေကြတယ်၊ လူတွေကတော့ အစ်ကို့ကို မေ့ကုန်ကြလောက်ပြီ၊ ညီမကသာ အစ်ကို့ကို တစ်သက်လုံးမေ့နိုင်မှာ မဟုတ်ဘူး"

ထက်နေဗလသည် အတန်ကြာမျှ တွေဝေစွာငြိမ်သက်၍ သွားသည်။ သူမလက်များက လက်ရန်းများကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။

ထက်နေဗလကို သူမ တိတ်တခိုးကြည့်လိုက်မိသည်။

စိတ်ထိခိုက်နေသော သူ၏အမူအရာကို မြင်လိုက်ရသည်။ သူမကိုယ်တိုင်ပင်လျှင် ရင်ထဲမှ နင့်ခနဲ တုန်လှုပ်စွာခံစားလိုက်မိရသည်။

ထက်နေဗလသည် အတိတ်ကာလများကို စွန့်ခွာမေ့ပျောက်ပစ်နိုင်အောင်ကြိုးစား၍ ဤနေရာ၌ တစ်ဦးတည်း နေလာခဲ့ခြင်းဖြစ်သည်။ သူသည် ပြည့်စုံကြွယ်ဝသူဖြစ်သော်လည်း သူ၏ရင်ထဲမှ ခံစားချက်များကို ကြိတ်၍ဖြေဖျောက်နေခြင်းသာဖြစ်သည်။ ထို့အတွက် အချိန်ကာလများစွာကို သူသည် အထီးကျန်

www.burmeseclassic.com

www.burmeseclassic.com



အဖော်မဲ့စွာဖြင့် ဖြတ်ကျော်လာခဲ့ရသည်။

သူ့ကို မည်သူမျှ ခေါ်၍ရနိုင်မည်မဟုတ်။ သူမ ကိုယ်တိုင် ခေါ်မှပင် ဤတောင်ကုန်းပေါ်မှဆင်း၍ လာရပေတော့မည်။

ဤကောင်မလေးသည် သူ၏အားနည်းချက်ကို သိရှိထားသူဖြစ်သည်။ သူ့အနေဖြင့် မည်သို့မျှ မရုန်းသာ၊ မဖယ်သာဖြစ်၍ နေသည်။

ထက်နေဗလသည် သူမဘက်သို့လှည့်၍. . .

"အစ်ကို အခြေအနေကို ကြည့်လိုက်ပါဦးမယ်၊ အကြွေးဆပ်ရမယ့် နောက်ဆုံးရက်က. . . ဘယ်နေ့လဲ"

"နိုဝင်ဘာလ သုံးဆယ်ရက်. . ."

ယခု စက်တင်ဘာလ။ နေ့ရက်ထပ်ရက်သတ္တပတ် ဆယ်ပတ်ကျော်လိုပေသေးသည်။ ထက်နေဗလ အပြန်ပြန်အလှန်လှန် စဉ်းစား၍နေသည်။ ပြောစရာစကားများ မရှိတော့ပေ။

သူမ၏ကားဆီသို့ ထက်နေဗလက လိုက်၍ပို့ပေးသည်။

လျှပ်စစ်ဂိတ်တံခါးပေါက်ကို ခလုတ်နှိပ်၍ဖွင့်ပေးသည်။

"ညီမလေးဆီ အစ်ကိုဆက်သွယ်ပါ့မယ်"

သူမက ညင်သာစွာပြုံး၍ ခေါင်းညိတ်ပြသည်၊ မြသင်းကြည် ကားနှစ်စီးထွက်ခွာ၍သွားသည်။

ကား၏နောက်မြီး ကွယ်သွားသည်အထိ သူ ငေးစိုက်၍ကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။

◆ ◆ ◆

## အခန်း (၉)

မြသင်းကြည် စီးနေကျဖြစ်သည့် 'မြပုလဲဒေဝီ' ခေတ်မီ ရေယာဉ်၏ မာလိန်မှူးဖြစ်သူသည် လှူယုံတော်ကြီးဦးသိယ်၏ဘေးမှ ပါလာသော လူစိမ်းကို စူးရဲစွာစိုက်ကြည့်၍ မေးလိုက်သည်။

"ဦးသိယ်. . . သူက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ပါလာတာလဲ"

ဦးသိယ်က လေသံတင်းတင်းဖြင့်. . .

"သူက ဒီရေယာဉ်ရဲ့ နောက်ထပ်မာလိန်မှူးအသစ်. . ."

အမှန်စင်စစ် ဦးသိယ်သည်လည်း တိကျရေရာစွာ မသိရသေးပေ။

ထို့နောက် ဦးသိယ်က ဆက်၍. . .

"မင်း ဆက်ပြီးလိုက်စရာ မလိုဘူး၊ ငါ. . . မငေါ်မချင်း ခင်ဗျား ခရီးကျွန်းမှာပဲနေ"

www.burmeseclassic.com

www.burmeseclassic.com



'မြပုလဲဒေဝီ' ရေယာဉ်၏ မာလိန်မှူးသည် မြသင်းကြည် ဘက်သို့ ရှုတ်တရက်လှည့်လိုက်သည်။

မြသင်းကြည်က လုံးဝလှည့်မကြည့်ဘဲ ရေယာဉ်၏ပဲ့စင်ပေါ်သို့ တစ်လှမ်းခြင်း တက်၍သွားသည်။

မာလိန်မှူးသည် ဦးသိယံ၏အမိန့်ကို မလွန်ဆန်ရဲပေ။

သို့သော် သူ့တွင်အကြံအစည်တစ်ခု ရှိထားသဖြင့် ဤရေယာဉ်ဖြင့် ဆက်၍လိုက်ပါနိုင်ရန် 'မြသင်းကြည်'ထံဝင်၍ တောင်းပန်ပြောဆိုမည်ဟု ကြံစည်သေးသည်။ သို့သော် မြသင်းကြည်၏ အမူအရာက အတွင်းလူယုံတော်ကြီး ဦးသိယံ၏ ဆုံးဖြတ်ချက်အတိုင်းဟူသော အမူအရာမျိုးဖြင့် လုံးဝဝင်ရောက်ပြောဆိုခြင်း အလျဉ်းမရှိပေ။

မာလိန်မှူးသည် 'ဟန်မော်'နှင့် အပေးအယူ လုပ်ထားပြီးသားဖြစ်သည်။ ပင်လယ်ပြင်တစ်နေရာသို့ ရေယာဉ်ရောက်ချိန်၌ သူတို့လူစုက ချောင်းမြောင်းတိုက်ခိုက်မည်။ ထို့နောက် မြသင်းကြည်ကို လက်ရဖမ်းဆီး၍ ဟန်မော်၏လက်ထဲသို့ အပ်မည်ဟု သဘောတူညီထားပြီးသားဖြစ်သည်။

မာလိန်မှူးသည် ဘာမျှမတတ်သာသည့်အဆုံး၌ ပုခုံးတစ်ချက်တွန့်လျက် သင်္ဘောပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားရလေတော့သည်။

◆



လူယုံတော်ကြီးဦးသိယံက နောက်ထပ်ခေါ်လာသော မာလိန်မှူးအသစ်ကို အမိန့်ပေးလိုက်သည်။

"တာပိုကို. . ., တခြားရေလမ်းကြောင်း အသစ်တစ်ခုကနေ မောင်းစမ်း. . . မာလိန်မှူးအသစ်ရေ"

ရေယာဉ်စက်သံ တဖြည်းဖြည်းမြင့်တက်လာ၏။

မြပုလဲဒေဝီရေယာဉ်၏ ဦးပိုင်းမှရေများ တဖွားဖွားလွင့်စဉ်တက်လာသည်။ ဆိပ်ကမ်းမှခွာပြီး လမ်းကြောင်းအသစ်တစ်ခုသို့ပြောင်း၍ ခုတ်မောင်းနေသည်။

သင်္ဘောသားများ မရှိသောအချိန်၌. . .

မြသင်းကြည်က ဦးသိယံအား မေးသည်။

"မာလိန်မှူးအသစ်လဲဖို့ လိုအပ်လို့လား. . . ဘဘ"

"ဘယ်သူ့ကိုမှ အခုအချိန်မှာ စိတ်မချရဘူး၊ တာပိုနဲ့ ခရုရဲ့ဆက်သွယ်ရေးလမ်းကြောင်းက. . . ပင်လယ်လမ်းကြောင်းတစ်ခုပဲရှိတယ်၊ သမီးငယ်လေးရဲ့ရန်သူတွေက. . . ပထမသွားမယ့်လမ်းကြောင်းကနေ အသင့်စောင့်နေနိုင်တယ်လေ"

တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူမ တွေး၍နေမိသည်။ သူမနှင့် ထက်နေဗလ၏အကြောင်းသာလျှင် ဖြစ်သည်။ သူမ၏ရည်ရွယ်ချက် ပြည့်မြောက်အောင်မြင်ခြင်း မရှိဟုသိနေပေသည်။

တာပိုရေပိုင်နက်အတွင်းသို့ ရေယာဉ်ဝင်လာသည်။

မြပုလဲဒေဝီသည် ရေလက်ကြားကလေးအတွင်းသို့ ဝင်၍

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရေလက်ကြားထဲ၌ လတာပြင်များ၊ သဲသောင်များက ပိတ်၍ထားသကဲ့သို့ ဖြစ်နေ၏။ ရေစူးတိမ်သည့် သင်္ဘောများ၊ ရေယာဉ်များသာ ဝင်ထွက်သွားလာနိုင်သည်။

ရှပ်ဖျံယာဉ်အများစုသည် ဤရေလက်ကြားလမ်းကြောင်းမှ ဝင်လာလေ့ရှိသည်။

မြပုလဲဒေဝီသည် ဆိပ်ကမ်းသို့ဦးတည်၍ လာနေပေသည်။ ကမ်းခြေအဆောက်အဦးများမှ မီးရောင်များက ပင်လယ်ရေပြင်ပေါ်သို့ ထိုးဖြာကျရောက်နေကြ၏။

သင်္ဘောဆိပ်ကမ်း၏အပြင်ဘက်. . .

ကျည်ဆန်ဒဏ်ကိုခုခံနိုင်သည့် ကားကြီးနှစ်စီးအသင့်ရပ်၍ စောင့်ဆိုင်းနေသည်။ မြသင်းကြည်တို့လူစုကို ကားနှစ်စီးပေါ်သို့ အမြန်တက်စေသည်။

ခရေပင်များစီတန်း၍စိုက်ပျိုးထားသည့် လမ်းမအတိုင်း သူမ၏စံအိမ်သို့ မောင်းနှင်၍လာကြသည်။

ကျည်လုံကားကြီးနှစ်စီးသည် အမှောင်ထုအောက်၌ ရှေ့နောက်တန်း၍ မောင်းနှင်နေပေသည်။

ရှေ့ကား၌ မြသင်းကြည်နှင့် ဦးသိယ်. . .

နောက်ကား၌ ကိုယ်ရံတော်များ လိုက်လာကြသည်။



မြသင်းကြည်၏စံအိမ်အနီးသို့ ကားနှစ်စီးရောက်၍လာသည်။

ထိုအချိန်တွင်. . .

တပ်ဆင်ပြုပြင်ပြင်ဆင်ရေး ထရပ်ကားကြီးတစ်စီး နောက်ဘက်၌ ရပ်ထားသည်ကို ဦးသိယ် သတိပြုလိုက်မိသည်။ ဤအချိန်တွင် ဤနေရာ၌ ဤကား ရောက်နေရမည့်အကြောင်းမရှိပေ။

ဂိတ်ပေါက်ဝအနီး ကားရောက်လာစဉ်. . .

ဂိတ်တံခါးမကြီး အထက်သို့ဝေါခနဲတက်၍ ပွင့်သွားသည်။

သို့သော်. . .

တံခါးမကြီးမှာ အရှိန်နှင့်ပြန်၍ကျလာသည်။

မြသင်းကြည်၏ကားမှာ ကျွီခနဲမြည်အောင် ဘရိတ်အုပ်တ်သည်။ သံမဏိတံခါး၏အောက်ခြေဘောင်နှင့် ကားရှေ့ခေါင်းင်၍ဆောင့်မိသည်။ နောက်မှလိုက်ပါလာသည့်ကားမှာလည်း နီးပ်နေသဖြင့် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှကား၏ နောက်ဘက်ကိုင်၍ဆောင့်မိသည်။

ပြုပြင်ရေးထရပ်ကားကြီးမှာ နောက်ဘက်မှလိုက်လာသည်။ ထိုကား၏ရှေ့၌ သံမဏိဘန်ပါ တပ်ဆင်ထားသည်။ ထိုရပ်ကားကြီး၏ ဒုတိယမြောက်ကားကို အရှိန်ပြင်းဝင်၍ ဆောင့်ိတ်ချလိုက်၏။

သတ္တုပွတ်တိုက်သံများ ကျယ်လောင်စွာ မြည်ဟီး၍သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒုတိယမြောက်ကားမှာ ဘေးဘက်သို့ လွင့်စဉ်ထွက်သွာ
သည်။

ပြုပြင်ရေးထရပ်ကားကြီး၏ နောက်ခန်းပွင့်၍လာ၏။ 
ကူရှပ် မျက်နှာဖုံးစွပ်များ တပ်ဆင်ထားသည့် သေနတ်ကိုင်ထား
များ ကားနောက်ဘက်မှ ခုန်ဆင်းချလာကြသည်။

လွင့်ထွက်သွားသော ကားအနီးသို့ပြေးသွားသည်။

ကားပင့်မြှောက်သည့်ချိုင့်တစ်ခုဖြင့် ဒုတိယမြောက်ကာ
၏ နောက်ဘက်ဝင်ရိုးအောက်ဘက်သို့ ထိုးသွင်းလိုက်သည်
ကားကိုပင့်မြှောက်၍တင်ထားလိုက်ရာ ကားတွင်းမှ မြသင်းကြည်
၏ကိုယ်ရံတော်များ၊ ဘာမျှမတတ်နိုင်ဘဲ ကားတွင်း၌ပိတ်၍ မိ
ကြသည်။

စပါယ်ရှယ် သံမဏိဘန်ပါ တပ်ဆင်ထားသော ထ
ကားကြီးသည် နောက်ဘက်သို့ ပြန်၍ဆုတ်သွားသည်။ အရှိန်
မြှင့်၍ ပြန်မောင်းထွက်သည်။ ကားဘီးနှင့်လမ်း ပွတ်တိုက်ရာ
မီးခိုးများပင် အူ၍ထွက်လာသည်။

ဦးသိယ်က. . .

"ဝပ်နေ. . . သမီးလေး"

ပြောပြောဆိုဆိုနှင့် မြသင်းကြည်ကို ထိုင်ခုံအောက်ဘက်
ဆွဲ၍ချလိုက်၏။

ထိုအချိန်မှာပင်. . .



ထရပ်ကားကြီး၏ သံမဏိဘန်ပါက မြသင်းကြည်၏ကား
ကို အရှိန်ပြင်းစွာ ဆောင့်တိုက်ချလိုက်သည်။

မြသင်းကြည်၏ကားမှာ ဘေးတစ်စောင်းဖြစ်၍ သွား
သည်။

ထရပ်ကားကြီးသည် ရှေ့ဘန်ပါနှင့် တစ်စုံတစ်ရာ ငြိနေ
သဖြင့် ရုန်းထွက်၍ နောက်သို့ဆုတ်သွားပြန်သည်။

ထို့နောက် အရှိန်မြှင့် ပြေး၍ဝင်လာပြန်သည်။

လူယုံတော်ကြီး ဦးသိယ်က ကားမောင်းသူကိုအော်၍
အမိန့်ပေးသည်။

"ရေဒီယိုဖုန်းနဲ့ အိမ်ထဲကိုဆက်စမ်း. . . အမြန်လုပ်၊
စံအိမ်ထဲကလူတွေ ဘာဖြစ်နေကြသလဲလို့ မေးလိုက်စမ်း"

ထရပ်ကားကြီးက နောက်ထပ်တစ်ကြိမ်ဝင်၍ ဆောင့်
တိုက်ချလိုက်၏။ မြသင်းကြည်နှင့် ဦးသိယ်တို့ နှစ်ဦးစလုံး ကားကြမ်း
ပြင်ပေါ်သို့ လွင့်ကျသွားကြသည်။

မြသင်းကြည်၏ကားမှာ အထူးတည်ဆောက်ထားသည့်
ကားဖြစ်သည်။ သံချပ်ကားတစ်စီးကဲ့သို့ အလွန်မာကျော၍ ခံနိုင်
ရည်ရှိသည်။

မြသင်းကြည်၏ကားမှာ ဘာမျှမဖြစ်ပေ။ ပွန်းခြင်း၊ ပဲ့ခြင်း၊
ချိုင့်ဝင်သွားခြင်းမျိုးပင် အလျဉ်းမရှိ။ အကောင်းပကတိအတိုင်း
ပင် ရှိနေပေသည်။

ထရပ်ကားကြီး၏ရှေ့ဘန်ပါမှာ ကျွေးကောက်၍သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားရှေ့ဘီးများမှာ ကွေးကောက်သွားသည့် အနေနှင့်ငြိ၍ နေလေသည်။ ထရပ်ကားမှာ စက်ကုန်ဖွင့်၍ ရှန်းထွက်နေသည်။ ထို့နောက် စက်ရပ်တန့်၍သွားသည်။

◆

မှလှမ်းမကမ်းနေရာရှိ မှောင်ရိပ်ထဲမှ လူမိုက်ခေါင်းဆောင် 'ဝေလီ' က အခြေအနေကို ခါးထောက်၍ကြည့်နေသည်။

ဝေလီသည် လမ်းပေါ်၌ ပေတေရမ်းကားစွာ နေထိုင်လေ့ရှိသော လူဆိုးလူမိုက်အုပ်စုတစ်စုကို ထိပ်မံ၍လွှတ်လိုက်သည်။

လူမိုက်အုပ်စုသည် သံချောင်းများ၊ တူရွင်းများ၊ သံတုတ်များကိုင်၍ ကားရှိရာသို့ ပြေးထွက်သွားကြသည်။ ကားကို နေရာအနှံ့ ရိုက်ချိုးဖျက်ဆီးကြသည်။

ကားတွင် အပေါက်တစ်ပေါက်မှ မဖြစ်သေးသမျှ ကားထဲမှလူများ ဘာမျှမဖြစ်နိုင်ပေ။

သုံးမိနစ်မျှအကြာ။

စံအိမ်တော်ဝင်းအတွင်းမှ မောင်းပြန်သေနတ်သံများ ကျယ်လောင်စွာပေါ်၍လာ၏။

လူမိုက်များ ဒက်ရာအသီးသီးရကုန်ကြသည်။ အစောင့်များ စံအိမ်အတွင်းမှ ထွက်ပေါ်လာသည်နှင့် သေနတ်သမားများပါ ထွက်ပြေးကြသည်။



ထိုအခါမှပင်. . .

ဒုတိယကားထဲမှ ကိုယ်ရံတော်များ၊ ကားထဲမှ ရုန်း၍ထွက်လာကြသည်။

ဦးသိယ်က ဒေါသကိုထိန်း၍ အော်ပြောလိုက်သည်။

"မင်းတို့ရဲ့ မမလေးကို စံအိမ်ထဲလိုက်ပို့ကြ၊ ဒီမှာရှိတာတွေကို အမြန်ဆုံး ရှင်းပစ်ပြီးတော့. . . ကျောက်လှကို ငါ့ဆီ အမြန်ဆုံး လွှတ်လိုက်စမ်း"

ဦးသိယ်၏မျက်နှာတစ်ခုလုံး နီရဲ၍နေသည်။

သူသည် လတ်တလောကြုံတွေ့လိုက်ရသော အခြေအနေကြောင့် အကြီးအကျယ် ဒေါသဖြစ်၍နေသည်။ ရန်သူဘက်က လုပ်ကြံမှုသည် အောင်မြင်ရန် အနည်းငယ်မျှသာ လိုပေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဦးသိယ်သည် သူ၏အခန်းတွင်းရှိ ဆိုဖာထိုင်ခုံပေါ်၌ အနားယူနေပေသည်။ ထိုအချိန်မှာပင် 'ကျောက်လူ'ဝင်၍လာသည်။

'ကျောက်လူ'၏ခန္ဓာကိုယ်သည် ကြီးမားတုတ်ခိုင်ပြီး မျက်ခေါက်ကျဉ်းသည်။ သူသည် အိမ်တော်စောင့်ကိုယ်ရံတော်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ စံအိမ်၌ ဦးသိယ်ပြီးလျှင် သူသည် ဩဇာအရှိဆုံးလူတစ်ယောက် စာရင်းဝင်သူဖြစ်သည်။

သူတို့နှစ်ဦးစလုံးကို ရန်သူများက အထူးသတိထား ကြောက်ရွံ့ကြသည်။

ဦးသိယ်က လက်ဖက်ရည်ကြမ်းကို ငြိမ်သက်အေးဆေးစွာ သောက်နေသည်။ ကျောက်လူက စိတ်လှုပ်ရှားစွာဖြင့် စောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်း၍နေသည်။

ဦးသိယ်က ကျောက်လူကို စိုက်၍ကြည့်လိုက်ပြီး တည်ငြိမ်စွာစ၍မေးသည်။

"ကဲ. . . ပြောစမ်းပါဦး၊ စံအိမ်ထဲမှာ ဘယ်လိုဖြစ်ကြရတာလဲ"

"ဝင်းခြံဂိတ်တံခါးမကြီးရဲ့ အပိတ်၊ အဖွင့်စက်ကို တစ်ယောက်ယောက်က လာပြီးဖျက်ဆီးသွားတယ်၊ တံခါးနှစ်ခုစလုံးညပ်ပြီး ကျပ်နေလို့. . . အခုလိုကြုံရတာပါ"

ဦးသိယ်က နားလည်သဘောပေါက်စွာ ခေါင်းညိတ်လိုက်မိသည်။ သံတံခါးမကြီး၏ အောက်မှ ကားတစ်စီးဝင်လာလျှင် ဝင်လာသောကားသည် ဂိတ်တံခါးနှင့် နောက်ဖက်ရှိ တံခါးကြားတွင် ပိတ်မိပြီးသားဖြစ်နေမည်။

စစ်ဆေးမေးမြန်း ရှာဖွေပြီးသောအခါမှာ ဒုတိယတံခါးဖွင့်ပြီး အတွင်းသို့ဝင်နိုင်ပေသည်။

စံအိမ်၏ကိုယ်ရံတော်အဖွဲ့ဝင်များသည် တံခါးနှစ်ခုကြားတွင် ပိတ်၍မိနေပေသည်။ ထို့ကြောင့် အပြင်ဘက်သို့ထွက်လာပြီး ဦးသိယ်နှင့် မြသင်းကြည်တို့လူစုကို အကူအညီမပေးနိုင်ခြင်းပင်ဖြစ်သည်။

'ဝေလီ' က. . .

"တံခါးခလုတ်ကို ဖွင့်ကြည့်ပါတယ်၊ ဖွင့်လို့မရဘူး၊ အပြင်မှာ တိုက်ပွဲဖြစ်သံကြားတာနဲ့ အုတ်တံတိုင်းတံခါးကို ဖွင့်ဖို့ သွားပါ



တယ်၊ အဲဒီမှာလည်း. . . တံခါးဖွင့်မရတာနဲ့ တံခါးကိုဖျက်နေရတာ အချိန်နည်းနည်းလောက် ကြာသွားပါတယ်"

"ကောင်းပြီ၊ ဒါဆို ငါတို့စံအိမ်ထဲမှာ သစ္စာဖောက်ရှိနေပြီ၊ သစ္စာဖောက် ဘယ်သူလဲ၊ မင်းသိလား. . . ဝေလီ"

ဝေလီက မျက်လုံးမြှေး၍ လက်ကာပြီးပြောသည်။

"မသိ. . . မသိပါဘူး၊ ဒါပေမယ့် သစ္စာဖောက်ဟာ ကျွန်တော့်ရဲ့ကိုယ်ရံတော်အဖွဲ့ထဲက. . . မဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော်တာဝန်ယူပြီး ပြောရဲပါတယ် ဆရာကြီး"

"ဒီစံအိမ်ရဲ့ လုံခြုံရေးကိစ္စအားလုံးနဲ့ ပတ်သက်ပြီး မင်းမှာ တာဝန်အရှိဆုံး မဟုတ်လား. . ."

"ဟုတ်. . . ဟုတ်ပါတယ်"

ဦးသိယ်က အေးစိမ့်သောလေသံဖြင့်. . .

"သစ္စာဖောက်ဘယ်သူလဲဆိုတာ အမြန်ဆုံးရှာ. . . ဒါမှမဟုတ်ရင် သမီးငယ်လေးက မင်းနဲ့ငါ့ကိုပါ ရောပြီး ရှင်းပစ်လိမ့်မယ်"

ဦးသိယ်က ဆိုဖာထိုင်ခုံပေါ်သို့ နောက်မှီ၍ထိုင်လိုက်သည်။

သူ့အနေဖြင့် မေးမြန်းစရာ၊ ပြောစရာကုန်များသွားပြီဟူသော သဘောပင်. . .

'ကျောက်လူ'မှာ အံ့အားသင့်၍နေသည်။

သူ၏တာဝန် ပေါ့လျော့မှုကြောင့် အနည်းဆုံးအပုပ်ပြုတ်မည်ဟု မျှော်လင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လူက မဝံ့မရဲလေသံဖြင့်. . .

"ဒါပဲလား. . . ဆရာ"

"ခဏနေဦး"

ဦးသိယ်က ကျောက်လူ၏ မျက်ပေါက်ကျဉ်းကျဉ်းတစ်စုံကို စူးစိုက်၍ကြည့်နေသည်။ ကျောက်လူထံမှ အဖြေတစ်ခုရလေမည်လားဟု အဖြေရှာခြင်းပင်ဖြစ်သည်။

ဦးသိယ်က နံရံမှ တိုင်ကပ်နာရီကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီး. . .

"ဒီအချိန် ငါအရက်သောက်တဲ့အချိန်ပဲ၊ ငါနဲ့အတူ အရက်သောက်ပါလား၊ မင်းနဲ့ငါ. . . အရက်အတူမသောက်ရတာအတော် ကြာသွားပြီ"

ကျောက်လူမှာ လူမိုက်ခေါင်းဆောင် 'ဝေလီ' နှင့်အတူ ပြင်ပဒုစရိုက်လောက၌ လှုပ်ရှားတိုက်ခိုက်နေခဲ့သူဖြစ်သည်။ 'ဝေလီ' ၏ထောက်ခံပြောဆိုမှုကြောင့် ကျောက်လူသည် စံအိမ်တော်၌ နေရာကောင်းတစ်နေရာ ရခဲ့ခြင်းဖြစ်သည်။

ဤအချက်များကို ဦးသိယ်အနေဖြင့် မေ့လျော့နေလိမ့်မည်မဟုတ်ပေ။ ဦးသိယ်သည် မည်သည့်အရာကိုမျှ မေ့လျော့တင်သူမဟုတ်ပေ။

ကျောက်လူ၏ရင်ထဲ၌ ခုန်၍နေ၏။

သူ့ရှေ့မှအဘိုးကြီးသည် လွန်စွာမှပင် အိုမင်းရင့်ရော်နေပြီဖြစ်၏။ သို့သော် ဤအဘိုးကြီးသည် ဖုန်မှုန့်၊ သဲမှုန့်၊ အမှိုက်



များကြား၌ ငြိမ်သက်စွာဝပ်၍နေပြီး ရုတ်တရက် ထ၍ပေါက်ထွက်သည့် အဆိပ်ပြင်းမြွေတစ်ကောင်နှင့် အလွန်တူ၏။

အန္တရာယ်လွန်စွာကြီးသည့် အဘိုးကြီးဖြစ်ကြောင်း ကျောက်လူ ကောင်းစွာသိသည်။

ကျောက်လူမှာ သူ့ကိုယ်သူ မလုံမလဲဖြစ်၍နေ၏။

ထို့ကြောင့် သတိထား၍. . .

"မသောက်ပါရစေနဲ့ ဆရာ၊ ကျွန်တော့်လို. . . လူညံ့တစ်ယောက်ကို အခုလိုဖိတ်ခေါ်တာဟာ. . . ဆရာ စေတနာအလွန်ကောင်းလို့ပါပဲ"

ဦးသိယ်နှင့်အတူ 'ကျောက်လူ' အရက်သောက်လျှင် ကိုယ်ရံတော်အဖွဲ့ဝင်များကြား၌ ကျောက်လူ၏ဂုဏ်သိက္ခာ မြင့်တက်လာမည်မှာ သေချာသည်။ ဦးသိယ်အနေဖြင့် အပြစ်ရှိသူတစ်ဦးအပေါ်၌ ရက်ရောစွာအလိုလိုက်ခြင်း၊ အရက်အတူသောက်စေခြင်းမျိုးပြုလုပ်မည့်လူစားမျိုး မဟုတ်ပေ။

ဦးသိယ်က အေးဆေးစွာမင် ပြောသည်။

"ငါတို့အနေနဲ့. . . ရှေ့မှာကြုံတွေ့ရမယ့် အခက်အခဲတွေအများကြီးရှိတယ်၊ မင်းနဲ့ငါပဲ ဒီအခက်အခဲတွေကို နားလည်နိုင်လိမ့်မယ်၊ မင်းနဲ့ငါ အတူလက်တွဲပြီး. . . အလုပ်လုပ်ကြရလိမ့်မယ်၊ ဒါမှ ဒေါက်တာ 'ချမ်း' ရဲ့ မျိုးဆက်နဲ့ ငါတို့ရဲ့မျိုးဆက်တွေ ဆက်ပြီးရှင်သန်နေနိုင်ကြလိမ့်မယ်"

ကျောက်လူမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

ဤမျှအထိ လိုက်လျှောစွာပြောလာခြင်းမှာ ဦးသိယံသည် တစ်စုံတစ်ခုသောကိစ္စအတွက် လမ်းစ ခင်းနေခြင်းပင်လော။

ကျော်လူ လျှင်မြန်စွာ စဉ်းစား၍နေမိသည်။

ဤအဘိုးကြီးသည် လွန်စွာပါးနပ်ထက်မြက်သည်။ ထို့ပြင် လွန်စွာလူရည်လည်သူဖြစ်သည်။ ဦးသိယံသည် ကိစ္စတစ်ခုကြုံလာလျှင် ကွေ့ဝိုက်၍ချဉ်းကပ်တတ်သူဖြစ်သည်။ မည်သည့်အခါမျှ တိုက်ရိုက်ချဉ်းကပ်ခြင်း မရှိတတ်ပေ။

ဤအဘိုးကြီးနှင့်ဆက်ဆံပြောဆိုလျှင် အလွန်သတိထားရမည်။

မိမိထံမှ ဤအဘိုးကြီး ဘာလိုချင်နေသနည်းဟု ကျော်လူတွေးနေမိသည်။

ဦးသိယံက စားပွဲပေါ်မှ ငွေမောင်းလေးကိုယူ၍ တီးခတ်လိုက်၏။

သက်လတ်ပိုင်းအရွယ်ရှိ ပြေပြစ်ချောမောသော အမျိုးသမီးတစ်ဦး အခန်းထဲသို့ဝင်၍လာ၏။

ဦးသိယံ၏ဇနီးတစ်ဦးပင်. . .

"ကဲ. . . မိန်းမရေ၊ ငါတို့နှစ်ယောက် အရက်သောက်ဖို့အတွက် စီစဉ်ပေးပါ"

ထိုအမျိုးသမီးနှင့်အတူ အိမ်ဖော်တစ်ဦးတို့ ပြန်ရောက်လာကြသည်။



သေချာကျနစွာချက်လုပ်၍ နှစ်ချို့ခံထားသော စဉ့်ရေသုတ် အရက်အိုးတစ်လုံး၊ ဖန်ခွက်များ၊ ရေဘူးနှင့် စားသောက်ဖွယ်ရာများကို စားပွဲပေါ်၌ အသင့်ခင်းကျင်း၍ ချထားပေးလိုက်သည်။

ဦးသိယံက ကျေနပ်စွာပြုံး၍. . .

"ဒီအရက်အိုးက မြေအောက်တိုက်ခန်းထဲမှာ နှစ်ချို့ခံထားတာ အနည်းဆုံး နှစ်ပေါင်းနှစ်ဆယ်ရှိသွားပြီ. . . ဘယ်လောက်အထိ အရသာရှိသလဲဆိုတာသိရအောင် ငါနဲ့အတူ သောက်ကြတာပေါ့"

ကျော်လူမှာ နှစ်ချို့အရက်ကောင်းကောင်းဆိုလျှင် အလွန်သောက်ချင်သူဖြစ်သည်။ သူသည် အရက်ကောင်းကောင်းကို အလွန်ကြိုက်သည်။ ယခုယူလာသော အရက်အိုးမျိုးကို သူတစ်ကြိမ်မျှ မမြင်ဖူးပေ။ စဉ့်ရေသုတ်အိုးပေါ်၌ နဂါးရုပ်၊ ကျားရုပ်၊ ဇာမဏီရုပ်များကို လက်ရာမြောက်စွာ ရေးဆွဲထားသည်။ အိုး၏အဖုံးကိုလည်း ချိတ်ဖြင့် အထပ်ထပ်ပိတ်၍ထားသည်ကိုသတိပြုမိသည်။

ဦးသိယံ၏ ဇနီးဖြစ်သူက အရက်အိုး၏အဖုံးချိတ်ကို အထူးသတိထား၍ ဖြည်းညင်းစွာခွာ၍ နေ၏။ နောက်ဆုံးအဆင့်၌ စဉ့်အိုးကို ကျောက်စိမ်းသားအစို့ဖြင့် ပိတ်၍ထားသည်ကို တွေ့လိုက်ရသည်။

ဦးသိယံ၏ဇနီးက ကျောက်စိမ်းသားအစို့ကို ဖြုတ်ဆွဲ၍ ဖွင့်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ သင်းပျံ့သည့်အရက်နံ့ကို ကျောက်လူ ရှူရှိုက်လိုက်မိရသည်။

ဖန်ခွက်နှစ်လုံးထဲ၌ အရက်တစ်ခွက်စီခန့် ထည့်လိုက်သည်။

"ကဲ. . . ကျောက်လူ. . . စသောက်လိုက်ကြရအောင်"

စားပွဲတွင် နှစ်ဦးသားမျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

ကျောက်လူက အရက်ခွက်ကိုကိုင်၍ မော့သောက်လိုက်သည်။

သူ တစ်ကြိမ်မျှ မသောက်ဖူးသည့် အရက်အမျိုးအစားဖြစ်၍ ကမ္ဘာပေါ်၌အကောင်းဆုံးသော အရက်အမျိုးအစားဖြစ်ကြောင်း သိလိုက်သည်။

ရှုတ ပူပြင်း သင်းပျံ့သော အရသာမျိုး မည်သည့်နေရာတွင်မျှ မရှိနိုင်။

ကျောက်လူမှာ အပန်းပြေ လန်းဆန်း၍သွားသည်။

"ဆရာ့ကို တစ်ခုလောက်မေးပါရစေ၊ ခွင့်လွှတ်ပါ ဆရာ၊ ဆရာနဲ့ပတ်သက်လို့ ပြောနေတဲ့သတင်းတွေ. . . ကြားနေရလို့ ကျွန်တော်ရော. . . စံအိမ်ထဲကလူတွေပါ စိတ်မကောင်းဖြစ်နေကြရပါတယ်"

ဦးသိယံက မသိမသာပြုံး၍. . .

"ဘာအကြောင်းလဲ"



"ဆရာ့ကို ကြာကြာမနေရတော့ဘူးလို့ ဆရာဝန်တွေက ပြောတယ်ဆိုတာ ဟုတ်ပါသလား. . . ဆရာ",

ဦးသိယံ အသံထွက်၍ ရယ်လိုက်၏။

တာပိုဒ္ဓ မည်သည့်အရာကိုမျှ ဖုံးဖိထား၍ မရနိုင်ပါလားဟု တွေးမိသည်။

"အေး. . . ဟုတ်တယ်၊ ဒီကိစ္စကို မင်းတစ်ယောက်တည်း ပဲသိပါစေ"

ယခုမှပင် သူ့ကို ဦးသိယံခေါ်၍ တွေ့ဆုံခြင်းမှာ ဤအချက်ကြောင့်ဟု ကျောက်လူ တွေးလိုက်မိသည်။

"ဆရာ. . . နောက်ထပ်ဘယ်လောက်အထိ နေခွင့်ရဦးမှာတဲ့လဲ"

"အင်း. . . နောက်ထပ် ခြောက်လကျော်ကျော်လောက် နေခွင့်ရဦးမှာပါ. . . ဒါ့ထက် အသက်ရှည်ချင်လည်း ရှည်ဦးမှာပေါ့၊ ငါမသေခင်မှာ ရွှေမှာကြုံရမယ့်ပြဿနာတွေ၊ တိုက်ပွဲတွေကို မြင်သွားရဦးမှာပါ၊ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့သမီးငယ်လေး မြသင်းကြည် တာပိုကနေ. . . မထွက်မချင်း ငါနေရဦးမှာပဲ"

သူမသိသေးသည့် အချက်တစ်ခု သိလိုက်ရသည်။

မြသင်းကြည်သည် ဆင်ဒီကိတ်အဖွဲ့အနိုင်ရသည်နှင့် တာပိုမှ ခွာပေတော့မည်။

"ဆရာကော. . . စံအိမ်သခင်မလေးနဲ့အတူ လိုက်သွားမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါက အသက်ကြီးနေပြီ၊ လိုက်နိုင်တော့မယ် မထင်ဘူး။ သမီးငယ်လေးအတွက်. . . နောက်ထပ် အတွင်းလူယုံတော် တစ်ယောက် ထပ်ရှာခိုင်းရမယ်၊ အခုအခြေအနေတွေနဲ့သင့်တော်မယ့် လူတစ်ယောက်ယောက်ပေါ့"

"ဒါဖြင့် ကျွန်တော်တို့ကျွတော့ကော. . . ဆရာ"

"မင်းတို့ကတော့ . . သမီးငယ်လေးဆီးမှာပဲရှိနေလိမ့်မယ်၊ မင်းတို့ရဲ့တာဝန်တွေ ဘယ်လိုထမ်းဆောင်ရမယ်ဆိုတာ ငါ့အနေနဲ့. . . ထူးထူးထွေထွေ ပြောပြနေစရာ မလိုတော့ပါဘူး"

ကျောက်လူက ဦးသိယ်၏စကားများကို သတိထား၍ အကဲခတ်နေမိသည်။

ဦးသိယ် စကားသံ၌ ကြေကွဲဝမ်းနည်းသံများ ရော၍နေကြောင်း ကျောက်လူသိလိုက်သည်။

ဦးသိယ် အမှန်အတိုင်း ပြောနေခြင်းပင်လော။

တစ်စုံတစ်ခုသော အကြောင်းအရာကို ဖုံးကွယ်ထားခြင်းပင်လော။

ကျောက်လူမှာ အရက်အတော်များများသောက်ပြီး သွားပေပြီ။ ထို့ကြောင့် သတိလွှတ်တော့မတတ် အတော်ကလေးမူးနေပြီဖြစ်သည်။

ဦးသိယ်က လေသံမျှသောအသံဖြင့်. . .

"ကဲ. . . ကျောက်လူ. . . ငါတို့နှစ်ယောက် အတူလက်တွဲပြီး အလုပ်လုပ်ကြမယ် မဟုတ်လား"



ဦးသိယ်၏မေးခွန်းကို ကျောက်လူကြားပေသည်။

သို့သော် သူပြန်၍ မဖြေနိုင်။

ကျောက်လူ ခေါင်းငိုက်စိုက်ကျလုမတတ် မူး၍နေပြီဖြစ်ပေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

တာပိုနှင့်ခချုကျွန်းသို့ ပြေးဆွဲနေသည့် ခေတ်မီသင်္ဘောကြီးတစ်စီး၏ ကုန်းပတ်ပေါ်၌ 'ထက်နေဗလ' ရပ်၍နေ၏။

သင်္ဘောသည် ရေလက်ကြားမှ ထွက်၍လာသည်။

မြောက်ဘက်၌ ပြန့်ကျဲနေသည့် ကျွန်းငယ်ကလေးများရှိ၍နေ၏။

သင်္ဘောမာလိန်မှူးဖြစ်သူသည် လွန်ခဲ့သောဆယ်နှစ်ကျော်ကျော်ကာလတတည်းကပင် ထက်နေဗလနှင့် ရင်းနှီးခင်မင်သူဖြစ်သည်။

မာလိန်မှူးဖြစ်သူက ရင်းနှီးပွင့်လင်းစွာဖြင့်ပြောသည်။

"အခုအခြေအနေဟာ. . . အရင်တုန်းကနဲ့လုံးဝမတူတော့ဘူးဆိုတာ ခင်ဗျားအနေနဲ့ ထည့်ပြီးစဉ်းစားဦး၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ဒီကိုပြန်လာတယ်ဆိုတာ သိတဲ့လူတွေကော ရှိနိုင်သလား"

တိမ်တိုက်ဖြူဖြူများသည် မိုးတိမ်ကြားမှ တရွေ့ရွေ့ သွား၍နေသည်။ ပင်လယ်ပြင်သည် ကြည်လင်၍နေ၏။ ထက်နေဗလက ပင်လယ်ပြင်ကို ငေးစိုက်၍ ကြည့်နေရင်းမှ. . .

"ဘယ်သူမှ. . . မသိနိုင်သေးဘူး"

မကြာခင်မှာပင် သင်္ဘောသည် တာပုံဆိပ်ကမ်းအနီးရှိ ရေတိမ်ပိုင်းသို့ ရောက်၍လာသည်။

ပင်လယ်ရေပြာပြာနှင့် ရွှံ့နွံသောင်များ မြေအနေအထားကို ထက်နေဗလကောင်းစွာ မှတ်မိ၍နေသည်။ သင်္ဘောသည် အသစ်ဆောက်လုပ်ထားသည့် တံတားကြီးတစ်ခုဆီသို့ ဆိုက်ကပ်ရန် ဝင်သွားသည်။

တာပိုမြို့၏အခြေအနေမှာ အတော်ကြီးပြောင်းလဲ၍သွားပေပြီ။ တောက်ပသော အဆောက်အဦသစ်များကို ထက်နေဗလ မြင်တွေ့နေရသည်။

ကမ်းနားတစ်လျှောက်၌ ဟိုတယ်များ၊ ခန်းမများ၊ အဆောက်အဦးသစ်များဖြင့် ပြည့်ကျပ်၍နေပေသည်။

သင်္ဘောမှာ အပြင်ဘက်ဆိပ်ကမ်း၌ ဆိုက်ကပ်လိုက်သည်။

ထက်နေဗလသည် မာလိန်မှူးကို နှုတ်ဆက်၍ သင်္ဘောပေါ်မှ ဆင်းလာခဲ့သည်။

◆



တာပိုမြို့၏ အနံ့အသက်များ။

မြို့ပေါ်မှ လှုပ်ရှားလွင့်ပျံ့ထွက်လာသော အသံများ။

ထက်နေဗလအနေနှင့် အားလုံးကို ကောင်းစွာမှတ်မိနေပေသည်။

လေထဲ၌ အမွှေးတိုင်နံ့များ သင်းပျံ့စွာထွက်ပေါ်၍နေသည်။

ရေ့ဘက်တူရှမှ နင်းလာနေသည့် ဆိုက္ကားတစ်စီးကို ဆက်ပြ၍တားလိုက်သည်။

ကမ်းနားလမ်းတစ်လျှောက် ဆိုက္ကားဖြင့်စီး၍လာသည်။

အတိတ်မှအကြောင်းများကို ပြန်၍တွေးနေမိသည်။ သူ၏ ဘဝကို တာပိုမြို့၌ပင် ခက်ခဲပင်ပန်းစွာ ဖန်တီးရယူခဲ့ရသည်။ သူ၏ အောင်မြင်ခဲ့မှုများကို မေ့ပျောက်၍ထားလိုက်သည်။

သင်္ဘောကျင်းအပေါက်ဝ၌ ဆိုက္ကားရပ်ပေးသည်။

ဝင်ပေါက်အစောင့်ကို 'မြသင်းကြည်'၏အမည်ကို ပြောပြီး အတွင်းသို့ဝင်ခဲ့သည်။

ထို့နောက် မြသင်းကြည်၏ရေယာဉ်ဖြစ်သော 'မြပုလဲဒီ'ဆိုက်ကပ်ထားသည့် ဆိပ်ခံဘောပေါ်သို့ လျှောက်ချလာသည်။

မြပုလဲဒေဝီမှာ ဇိမ်ခံရေယာဉ်ကြီးတစ်စင်းအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ ပွဲစင်နှင့် အပေါ်ထပ်ဘက်ရှိနေရာမှာ တက်စောက်မြင့်မားလှသည်။ ထို့ပြင် သင်္ဘော၏ရေစူးကလည်း နက်သည်။ ရေတိမ်ကမ်းခြေဒေသများ၌ မည်သို့မျှ သွား၍ရနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

မြပုလဲဒေဝီ၏အခြေအနေကို တစ်ချက်ကြည့်ပြီး ဆိပ်ခံ
တောမှ ပြန်ထွက်လာသည်။

စောင့်ခိုင်းထားသည့် ဆိုက္ကားပေါ်သို့ ပြန်၍တက်သည်။

"အတွင်းဘက်ကို . . . ဆက်နင်း"

ဆိုက္ကားသမားက အတွင်းသင်္ဘောဆိပ်ဘက်သို့ ဆက်၍
နင်းသွားသည်။

ထက်နေဗလသည် ဆိုက္ကားပေါ်မှဆင်း၍ ကမ်းနားစပ်
ဖက်ဆီသို့ လျှောက်၍သွားသည်။

လှေများ၊ သမ္ဗာန်များ ကမ်းစပ်နေရာအနှံ့၌ ရပ်ထားကြ
သည်။

ထိုးထိုးထောင်ထောင် ရွက်တိုင်များက နေရာအနှံ့၌ ရှိနေ
ကြသည်။

ရွက်တိုင်တောကြီးများဘက်သို့ ထက်နေဗလ ရပ်၍ငေး
ကြည့်နေမိသည်။

သူ၏ဘဝသည် ခက်ထန်ကြမ်းတမ်းစွာဖြင့် ဤနေရာမှ
စတင်ခဲ့ရသည်။

◆



ထက်နေဗလသည် သင်္ဘောဆိပ်အတွင်းပိုင်းသို့ ဆက်၍
လျှောက်ဝင်လာသည်။

စက်တပ်သမ္ဗာန်များကို အလုပ်သမားများက ဆောက်
လုပ်နေကြသည်။

တူးမြောင်းထဲ၌ လှေ၊ သမ္ဗာန်များဖြင့် ရှုပ်ထွေး၍နေ၏။

ဒီရေရောက်သည့် လတာပြင်စပ်၌ လမုပင်များ၊ ခရာပင်
များ၊ ချုံနွယ်ပင်များ ပေါက်ရောက်၍နေကြသည်။

တစ်ချိန်သောအခါက ထိုနေရာ၌ တဲအိမ်ငယ်လေးများ
ဆောက်လုပ်၍ထားသည်။ ထိုအချိန်သည် သူ၏ငယ်စဉ်ဘဝ ညနေ
ပိုင်းအချိန်၌ ချက်ပြုတ်နေသည့် ဟင်းရနံ့များ၊ စကားပြောသံများ
ကို ပြန်၍အမှတ်ရမိသည်။

ငယ်စဉ်က သူသည် လွန်စွာဆင်းရဲဒုက္ခရောက်ခဲ့ရသည်။

မိခင်ဖြစ်သူသည် သားအမိနှစ်ဦး၏ဘဝကို ကြမ်းတမ်းစွာ
ဦးဆောင်၍ ဖြတ်ကျော်ခဲ့ရသည်။ ဘဝ၏အချိုး၊ အဆစ်၊ အကွေ့
အခြေအနေများစွာနှင့် ကြုံတွေ့ခဲ့ရသည်။

မိခင်ကွယ်လွန်သွားချိန်၌ သူသည် သူ၏ဘဝကို ပို၍
ခက်ခဲပင်ပန်းစွာဖြင့် ရုန်းကန်ခဲ့ရသည်။ ဘဝကို ပြင်းထန်စွာကြိုး
စား၍ ရင်ဆိုင်ခဲ့ရသည်။ သူ၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်းသန်မာ
ထွားကျိုင်း၍လာသည်။

ထို့နောက် သူသည် တံငါလှေများပေါ်၌ အလုပ်လုပ်သည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် သင်္ဘောကမ်းပြအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာသည်။ သောင်များ၊ ကျောက်ဆောင်များ လွန်စွာထူထပ်လှသည့် နေရာများ၌ သူသည် ရေကြောင်းလမ်းပြတစ်ဦးအဖြစ် ထင်ရှားလာခဲ့သည်။

သူ၏ကျွမ်းကျင်မှုကို ဒေါက်တာ'ချမ်း'က တွေ့မြင်သဖြင့် သူ၏သင်္ဘောများ၌ အလုပ်နေရာ ပေးခဲ့သည်။

ထက်နေဗလသည် သူ့အား ဒေါက်တာ'ချမ်း' က ယုံကြည်အားထားစိတ်ရှိလာအောင် အစွမ်းကုန်ကြိုးစား၍ အလုပ်လုပ်ပေးသည်။ သူ့ အသက်နှစ်ဆယ်ခန့်အရွယ်၌ ဒေါက်တာ'ချမ်း'က သင်္ဘောတစ်စီး၌ မာလိန်မှူးအဖြစ် ဦးစီးစေခဲ့သည်။

ထိုအချိန်မှစ၍ သူသည် 'မဲ့နင်းနဂါး'ဟူသော အမည်ကို ရ၍ရခဲ့သည်။

တာမ်းနားရှိ တဲအိမ်ငယ်ကလေးများ၌နေထိုင်ကြသော တံငါသည်အုပ်စုက 'ထက်နေဗလ'ကို မျက်နှာစိမ်းဖြစ်နေ၍ အရေးမစိုက်ကြပေ။ သို့သော် အသက်လေးဆယ်နီးပါးရှိ အမျိုးသမီးတစ်ဦးက မည်သူဖြစ်သည်ကို မှတ်မိ၍သွားသည်။ ချက်ချင်းပင် ထိုသတင်းသည် တစ်အိမ်မှတစ်အိမ်သို့ လျင်မြန်စွာ ပျံ့နှံ့၍သွားသည်။

တံငါသည်အချို့က သူ့ကို ထွက်၍ကြည့်ကြသည်။

ဤလူများက သူ့ကို မှတ်မိနေကြောင်းသိရသဖြင့် ရင်ထဲမှ မဖော်ပြနိုင်အောင် ဝမ်းသာမိသည်။

လူ့လောက၌ နေစရာတစ်ခု ရရှိနိုင်ရေး၊ ပုံမှန်စားသောက်နိုင်ရေးအတွက် မည်မျှအထိ ကြိုးစားရသည်ကို သူ ကောင်းစွာနား



လည်ထားသည်။

သူ့ကို နှုတ်ဆက်သူများအား လှိုက်လှဲဝမ်းသာစွာ လက်ပြနှုတ်ဆက်ခဲ့သည်။

ဆိုက္ကားပေါ်သို့ သူပြန်ရောက်သောအခါ၌ . .

ဆိုက္ကားသမားက မေးသည်။

"ဆရာ. . . မြသင်းကြည်ကို အကူအညီပေးနိုင်ဖို့အတွက် ဒီကို. . . ဆရာ ပြန်လာတာလား"

ဆိုက္ကားသမားသည် ဤဒေသ၏အကြောင်းကို ကောင်းစွာနားလည်ကျွမ်းကျင်နေသူ ဖြစ်ပေလိမ့်မည်။

ထက်နေဗလက. . .

"သူ့မှာကော. . . အကူအညီပေးနိုင်မယ့်လူ ရှိလို့လား"

"နည်းနည်းပါးပါးတော့ ရှိနိုင်ပါတယ်၊ ဒါပေမယ့်. . . ဆရာကိုယ်တိုင် ကူညီရင်တော့ ပိုပြီး အင်အားကောင်းလာပါလိမ့်မယ်"

"ကောင်းပြီ. . . ငါ့ကို သူ့အိမ်နဲ့ ခပ်လှမ်းလှမ်းနေရာမှာ ချထားပေးခဲ့၊ ငါနဲ့တွေ့ခဲ့တယ်ဆိုတာ ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့"

"စိတ်ချပါ ဆရာ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

လှူယုံတော်ကြီးဦးသိယ်က ထက်နေဗလအား မြသင်းကြည်၏ စာကြည့်ဆောင်အတွင်းသို့ ခေါ်၍လာသည်။

"ပွဲနင်းနဂါးရောက်ပါပြီ. . . သမီးငယ်လေး"

သူမက အသာအယာ ခေါင်းညိတ်ပြသည်၊

ဦးသိယ်က အခန်းထဲမှထွက်သွားသည်။

မြသင်းကြည်က ဝီစကီနှင့် ဆိုဒါရောစပ်၍ ဖန်ခွက်တွင် ထည့်ပြီး၊ ထက်နေဗလထံသို့ လှမ်း၍ပေးသည်။ ထက်နေဗလက ဖန်ခွက်ကိုယူ၍ လသာဆောင်ဘက်သို့ ထွက်လာသည်။ လသာဆောင်နေရာသည် စကျင်ကျောက်သားများဖြင့် ပြုလုပ်ထားသဖြင့် အထူးပင်အေးမြ၍နေ၏။

မြသင်းကြည်က ညင်သာစွာ တစ်လှမ်းခြင်းလျှောက်၍

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထက်နေဗလ၏အေး၌ ယှဉ်၍ရပ်လိုက်ပြီး

"အစ်ကို အခုလိုရောက်လာတာ. . . ကျွန်မရင်ထဲမှာ အရမ်းဝမ်းသာနေပါတယ်"

ရှေးဟောင်းနှောင်းဖြစ်ကိစ္စများကိုသာ ဦးစွာပြောမိကြသည်။

ထက်နေဗလက. . .

"အစ်ကိုရဲ့ လုပ်ငန်းက. . . နောက်ဆုံးအခေါက်တွေဟာ အခက်အခဲတွေ သိပ်တွေ့လာရတယ်၊ ရှာဖွေဖမ်းဆီးရေးအဖွဲ့တွေက ထောက်လှမ်းရေး ကိရိယာကောင်းကောင်းတွေကို တပ်ဆင်အသုံးပြုလာတယ်၊ ခေတ်မီတဲ့ မော်တော်ဘုတ်တွေကိုထပ်ပြီး ဖြည့်ထားကြတယ်၊ အစ်ကိုကိုယ်တိုင်. . . နောက်ပိုင်းမှာ ကိုယ့်ကိုကိုယ် ယုံကြည်မှုနည်းလာပါတယ်. . .

ဩဇာ. . . အရှိန်အဝါနဲ့ ငွေလို့ သတ်မှတ်ထားတဲ့ဟာတွေကို အစ်ကိုအနေနဲ့ တန်ဖိုးမထားဘူး။ တကယ်တမ်း တန်ဖိုးထားတာကတော့. . . အကျင့်သိက္ခာနဲ့ သတ္တိပဲ။ ညီမလေးနဲ့ ခွဲခဲ့ရတဲ့နောက်ဆုံးညကို ကောင်းကောင်းမှတ်မိနေတယ်. . .

အဲဒီအချိန်တုန်းက. . . ညီမက ငယ်သေးတယ် မှတ်မိချင်မှမှတ်မိဦးမယ်။ အစ်ကိုရဲ့အသိစိတ်တွေအားလုံး ပွင့်ထွက်သွားလုမတတ် ခံစားခဲ့ရတယ်။ အဲဒီအချိန်က ဒေါက်တာချမ်းရဲ့အလုပ်ကို တာဝန်ကျေအောင် မလုပ်နိုင်ခဲ့ဘူး၊ အခု အခြေအနေမှာရော. . . အစ်ကို့ကို ညီမဘက်က ယုံကြည်နိုင်ပါ့မလား. . ."



မြသင်းကြည်က. . .

"အစ်ကို့ဘက်က တာဝန်ကျေတယ်လို့ ပြောနိုင်ပါတယ်၊ အဖေ့ဆီကို၊ အစ်ကိုပြန်လာပြီး တွေ့သွားခဲ့သေးတာပဲ။ တခြားလူဆိုရင် ဘယ်လာတွေ့ပါတော့မလဲ. . . အစ်ကို ပြောပေးခဲ့လို့ ညီမလည်း နိုင်ငံခြားမှာ. . . ပညာသွားသင်ခွင့်ရခဲ့တယ်။ ဒါမှမဟုတ်ဘဲ တာပိုမှာပဲ ညီမဆက်ရှိနေရင် အန္တရာယ်တော်တော်ကြီးမှာသေချာတယ်. . . အဖေ့အနေနဲ့ တကယ်တန်းချစ်ခဲ့တဲ့ လူဆိုလို့ အစ်ကိုတစ်ယောက်ပဲရှိတယ်၊ ညီမကတော့ အစ်ကို့ကို အချစ်ဆုံးပဲ. . .

တာပိုမှာ အစ်ကိုဟာ 'မဲ့နင်းနဂါး' လို့ဆိုတဲ့ နာမည်တစ်လုံး ရထားတဲ့လူပါ၊ ဒီနာမည် ဘာဖြစ်လို့ရသလဲဆိုတာ ညီမရဲ့လူတွေကို မေးကြည့်မိတယ်. . . တာပိုနဲ့ ခရုကျွန်းကြားမှာရှိတဲ့ သောင်တွေ၊ ကျွန်းတွေ၊ ကျောက်ဆောင်တွေကြားမှာ အစ်ကို့ရဲ့ 'မိန်' ရေယာဉ်ကို နဂါးတစ်ကောင်လို တွန့်လိမ်ကွေးကောက်လှုပ်ရှားပြီး ပုံစံမျိုးစုံနဲ့ လျှောက်ပြီး မောင်းလာနိုင်လို့ ဒီနာမည်ကိုရလာတာလို့ သိရတယ်. . .

ကမ်းရိုးတန်းမှာ နေကြတဲ့ တံငါသည်တွေ၊ လှေပေါ်မှာ တစ်သက်လုံးနေပြီး ပုလဲငုတ်စားတဲ့ လူတွေဆိုရင် ဘယ်သူ့ကိုမှ အထင်မကြီးကြဘူး၊ အဲဒီလိုလူတွေကတောင် အစ်ကို့အကြောင်း နှုတ်ခမ်းဖွင့်ပြီး ပြောကြတယ်။ စိတ်ကူးယဉ်ဆန်တဲ့ ပုံပြင်မျိုး အဆီပါ အစ်ကိုအကြောင်း ပြောလာကြတယ်၊ အစ်ကိုဟာ တကယ်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်ရှိတဲ့ သစ္စာရှိတဲ့ လူတစ်ယောက်ပါ။ ညီမကတော့ အစ်ကို့အပေါ်မှာ ယုံကြည်နေတုန်းပါပဲ. . ."

"အင်း. . . ဆယ်နှစ်ကျော်ကျော်၊ အစ်ကိုဘာအလုပ်မှ မလုပ်ဘဲ ငြိမ်ပြီးနေခဲ့တယ်။ အမြဲတမ်းစဉ်းစားပြီးနေမိတယ်၊ အဲဒီအချိန်တွေမှာ အစ်ကို့ရဲ့ အဖော်ဟာ အရက်ပုလင်းတွေ ဖြစ်နေခဲ့တယ်. . ."

သူမအနေဖြင့် ထက်နေဇလအပေါ် လေးစားယုံကြည်သည်။ သူ၏ ခန္ဓာကိုယ်နှင့် မျက်နှာပေါ်မှ ဒဏ်ရာများသည် သူ၏ ဘဝကြမ်းတမ်းခဲ့ရမှုများနှင့် အတွေ့အကြုံရင့်ကျက်မှုများကို ဖော်ပြနေပေသည်။

မြသင်းကြည်က. . .

"ညီမအတွက်. . . အစ်ကိုပစ္စည်းတွေ သယ်ပေးမှာလားဟင်"

ထက်နေဇလ ဖြည်းလေးစွာ ခေါင်းညိတ်သည်။

"အစ်ကိုမဲ့. . . တာဝန်ယူပြီး သယ်ပေးရမှာပေါ့"

"ညီမရဲ့ မြပုလဲဒေဝီ ရေယာဉ်ကိုရော. . . အစ်ကိုတွေ့ပြီးပြီလား"

"တွေ့ပြီးပါပြီ. . . ဒါပေမယ့် ပစ္စည်းသယ်ဖို့အတွက်တော့ မဖြစ်နိုင်သေးဘူး၊ စိတ်ကြိုက်ရေယာဉ်တစ်စီး ရှာရလိမ့်မယ်၊ အစ်ကိုနဲ့အတူ လိုက်မယ့်လူကိုလည်း ရှာဦးမယ်၊ အဲဒီကိစ္စတွေအတွက် ငွေလိုလိမ့်မယ်"



"ငွေအတွက် ဘာမှ. . . ပူစရာမလိုပါဘူး၊ အစ်ကိုလိုသလောက် ကျွန်မထုတ်ပေးပါ့မယ်. . .၊ အစ်ကို ကျွန်မဆီမှာ ဘယ်နေ့လောက်အထိ နေမှာလဲဟင်"

မြသင်းကြည်၏ မျက်နှာကလေးမှာ ဝင်းပကြည်လင်၍နေ၏။ ထက်နေဇလ ရှိနေလျှင် သူမ ကြည်နူးသာယာ ပျော်ရွှင်နေမိပေသည်။

"နောက်ထပ် တစ်နာရီလောက်အထိ မင်းနဲ့ အသေးစိတ်ဆွေးနွေးမယ်. . . ပြီးတော့ တစ်နေရာကိုသွားမယ်"

"ဘယ်နေရာကိုလဲ"

"ငါရဲ့ သူငယ်ချင်းတွေကို လိုက်ပြီး ရှာရမယ်"

လူဝံကြီး အောင်ဒင်ကို လိုက်ရှာမည်ဖြစ်ကြောင်း သူမသိလိုက်သည်။

သူမ သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ကျွန်မလည်း အစ်ကိုနဲ့အတူ လိုက်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်မက တာပိုမှာ ပိတ်မိနေသလို ဖြစ်နေတယ်. . . တာပိုမှာ အစ်ကို ရှိနေတဲ့အချိန် အထူးသတိထားပါ. . . ကျွန်မကို အကူအညီပေးဖို့ အစ်ကိုရောက်လာတယ်ဆိုတဲ့သတင်း. . . တစ်မြို့လုံး ပြန့်နေလောက်တော့မယ်။ ကျွန်မရဲ့ ရန်သူတွေဟာ. . . အစ်ကို့ရဲ့ ရန်သူတွေပါ ဖြစ်လာလိမ့်မယ်"

ထက်နေဇလ တည်ငြိမ်စွာပြုံးသည်။

ဤအချက်ကို ကြို၍တွက်ထားပြီးသားပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အာနေဖြင့် စီစဉ်ပြီးသား ဖြစ်သည်။ သူ၏ ခန္ဓာကိုယ်အတွင်းရှိ သွေးများ ဆူဝေလှုပ်ရှား၍ လာပြီဖြစ်ပေသည်။

◆

"ကောင်းဆိုင်" မြို့. . .။

တက္ကစီတစ်စီးဖြင့် မြို့လယ်ရပ်ကွက်တစ်ခုသို့ လာခဲ့သည်။

အချိန်မှာ ညဥ့်ကိုးနာရီခန့်မျှရှိပေပြီ။

လမ်းသွယ်လေးတစ်ခုအတိုင်း ထက်နေဗလ ခြေလျှင်လျှောက်၍လာသည်။

မည်သည့်ဆိုင်းဘုတ်မျှ ရေးထားခြင်းမရှိသည့် ဆိုင်တစ်ဆိုင်၏ သစ်သားတံခါးပေါက်ဝသို့ ရောက်လာသည်။

ဤဆိုင်သည် လူဝံကြီးအောင်ဒင်၏ ဆိုင်ပင်ဖြစ်သည်။

မည်သည့်ဆိုင်းဘုတ်မျှ တပ်ဆင်ထားခြင်း မရှိသော်လည်း သူ၏ဖောက်သည်များက သူ့ဆိုင်ကို ကောင်းစွာသိနေကြသည်။

အခန်းမှာ အရှည်ပေသုံးဆယ်၊ အကျယ် ပေလေးဆယ်ရှိသည်။ ကြမ်းပြင်၌ ရောင်စုံကျောက်ပြားများ ခင်းထားသည်။ နံရံများ၌ အစိမ်းနုရောင်သုတ်၍ထားသည်။ မျက်နှာကျက်မှာ မီးခိုးရောင်ဖြစ်သည်။

'အောင်ဒင်'သည် ဟင်းချက်အလွန်ကောင်းသူဖြစ်သည်။

ဟင်းချက်ကောင်းသူအဖြစ် နာမည်ကျော်သူဖြစ်လာသဖြင့် သူ၏စီးပွားရေးမှာ အဆင်ပြေ ကောင်းမွန်လာခဲ့ရသည်။



အောင်ဒင်သည် အခန်း၏ထိပ်ဘက်ရှိ စားပွဲ၌ ထိုင်နေ၏။ အညိုရောင်ဘောင်းဘီပွပွတစ်ထည်ကို ဝတ်ထားသည်။ အပေါ်ပိုင်း၌ဝတ်ထားသော စပို့ရှပ်အဖြူရောင်မှာ ချွေးများဖြင့် စွန်းစိုနေ၏။

အောင်ဒင်၏အရပ်မှာ ခြောက်ပေနီးပါးခန့်ရှိသည်။

မျက်နှာပြင်ပေါ်၌ ဒဏ်ရာဒဏ်ချက်များရှိနေသည်။

ထက်နေဗလနှင့် အောင်ဒင် စတွေ့ချိန်ကဆိုလျှင် အောင်ဒင်၏ကျန်းမာရေးမှာ အလွန်ကောင်းသည်။ ခန္ဓာကိုယ်တစ်ခုလုံး အဆီပြင်မရှိ ကျစ်လျစ်တောင့်တင်းသန်မာလှသည်။ ယခုအချိန်၌ အောင်ဒင်မှာ အတော်ကြီး ဝ၍နေပြီဖြစ်သည်။

ထက်နေဗလသည် အောင်ဒင်၏နောက်ဘက်ရှိစားပွဲမှ ခုံတစ်ခု၌ မသိမသာဝင်ထိုင်လိုက်၏။ အောင်ဒင်လုံးဝ ဂရုမပြုမိလိုက်ပေ။

စားပွဲဝိုင်းကြီးတစ်ခု၌ ဧည့်သည်ခြောက်ဦးထိုင်နေ၏။

အောင်ဒင်က စားပွဲပေါ်ရှိ ဖန်ခွက်များထဲသို့ နှင်းဆီဝိုင်များ လိုက်၍ထည့်ပေးသည်။ ကျန်နေသေးသည့်အရက်များကို သင်းလိုက်မော့၍ သောက်လိုက်သည်။

ထိုင်နေသည့် ဧည့်သည်များမှာ ကုန်သည်များဖြစ်ကြသည်။

ဧည့်သည်တစ်ဦး၏ပခုံးကို လက်ဖြင့်တို့လျက် လူဝံကြီး

www.burmeseclassic.com



အောင်ဒင်က မေးလိုက်၏။

"ကျုပ်ဆိုင်က အစားအသောက်တွေ. . . ကောင်းတယ် မဟုတ်လား"

ထိုကုန်သည်က မငံ့မရဲအမူအရာဖြင့် ခေါင်းညိတ်ပြသည်။

အကယ်၍ မကောင်းပါဟုပြောမိလျှင် လူဝံကြီးအောင်ဒင်က ဂုတ်မှဆွဲ၍ ဆိုင်ပြင်သို့ လွှင့်ပစ်လိုက်မည်ဟု ထင်နေပုံရသည်။

အမှန်စင်စစ်. . .

လူဝံကြီးအောင်ဒင်၏ စားသောက်ဆိုင်မှာ ဆိုင်နာမည်မရှိဘဲနှင့် နာမည်ကြီးသည့်ဆိုင်ဖြစ်သည်။ ဆိုင်၌ ရနိုင်သောဟင်းလျာများမှာ အလွန်ကောင်းသည်။

အောင်ဒင်သည် နောက်ဘက်မီးဖိုဆောင်သို့ လျှောက်၍သွားသည်။

နောက်ထပ် အရက်တစ်လုံးယူရန်အတွက်ဖြစ်သည်။

လျှောက်၍လာရင်း ဆိုင်၏နေရာတစ်နေရာ၌ ထိုင်နေသည့် ထက်နေဗလကို ရုတ်တရက်မြင်လိုက်သည်။ သူသည် မယုံကြည်နိုင်စွာဖြင့် အတန်ကြာမျှ စိုက်၍ကြည့်နေပေသည်။ ပြီးမှ ထက်နေဗလထံသို့ ပြေး၍လာသည်။

အောင်ဒင်မှာ မူးနေပြီဖြစ်သည်။

သို့သော် သူ့ကိုယ်သူ ထိန်းနိုင်နေသေးသည်။

စားပွဲများ၊ ထိုင်ခုံများကို အထိအခိုက်မရှိဘဲ ရှောင်ရှမ်း



ရှားဘဲ ထက်နေဗလထံသို့လာသည်။

ထက်နေဗလက အောင်ဒင် မူးနေကြောင်းသိသည်။

အရက်မူးလာလျှင် အောင်ဒင်သည် သွေးဆိုးတတ်သည်။ စကားမပြောဘဲနှင့် လက်ကအလျင်ရောက်လေ့ရှိသူဖြစ်သည်။

အောင်ဒင်မှာ အနီးသို့ရောက်လျှင်. . .

မချိတင်ကဲလေသံဖြင့် ဝမ်းနည်းဝမ်းသာစွာပြောသည်။

"မင်းကွာ. . . တော်တော်ရက်စက်တဲ့ ကောင်ပဲ၊ ငါတို့ကို ...းဝ. . . အဆက်အသွယ်မလုပ်ဘဲ နေလိုက်တာကွာ"

အောင်ဒင်သည် ထက်နေဗလ၏မျက်နှာကို သူမှဟုတ်ပါ ...လစဟူသော အမူအရာဖြင့် စမ်းသပ်ကြည့်နေပေသည်။

အောင်ဒင်က ထက်နေဗလ၏ ပခုံးကို လက်ဖြင့်ပုတ်လိုက် ... . . .

"ငါတို့ မတွေ့ကြတာ နှစ်ပေါင်းမနည်းတော့ဘူး၊ မင်းက ...ဆီကို စာတစ်စောင်တောင် မရေးဘူး"

ထက်နေဗလက ခေါင်းခါလျက်. . .

"ငါ့မှာ ရေးစရာအကြောင်းမှ. . . မရှိတာပဲ"

လူဝံကြီးအောင်ဒင်က သူ၏ဝမ်းဗိုက်ရွှဲရွှဲကြီးကို ငုံ့ကြည့် ...း ရယ်လျက်ပြောသည်။

"ငါ့ကိုပြောစမ်း နေဗလ၊ ငါလည်း အသက်ကြီးလာမှ ပြီး ...တော့ ဝလာတယ်၊ ကောင်မလေးတွေက ငါ့ကိုမြင်ရင် အတော ...သပ်ရယ်ကြတော့တာပဲ၊ ငါအရက်မူးလာလို့ စကားပြောရင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေက မယုံကြတော့ဘူး၊ အင်း. . . ဒီဒေသတစ်ဝိုက်မှာ ငါတို့ဟာ အင်မတန်အရေးပါတဲ့လူတွေ ဖြစ်ခဲ့တယ်ဆိုတာ မေ့ကုန်ကြပြီ၊ အခုအချိန်မှာ. . . ငါတို့ကို လူတွေက မရှိတော့ဘူးလို့ထင်နေကြတယ်"

ဆိုင်တွင်းသို့ နောက်ထပ်ဧည့်သည်များ ရောက်လာသကြားရသည်။

အောင်ဒင်က ဆိုင်ဝသို့ လှည့်မကြည့်ဘဲနှင့် လှမ်း၍ပြောသည်။

"ဆိုင်ပိတ်သွားပြီဟေ့. . . ပြန်ကြတော့. . ."

ကုန်သည်များဘက်သို့လှည့်၍ အောင်ဒင်က လက်ညှိုးထိုးလျက်ပြောလိုက်သည်။

"ကဲ. . . ခင်ဗျားတို့လည်း ပြန်ကြပေတော့၊ ကျုပ်ဆိုင်ပိတ်ပြီ"

ကုန်သည်များ ထိုင်ရာမှထ၍ ထွက်မည်လုပ်စဉ်မှာပင်. . .

တာ့ပိုဆင်ဒီကိတ်၏ လူမိုက်ခေါင်းဆောင် 'ဝေလီ'နှင့်သူ၏တပည့်ရှစ်ယောက်က ဆိုင်ဝ၌ ပိတ်၍ရပ်လိုက်ကြသည်။

ထက်နေဗလ ချက်ချင်းပင်သိလိုက်သည်။

'ဝေလီ'နှင့် သူ၏တပည့်များ မိမိ၏နောက်သို့ လိုက်ပါလာခြင်းပင်ဖြစ်ကြောင်း နားလည်လိုက်သည်။

ထက်နေဗလက. . .



"ဒီကောင်တွေ. . . ငါ့နောက်ကို လိုက်လာကြတာ"

ဝေလီက ကုန်သည်အုပ်စုထံသို့ တိုးသွားသည်။

ကုန်သည်တစ်ဦး၏ဆံပင်ကိုဆွဲလျက် စားပွဲပေါ်မှ ပန်းကန်ပြားထဲသို့ မျက်နှာကို ထိုးအပ်ချလိုက်သည်။

ထိုကုန်သည်မှာ စူးစူးဝါးဝါးအော်ဟစ်လိုက်၍ မျက်နှာကို ဆွဲမော့လိုက်သည်။ မျက်နှာပေါ်၌ တင်းဖတ်များ၊ ဆီများ၊ ပေကျံနေသည်။

ကျန်ကုန်သည်များမှာ မျက်လုံး၊ မျက်ဆန်ပြူးဖြင့် တုန်လှုပ်ကြောက်ရွံ့စွာကြည့်နေကြသည်။

'ဝေလီ'က မျက်နှာထားတင်းတင်းဖြင့်. . .

"ဒီဆိုင်ကပစ္စည်းတွေ ဘာမှမကောင်းဘူး. . . နားလည်လား"

ဝေလီ၏နောက်လိုက်များက ကျန်ကုန်သည်များကို ဝိုင်း၍တားကြသည်။

"ဒီဆိုင်ကို မင်းတို့ ဘယ်တော့မှ. . . မလာကြနဲ့တော့၊ နားလည်ရဲ့လား၊ ဒီဆိုင်ကို ဖျက်ပစ်လိုက်ပြီ၊ နောက်တစ်ခါလာရင် မင်းတို့ပါ. . . သေကုန်လိမ့်မယ်၊ ကြားရဲ့လား"

ဝေလီက စင်ပေါ်၌ထွန်းထားသော ဖယောင်းတိုင်နှင့် အမွှေးတိုင်များကို ဆွဲယူလွှင့်ပစ်လိုက်၏။

ဝေလီ၏လူများက ကုန်သည်များကို ရိုက်နှက်ဘန်ကျောက်လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်ဒင်'က လေတစ်ချက်ချွန်လိုက်သည်။

မီးဖိုဆောင်တံခါးပေါက်မှ အသက်ငယ်ငယ်လူရွယ်လေး တစ်ယောက်၏ မျက်နှာပေါ်လာသည်။ အောင်ဒင်က လက်ဖြင့် ခုတ်ဖြတ်သည့် ပုံသဏ္ဌာန်လုပ်ပြသည်။ ခေတ္တမျှအကြာတွင် လူရွယ် ပေးသည့် ဓားတစ်ချောင်းကိုင်လျက် ရောက်လာသည်။

အခြေအနေကိုကြည့်၍ ထက်နေဗလက တားသည်။

"မလုပ်နဲ့ အောင်ဒင်. . . မင်း အသက်လည်းကြီးနေပြီ ဝ လည်းဝနေတယ်၊ အသာ လက်ရှောင်နေလိုက်"

'မလုပ်လို့မဖြစ်ဘူး၊ ငါ့ကို. . .လာစော်ကားတာ"

ယခုအချိန်၌ အောင်ဒင်မှာ အမူးပြေ၍နေပေပြီ။

လူရွယ်လေး၏လက်ထဲမှ ဓားကိုယူ၍ လူမိုက်ခေါင်းဆောင် 'ဝေလီ'ထံသို့ အောင်ဒင်ပြေးဝင်သွားသည်။

အခန်းမှာ အောင်ဒင်၏စိတ်ကြိုက် တိုက်ခိုက်နိုင်လောက်အောင် မကျယ်ဝန်းပေ။

အောင်ဒင်ပြေးဝင်သွားချိန်၌ အောင်ဒင်၏နောက်၌ ဝေလီ၏လူ သုံးလေးဦးက ရောက်၍နေကြသည်။

အောင်ဒင်ကို အကူအညီပေးနိုင်ရန် ထက်နေဗလ ပြေးဝင်သွားသည်။

ဝေလီ၏တပည့်လေးဦးက အောင်ဒင်ကို ဝိုင်း၍တိုက်နေကြသည်။

သူတို့နှစ်ဦးအား 'ဝေလီ'၏လူများက ဝိုင်းဝန်းထိုးကြိတ်



ကန်ကျောက်ကြသည်။

သူတို့နှစ်ဦးမှာ လူအများဖြင့် ဝိုင်း၍တိုက်ခိုက်ခြင်းခံရသဖြင့် ဘာမျှမတတ်နိုင်ဘဲ ပုံလျက်သား လဲကျသွားလေတော့သည်။

◆

ထက်နေဗလ သတိပြန်ရလာချိန်၌ ညစ်ပတ်ပေကျံနေသော နောက်ဖေးလမ်းကြားတစ်နေရာ၌ ရောက်နေကြောင်း သတိထားလိုက်မိသည်။

ခေါင်းထောင်၍ ကြည့်လိုက်သည်။

လူဝကြီးအောင်ဒင်၏ စားသောက်ဆိုင်မှာ ပျက်စီး၍နေပေပြီ။ ဆိုင်အတွင်းပိုင်းနေရာများကို မီးရှို့၍ဖျက်ဆီးထားသည်။

ထက်နေဗလကို 'ဝေလီ'ကငုံ့ကြည့်၍ ကျေနပ်အားရသော လေသံဖြင့်ပြောသည်။

"တာပိုမြို့ကနေ မင်း. . . အခု ချက်ချင်းထွက်သွားပါ၊ ဒီတစ်ကြိမ်ပဲ မင်းကို အခွင့်အရေးပေးနိုင်မယ်"

ပြောပြောဆိုဆိုနှင့်ပင်. . .

ဝေလီသည် ကြောင်တစ်ကောင်အလား မှောင်ရိပ်ထဲသို့ လှစ်ခနဲ လျင်မြန်စွာပြေးဝင်ပျောက်ကွယ်သွားပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



ထက်နေဇလသည် မထနိုင်သေး။

အောင်ဒင်ရှိရာဘက်သို့ တွားရှ၍သွားသည်။

"အောင်ဒင်. . ."

အောင်ဒင်၏မျက်နှာတစ်ခုလုံးမှာလည်း ညိုမည်းရောင်ကိုင်း၍နေသည်။

သူသည် တံတွေးနှင့်သွေးများကို ရော၍ထွေးထုတ်ပစ်လိုက်၏။

အုတ်နံရံကို လက်တစ်ဖက်ဖြင့်ထောက်၍ အားပြုပြီး ထထိုင်လိုက်သည်။

အောင်ဒင်က ရှုံ့မဲ့၍. . .

"ဆင်ဒီကိတ် လူရမ်းကားတွေရော. . ."

"ပြန်သွားကြပြီလေ"

"နေပါဦး၊ မင်းက အခုမှ ဘာကိစ္စနဲ့ ရောက်လာရတာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ. . . နောက်ဆုံးအခေါက်အနေနဲ့ ငါတို့ ရွှေသယ်ကြရမယ်၊ ရွှေတွေက အရင်တထက် ပိုများတယ်၊ ဒါပေမယ့် မင်းရဲ့ပျက်စီးသွားတဲ့ဆိုင်ကို ပြန်ပြီးအသစ်ဆောက်ဖို့ လုပ်ရမယ်"

အောင်ဒင်က လက်ကာပြလိုက်၏။

"ဒီအလုပ်က ငါ အရမ်းပင်ပန်းတယ်၊ ငါ့စိတ်နဲ့လည်း သိပ်မဖြစ်ဘူး၊ ဆိုင်မှာလာစားပြီး ရန်ဖြစ်တဲ့ကောင်၊ စကားများတဲ့ကောင်တွေနဲ့ ငါနဲ့က ခဏခဏပြဿနာဖြစ်တယ်၊ ပြီးတော့ ငါ



သောက်တာလည်း များတယ်၊ ဆိုင်လည်း အသစ်ဆောက်မနေနဲ့တော့"

စောစောကလူရွယ်လေးသည် မီးကြွင်းမီးကျန်များကို ရေပုံးဖြင့် လိုက်၍လောင်းနေသည်ကို တွေ့လိုက်ရသည်။

"ငါတို့ ကောင်လေးကို. . . ကူလိုက်ရအောင်"

"မလိုတော့ပါဘူး၊ လောင်စရာလည်း ဘာမှမရှိပါဘူး"

အောင်ဒင်က လူရွယ်လေးဘက်သို့ လှမ်းအော်၍ပြောသည်။

"အတာရေ. . . ဘာမှ ဆက်လုပ်မနေနဲ့တော့၊ ငါတို့အတွက် အရက်တစ်လုံးနဲ့ ဖန်ခွက်နှစ်လုံးဝင်ယူလာခဲ့"

ထက်နေဇလက. . .

"အတာဆိုတာက. . . မင်းနဲ့အတူနေတာလား"

"အေး. . . ဟုတ်တယ်၊ မိဘမဲ့ကလေးတစ်ယောက်ဆိုပါတော့ကွာ. . . ငါကကြည့်ရှုထားရတဲ့ သဘောပါပဲ၊ အားကိုးရတဲ့နေရာမှာတော့ အားကိုးရတယ်၊ မီးဖိုဆောင်မှဆိုရင်. . . သူအလုပ်အတော်လုပ်တယ်၊ ပြီးတော့ မင်းကိုလည်း အတော်ကြိုးလေးစားတယ်၊ ငါက မင်းရဲ့အကြောင်းစုံပြောပြထားတာကိုး"

"ထားပါတော့ကွာ. . . ငါတို့ရဲ့'မိန်'ကော အခြေအနေဘယ်လိုရှိသလဲ"

"ဘာမှစိတ်မပူနဲ့. . . ငါ သေသေချာချာ ထိန်းသိမ်းထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဒင်က ညည်းညူ၍ ထရပ်လိုက်သည်။

"မင်းရဲ့ 'မိန်' ရေယာဉ်ကို တဲထဲမှာ လွှန်းတင်ထားတယ်၊ ငါနဲ့အတာတို့ ကြည့်ထားတယ်"

"ငါ့ရဲ့ 'မိန်' ရေယာဉ်က လူဟောင်းတွေရော. . . ဘယ်ရောက်ကုန်ကြပြီလဲ၊ မင်းကော သိရဲ့လား"

"အင်း . . . ငါသိသလောက်ဆိုရင် လူဝကြီးက ရန်ဖြစ်ရင်း ဓားနဲ့အထိုးခံရလို့ သေသွားပြီ၊ ဗားလေးဆိုတဲ့ကောင်လည်း အဆိပ်မိပြီး သေသွားတယ်၊ ကျန်တာတွေကတော့. . . နေရာအနှံ့ ရောက်သွားရောပေါ့၊ ငါလည်း သေသေချာချာမသိဘူး၊ ကမ်းနားမှာ လိုက်မေးပြီး ရှာရမှာပဲ"

လူဝကြီးအောင်ဒင်က ထက်နေဗလကို ဆွဲထူလိုက်၏။

ထက်နေဗလက. . .

"ငါတို့ရဲ့ရေယာဉ်ကို ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး၊ တစ်နေရာမှာ ဝှက်ထားမှဖြစ်မယ်၊ ကာမိုင်းရွာအနီးမှာတော့ နေရာတစ်ခုရှိတယ်၊ ပုစွန်ကန်တွေလေ"

"အေးပါ. . . ငါလည်းသိပါတယ်၊ ခပ်လှမ်းလှမ်းမှာ ပင်လယ်အော်ကလေးတစ်ခုရှိတယ်၊ ဦးပေါက်ရဲ့ ပုစွန်ကန်နေရာ မဟုတ်လား၊ သရဲခြောက်တယ် နာမည်ကြီးလို့ တော်ရုံတန်ရုံနဲ့ ဘယ်သူမှ မသွားကြဘူး"

ထက်နေဗလကို အောင်ဒင်က ဖေးမ၍ နှစ်ဦးသား နောက်ဖေးလမ်းကြားထဲမှ ထွက်လာကြသည်။



သူတို့၏နောက်မှ 'အတာ' လိုက်ပါလာသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒေလီယာကျွန်း . . .

ခရုကျွန်းမှ ရေကြောင်းခရီးဖြင့်လာလျှင် သုံးနာရီကျော်ကျော်ခန့် ကြာသည်။

ကျွန်းသားဖြင့် ပြုလုပ်ထားသည့် လှေကြီးတစ်စင်းသည် ငါးဖမ်းလှေများကြားမှ ကွေ့ပတ်၍ လှော်ခတ်ဝင်လာသည်။

ဆိပ်ကမ်းတစ်နေရာ၌ လှေကြီးကို ပွဲနင်းစိုးမြင့်က ဆိုက်ကပ်လိုက်၏။ ဆိပ်ကမ်းကြမ်းပြင်ပေါ်သို့ ထက်နေဗလ ခုန်ဆင်းလိုက်သည်။

ကမ်းပေါ်၌ လူများ ရှုပ်ထွေးစည်းကားလျှက်နေ၏။

ထက်နေဗလက လူအုပ်ကြားထဲသို့ တိုးဝင်သွားသည်။

ကမ်းနားလမ်းအတိုင်း လျှောက်၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံ ပလပ်စတစ်ကြီးများ မိုးကာထားသော ဆိုင်များ တန်းစီ၍နေ၏။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများရောင်းသည့် ဆိုင်များကို ကျော်ဖြတ်သည်။

စားသောက်ဆိုင်ကလေးတစ်ခုအတွင်း၌ စားပွဲများ ခင်းကျင်းထားသည့် အစွန်ဘက်ရှိစားပွဲတစ်လုံး၌ လူဝကြီး အောင်ဒင် ထိုင်၍နေသည်။ သူသည် ထက်နေဗလကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

ထက်နေဗလက ထိုင်ခုံတစ်လုံး၌ ထိုင်လိုက်၏။

"မင်း. . . ပို့လိုက်တဲ့ စာကို ငါရတယ်၊ ချစ်ထွေးက အခု ဘယ်မှာရှိနေလဲ"

အောင်ဒင်က မတုန်မလှုပ်အမူအရာဖြင့်. . .

"ချစ်ထွေးရဲ့ ရုပ်ကိုကော၊ မင်းမှတ်မိသေးရဲ့လား"

ထက်နေဗလ ခေါင်းညိတ်ပြလိုက်သည်။

ချစ်ထွေး၏မျက်လုံးအစုံမှာ အစဉ်အမြဲ အရောင်တောက်၍နေသည့် ဝံပုလွေတစ်ကောင်ကဲ့သို့ လွန်စွာလျင်မြန်သူဖြစ်သည်။ မည်သည့်အရာကိုမျှ ဂရုစိုက်သူမဟုတ်။ ထို့ပြင် သူသည် လုပ်ငန်းလုပ်ဆောင်ရာတွင် လွန်စွာကျွမ်းကျင်သူဖြစ်သည်။

'မိန်'တွင် လိုအပ်သည့်လက်နက်များ တပ်ဆင်ရာ၌ ချစ်ထွေး၏ လက်ရာများချည်းဖြစ်သည်။

အောင်ဒင်က မသိမသာ ရယ်မောလိုက်ပြီး. . .

"ငါပြောလို့ရှိလျှင် မင်းကယုံချင်မှယုံမှာ၊ မင်းကိုယ်တိုင်

www.burmeseclassic.com



သာ လိုက်ကြည့်ပေတော့ . . . .။

အောင်ဒင်က လမ်းကျဉ်းလေးတစ်ခုအတိုင်း ထက်နေဗလကိုခေါ်ဆောင်သွားသည်။ အေးချမ်းတိတ်ဆိတ်ငြိမ်သက်သော ကျောင်းဝင်းကျယ်ကြီး တစ်ခုအတွင်းသို့ ရောက်လာကြသည်။

စီတန်း၍ ဆွမ်းခံကြွလာသော ဘုန်းတော်ကြီးများ၏ နောက်ပါးမှ ဖိုးသူတော်တစ်ဦးကို အောင်ဒင်က မေးငေါ့ပြလိုက်သည်။

" ဟိုကို. . . လှမ်းကြည့်လိုက်"

ဖိုးသူတော်မှာ သူတို့ အနီးသို့ရောက်လာ၏။

ထက်နေဗလမှာ ရုတ်တရက် မမှတ်မိ။

လည်ပင်းတွင် ပုတီးဆွဲ၍ ခေါင်းကရိတ်ထားသည်။

ထက်နေဗလက အံ့ဩသံဖြင့်. . .

"ဟင်. . . ငါတော့ ယုံတောင်မယုံနိုင်ဘူး"

ထက်နေဗလအနေဖြင့် ချစ်ထွေးတစ်ယောက် ယခုအချိန်တွင် ကြီးပွားချမ်းသာနေလောက်ပြီဟု မှန်းထားသည်။ ၁၆. ၀ိုင်. သုံးဆင့်အဖွဲ့၌ အရေးပါသောနေရာတစ်ခုခုတွင် ရထားလောက်ပြီဟုလည်း ထင်မိသည်။

ဖိုးသူတော်ဝတ်နေလိမ့်မည်ဟု ထက်နေဗလ လုံးဝမထင်မိပေ။

◆

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေးမှာ သူ၏ဆရာဟောင်းဖြစ်သူ ထက်နေဗလကို တွေ့လိုက်ရသဖြင့် အတော်ကြီး အံ့အားသင့်သွားပုံရသည်။

သံဃာတော်များနောက်မှ လမ်းကြောင်းခွဲထွက်၍ အလှူခံလေသည်။ ထက်နေဗလက အလှူငွေထည့်လိုက်၏။

ကြေးစည်သံနှင့်အတူ ချစ်ထွေး ဆုပေးသည်။

ချက်ခြင်းဆိုသလိုပင်. . .

အောင်ဒင်နှင့် ထက်နေဗလတို့ သူ့အား လိုက်လံရှာဖွေနေကြောင်း ချစ်ထွေး နားလည်လိုက်ပါသည်။

ဖိုးသူတော်ချစ်ထွေးသည် သူတို့နှစ်ဦးအား ကျောင်းဆောင်တစ်ခုဘက်သို့ မျက်ရိပ်ပြ၍ ခေါ်သွားသည်။

ကျောင်းဆောင်တစ်ခု၏ရှေ့၌ သုံးဦးသား ရပ်လိုက်ကြသည်။ ထိုနေရာရှိ သံတန်းစင်ပေါ်၌ ဖရောင်းတိုင်များ ထွန်းထားသည့် နံ့သာဖြူအမွှေးတိုင်များမှ မီးခိုးများ ဝေ့ဝဲ၍ထောင်တက်နေ၏။

ဖိုးသူတော် ချစ်ထွေးက လေသံအုပ်အုပ်ဖြင့် မေးလိုက်သည်။

"ဘာလဲ! နောက်တစ်ခါ အလုပ်လုပ်ကြဦးမှာလား"

ထက်နေဗလက ခေါင်းညိတ်သည်။

ချစ်ထွေးက. . .

"နောက်ထပ် ဘယ်သူလိုသေးလဲ. . ."

ထက်နေဗလက . . .



"အခုရှိနေတဲ့ လူသုံးယောက်နဲ့ပဲ အလုပ်လုပ်တာ ကောင်းတယ်"

"'မိန်' ရေယာဉ်က လက်နက်တွေ. . . ဘယ်မှာသိမ်းထားတယ်ဆိုတာ ဖိုးသူတော်ကြီးပဲ သိတယ်မဟုတ်လား"

ချစ်ထွေး အတန်ကြာမျှ စကားမပြောဘဲ အရှေ့ဘက်ရှိ ဘုရားစင်သို့ ငေးကြည့်နေ၏။

ထို့နောက် 'ထက်နေဗလ'ဘက်သို့ ပြန်၍လှည့်သည်။

"လက်နက်တွေ ငါ တစ်နေရာမှာ. . . သိမ်းထားတယ်၊ စိတ်ချရတဲ့ နေရာမှာပေါ့၊ ဒါနဲ့. . . မင်းတို့က ဘယ်တော့လောက် ခရီးထွက်ကြမှာလဲ"

"နောက်ထပ်သင်္ဘောသားတစ်ယောက် ရတာနဲ့. . . သွားကြမယ်"

ဖိုးသူတော် ချစ်ထွေးသည် ဘုရားစင်သို့ ဦးချကန်တော့လိုက်သည်။ ထို့နောက်. . .

"ကဲ. . . ငါ့အတွက် အဝတ်အစားတစ်စုံ အမြန်ရှာပေးကြ. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

အတွင်းလူယုံတော်ကြီး ဦးသိယ်နှင့် ထက်နေဗလတို့ ဦးသိယ်၏ ရုံးခန်းထဲ၌ စကားပြောနေကြသည်။

မြသင်းကြည်သည် ပင်မလှေကားမှ အောက်ဘက်သို့ ဆင်းလာခဲ့သည်။

'ထက်နေဗလ' လာ၍ အကျိုးအကြောင်းပြောမှ သူမ အနေဖြင့် အကြောင်းစုံ သိရပေမည်။ သို့သော် ထိုအချိန်ထိ သူမ မစောင့်နိုင်တော့။ ထက်နေဗလကို တွေ့ချင်နေပေပြီ။

သူမ အခန်းထဲသို့ ဝင်သွားသည်။

ထက်နေဗလက သူမ၏မျက်နှာပေါ်၌ စိုးရိမ်သောကစိတ်များ ဖိစီးဖုံးလွှမ်းနေလေမည်လားဟု ကြည့်လိုက်မိသည်။ အသွက်အရွှယ်ငယ်၍ အတွေ့အကြုံနုနယ်လွန်းသော သူမ အနေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် သောကရောက်နေပုံရသည်။ သို့သော် အရာရာကို ပြန်လည်ရင်ဆိုင်ရဲသော စွမ်းရည်သတ္တိမျိုး သူမထံ၌ ရှိနေကြောင်း တွေ့နေရသည်။

မြသင်းကြည်က. . . .

"အစ်ကိုနေဗလ. . . သွားရမယ့် လမ်းကြောင်းအတွက် စီစဉ်ပြီးလားဟင်. . ."

ထက်နေဗလက ဖြည်းညှင်းစွာ ခေါင်းညိတ်ပြသည်။

အသင့်ယူလာသည့် မြေပုံစာရွက်ကို စားပွဲပေါ်၌ ဖြန့်ချလိုက်၏။

မြေပုံပေါ်မှ နေရာတစ်နေရာကို လက်ညှိုးဖြင့် ထိုး၍ ပြောသည်။

"ဟောဒါ. . . တောင်းဆိုင်ကျွန်း။ အဲဒီကျွန်းကို ပတ်ပြီးသွားမယ်၊ ရှာဖွေရေး အဖွဲ့တွေနဲ့ မဆုံနိုင်အောင် ပင်လယ်ဘက်ကို ထွက်မယ်. . ."

မြေပုံပေါ်၌ ခဲတံအနီဖြင့် မျဉ်းကြောင်းဆွဲသည်။

ထို့နောက်

ဦးသိယ်နှင့် ထက်နေဗလတို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်ပြောဆိုကြသည်။

◆



တိုင်ပင်ပြောဆိုပြီးစီးသည့်အခါ၌ . . . .

မြသင်းကြည်က ထက်နေဗလကို ကျောက်စိမ်းမှန် ခန်းမဆောင်သို့ ခေါ်ဆောင်သွားသည်။

. . . . . . . . . . .

. . . . . . . . . . .

တစ်ချိန်သောအခါက တာပိုမြို့၏အကြောင်းများ။

သူမ၏ ဖခင်နှင့်မိသားစုအကြောင်းများ . . .

သူမငယ်စဉ်ကာလမှ အကြောင်းများ . . .

. . . . . . . . .

မြသင်းကြည်သည် သူမ၏ဖခင်ထိုင်ခဲ့သော ထိုင်ခုံ၌ပင် ထိုင်လိုက်သည်။

ထက်နေဗလဘက်သို့ သူမ လှည့်၍. . . .

"ကျွန်မရဲ့ မေမေက. . . ဘယ်လို ပစ်သွားခဲ့ရတာလဲဟင်"

ထိုသို့ မေးလိုက်သော သူမ၏အမူအရာမှာ ထူးခြားစွာ တည်ငြိမ်လေးနက်၍နေ၏။

"လူယုံတော်ကြီး ဦးသိယ်ကို. . . မေးကြည့်ပါလား"

"ဟင့်အင်း . . . မမေးချင်ဘူး၊ ကျွန်မ ဘယ်သူ့ကိုမှ မယုံရဲဘူး၊ ကျွန်မအမေသေခဲ့ရတဲ့ ကိစ္စမှာ ဦးသိယ်လည်း ပါချင်ပါနိုင်တယ်၊ ကျွန်မအခုနေနဲ့ ဒီအကြောင်းတွေကို သိသွားရင်သွေးကြောင်းပြန်ဆပ်မယ်လို့ သူထင်ချင်ထင်နိုင်တယ်. . . အဲဒီလိုဆိုရင် သူ့ထိုသိတိုင် ကျွန်မအပေါ်မှာ သစ္စာရှိချင်မှရှိတော့မှာ. . ."

www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြည်သည် သူမ၏မိခင်ဖြစ်သူနှင့် ဖတ်သက်၍ သူမ၏ဘဝတစ်ခုလုံး တုန်လှုပ်ချောက်ချားနေခဲ့ပုံရသည်။ မိခင်ဖြစ်သူ၏အကြောင်း အမှန်အတိုင်းသိလို၍ မေးခြင်းပင်ဖြစ်ပေမည်။

ထက်နေဗလက. . .

"မင်းရဲ့အမေဟာ တော်တော့်ကိုလှတဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ တာမိုမြို့က ငွေကြေးပြည့်စုံတဲ့ အဆင့်အတန်းမြင့်မားတဲ့ မိသားစုကလာတဲ့ အမျိုးသမီးတစ်ယောက်၊ တကယ်တော့ မင်းရဲ့အမေက သိပ်ကြောက်ရတယ်၊ သူဟာ သူ့ယောကျ်ားအပေါ်မှာ အတော်လေးနာကြည်းခံပြင်းခဲ့ပုံရတယ်၊ အခုနေတဲ့ စံအိမ်ကြီးဆောက်ပြီးသွားတဲ့အချိန်မှာ မင်းရဲ့အမေဟာ အားလုံးကို ထားပစ်ခဲ့ပြီး အိမ်ကနေ တိတ်တဆိတ်ထွက်သွားတယ်၊ အမှန်တော့ သူဟာ အေးချမ်းတိတ်ဆိတ်တဲ့ နေရာတစ်ခုမှာ ဖတ်မြုပ်ပြီးနေဖို့ ရည်ရွယ်တာပဲဖြစ်မယ်၊ ဒါပေမယ့် နောက်သုံးရက်အကြာမှာ မင်းရဲ့အမေဟာ ပင်လယ်ထဲမှာပဲ ရေနစ်သေသွားရတယ်. . . တချို့ကတော့ သူကိုယ်သူသတ်သေတာတဲ့၊ တချို့ကလည်း အသတ်ခံရတာတဲ့၊ ဘယ်စကားအမှန်ဆိုတာ. . . အစ်ကိုလည်း မပြောတတ်ဘူး"

"အဲဒါဆိုရင်. . . အဖေရဲ့ လူမိုက်ခေါင်းဆောင်ဝေလီကို မေးရင်တော့ အမှန်အတိုင်း သိမယ်ထင်တယ်"

ထက်နေဗလက ပခုံးတစ်ချက် တွန့်သည်။

"မင်းအနေနဲ့. . . ဝေလီကို ဝေးဝေးရှောင်နေတာ



အကောင်းဆုံးပဲ"

မြသင်းကြည်သည် နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်သည်။

သူမ၏ရင်ထဲ၌ ရှုပ်ထွေး၍နေ၏။ ခံစားချက်ပေါင်း မျိုးစုံကို တစ်လှည့်စီ ခံစားနေရသည်။

"အမေကတော့ အေးချမ်းတဲ့ဘဝကို ရောက်သွားတာပေါ့၊ ကျွန်မကတော့ အထီးကျန်မျက်နှာငယ်ဘဝ၊ မိခင်မဲ့ဘဝနဲ့ ကျန်ရစ်ခဲ့ရတယ်၊ အဖေဟာ သူ့ရဲ့ဂုဏ်သိက္ခာ. . . သူ့ရဲ့ဩဇာမြင့်မားဖို့ ကြိုးစားနေတယ်၊ အမေက ထွက်သွားတယ်၊ ဒီတော့ အဖေဟာ အမေ့ကို ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်တော့ဘူး . . . ဒါပေမယ့် လူမိုက်ခေါင်းဆောင် 'ဝေလီ'ကိုတော့ ကျွန်မ လုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ ကျွန်မအမေကိုသတ်တာ. . . သူကိုယ်တိုင်ပဲဖြစ်ရမယ်"

"မင်းရဲ့ အဖေရော. . . အစ်ကိုရော ဟိုတစ်ချိန်တုန်းက အကုသိုလ်လောဘသားကောင်တွေရဲ့ဘဝကို ရောက်ခဲ့ရတယ်၊ အဲဒီအချက်ကို မင်း နားလည်စေချင်တယ်. . ."

ထက်နေဗလက သူမ အပေါ်၌ စိတ်ရင်းစေတနာကောင်းဖြင့် ပြောပြနေသည်ကို သူမ နားလည်သည်။

နှစ်ဦးသား မျက်နှာချင်းဆိုင်၍ ရပ်နေမိသည်။

ထက်နေဗလက သူမကို ညင်သာစွာ ဆွဲယူ၍ ပွေ့ဖက်လိုက်မိသည်။

သို့သော် ချက်ချင်းပင် သူ၏လက်များကို ရပ်တန့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ဤမျှထက် မပိုသင့်ကြောင်း ထက်နေဗလ နားလည်သည်။

"အခု. . . မင်းအနေနဲ့ မင်းရဲ့အခြေအနေကို အစ်ကို ကယ်တင်နိုင်အောင် ကြိုးစားပေးပါ့မယ်"

ထက်နေဗလက တစ်လုံးခြင်း ပြောလိုက်သည်။

သူမ၏စိတ်ထဲ၌မူ ကြည်နူးကျေနပ် သာယာနေမိသည်။

သူမအနေဖြင့် ကောင်းစွာ နားလည်နေမိပြီးသားဖြစ်သည်။ သူ၏ရင်ခွင်အတွင်း၌ပင် တိုးဝင်ကပ်၍ နေချင်မိသည်။

မိန်းမတစ်ယောက်၏ ခံစားမှုအတွင်းစိတ်ကို ထက်နေဗလ ကောင်းစွာရိပ်စား နားလည်မိသည်။

မြသင်းကြည်သည် သူ့အတွက်ဆိုလျှင် ဘာမဆို ငြိငြင်မည့်သူမဟုတ်ပေ။

"မင်းမှာ နာမည်တစ်လုံး၊ အရှိန်ဩဇာနဲ့ ဒီနေရာမှာ နေချင်တယ်ဆိုရင် ဘယ်ယောက်ျားနဲ့မှ ရင်းနှီးမှုမလုပ်ပါနဲ့၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်တဲ့ သံယောဇဉ်မျိုး လုံးဝမထားပါနဲ့၊ ဘာလို့လည်းဆိုတော့. . . မင်းရဲ့ချစ်သူဟာ မင်းရဲ့ဘဝအတွက် အားနည်းချက်တစ်ခုဖြစ်လာလိမ့်မယ်၊ မင်းရဲ့စီအိမ်ကလူတွေဟာ အဲဒီလူအပေါ်မှာ မလိုလားအပ်တာတွေ ဖြစ်လာလိမ့်မယ်၊ အဲဒီနောက်ပိုင်းမှာ မင်းကို ဒုက္ခပေးဖို့ပါ ကြံရွယ်လာကြလိမ့်မယ်. . . ဒီတော့ မင်းဘာလုပ်ရမယ်ဆိုတာ နားလည်လာပါလိမ့်မယ်"

"ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့ဆုံးဖြတ်



ချက်ကိုတော့ မပြောင်းနိုင်သေးဘူး၊ ပြောင်းဖို့လည်း မစဉ်းစားဘူး၊ ကျွန်မအဖေနဲ့အမေရဲ့ ပစ္စည်းတွေ ဆက်ခံရနိုင်ဖို့အတွက် ကျွန်မဘက်က အတိုင်းအတာတစ်ခုအထိ ပေးဆပ်ရမယ်ဆိုတာ သိပြီးသားပါ. . ."

"ကောင်းပြီလေ. . . မင်းအနေနဲ့ မင်းအမေသုံးခဲ့တဲ့ နည်းလမ်းတွေကိုပဲ သုံးပါ၊ လူတစ်ယောက်နဲ့ တစ်ယောက်ကို တစ်ဖက်လှည့်နည်းနဲ့ ရန်သူတွေဖြစ်အောင်လုပ်ပြီး၊ သူတို့ဆီကနေ လိုချင်တာတွေ ရအောင်လုပ်တဲ့ နည်းဗျူဟာကို သုံးပါ၊ ကျောက်လူနဲ့ မင်းရဲ့အတွင်းလူယုံတော်ကြီး ဦးသိယ်က မင်းမှာ ချစ်ခင်ရတဲ့ ချစ်သူတစ်ယောက်ရှိတာမျိုးကို လုံးဝလက်ခံကြမှာမဟုတ်ဘူး၊ မင်းအနေနဲ့ ဘယ်သူ့ကိုမှ. . . မယုံကြည်တာ အကောင်းဆုံးပဲ၊ မင်းကို မလိုလားတဲ့ရန်သူတွေဟာ မင်းရဲ့အယုံကြည်ရဆုံး အားအထားရဆုံးလူတွေနဲ့ ပေါင်းပြီး မင်းကို ဒုက္ခပေးလာကြလိမ့်မယ်"

သူမအနေဖြင့် ပို၍ နားလည်သဘောပေါက်လာရသည်။

သူမအနေဖြင့် သစ္စာရှိ၍၊ ယုံကြည် စိတ်ချအားထားရသော အဖော်ကောင်းတစ်ယောက်ရရန် လွန်စွာခဲယဉ်းကြောင်း နားလည်လာရသည်။

အမှောင်ထုက သိပ်သည်း၍လာပြီဖြစ်သည်။

ကျောင်းကင်ယံ၌ ကြယ်ပွင့်ကလေးများ လင်းလက်လာနေပြီ။

❀ ထက်နေဗလက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အစ်ကို ပြန်တော့မယ်၊ ခရုဏ္ဍန်းကို ပြန်ဖို့ အစ်ကိုရဲ့လှေက စောင့်နေတယ်"

မြသင်းကြည်က တုန်ခါသောအသံဖြင့်. . .

"အစ်ကို နေဗလ၊ အစ်ကိုကို့ရော. . . ကျွန်မ ဘယ်လို သဘောထားရမလဲဟင်"

ထက်နေဗလက တံခါးပေါက်ဝ၌ ရပ်လိုက်ပြီးမှ နောက်သို့ လှည့်၍

"ဒီအဖြေကို မင်းကိုယ်မင်း နားလည်မှာပါ. . ."

◆ ◆ ◆

## အခန်း (၁၅)

မိုးတဖွဲဖွဲ ရွာသွန်းနေ၏။

ဒုတိယထပ်ရှိ ရုံးခန်းထဲသို့ ရဲကြပ်ကြီး အောင်ဘော်ဝင်၍ လာ၏။ သူ၏မျက်နှာပြင်ပေါ်၌ မိုးရေစက်များ စိုရွှဲ၍နေ၏။

"အခြေအနေ. . . ဘယ်လိုလဲ"

စဝ်ရန်နိုင်က မော့ကြည့်လျက်မေးလိုက်၏။

"ပဲ့နင်းနဂါးဟာ. . . သူရဲ့လူဟောင်းတွေကို လိုက်ခေါ် နေပါတယ်"

ရဲကြပ်ကြီး အောင်ဘော်က ထိုင်ခုံတစ်လုံး၌ ထိုင်လိုက် သည်။

စဝ်ရန်နိုင်က မျက်မှောင်တွန့်လိုက်ပြီး. . .

"အားလုံးကို ခေါ်သွားနိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့. . . သေသေချာချာ မသိဘူး"

ရဲကြပ်ကြီးအောင်ဘော်စကားကို စဝ်ရန်နိုင် အံသြဟန် မကျ၊ သူ့အနေဖြင့် တိကျစွာသိလိုပေသည်။

"သူနဲ့ပတ်သက်တဲ့ သဲလွန်စကော. . . ခင်ဗျားရခဲ့သေးသလား"

"မရခဲ့ဘူး ဆရာ. . . သူလှုပ်ရှားလာတော့မှ သိရမှာ၊ ကျွန်တော့်ရဲ့သတင်းပေးတွေကတော့၊ ဒီတစ်ခေါက် ရွှေသယ်လိမ့်ဦးမယ်လို့ပြောတယ်၊ ဒီအချက်က. . . သေချာပါတယ်"

စဝ်ရန်နိုင်က မသိမသာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"ဒါဆိုရင် သူ့ကို. . . တာပိုက ဇာလျှမ်းက အကူအညီပေးမယ်ထင်တယ်"

"ဒီနယ်မြေက. . . သူ ကျွမ်းကျင်တဲ့နယ်မြေဖြစ်နေတယ်၊ ဒီရွှေတွေကို ခရုကျွန်းကို သယ်လာမယ်၊ ၁၆. ဝိုင်. သုံးဆင့် အဖွဲ့က ဒီရွှေတွေကို ဘာလုပ်မှာလဲဆိုတာကို တွေးလို့မရဘူး"

အောင်ဘော်က အစီရင်ခံစာ တစ်စောင်ကို လှမ်း၍ပေးသည်။

"ကျွန်တော်တို့ လူတွေကို. . . ခင်ဗျားပဲ သေသေချာချာ ပြောလိုက်ပါ၊ ကမ်းနားတစ်လျှောက်မှာ ပိုက်စိတ်တိုက်ပြီး ရှာဖွေကြ၊ ငါးဖမ်းလှေတွေက အလုပ်သမားတွေကိုလည်း ပဲ့နင်း.နဂါးနဲ့ လိုက်မသွားအောင် သတိပေးထား. . . ."

"ကောင်းပါပြီ. . . ဆရာ"



စဝ်ရန်နိုင်က အစီရင်ခံစာကို ဖတ်ရှုလိုက်သည်။ ခဏနေမှ. . .

"ကဲ. . . ခင်ဗျားသွားလို့ရပါပြီ"

◆

မိုးရေနှင့် ဒီရေများ ရော၍တက်နေသည့် ပလာတူးဆိပ်ကမ်းတွင် ရေများပြည့်၍နေ၏။

ပေါင်းမိုးပါသော သမ္ဗာန်တစ်စီးပေါ်၌ ထက်နေဗလနှင့် ချစ်တွေးတို့ ယှဉ်၍ထိုင်လာကြသည်။

မြက်ဦးထုပ်ဝိုင်းကြီးဆောင်းထားသူတစ်ဦးက သမ္ဗာန်ကို လှော်ခတ်နေသည်။

ချစ်တွေးက သူ၏ဦးခေါင်းပေါ်မှ မိုးရေစက်များကို လက်တစ်ဖက်ဖြင့် သပ်ချလိုက်ရင်းမှ. . .

"အခု ငါလိုက်ရှာတဲ့ကောင်က. . . အပြောင်ကြောင် ကောင်စားမျိုးကွ၊ သူ့ကိုရှာရတာ. . . သိပ်မလွယ်ဘူး"

ထက်နေဗလက. . .

"မင်းပြောတော့. . . အဲဒီကောင်က စက်အင်ဂျင်ပိုင်းမှာ ကျွမ်းကျင်တယ်လို့ နာမည်ရထားတယ်၊ ဒါပေမယ့်. . . ဒီကောင်က တစ်နေရာရာမှာ ငြိမ်ငြိမ် မနေတတ်ဘူး"

ထက်နေဗလက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com



"မှင်းပြောသလို အကြောင်းကြောင်းကောင်းမှပဲ. . . ငါတို့နဲ့လိုက်မယ်၊ အခု ငါတို့ ကမ်းရိုးတန်းတစ်လျှောက်လိုက်ပြီး လူရှာတာ၊ ငါတို့နဲ့ အတူလိုက်ရဲတဲ့လူ. . . ဘယ်သူမှ မတွေ့ရသေးဘူး . . . မဟုတ်လား"

ထိုအချိန်တွင်. . .

သမ္မာန်ခတ်လာသူက. . .

"ဟော. . . ဟိုဘက်နားမှာ သူ့အလုပ်,လုပ်တယ်ဆရာ"

ကုန်းပေါ်၌ ပြင်ဆင်ရန် တင်ထားသည့် စက်လှေကြီးတစ်စီးကို လက်ညှိုးထိုး၍ပြသည်။

ထက်နေဗလက. . .

"အဲဒီနေရာမှာ ကပ်လိုက်ပါ"

◆

ထက်နေဗလနှင့် ချစ်ထွေးတို့သည် စက်လှေ၏ကုန်းပတ်ပေါ်သို့ တက်သွားကြသည်။

ထက်နေဗလက ရေယက်မအနီး၌ ရပ်နေသောမာလိန်မှူးကိုပြောသည်။

"ဇံမှုန်းဆိုတဲ့လူနဲ့. . . ကျွန်တော်တို့ တွေ့ချင်လို့ပါ"

မာလိန်မှူးက စက်လှေဝမ်းပေါက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်၏။



ခေတ္တမျှအကြာ၌. . .

စက်ဆီများ ပေကျံနေသည့် အရပ်ရှည်ရှည်၊ အသားနီစပ်စပ်နှင့် လူတစ်ဦး ကုန်းပတ်ပေါ်သို့ တက်လာသည်။

ထိုလူက မျက်လုံးကိုပြူး၍ ပြောလိုက်သည်။

"ခင်ဗျားတို့က. . . ဘာကိစ္စနဲ့ ကျုပ်ကို ရှာကြတာလဲ"

ထိုလူ၏အမူအရာမှာ ကြမ်းကြမ်းတမ်းတမ်းထဲက ဖြစ်ပုံရသည် မည်သူ့ကိုမျှ ဂရုမစိုက်သောအသွင်မျိုးရှိသည်။

"ခင်ဗျားနဲ့ အပေးအယူကိစ္စလေးတစ်ခု ပြောချင်လို့ပါ"

"ဘာကိစ္စလဲ. . . "

ခင်ဗျားဟာ. . . အမြန်ရေယာဉ်မှာ စက်ဆရာအဖြစ်အလုပ်,လုပ်ခဲ့ဖူးတယ်လို့ သိရပါတယ်"

ဇံမှုန်းက စိတ်လှုပ်ရှားသွားသည့် အမူအရာဖြင့် . . .

"ကျုပ်ဟာ. . . အင်ဂျင်စက်မျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်ပါတယ်"

ဇံမှုန်း၏အသံမှာ ဓာနသံ၊ မခံချင်စိတ်တို့နှင့်ရော၍ နေ၏၊ သူ၏ကျွမ်းကျင်မှုကို သူကိုယ်တိုင် အပြည့်အဝ ယုံကြည်ထားပုံရသည်။

ဇံမှုန်းက စက်လှေ၏ကုန်းပတ်ပေါ်သို့ ဝေ့ဝိုက်၍ ကြည့်လိုက်သည်။

"ဟောဒီစက်လှေရဲ့ အင်ဂျင်စက်တွေဟာ သံချေးကိုက်ပြီးပျက်စီးရွှေ့တော့မယ့် အခြေအနေမှာ ရှိတယ်၊ ဒါကို ကျုပ်က ပြင်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားလို့ ဒီစက်လှေဟာ ပင်လယ်ထဲမှာ သွားနေနိုင်တယ်. . . နေပါဦး၊ ခင်ဗျားက ကျုပ်ကို ဘယ်နှုန်းနဲ့ ငွေပေးနိုင်မှာလဲ"

"တစ်ပတ်ကို ငွေ(. . . .)ပေးမယ်"

ဖံမှုန်း အကြီးအကျယ် အံ့ဩသင့်သွားသည်။ မယုံကြည်နိုင်လောက်အောင်လည်း ဖြစ်သွားရသည်။

"အခုပြောတဲ့ နှုန်းအတိုင်းရမယ်ဆိုရင်. . . ကျုပ်ဟာ ဘာပဲဖြစ်ဖြစ်လုပ်ပေးနိုင်တယ် ကဲ. . . ဘာလုပ်ပေးရမှာလဲ"

"ကျုပ်ရဲ့သင်္ဘောပေါ်မှာ ကျုပ်နဲ့အတူ တစ်ခေါက်လိုက်ပေးရုံပါပဲ၊ ကျုပ်သယ်မယ့်ပစ္စည်းက ရွှေ. . ."

ထိုအခါမှပင်. . .

သူ့ရှေ့၌ ရောက်နေသူမှာ မည်သူမည်ဝါဖြစ်မှန်း ဖံမှုန်း သိလိုက်လေတော့သည်။

"ဒီကမ်းနားမှာရှိတဲ့လူတွေကို ရဲတွေကလိုက်ပြီး သတိပေးထားပြီးပြီ၊ ဒီတော့. . . ခင်ဗျားဆီမှာ ဘယ်သူမှလာပြီး အလုပ်လုပ်မပေးရဲဘူး၊ ကျုပ်မှာက မိသားစုရှိတယ်၊ မိသားစုနဲ့ ခွဲနေတာကြာပြီ၊ သူတို့ ဒီအပတ်ထဲ လာမယ်လို့ကြားတယ်၊ ခင်ဗျားဘက်က ဘယ်လောက်ပေးပေး. . . ကျုပ် မလိုက်နိုင်ဘူး"

ထက်နေဗလက ဖံမှုန်း ငြင်းပယ်နေ၍ဆက်မပြောဘဲ နေလိုက်သည်။

စောင့်နေသော သမ္မာန်ဆီသို့ပြန်ရောက်သောအခါ၌. . .

"ဒီကောင်က သောက်ရှူးကွ. . . ငါတို့နဲ့ အတူလိုက်



ခေါ်လို့ မဖြစ်ပါဘူးကွာ. . . သူငြင်းတာပဲ ခပ်ကောင်းကောင်း"

ထက်နေဗလက ငြိမ်၍စဉ်းစားနေသည်။

ဖံမှုန်းကို သူ အကဲခတ်မိထားသည်။ သူ့အပေါ်၌ မိမိပါးနပ်လိမ္မာစွာ ကိုင်တွယ်နိုင်လိမ့်မည်ဟု ယူဆထားသည်။

"ငါတို့ရဲ့ 'မိန်' ရေယာဉ်ဟာ. . . ဆယ်နှစ်ကျော်ကျော်စစ်ထားခဲ့တယ် မဟုတ်လား၊ ဒီတော့ ရေယာဉ်ရဲ့ အင်ဂျင်စက်တွေ ကောင်းနိုင်တော့ဘူးလို့ မင်းရော. . . အောင်ဒင်ပါ ခန့်မှန်းထားကြတယ်၊ ဒီတော့. . . ငါတို့ဆီကို ဖံမှုန်း ဆက်သွယ်လာတဲ့ အချိန်ထိ ငါတို့ ထိုင်စောင့်ကြတာပေါ့"

"မဖြစ်နိုင်ပါဘူးကွာ. . . သူငြင်းလိုက်တာ၊ မင်းလည်း ကြားရဲ့သားနဲ့"

ထက်နေဗလက တည်ငြိမ်စွာပင် ပြောလိုက်သည်။

"မင်း စောင့်ကြည့်နေပါ၊ သူ ငါတို့ဆီကို ဆက်သွယ်လာလိမ့်မယ်၊ ငါပြောတာ မမှားစေရဘူး. . . သူ ရောက်ကိုရောက်လာလိမ့်မယ်၊ သူ့မိသားစုအတွက်. . . လိုအပ်တဲ့ငွေရဖို့ဆိုတာ လွယ်နိုင်ဘူး၊ သူ့မှာ အခက်အခဲ ရှိနေမှာ သေချာတယ်၊ ဒီတော့ လိုအပ်တဲ့ငွေကို သူဘယ်နေရာကနေ. . . ငါ ပေးသလောက် ရနိုင်မှာလဲ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ပလာတူးဆိပ်ကမ်း ရေကာတာ။

အောက်ဘက်သို့ ဆင်းသည့် ကွန်ကရစ် လှေကားထစ်များအတိုင်း ထက်နေဗလ ဆင်းလာသည်။ လက်နှိပ်ဓာတ်မီးအသေးဖြင့် အချက်ပြလိုက်သည်။

ခေတ္တမျှအကြာတွင် . . .

ထက်နေဗလ၏ လှေသမားဆန်းတင့်က သမ္ဗာန်တစ်စီးဖြင့် လှော်ခတ်၍ ရောက်လာသည်။

ထိုသမ္ဗာန်ဖြင့် ထက်နေဗလ၏စက်လှေဆီသို့ လိုက်ပို့သည်။ စက်လှေ၏ပုံစံကို ရုပ်ဖျက်ထားသည်။

ကုန်းပတ်များမှာ ပေကျံညစ်ထေး၊ ရှုပ်ပွ၍နေ၏။ ပစ္စည်းပစ္စယများက နေရာအနှံ့၌ ပုံ့ကျဲ၍နေသည်။ ရွက်တိုင်တွင် ပိုက်ကွန်

www.burmeseclassic.com

www.burmeseclassic.com



များတို့လို့ တွဲလောင်းတင်၍ထားသည်။

ထက်နေဗလ၏လူများ စက်လှေပေါ်သို့ တက်နေကြသည်။

ထက်နေဗလက. . .

"ငါ. . . သမ္ဘာန်နဲ့ အပြင်ကို ခဏသွားလိုက်ဦးမယ်"

ချစ်ထွေးက သဘောမကျသဖြင့် . . .

"မင်းက. . . ဘယ်ကိုသွားမလို့လဲ"

"စက်ပြင်ဆရာကို. . . သွားခေါ် ရဦးမယ်"

"နေစမ်းပါကွာ. . . နောက်မှ သူ့ကိုခေါ် ရင်ဖြစ်ပါတယ်"

"မဖြစ်ဘူးကွ. . . သူလိုက်လာမှဖြစ်လိမ့်မယ်"

ထက်နေဗလသည် သမ္ဘာန်ဖြင့် ဇံမှုန်းအလုပ်,လုပ်နေသော စက်လှေပျက်ကြီး အနီးသို့ လှော်ခတ်သွားသည်။ စက်လှေပျက်ကြီး၌ သမ္ဘာန်ကို ကြိုးဖြင့် ချည်နှောင်လိုက်သည်။

စက်လှေကြီး၏ ကုန်းပတ်ပေါ်သို့ တွယ်၍တက်ပြီး လှည့်ပတ်ကြည့်လိုက်၏။ တာရပတ်တစ်ခု၏ အောက်၌ကွေး၍ အိပ်ပျော်နေသောဇံမှုန်းကို မြင်လိုက်ရသည်။

ထက်နေဗလက ဇံမှုန်းကို ခပ်ကြမ်းကြမ်းလှုပ်၍နိုးသည်။

ဇံမှုန်း မျက်လုံးကိုဖွင့်ကြည့်လိုက်၏။

ထက်နေဗလကို မြင်လိုက်လျှင်. . .

"ဟာ. . . ဘယ်လိုဖြစ်ရတာလဲ၊ အခုမှ အိပ်လို့ကောင်းတုန်းရှိသေးတာ"

ထက်နေဗလက. . .



"မင်းနဲ့ငါ. . . အပိုစကားတွေ ပြောဖို့ အချိန်မရှိဘူး၊ ငါနဲ့ လိုက်ခဲ့မလား၊ မလိုက်ဘူးလား. . . ဒါပဲပြော. . ."

"ကျွန်တော့်ရဲ့မိသားစုအတွက်. . ."

"ဒီအတွက် ငါအားလုံးတာဝန်ယူတယ်၊ ငါ အားလုံးဆောင်ရွက်ပေးမယ်၊ ကဲ. . . မင်းရဲ့ပစ္စည်းတွေယူ၊ ငါတို့သွားကြရအောင်"

ဇံမှုန်းက သူ၏ပစ္စည်းအချို့ကို အိတ်တစ်လုံးထဲ၌ ထည့်၍ ကျောပိုးလွယ်သည်။

သမ္ဘာန်ဖြင့်ပင် စက်လှေဆီသို့ ပြန်လာကြသည်။

ကုန်းပတ်ပေါ်သို့ရောက်လျှင် ထက်နေဗလက. . .

"ဒါ. . . ဇံမှုန်းတဲ့၊ အကောင်းဆုံးနဲ့ အတော်ဆုံး စက်ဆရာတစ်ယောက်ပေါ့"

မြက်ဦးထုပ်ပွကြီးတစ်လုံး၊ အညိုရောင်အကျႌနှင့် နက်ပြာရောင်ဘောင်းဘီပွပွတို့ကို ထက်နေဗလက လှမ်း၍ပေးလိုက်သည်။

"ဒီပစ္စည်းတွေကို လဲပြီးဝတ်ထား. . ."

ဇံမှုန်းက အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်သည်။

တစ်ချိန်သောအခါက နာမည်ကြီးခဲ့သော ဤသုံးယောက်နှင့် အတူလက်တွဲ၍ ဖြစ်နိုင်ပါ့မလားဟု ဇံမှုန်း မတင်မကျ တွေးလိုက်မိသည်။

ကုန်းပတ်ပေါ်၌ ပိုက်ကွန်များကိုပစ်၍ အလုပ်များနေဟန်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြလုပ်ပြနေကြသည်။ ထက်နေဇလက စက်လှေကို ပင်လယ်ပြင်ဘက်သို့ မောင်းထွက်လိုက်သည်။

ပင်မရွက်ကြီးကို တင်လိုက်သည်။

ကုန်းပတ်ပေါ်မှ ကြိုးများကို လျှော့၍ကျလာသည်။

အရွက်ကျင်းပေတော့မည်။

စက်လှေမှာ လေထဲ၌ ရွက်များ၏အကူအညီဖြင့် အလိုက်သင့်မျှော၍ပါသွားလေသည်။

◆

သောင်ခြေအထက်၌ သစ်ပင်အုပ်များ၊ အုန်းပင်များနှင့် ရော၍နေသည့် တဲကြီးတစ်လုံး၊

ထိုတဲကြီးကို ဆောက်ထားသည်မှာ ဘာမျှမကြာလှသေး . . .

'မိန်' ရေယာဉ်ဟောင်း ဤနေရာသို့ ရောက်အောင် ရွှေ့ပြောင်းသူမှာ လူဝံကြီး 'အောင်ဒင်' ပင်ဖြစ်သည်။

တဲကြီးအတွင်းသို့ ဇံမှုန်း ဝင်၍သွားသည်။

သစ်သားထောက်ခံများပေါ်၌ တင်ထားသည့် ရေယာဉ်တစ်စီးကို မြင်လိုက်ရသည်။

ရေယာဉ်မှာ အမြန်ဆုံးအလျင်ဖြင့် သွားနိုင်စေရန် တည်ဆောက်ထားသည့် ပုံစံမျိုးဖြစ်သည်။ ရေယာဉ်ဝမ်းဗျက်နှာပြင်မှာ



ပြောင်ချော၍နေ၏။

ဇံမှုန်းက ရေယာဉ်ကို လှည့်ပတ်ကြည့်သည်။

သူသိလိုသော အချက်အလက်များကို ထက်နေဇလအား မေးသည်။ ထက်နေဇလက ပြည့်စုံတိကျစွာ ဖြေသည်။

◆

ရေယာဉ်ကို သေချာစစ်ဆေးကြည့်ရှုပြီး ဇံမှုန်းသည် သစ်သားစည်ကြီးတစ်လုံးပေါ်၌ စိတ်ပျက်လက်ပျက် အမူအရာဖြင့် ထိုင်ချလိုက်သည်။

သူ့အနေဖြင့် ခေတ်မီ ရေယာဉ်တစ်စီးဖြစ်မည်ဟု ထင်သည်။

ယခု သူတွေ့လိုက်ရသည့် ရေယာဉ်မှာ ခေတ်ဟောင်းမှ ရေယာဉ်တစ်စီးသာလျှင် ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် စိတ်ပျက်သွားခြင်းဖြစ်သည်။

"ရှေးဟောင်းပြတိုက်ထဲမှာ ထားလို့ရတဲ့ ရေယာဉ်ဟောင်းကြီးနဲ့သာ. . . ခင်ဗျားတို့ ခရီးသွားမယ်လို့ စီစဉ်တာ ရူးနေလို့ပဲဖြစ်မယ်၊ အကျပ်တည်းဆုံး ပိတ်ဆို့ထားတဲ့ နေရာတွေကို ဘယ်နည်းနဲ့ ဖောက်ထွက်နိုင်မှာလဲ. . . ရေဒါပါတဲ့ ရှပ်ပြေးရေယာဉ်တွေ၊ ဖမ်းတာရေယာဉ်တွေ၊ ရဲမော်တော်တွေက အထပ်ထပ်ပိတ်ထားကြလိမ့်မယ်၊ ဒီကြားထဲကနေ ဘယ်လိုလွတ်အောင် ပြေးနိုင်မှာလဲ. . ."

www.burmeseclassic.com



ခင်ဗျား ထင်သလို မဟုတ်တော့ဘူး. . . ခေတ်ပြောင်းသွားပြီ၊ ရေယာဉ်က အရမ်း. . . ခေတ်နောက်ကျ ကျန်ရစ်နေပြီ၊ နောက် ထပ်ခေတ်မီတဲ့ အသစ်တစ်စီးသာ အမြန်ရှာပါ"

ထက်နေဗလက စွဲမြဲသော ယုံကြည်မှုဖြင့်ပြောသည်။

"မင်းပြောတာ မမှားပါဘူး၊ ဒါပေမယ့် 'မိန်'ရဲ့အရည် အချင်းကို ငါကောင်းကောင်းသိထားတယ်၊ သွားရမယ့် ရေလမ်း ကြောင်းတွေကို ငါက သိတယ်၊ ကျောက်ဆောင်တွေ၊ ကျွန်းဆွယ် တွေ၊ သောင်ခုံတွေကိုလည်း ငါသေသေချာချာ မှတ်မိတယ်၊ ရှပ်ပြေ ယာဉ်တွေ၊ စမစ်တာရေယာဉ်တွေ မသွားနိုင်တဲ့ နေရာတွေကိုပါ ငါသိထားတယ်၊ ရေဒါဆိုတာကလည်း ကိုင်တဲ့သူအပေါ်မှာ အများ ကြီးမူတည်တယ်၊မင်းရဲ့တာဝန်က. . . ဒီရေယာဉ်ကို စမစ်တာ အမျိုးအစားရေယာဉ်ထက် ပိုပြီးမြန်နိုင်အောင်. . . လုပ်ပေးဖို့ပဲ အင်ဂျင်တွေလည်း အသင့်ရှိတယ်၊ တဲ. . . မင်းအနေနဲ့လုပ်ပေးနိုင် သလား၊ လုပ်မပေးနိုင်ဘူးလား . . ."

ဖမ့်မှုန်းက ထက်နေဗလကို မော့၍ကြည့်သည်။

"ကျုပ်. . . မပြောနိုင်သေးဘူး၊ အဲဒီအင်ဂျင်တွေကို ကြည့် ပြီးမှ ပြောနိုင်မယ်"

'မိန်' ရေယာဉ် ထည့်ထားသည့်တဲကြီးအတွင်းသို့ လှေ သမားဆန်းတင့် ဝင်လာသည်။

ထက်နေဗလ အနီးသို့ ကပ်လာပြီး. . .

"ဆရာ. . . ဘာမှာလိုက်ဦးမလဲ"



"ငါရဲ့ စက်လှေကို မင်းယူသွား. . . ဘာဝိုအတွင်းဘက် ဆိပ်ကမ်းကနေ ငါပြန်မလာမချင်းစောင့်နေ"

ဆန်းတင့် ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်ကဲ့ . . . ဆရာ. . ."

ဆန်းတင့် တဲအတွင်းမှ ခပ်သွက်သွက်လှမ်း၍ ထွက်သွား သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တာပိုမှ ခရုကျွန်းသို့ သွားသည့် ရေလမ်းကြောင်း။

ညဘက်အချိန်၌ တန်ချိန်နှစ်ရာငါးဆယ်ရှိ သင်္ဘောကြီးသည် ပင်လယ်မျက်နှာပြင်ပေါ်၌ ခပ်ဖြည်းဖြည်းမောင်းနှင်၍ နေ၏။

ပဲ့စင်၏အနောက်ဘက်။

သင်္ဘော၏ အပေါ်ဆုံးကုန်းပတ်။

ခမ်းနား၊ ထည်ဝါသော အခန်းထဲ၌ လူသုံးဦးထိုင်နေကြသည်။

ရှေ့ဘက်ရှိ စားပွဲမှာ နီညိုရောင် သက္ကလပ်စအထူကြီး ခင်းကျင်းထားသည်။

ညာဘက်အစွန်ဆုံးမှ လူမှာ 'ဟန်မော်' ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဘယ်ဘက်၌ ထိုင်နေသူမှာ 'စက္က'ဖြစ်သည်။

သူသည် ကုမ္ပဏီတစ်ထောင်ကျောက်စိမ်းဟူသော နာမည် ရထားသူ ဖြစ်သည်။ သူကိုယ်တိုင် ခရုကျွန်း၌ အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်ကြောင်း သူကိုယ်သူ ဂုဏ်ယူ၍ မကြာခဏ ပြောဆိုလေ့ရှိသူဖြစ်သည်။

သူတို့နှစ်ဦးနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ၌ ထိုင်နေသူမှာ မြွေဘီလူး 'တာဖူး'ဖြစ်သည်။ သူသည် ရက်စက်၊ ကောက်ကျစ်သူဟု နာမည်ရထားသူဖြစ်သည်။

ကုမ္ပဏီတစ်ထောင်စက္က (ခေါ်) ကုမ္ပဏီတစ်ထောင်ကျောက်စိမ်းသည် 'ကျောက်စိမ်း' စီးပွားရေးဘဏ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ သူ့အပေါ်၌ သက်ဆိုင်ရာဥပဒေရေးရာတာဝန်ခံက သက်သာ မကောင်းဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။ ထို့ကြောင့် ၁၆. ဝိုင်း. သုံးဆင့်အဖွဲ့နှင့်ဆက်ဆံရာတွင် လွန်စွာသတိထား ထိန်းသိမ်း၍ နေရသည်။

ခရုကျွန်း၌ ဩဇာအရှိန်အဝါ အကြီးမားဆုံးသော လုပ်ငန်းကြီး တစ်ခု၏အမည်မှာ 'တော်ဝင်' နန်းတော် ကုမ္ပဏီဖြစ်သည်။ တော်ဝင်နန်းတော် ကုမ္ပဏီကို မည်သည့် စီးပွားရေးအဖွဲ့ကမျှ တိုက်ခိုက်ဝံခြင်း မရှိခဲ့ကြပေ။

သို့သော်. . .

တော်ဝင်နန်းတော်ကုမ္ပဏီ၏ အနေအထားမှာ ယခင်ကကဲ့သို့ မဟုတ်တော့ပေ။ အားနည်းချက်ပေါင်းများစွာဖြင့် ဆို



လျက်ရှိကြောင်း ကုမ္ပဏီတစ်ထောင်စက္က သိထားသည်။ ထို့ကြောင့် သူသည် တော်ဝင်နန်းတော်ကုမ္ပဏီကို အပြီးတိုင် တိုက်ဖျက်၍ သိမ်းယူနိုင်ရန် ပိရိသေချာစွာ စီစဉ်နေခြင်း ဖြစ်သည်။

ကုမ္ပဏီတစ်ထောင် 'စက္က'က အားရကျေနပ်သော အသံဖြင့် ဝင့်ကြွားစွာပြောနေသည်။

"ကျုပ်တွက်ကြည့်ပြီးပြီ. . . တော်ဝင်နန်းတော်ကုမ္ပဏီဟာ ဆက်လက်ရှင်သန်နိုင်ဖို့အတွက် ငွေပေါင်းကုဋေနဲ့ချီပြီး လိုနေတယ်၊ သူတို့လက်ထဲမှာ ငွေသားလက်ကျန်လည်း သိပ်မရှိလှဘူး၊ သူတို့ရဲ့ နောက်ထပ်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဇဟိုရ်လင်းကုမ္ပဏီကို တာကွယ်နိုင်ဖို့အတွက်. . . တခြားပစ္စည်းတွေ ထုခွဲရောင်းချတော့မယ်"

တော်ဝင်နန်းတော်ကုမ္ပဏီ၏ အထွေထွေအုပ်ချုပ်ရေးမှူးသည် သူ ထင်မှတ်ထားသည်ထက်ပင် အစွမ်းအစ ထက်မြက်သူဖြစ်နေသည်။

"တော်ဝင်နန်းတော်ရဲ့ အုပ်ချုပ်ရေးမှူးဟာ သူရဲ့ ရှယ်ယာတွေ တန်ဖိုးကျမသွားအောင်. . . ငွေများများစားစားရှာဖို့ မလွယ်ဘူး၊ ကုမ္ပဏီရဲ့ အခြေအနေကတော့ အတော်ကလေး ချိနဲ့နေပြီ"

ကုမ္ပဏီတစ်ထောင်စက္ကသည် မြွေဘီလူး 'တာဖူး'ဘက်သို့ မျက်နှာမူလိုက်သည်။

'ခင်ဗျားတို့ ၁၆. ဝိုင်း. သုံးဆင့်အဖွဲ့အနေနဲ့ တော်ဝင်နန်းတော်ကုမ္ပဏီက အလုပ်သမားတွေကြားမှာ ပြဿနာပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ အချိန်တန်ပြီ၊ ဒီတော့မှ. . . တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ ရှယ်ယာတွေဈေးကွေ ထိုးကျလာလိမ့်မယ်"

သူ၏မျက်နှာပေါ်၌ ကျေနပ်အားရမှုများ ပေါ်လွင်နေ၏။

သူ၏အကြံအစည်သာ အောင်မြင်ခဲ့ပါက ခရုကျွန်းရှိ စီးပွားရေးဈေးကွက်များ ကမောက်ကမဖြစ်ကုန်မှာ သေချာပေသည်။ ရင်းနှီးမြှုပ်နှံသူများပါ ဆုံးရှုံးမှုကြီးများစွာနှင့် ရင်ဆိုင်ရပေလိမ့်မည်။

'ဟန်မော်'က. . .

"တခြား . . . စီးပွားရေး သမားတွေအနေနဲ့ကကော ဝင်ပြီး. . . မကူညီကြဖူးလား"

စက္ကာက မျက်နှာကို မဲ့ပြလိုက်ပြီး . . .

"ဘယ်သူကမှ ကူညီဖို့ စိတ်မကူးကြဘူး၊ သူတို့က မနာလိုတဲ့စိတ်၊ လောဘစိတ်တွေ. . . ရင်မှာပိုက်ပြီး တော်ဝင်နန်းတော်ကုမ္ပဏီပြိုလဲ ပျက်စီးသွားတာကို ဝမ်းသာအားရနဲ့ ကြည့်ချင်နေကြတဲ့လူတွေ . . ."

'ဟန်မော်' က တစ်ချက်ပြုံးလိုက်သည်။

ထိုအပြုံးက ကောက်ကျစ်သည့်အပြုံး။

"တကယ်လို့. . . အကူအညီပေးတဲ့လူ ပေါ်လာခဲ့ရင်လည်း. . . အကူအညီ မပေးနိုင်အောင် လုပ်ကြရမယ်"

ဟန်မော်နှင့် စက္ကာတို့သည် ဗဟိုရ်လင်းကုမ္ပဏီနှင့် တော်ဝင်နန်းတော်ကုမ္ပဏီတို့မှ ရှယ်ယာများကိုဝယ်သည်။ ထို့နောက်



ရှယ်ယာများကို ပေါက်ဈေးထက် နှိမ့်ချ၍ရောင်းသည်။ ရှယ်ယာဈေးများက ကမောက်ကမဖြစ်ပြီး၊ မငြိမ်မသက်ဖြစ်အောင် နှေ့စဉ်လုပ်ဆောင်နေကြသူများဖြစ်သည်။

စက္ကာက ထပ်၍ပြောသည်။

"ဒီတစ်ကြိမ် ကျုပ်တို့လုပ်ရတာ. . . ကျုပ်တို့ဘက်က အရင်းအနှီး သိပ်များလွန်းတယ်၊ ဒီတစ်ကြိမ် မအောင်မြင်ရင်တော့ ကျုပ်တို့ အကြီးအကျယ်ဆုံးရှုံးရလိမ့်မယ်၊ ဒီတော့. . . တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ အလုပ်သမားတွေကြားမှာ ပြဿနာဖြစ်လာအောင်လုပ်ဖို့ အချိန်ကျပြီ၊ ဒါမှ. . . ရှယ်ယာဈေးတွေ ထိုးကျလိမ့်မယ်""

၁၆. ဝိုင်. သုံးဆင့်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သော မြွေဘီလူး 'တာဗျူး' က မည်သည့်စကားမျှ မပြောဘဲ ငြိမ်၍နေ၏။

သူသည် ဒုစရိုက်မှုများ၊ အကြမ်းဖက်မှုများကို ပြုလုပ်နေသူဖြစ်သည်။ ဒုစရိုက်လောက၌ လွှမ်းမိုးနေသူလည်း ဖြစ်သည်။

မြွေဘီလူးတာဗျူးသည် ဘလူးလေဘယ်တစ်လုံးကို သောက်၍နေပေပြီ။

မြွေဘီလူး တာဗျူးက. . .

"ခင်ဗျား ပြောတဲ့အတိုင်း. . . ကျွန်တော့်ဘက်က အားလုံးစီစဉ်ပြီးပါပြီ၊ ဒါပေမယ့်. . . ပြောစရာတစ်ခု ကျန်သေးတယ်"

တာဗျူးက မော့်၍ကြည့်လိုက်၏။

သေးငယ်စင်းလဲသော မျက်လုံးအစုံက အရောင်လက်၍

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ အဆိပ်ပြင်းမြွေတစ်ကောင်၏ မျက်လုံးများနှယ် အန္တရာယ်ကြီး၍ ကြောက်မက်ဖွယ်ရာ ကောင်းနေပေသည်။

"အခုချိန်ထိ. . . ကျုပ်တို့ရဲ့ လက်ထဲကို ရွှေတစ်ကျပ်သားတောင် မရောက်သေးဘူး"

မြသင်းကြည်ကို ဟန်မော်က အကြွေးများဖြင့် အကျပ်ကိုင်မည်ဖြစ်ကြောင်း တာဗျူး သိထားသည်။

မြွေဘီလူး တာဗျူးက. . .

"ဒီကောင်မလေးကို. . . ခင်ဗျားတို့ဘက်က မရှင်းပစ်နိုင်ဘူးလား"

ဟန်မော်က ကျေနပ်အားရသံဖြင့်. . .

"နောက်အချိန်သိပ်မကြာတော့ပါဘူး၊ ခင်ဗျားတို့ဆီကို သူ အကြွေးပေးရမယ့် နောက်ဆုံးအချိန်က ဒီလကုန်လေ၊ အချိန်ကဘာမှ မရှိတော့ဘူး။ ဒီပုံစံအတိုင်း သူလာပို့ပေးနိုင်တော့မှာ မဟုတ်ဘူး. . ."

မြွေဘီလူး 'တာဗျူး'က မျက်မှောင်ကြုတ်လျက်. . .

"နေပါဦး၊ အဲဒီကောင်မလေး မရှိတော့ရင် ကျုပ် ရစရာရတဲ့အကြွေးတွေ. . . ပြန်ရဖို့အတွက် ဘယ်သူက တာဝန်ယူမှာလဲ"

ဟန်မော်က လက်မ ထောင်၍. . .

"ကျုပ်တာဝန်ယူတယ်၊ ဒေါက်တာ 'ချမ်းမြေ့မိုး'က ခင်ဗျားရစရာရှိတဲ့ အကြွေးတွေအတွက် ကျုပ်တာဝန်ယူတယ်. . . ခင်ဗျားအတွက် အားလုံးရပါစေမယ်"



◆

ဟန်မော်သည် တာပိုဆင်ဒီကိတ်မှ ဖြစ်သည်။

မြွေဘီလူး 'တာဗျူး'က ခရူကျွန်းမှ ၁၆. ၀ိုင်. သုံးဆင့်အဖွဲ့မှ ဒုစရိုက်သမားဖြစ်သည်။

ကုဋေတစ်ထောင် 'စက္က'မှာ စီးပွားရေးလောကသမားသက်သက် ဖြစ်သည်။

ရရှိသာရွှေများဖြင့် တော်ဝင်နန်းတော်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမည်။ ထိုရွှေများဖြင့် တန်ဖိုးညီမျှသော ရှယ်ယာများကို မြွေဘီလူး 'တာဗျူး'က သိမ်းယူမည်ဖြစ်သည်။

ထို့အပြင်. . .

တော်ဝင်နန်းတော်ကုမ္ပဏီ ပြိုလဲပျက်စီးသွားလျှင်. . .

ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူးအသစ်အဖြစ် 'ဟန်မော်'ကို ခန့်ထားမည်ဖြစ်သည်။ ထိုအချက်ကို ကုဋေတစ်ထောင်စက္က လုံးဝမသိသေးပေ။

ဒုစရိုက်အဖွဲ့အစည်းနှစ်ခု ဆက်စပ်မိရန် စီစဉ်ထားကြခြင်းပင်ဖြစ်သည်။

သူတို့ သုံးဦး၏ လျှို့ဝှက်အစည်းအဝေးပြီးဆုံးသောအခါ၌ လူခွဲလိုက်ကြသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

တာပိုမြို့၏ နေ့လယ်ခင်းအချိန်. . .

ခုတင်ပေါ်၌ ဆဲလျောင်းရင်းနှင့် သူမ မညာသင်ကြားခဲ့သော ကာလများကို ပြန်တွေးနေမိသည်။

သူမကို စိတ်ဝင်စားသူများစွာ ရှိခဲ့သည်။

သူမ၏ရင်ထဲ၌ ထက်နေဇလက ထာဝရလွှမ်းမိုးနေသဖြင့် မည်သူ့ကိုမျှ သူမ စိတ်မဝင်စားနိုင်ခဲ့ပေ။

ခြေသံသဲ့သဲ့နှင့် အတူ. . .

"သမီးငယ်လေး . . ."

လူယုံတော်ကြီး ဦးသိယ်၏အသံကြောင့် သူမ၏အတွေးများ လွင့်စင် ပျောက်ပျက်ကုန်တော့သည်။

"သမီးငယ်လေး. . .'ဟန်ခမ်' ရောက်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



'ဟန်မော်' ကို သူမ ကြောက်ရွံ့သော်လည်း ကြောက်ရွံ့စိတ်ကို ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်၏။

"သူ တစ်ယောက်တည်းလား. . . ဘာ"

"ဟုတ်တယ်. . . သမီးငယ်လေးနဲ့ သူက စကားပြောစရာရှိတယ်လို့ ပြောတယ်၊ သူ့ကို ကျောက်စိမ်းနန်းဆောင်ထဲမှာ စောင့်ခိုင်းထားပါတယ်"

သူမ အိပ်ရာမှ ထ၍ မှန်ရှေ့တွင် မြင်ဆင်လိုက်သည်။

လှေကားရင်းသို့အရောက်၌ သူမက လူယုံတော်ကြီး ဦးသိယ်အား တိုးတိုးမှာကြားသည်။

"ကျွန်မတို့ကို. . . စောင့်ကြည့်နေပါ"

ဦးသိယ်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် လျှို့ဝှက်ချောင်းကြည့်ပေါက်မှ ကြည့်နိုင်သော အခန်းငယ်လေးအတွင်းရှိ ဗီရိုတစ်လုံးထဲသို့ ဦးသိယ်ဝင်၍သွားပေတော့သည်။

◆

ကျောက်စိမ်း မှန်နန်းဆောင်အတွင်း၌ ဟန်မော်ရောက်၍နေသည်။ သူမ၏ဖခင် ထိုင်နေကျထိုင်ခုံ၌ အကျအနထိုင်နေသည်။

ဟန်မော်သည် အရပ်ရှည်သူဖြစ်သည်။



မျက်နှာက ဖြူဖတ်ဖြူလျော်၊ နှာခေါင်းက ရှည်၍ချွန်သည်။ မျက်လုံးများက မှေးလဲရက်စက်သည့် မျက်လုံးမျိုးဖြစ်သည်။

ချစ်ရမှာပြီးမှာ မကောင်းဆိုးဝါးကြီးတစ်ကောင်နှင့် တူလွန်းလှအည်ဟုဆိုရမည်။

မြသင်းကြည် အခန်းထဲသို့ ဝင်လာလျှင် သူက တစ်ချက်ပြုံး၍ သူမထံသို့ လျှောက်၍လာ၏။

ဟန်မော်၏အပြုံးက အသက်မပါသောအပြုံး။

ရောက်ရောက်ချင်းပင် မြသင်းကြည်က. . .

"နေပါဦး၊ ကျွန်မရဲ့ အိမ်ဘေးပတ်ဝန်းကျင်မှာ ရှင့်ရဲ့လူတွေကို ဘာဖြစ်လို့. . . အစောင့်ချထားရတာလဲ"

ဟန်မော်၏ ခြေလှမ်းရပ်၍သွားသည်။

မျက်နှာမဖျက်အောင်ထိန်းရင်း လိမ်၍ပြောလိုက်သည်။

"မင်းကိုစောင့်ပြီး တိုက်ခိုက်တာ ဘယ်သူတွေလဲဆိုတာ ငါတို့ အခုထိ မသိရသေးဘူး၊ မင်းကို အန္တရာယ်မရှိအောင် အကာအကွယ်ပေးဖို့ ဝေလီကိုး. . . ငါက ပြောထားလို့ပါ"

"ကောင်းပြီ၊ ဝေလီကို ဘယ်သူက အမိန့်ပေးလိုက်တာလဲ"

"ငါ. . . အမိန့်ပေးလိုက်တာ"

ဟန်မော်သည် သူစကားပြောမှားသွားပြီ ဖြစ်မှန်းသိလိုက်သည်။

မြသင်းကြည်က သူမ၏ဖခင်ထိုင်နေကျ ထိုင်ခုံ၌ထိုင်လိုက်ရင်းမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"တာပိုဆင်ဒီကိတ်ရဲ့ ခေါင်းဆောင်က. . . ကျွန်မပါ၊ ရှင်မဟုတ်ပါဘူး၊ ကျွန်မရဲ့စံအိမ်လုံခြုံမှုအတွက် လိုအပ်ရင် ဝေလီကို ကျွန်မကိုယ်တိုင် အမိန့်ပေးမယ်"

"ဒီကိစ္စနဲ့ ငါတို့ . . . စကား မများသင့်ဘူးထင်တယ်၊ ငါက မင်း. . . အန္တရာယ်ဖြစ်မှာစိုးလို့ စိစဉ်လိုက်တာပါ"

မြသင်းကြည် ထိတ်လန့်ကြောက်ရွံ့နေသည်ဟု ဟန်မော်ထင်မိသည်။ သူနှင့်ဝေလီ၏ ပူပေါင်းတိုက်ခိုက်မှု အတော်လေး ထိရောက်ခဲ့သည်ဟု တွေးမိသည်။

ဟန်မော်က သူမနှင့် မျက်နှာချင်းဆိုင်နေရာရှိ ထိုင်ခုံတစ်လုံးတွင် ဝင်၍ထိုင်သည်။

"မင်းက အသက်ငယ်သေးတယ်၊ မင်းမှာက အန္တရာယ်တွေ ဝိုင်းနေတယ်ဆိုတာ. . . မင်းကိုယ်တိုင်လည်း အသိပဲ၊ ငါကတော့ မင်းကို. . . ငယ်ငယ်ကတည်းက ဂရုတစိုက်ရှိခဲ့ပါတယ်"

ဟန်မော်မှာ စိတ်လှုပ်ရှား၍နေ၏။

မြသင်းကြည်နှင့် တွေ့မိသည်နှင့် သူ၏စိတ်များ ဖောက်ပြန်၍နေ၏။ သွေးသားရမ္မက်ဆန္ဒများ ဖြစ်ပေါ်၍နေသည်။

မြသင်းကြည်မှာ စိတ်ကိုတင်း၍ထားသည်။

အတိတ်ကာလမှ အကြောင်းများကို သူမ ပြန်၍တွေးမိချိန်၌ ဟန်မော်အပေါ်၌ မုန်းတီး၊ ရွံရှာ၍လာမိသည်။

ဟန်မော်သည် သူမ၏ဖခင်ထံ၌ လူယုံတစ်ဦးအဖြစ် အမှုထမ်းဆောင်ခွင့်ရသူဖြစ်သည်။ ထို့ပြင် သူသည် စံအိမ်တံခါးကြီး၏ တန်းလျားတစ်ခု၌ နေခွင့်ရသူဖြစ်သည်။ သူမ၏ အထိန်းတော်ကြီးက 'ဟန်မော်' ရမ္မက်ကြီးပုံများ၊ သွေးသားဆန္ဒသောင်းကျန်းပုံများ၊ သူ သွားတတ်သောနေရာများအကြောင်းကို ပြောပြလေ့ရှိသည်။



ဒေါက်တာ 'ချမ်း' အသက်အရွယ်ကြီးရင့်လာချိန်. . .။

တစ်ခုသောည. . .

ဟန်မော်သည် မြသင်းကြည်ထံသို့လာ၍ မတရားကျင့်ကြံရန် ကြိုးစားသည်။ သူမက ပြန်လည် ခုခံတိုက်ခိုက်မှုကြောင့် နောက်ဆုံး၌ ဟန်မော် အကြံမအောင်ဘဲ ထွက်ပြေးသွားသည်။ မြသင်းကြည်သည် ချက်ချင်းပင် သူမ၏ဖခင်ထံသို့ သွား၍တိုင်ခဲ့သည်။ သို့သော် ဟန်မော်က ခြောင်လိမ်၊ ခြောင်ပြင်းပယ်သည်။ အိမ်ဖော်များကလည်း ဟန်မော်ကို ကြောက်ရွံ့ရသူများဖြစ်၍ အမှန်အတိုင်း မပြောဝံ့ကြပေ။

၀

နောက်ပိုင်းတွင်. . .

ဟန်မော်သည် ပို၍လက်ရဲ ဇက်ရဲနိုင်၍လာသည်။

မြသင်းကြည်ကို သူနှင့်လက်ထပ်ပေးပါရန် ဒေါက်တာချမ်းကို တောင်းဆိုလာသည်။ သူမကိုယ်တိုင်ကလည်း ဟန်မော်နှင့် သူမကို မပေးစားရန် ဖခင်ထံ တောင်းပန်သည်။ ဒေါက်တာချမ်းကလည်း သမီးကို ဟန်မော်နှင့် မပေးစားလိုပေ။ ဒေါက်တာချမ်း အနေဖြင့် ဟန်မော်အပေါ်၌ အကြီးအကျယ် ဒေါသထွက်ခဲ့ရသည်။ ဟန်မော်ကို သတ်ပစ်လုမတတ်အထိ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဖြစ်ပျက်ခဲ့ပြီးနောက်ပိုင်း၌. . .

ဟန်မော် ငြိမ်၍သွားသည်။ အခြေအနေနှင့် အခွင့်ကောင်းကို ငြိမ်၍စောင့်ဆိုင်းနေခြင်းပင်ဖြစ်သည်။

ထိုအတောအတွင်းကာလမှာပင် မြသင်းကြည် နိုင်ငံခြား၌ ပညာသင်ကြားရန် ထွက်သွားခဲ့သည်။

အချိန်ကာလများသည် တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်။

သူမအနေဖြင့် ဟန်မော်နှင့် ပတ်သက်သော နာကြည်းခါးသည်းသည့်ခံစားမှုများ ပျောက်ပျက်သွားခြင်းမရှိသေးပေ။

ယခုအခြေအနေ၌ ပို၍ဆိုးရွား၍ပင်လာပြီဖြစ်သည်။

ဟန်မော်က ဆက်၍ ရဲတင်းစွာပင် ပြောသည်။

"ဒီမှာ မြသင်းကြည်. . . မင်းကို ငါလက်ထပ်ပါရစေ၊ ဒါဆိုရင်. . . မင်းလည်း ဒီစံအိမ်ကြီးမှာ အမြဲနေသွားနိုင်မယ်၊ မင်းအတွက်လည်း သစ္စာရှိပြီး စိတ်ချအားကိုးရတဲ့ လင်ယောကျ်ားတစ်ယောက်ရပြီးသား ဖြစ်သွားမှာပေါ့"

သူမ၏ရင်ထဲ၌ မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိသည်။

ဟန်မော်ကို လက်ထပ်လိုက်သည်နှင့် သူမ၏လိုချင်မှုများအားလုံးကွယ်ပျောက်သွားပေသည်။ သူမ ပိုင်ဆိုင်သမျှ အားလုံးကိုလည်း ဟန်မော်အား လွှဲပေးလိုက်ရမည်ဖြစ်သည်။ တာဝိုဆင်ဒီကိတ်၏နေရာကို ဟန်မော်က လက်လွှဲရယူမည်ဖြစ်သည်။

သူမကိုယ်တိုင်လည်း လဝိုင်းမှသာ အသက်ရှင်ရပ်တည်ခွင့်ရနိုင်ပေတော့မည်။



မြသင်းကြည်က ကြွေမပျက် တည်ငြိမ်စွာပင် ပြောသည်။

"တာဝိုဆင်ဒီကိတ်ရဲ့ ခေါင်းဆောင်နေရာဟာ. . . အမေ့ရဲ့ အမွေပါ။ ဒီနေရာကို ရယူနိုင်ဖို့အတွက် အခက်အခဲတွေ အများကြီးရှိတာ အမှန်ပါပဲ၊ ဒါကြောင့်လည်း ကျွန်မအနေနဲ့ အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားပါတယ်၊ ကျွန်မရဲ့အတွင်းလူယုံတော်ကြီး ဦးသိယ်တတော့. . . ဗညားနဲ့လက်ထပ်ဖို့ ပြောနေပါတယ်"

ဟန်မော် မျက်နှာတစ်ချက် ပျက်သွားသည်။

စိုးရိမ်သောလေသံဖြင့်. . .

"ဘာ. . . ဗညား. . . ဟုတ်လား၊ ဒီကောင်. . . မင်းကိုလက်ထပ်ချင်တယ်လို့. . . ကမ်းလှမ်းလာလို့လား"

မြသင်းကြည်က မသိမသာပြုံး၍ ပြောသည်။

"ဗညားက ကျွန်မကို တိုက်ရိုက် မပြောသေးပါဘူး၊ ဦးသိယ်တို့ ကပ်ပြီး. . . ခဏ,ခဏ ပြောနိုင်းနေတာပါ"

ဟန်မော် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍သွားသည်။ လူယုံတော်ကြီး ဦးသိယ်အနေနှင့် ဤကိစ္စတွင် တိုက်တွန်းပြောဆိုရလေသနည်းဟု စဉ်းစားကြည့်မိသည်။

သို့သော် အဖြေမပေါ်။

ဟန်မေက ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

"ဗညားက. . . မိန်းမ သိပ်ရှုပ်တဲ့အကောင်၊ သူနဲ့လက်ထပ်ရင် မင်းဒုက္ခရောက်မှာပဲ၊ မင်းအတွက် ဘာမှ. . . အကျိုးရှိမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ သူ့ကို အဖွဲ့ထဲက လူတွေကလည်း မလေးစားကြဘူး၊ ကျန်တဲ့လူတွေက ငါ့ကိုပဲ ဆင်ဒီကိတ်ခေါင်းဆောင်အဖြစ် တင်ချင်ကြတယ်၊ မင်းရဲ့အဖေကလည်း. . . မင်းကို ဒီလို အခြေအနေမျိုးမှာ ထားခဲ့ချင်မှာ မဟုတ်ဘူး"

သူမက ခေါင်းခါလျက်. . .

"ဒီအချက်ကတော့ ရှင်မှားသွားပြီ၊ အဖေကိုယ်တိုင် သူရဲ့အမွေကို. . . ကျွန်မပဲ ဆက်ဆံစေချင်တယ်"

"ဒေါက်တာ 'ချမ်း' အနေနဲ့ ဒီလိုသဘောထားချင်မှ ထားမယ်၊ သူရဲ့နေရာမှာ ဆက်ခံဖို့ ဘယ်သူ့ကိုရွေးချယ်ထားသလဲ ဆိုတာကိုလည်း ဘယ်သူကမှ. . . သူ့ကို မမေးရဲကြဘူးလေ"

"တာပိုဆင်ဒီကိတ်ရဲ့ ခေါင်းဆောင်အဖြစ်. . . ကျွန်မကိုပဲ အဖေက ခန့်ထားခဲ့တာ"

မြသင်းကြည်တွင် ဆင်ဒီကိတ်နှင့် ပတ်သက်နေသော လျှို့ဝှက်ချက်များရှိသည်ကို ဟန်မော်သိထားသည်။ စံအိမ်ကြီး၏ အောက်ထပ်၌ သိမ်းဆည်းထားသော ငွေများ၊ ရတနာပစ္စည်းများ အရေးကြီးသောနာမည်များ၊ စာရင်းများ၊ ဘဏ်မှ လျှို့ဝှက်ငွေစာရင်းနံပါတ်များ သူမထံ၌သာရှိသည်။ ဤအရာများကို ဟန်[illegible] အနေဖြင့် ရယူနိုင်ဖို့ အရေးအကြီးဆုံးအချက်ဖြစ်သည်။ ဤအရာများမရှိဘဲနှင့် ဆင်ဒီကိတ်ကို သူ မည်သို့မျှ ခေါင်းဆောင်၍ မရနိုင်ပေ။ သူ့ဘက်မှ လက်ထပ်ရန် ကမ်းလှမ်းမှုကို သူမအနေဖြင့် လက်မခံခဲ့ပါက ဖြစ်လာနိုင်မည့် အခြေအနေများကို ဟန်မော်က ထုတ်၍ ပြောလာလေတော့သည်။

"ငါနဲ့မင်း လက်မထပ်ဘဲ. . . မင်းဆီက အမွေဆက်ခံခွင့်တွေကို ရယူနိုင်တဲ့ တခြားနည်းလမ်းတွေ ငါ့မှာရှိပါတယ်၊ မင်းရဲ့အမေ. . . ဘယ်လိုမျိုးဖြစ်သွားခဲ့တယ်ဆိုတာ မင်းပြန်ပြီး သတိရကြည့်စမ်းပါ၊ အင်း. . . ငါကတော့ မင်းရဲ့ လုံခြုံမှုအတွက် အတော့်ကို စိုးရိမ်နေတယ်၊ ဘယ်အတိုင်းအတာထိ ယုံကြည်ရတဲ့လူပဲဖြစ်ဖြစ်. . . သစ္စာဖောက် မဟုတ်ဘူးလို့ ဘယ်သူကမှ ရေရှည်အာမခံပြီး မပြောနိုင်ဘူး"

ဟန်မော်က ခြိမ်းခြောက် သတိပေးနေခြင်းပင်ဖြစ်သည်။ ထို့အပြင် သူမနှင့် အနီးကပ်ဆုံးနေသူများထဲ၌ သစ္စာဖောက်ရှိနေသည်ဟု ဟန်မော်က ထပ်၍ပြောလာပြန်သည်။ သူမဘက်မှ အားနည်းချက်ကို ဟန်မော် သိနေပြီဖြစ်ပေသည်။

မြသင်းကြည်သည် စိတ်ကို ထိန်းချုပ်လျက် ထိုင်ရာမှ ထ၍ ရပ်လိုက်သည်။

"ရှင်ပြောတဲ့ အချက်တွေကို ကျွန်မ. . . အလေးအနက်ထားပြီး စဉ်းစားမှာပါ၊ ကျွန်မမှာ. . . အားကိုးရမယ့် ညီအစ်ကိုမောင်နှမအရင်းအချာ မရှိဘူး၊ အိမ်ထောင်ပြုဖို့ကိစ္စဆိုတာက မိန်းကလေးတွေအတွက်. . . သေသေချာချာ စဉ်းစားချင့်ချိန်ရမယ့်ကိစ္စတစ်ခု ဖြစ်နေတယ်၊ ဒါပေမဲ့ အိမ်ထောင်ပြုဖို့အတွက် ကျွန်မအချိန်ယူပြီး. . . စဉ်းစားချင်ပါသေးတယ်"

ဟန်မော်က မျက်လုံးပြူး၍ သူမကို တစ်မက်[illegible]ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တံတွေး မျိုချလိုက်သည်။

"မင်းစဉ်းစားတာ. . . ဘယ်လောက်အထိကြာဦးမှာလဲ"

"အင်း . . . သိပ်တော့ မကြာလှပါဘူး"

"ဒါဆို . . ငါတို့ နှစ်ယောက် စေ့စပ်ထားလိုက်ရင် မကောင်းဘူးလား"

ဟန်မော်မှာ သူ၏ရည်မှန်းချက် မအောင်မြင်နိုင်သေးသဖြင့် သူ၏အနေအထား ခိုင်မာတည်မြဲရေးအတွက် ကြိုးစားလိုက်ပြန်သည်။

မြသင်းကြည်က ပြုံး၍ နူးညံ့စွာပြောသည်။

"ဒီလောက်လည်း . . . မလိုအပ်သေးပါဘူးလေ. . ."

သူမက ဟန်မော်၏အနီးမှ ဖြတ်၍လျှောက်လာရင်းမှ ဆက်ပြီး ပြောသည်။

"ကျွန်မတို့နှစ်ယောက် . . . အကောင်းဆုံး မိတ်ဆွေတွေဖြစ်လာဖို့ အလားအလာတော့ များတယ်"

ဟန်မော်အား တံခါးဝအထိ သူမက လိုက်၍ပို့ပေးသည်။

ဟန်မော် ထွက်ခွာသွားသောအခါ အတွင်းလူယုံတော်ကြီး ဦးသိယံ ပုန်းအောင်းနေရာမှ အသာလေးထွက်၍ လာလေတော့သည်။

◆



ဦးသိယံက ခေါင်း တဆတ်ဆတ်ညိတ်လျက် . .

"အင်း . . . သမီးငယ်လေးပြောလိုက်တဲ့ စကားတွေက သိပ်ပြီးကောင်းတာပဲ"

ဟန်မော် ကားပေါ် သို့ တက်ရန်အတွက် သူ၏ကားမောင်းသမားက တံခါးဖွင့်၍ပေးပြီး ကားမောင်း ထွက်ခွာသွားသည်။

မြသင်းကြည်က ထိုမြင်ကွင်းကို စိုက်၍ကြည့်နေရင်းမှ . . .

"သူ့ကို . . ကျွန်မ အရူးလုပ်ပစ်လိုက်တာလေ၊ မကောင်းဘူးလား"

ဦးသိယံက အားပေးနှစ်သိမ့်သောလေသံဖြင့် . . .

"ပဲ့နင်းနဂါးလည်း လျှို့ဝှက်ပြီး လှုပ်ရှားနေပါပြီ၊ နောက်တစ်ခုက ဟန်မော်ဆိုတဲ့ကောင်ဟာ . . . မြွေဘီလူးတာဖျူးနဲ့ ကုဋေတစ်ထောင်စက္ကတို့ကို သွားပြီးတွေ့တယ်ဆိုတဲ့သတင်း . . . ဘဘတို့ တိတိကျကျ ရထားပြီးပါပြီ"

အခြေအနေက သူမအတွက် စိတ်မချရသေးပေ။

"တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ အုပ်ချုပ်ရေးမှူးနဲ့ ဆက်သွယ်ပါ . . . ဘဘ၊ သူရဲ့ ကုမ္ပဏီပြန်ပြီး ပိုင်ဆိုင်ခွင့်ရနိုင်ဖို့အတွက် သူအတော်ကြိုးစားပြီး ရင်ဆိုင်တိုက်ခိုက်ရလိမ့်မယ်၊ သူ့ဘက်က ကျွန်မတို့ပါ ကူပေးမယ်လို့ . . . ပြောလိုက်ပါ၊ တော်ဝင်နန်းတော်ကုမ္ပဏီကို သူကိုယ်တိုင်ပြန်ပြီး ထိန်းချုပ်နိုင်မှ ကျွန်မတို့ပါ အသက်ရှင်ချောင်မယ်၊ ကျွန်မတို့တာတော့ ချောင်ပိတ်မိနေတာနဲ့ပဲ၊ ဘဘ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပဲ သူဆီသွားပြောပေးပါ. . .”

သူမ၏အတွေးအာရုံ၌ ‘ဟန်မော်’ ကိုသာမြင်၍နေမိသည်။ ဟန်မော်၏ တောင်းဆိုချက်အတိုင်း လက်ထပ်လိုက်ရလျှင် သူမအတွက် ကြီးမားသော ဆိုးကျိုးများသာ ခံစားရမည်ဖြစ်ကြောင်း သိနေသည်။ ဟန်မော်၏လက်မှလွတ်အောင် သူမအနေဖြင့် မနည်း ကြိုးစားရုန်းကန်ရမည်ဟု တွေး၍ သူမ၏ မျက်နှာပြင်မှာ ဖြူဖျော့၍လာသည်။

မြသင်းကြည်သည် လက်သီးကို တင်းကျပ်စွာဆုပ်၊ အံကြိတ်လျက် ခံပြင်းစွာပြောလိုက်သည်။

“ကျွန်မလေ. . . အဲဒီလူကို တစ်ခါတည်း အသေသတ်ပစ်လိုက်ချင်နေပြီ”

ဦးသိယ်က တည်ငြိမ်စွာဖြင့်ပြောသည်။

“ဒီလို အခြေအနေမျိုးမှာ စိတ်ရှည်လက်ရှည်နဲ့ ပင်လယ်အော်ထဲမှာ စောင့်ကြည့်ပါ။ သမီးငယ်လေး အဖေတုန်းကလည်း ဒီလိုပဲကြုံခဲ့ရလို့ ဒီလိုပဲ. . . ပြောခဲ့ဖူးတယ်၊နောက်ထပ် သိပ်မကြာခင်မှာ သမီးလေးရဲ့ ရန်သူတွေဟာ ပင်လယ်အော်ထဲမှာ မျောပြီးပါလာတာကို တွေ့ရပါလိမ့်မယ်”

မြသင်းကြည်က. . .

“ကျွန်မအဖေတုန်းကလည်း ဒီလိုပဲလား. . . ဘဘ”

“ဟုတ်ရှာယ်. . . ဒီအတိုင်းပဲ”

သူမ အံကို တင်းတင်းကြိတ်လိုက်သည်။



“ငါဟာ. . . ငါ့အဖေရဲ့သမီး၊ ငါ့အဖေရဲ့သွေး အပြည့်ပါတယ်၊ ငါ့အဖေရဲ့သတ္တိမျိုး မွေးနိုင်ရမယ်. . .”!

သူမ၏ရင်ထဲမှ နိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

ကျော်စိုးမိုး . . .

တော့ဝင်နန်းတော်ရောင်းဝယ်ရေးကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးဖြစ်သည်။

သူသည် ဇမ္ဗူရာဇ်ဟိုတယ်၏ ကပွဲခန်းမကျယ်ကြီး၏ အတွင်း၌ မတ်တပ်ရပ်နေမိသည်။ ယခု ညစ်ခံပွဲသည် အရေးကြီးသည့် ညစ်ခံပွဲဖြစ်သည်။ သူ၏ကုမ္ပဏီ၌ ပြဿနာများ အကျပ်အတည်း ဒုက္ခများကြုံနေချိန်ဖြစ်သော်လည်း ဂုဏ်သိက္ခာအတွက် သူ ရောက်လာရခြင်းဖြစ်သည်။

မြူးကြွသည့် တေးဂီတသံများ . . .

ပြောင်လက်တောက်ပသည့် ဝတ်စားဆင်ယင်မှုများ . . .

ရှုပ်ထွေးနေသောလူအုပ်များနှင့်, ဝေးရာ၌ သူသွား၍

www.burmeseclassic.com

www.burmeseclassic.com



နေချင်ပေသည်။ လူအုပ်တွင်းမှ အမျိုးသမီးတစ်ဦး ခွဲ၍ထွက်လာပြီး ကျော်စိုးမိုးထံသို့ လျှောက်လာသည်။

အမျိုးသမီး၏အမည်မှာ 'ဆူဇီ' ဖြစ်သည်။

သူမသည် ခေတ်ဆန်လှပသူဖြစ်၍ တစ်ကိုယ်လုံး ပြောင်လက်တောက်ပစွာ ဝတ်ဆင်ထားသည်။ သူမ၏ခင်ပွန်းမှာ ကောင်းဆိုင်ကျွန်းဆွယ်ဘဏ်၏ ဥက္ကဋ္ဌဖြစ်သည်။

ဆူဇီက ပြုံးချိုသော မျက်နှာဖြင့်. . .

"ကိုကျော်စိုးမိုးရဲ့ ဇနီးကော. . . မတွေ့ပါလား"

သူမ သိလျက်နှင့် မေးလိုက်ခြင်းပင်ဖြစ်မည်ဟု ကျော်စိုးမိုးထင်သည်။ ကျော်စိုးမိုး၏ အိမ်ထောင်ရေးမှာ အဆင်မပြေလှ။ ဇနီးဖြစ်သူနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြပေ။ သို့သော် ကျော်စိုးမိုးသည် ရုပ်ရည်ပြေပြစ်၍ ဥပမိရုပ်ကောင်းသူဖြစ်သည်။ စိတ်ဓာတ်ခိုင်မာသူ တစ်ဦးလည်းဖြစ်သည်။

ကျော်စိုးမိုးက ပခုံးတစ်ချက်တွန့်လျက်. . .

"ခင်ဗျားမြင်တဲ့အတိုင်းပဲ. . . ကျွန်တော်ဇနီး ကျွန်တော့်ဘေးမှာ မရှိဘူးလေ"

"ရှင့်ဇနီးအတွက် ရှင်. . . စိတ် မပူဘူးလား"

အမှန်စင်စစ်. . .

ဆူဇီသည် ကျော်စိုးမိုးကို တစ်ချိန်သောအခါက နှစ်သက်တွယ်တာစွဲလမ်းခဲ့သူဖြစ်သည်။ ယခုအချိန်ထိလည်း မပျောက်ပျက်သေး။ ကျော်စိုးမိုးဇနီးဖြစ်သူ 'မေဝင့်ရှိန်' အပေါ်၌ ဝန်တိုစိတ်



မနာလိုစိတ်ဖြစ်လျက်ပင် ရှိသေးသည်။

မေဝင့်ရှိန်၏အကြောင်းကို ဆူဇီသိထားသည်။

ဆူဇီက. . .

"ရှင်က. . . သူ့ကို ဘာဖြစ်လို့ ကွာမပစ်နိုင်ရသေးတာလဲ၊ ရှင့်ရဲ့ကုမ္ပဏီမှာ ရှယ်ယာအများစုက. . . သူ့ရဲ့ရှယ်ယာတွေ ဖြစ်နေလို့လား"

ကျော်စိုးမိုး ပြန်မပြောဘဲ နှုတ်ပိတ်၍ပင်နေလိုက်မိသည်။

စိတ်ထဲမှာမူ မေဝင့်ရှိန်အပေါ်၌ သူချစ်နေသေးသည်ကို သိနေသည်။ မိမိတို့နှစ်ဦး၏ အချစ်များ ပျောက်ပျက်ကုန်ရတော့မည်ကိုတွေး၍ ဝမ်းနည်းနေမိပေသည်။

ကျော်စိုးမိုးက မသိမသာပြုံး၍. . .

"မေဝင့်ရှိန်က သူ့ရှယ်ယာနဲ့ သူပါ၊ ဒီအကြောင်းကိုလည်း ခင်ဗျား နားလည်မှာပါ"

"ကျွန်မ ဒီလို မပြောသင့်မှန်းသိပါတယ်၊ ရှင့်အတွက် စိတ်မချမ်းသာစရာတွေနဲ့ ထပ်ပြီး ကြုံနေရမှာစိုးလို့ ကျွန်မ ပြောမိတာပါ. . ."

ဆူဇီ၏ခင်ပွန်းဖြစ်သူ ဦးမိုးဆက်မြိုင်သည် သူတို့ထံသို့ လျှောက်၍လာသည်။ ဆူဇီက ဦးမိုးဆက်မြိုင်လက်မောင်းကို ညင်သာစွာချိတ်လိုက်သည်။

ဦးမိုးဆက်မြိုင်သည်လည်း သူ၏ဇနီးကို သိပ်မနိုင်လှသော လူတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမိုးက. . .

"ခင်ဗျားရဲ့ဘဏ်အဖွဲ့မှာ. . . ကျွန်တော်တင်ပြထားတဲ့ ကိစ္စရဲ့ အခြေအနေကို. . . သိချင်လို့ပါ"

ဆူဇီက သူတို့စကားပြောသည်ကို စိတ်မဝင်စားအဲ၊ သူ၏အသိတစ်ဦးကို တွေ့လိုက်မိသဖြင့် အနီးမှ လှည့်ထွက်သွားသည်။

ဦးမိုးဆက်မြိုင်က ခေါင်းညိတ်လိုက်ပြီး. . .

"ဪ. . . အင်း . . ."

ဦးမိုးဆက်မြိုင်၏အသံက အသက်မပါလှ။ လိုက်လိုက် လှဲလှဲမရှိလှ။

ကျော်စိုးမိုး၏ ကုမ္ပဏီမှ အရေးပေါ်အကြွေးများဆပ်ရန် ငွေလိုသည်။ ဦးမိုးဆက်မြိုင်၏ဘဏ်မှ ငွေထုတ်ချေးပေးရန်တင်ပြထားခြင်းဖြစ်သည်။ ပြန်ဆပ်မည့်ကာလမှာ ရက်တစ်ရာအတွင်းဖြစ်သည်။ ထို့သို့ ထုတ်ချေးရန်အတွက် ကျော်စိုးမိုးက သူ့တွင် ရှိသမျှသော ရပိုင်ခွင့်အားလုံးကို အပေါင်အဖြစ် ထားရမည် ဖြစ်သည်။ သို့သော် ချေးငွေပမာဏများမှာ မညီမမျှ။ ချေးငွေက ပိုရှိများပြားနေပေသည်။

ဦးမိုးဆက်မြိုင်က ကျော်စိုးမိုးကို စိုက်ကြည့်လိုက်၏။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ခင်ဗျားကို ကျွန်တော်တို့ဘဏ်က မကူညီနိုင်ဘူး၊ ခင်ဗျားရဲ့ တော်ဝင်နန်းတော် ကုမ္ပဏီနဲ့ ကျွန်တော်တို့ လက်တွဲဆောင်ရွက်လာကြတာတော့ ကြာပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့က ကုဋေတစ်ထောင်စက္ကာအတွင်း ဦးစားပေးပြီး ဆောင်ရွက်ပေးရပါလိမ့်မယ်"

ကျော်စိုးမိုးက တုန်လှုပ်၍သွားရသည်။

ကောင်းဆိုင်ကျွန်းဆွယ်ဘဏ်သည် တော်ဝင်နန်းတော် ကုမ္ပဏီနှင့် အစကတည်းကပင် ခရုကျွန်း၌ လက်တွဲလုပ်လိုလာကြသည်။ လုပ်ငန်းကြီးအတော်များများ၌လည်း ဖက်စပ်လုပ်ကိုင်ခဲ့ကြဖူးပေသည်။

သို့သော်. . .

တော်ဝင်နန်းတော်ကုမ္ပဏီ၏ အကြွေးများနှင့် အဖွဲ့အတွင်းအခြေအနေ လျှို့ဝှက်ချက်များကို ဦးမိုးဆက်မြိုင်က သိထားနေပေသည်။ ထို့ကြောင့်လည်း မိုးဆက်မြိုင်၏ဘဏ်သည် ကုဋေတစ်ထောင်စက္ကာတို့အုပ်စုဘက်သို့ လိုက်ပါသွားခြင်းပင်ဖြစ် သည်။

ဦးမိုးဆက်မြိုင်က. . .

"အခုချိန်မှာ စီးပွားရေးလုပ်ငန်းတွေက သိပ်လှုပ်နေတယ်၊ ခင်ဗျားကိုယ်တိုင်လည်း သိမှာပါ၊ နေရာတစ်ခုတည်တံ့ပြီး အသက်ရှင်နိုင်ဖို့ အခြေအနေအရ ကြည့်ပြီး အလုပ်လုပ်ကြရမှာပဲ၊ ခင်ဗျားအနေနဲ့ စိတ်မလျှော့ပါနဲ့ဦး၊ တခြားနေရာတွေမှာ ကြိုးစားကြည့်ပါလား . . ."

ကျော်စိုးမိုးက မဲ့ပြုံးတစ်ချက်ပြုံးလျက်. . .

"ခင်ဗျားကိုယ်တိုင်က မကူညီနိုင်ဘူးဆိုမှတော့ တခြားဘယ်ဘဏ်ကမှ ကူညီကြမှာ မဟုတ်ဘူး"

ဦးမိုးဆက်မြိုင်က အပြုံးမပျက် လှည့်၍ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင်. . .

ကျော်စိုးမိုးသည် တံခါးစောင့်က သူ၏လက်ထဲသို့ ကွယ်ဝှက်ထိုးပေးလိုက်သည့် အရာကို အကျႌအိတ်ထဲမှ နှိုက်ယူလိုက်၏။

သူ၏လက်ထဲ၌ စာကလေးတစ်စောင်ပါလာသည်။

စာထဲ၌ လာရောက်တွေ့ဆုံရမည့်နေရာနှင့် အချိန်ကို တိကျသေချာစွာ ရေးသားထားသည်။ အောက်ဘက်၌ထိုးထားသည့် လက်မှတ်မှာ သူ မြင်ဖူး တွေ့ဖူးနေကျဖြစ်သည့် လက်မှတ်ဖြစ်သည်။

'တာပို' မှ အဆက်အသွယ်ဖြစ်ကြောင်း သိလိုက်သည်။

သူသည် ဟိုတယ်ထဲ၌ နာရီဝက်ခန့် အချိန်ကုန်ခံ၍ နေပြီးမှ ထွက်လာခဲ့ပေသည်။

◆

ဆိပ်ကမ်းလမ်းမှနေ၍ တစ်နာရီနီးပါးမျှကြာအောင် မောင်း၍လာသည်။ အရှေ့ဘက်ကျွန်းဆွယ်ဘက်ရှိသော 'ဇီးပင်းရွာ' ဘက်သို့ ကားကို မောင်းနှင်လာသည်။

ထို့နောက် ကားကို တံတားငယ်တစ်ခုအနီး၌ ရပ်သည်။

ကားပေါ်မှ ဆင်း၍ ကျောက်ပြားများခင်းထားသည့် လမ်းအတိုင်း ကျော်စိုးမိုး လျှောက်လာခဲ့သည်။

အချိန်မှာ နံနက် သုံးနာရီခန့်ရှိပေပြီ။



မြူနှင်းများ ဝေဆိုင်းပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ရာသီဥတုမှာ ပူအိုက်၍နေ၏။

မကြာခင်မှာပင်. . .

လိပ်စာ၌ ဖော်ပြထားသော ဈေးဆိုင်တစ်ဆိုင်၏ ရှေ့ဘက်၌ ခေတ္တမျှ ရပ်တန့်လိုက်သည်။

ရွာထဲ၌ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

ထိုအချိန်မှာပင်. . .

ဆိုင်၏အတွင်းဘက် မှန်ပြတင်းပေါက်အနီးမှကပ်၍ အပြင်သို့ကြည့်ရှုနေသည့် မျက်နှာတစ်ခုကို သတိပြုလိုက်မိသည်။

အတွင်းဘက်မှ တံခါးဖွင့်သံနှင့်အတူ တံခါးပွင့်၍လာ၏။

ရုပ်ရည် ချောမောပြေပြစ်သော သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး တံခါးဝ၌ရပ်၍နေသည်။ သူမက ကျော်စိုးမိုးအား ဆိုင်အတွင်းသို့ လက်ပြ၍ ခေါ်ဆောင်သွားသည်။ အမျိုးသမီးက တံခါးကို အသာပြန်၍ပိတ်လိုက်၏။

ကျော်စိုးမိုး ရောက်နေသည့်ဆိုင်မှာ 'ခပ်ကျဉ်းကျဉ်း။

ဆိုင်မှာ စားသောက်ဆိုင် အငယ်စားတစ်ခုဖြစ်သည်။

အမျိုးသမီးက ကောင်တာခုံ၏ အောက်ဘက်သို့ ငုံ့ဝင်ပြီး နံရံကပ်ဗီရိုတစ်ခုကို ဖိ၍တွန်းလိုက်၏။ ဗီရိုမှာ တစ်ပတ်လည်၍သွားပြီး လျှို့ဝှက်တံခါးပေါက်တစ်ခု ပေါ်လာသည်။ ထိုတံခါးပေါက်ကို အမျိုးသမီးက သော့ဖြင့်ဖွင့်၍ ကျော်စိုးမိုးကို ဆက်လက်ခေါ်ဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင် ခပ်မှိန်မှိန်မျှသာရှိသည့် မြေအောက်ခန်းတစ်ခန်းအတွင်းသို့ ရောက်လာသည်။

အခန်း၏ ထိပ်ဘက်ရှိ ထိုင်ခုံပေါ်၌ အတွင်းလူယုံတော်ကြီး ဦးသိယ် ထိုင်၍နေ၏။

ဦးသိယ်က လက်တစ်ဖက်ကို မြှောက်ပြလိုက်ပြီး . . .

"တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ အုပ်ချုပ်ရေးမှူး 'ကိုကျော်စိုးမိုး' ကို ကြိုဆိုပါတယ်"

ကျော်စိုးမိုးက အဘိုးကြီး ဦးသိယ်ကို တစ်ချက်မျှ အကဲခတ်လိုက်ရင်းမှ . . .

"ခင်ဗျားကို . . ခရူမြို့ပေါ်မှာ တွေ့ရမယ်လို့ ကျွန်တော်လုံးဝ မထင်ဘူး"

ဦးသိယ်က မသိမသာ ရယ်မောလျက် . . .

"မှန်ပါတယ်၊ ကျုပ်ရဲ့ရန်သူတွေကလည်း ဒီလိုပဲထင်ကြမှာပါ။ အင်း . . . ကျုပ်လို ဝံပုလွေအိုကြီးအနေနဲ့ ပုန်းခိုရမယ့် မြေတွင်းနေရာက အတော်များများကို ကြိုပြီးရှာထားရတယ်၊ ဒါပေမယ့် . . . ဒီနေရာကိုလာတာ ကျုပ်အတွက် အန္တရာယ်များတာ အမှန်ပဲ"

တံခါးဖွင့်ပေး၍ လမ်းပြခေါ်ဆောင်လာသော အမျိုးသမီးက လက်ဖက်ရည်အိုးနှင့် ကြွေပန်းကန်လုံးများ လာ၍ချပေးသည်။

ဦးသိယ်က ကျော်စိုးမိုးကို ကြည့်၍အကဲခတ်နေမိသည်။ ကျော်စိုးမိုး၏ မျက်လုံးများနှင့် အမူအရာကိုကြည့်ပြီး ဤလူရွယ်သည် တော်ဝင်နန်းတော်ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးဖြစ်မည့်အစား အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ ပို၍သင့်သည်ဟု တွေးနေမိသည်။ ဤလူရွယ်နှင့် ပတ်သက်၍ စိတ်ချယုံကြည်ရပါမည်လော. . .။



ဦးသိယ်က အခြေအနေကို ခွဲခြားဆန်းစစ်ကြည့်နေမိသည်။

ဦးသိယ်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး . . .

"ခင်ဗျားမှာလည်း ရန်သူတွေ . . ပတ်လည်ဝိုင်းနေတယ် မဟုတ်လား၊ ခင်ဗျား ဒုက္ခရောက်တဲ့အချိန်မှာ သူတို့က ခင်ဗျားကို အပိုင်ဖမ်းတာပဲ၊ အဲဒီ့ရန်သူတွေက ဝိုင်းပြီး . . ခင်ဗျားကုမ္ပဏီရဲ့ ရှယ်ယာတွေ ဈေးကျသွားအောင် လုပ်နေကြတယ်၊ လုပ်ငန်းလည်ပတ်အောင်လိုတဲ့ငွေကို ချေးနိုင်မယ့် . . ကုမ္ပဏီရဲ့ ရှယ်ယာတွေကလည်း တစ်နေ့ထက်တစ်နေ့ ပိုပြီးနည်းလာနေတယ်၊ နေပါဦး . . . ခင်ဗျားရဲ့ အကြွေးတွေက ဘယ်တော့လောက်မှာ ပေးရမှာလဲ"

"နိုဝင်ဘာလ နှစ်ဆယ့်တစ်ရက်နေ့မှာ . . ပထမအရစ်အဖြစ် ပေးရမယ်"

ဦးသိယ် မသိမသာ မျက်မှောင်ကြုတ်လိုက်သည်။

နောက်ထပ် ရက်ပေါင်းငါးဆယ်နီးပါးမျှ လိုပေသေးသည်။

ကျော်စိုးမိုး၏ကုမ္ပဏီကို ကူညီကယ်တင်ရန် အချိန်ကောင်းစွာရပေမည်။

ဦးသိယ်၏ တာပိုဆင်ဒီကိတ်နှင့် ကျော်စိုးမိုး၏ တော်ဝင်

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကုမ္ပဏီတို့သည် ယခင်အခါများကတည်းက လုပ်ငန်းများ အတူလုပ်ကိုင်ခဲ့ကြဖူးသည်။ ဤသည်ကို ဦးသိယ်က မမေ့ပေ။

ကျော်စိုးမိုးအနေနှင့်လည်း ဦးသိယ်က ယခင်အခါများက ခေတ္တမျှသာ တွေ့မြင်လိုက်ရဖူးသည်။

ဦးသိယ်ကို ကိုယ်တိုင် ဆုံတွေ့နိုင်ဖို့ဆိုသည်မှာလည်း မလွယ်လှပေ။

ကျော်စိုးမိုးက. . .

"ကျွန်တော်ကို ခင်ဗျားတို့ဘက်က. . . ဘယ်လိုပုံစံမျိုးနဲ့ ကူညီနိုင်မှာလဲ"

"လွန်ခဲ့တဲ့ သုံးရက်ညပိုင်းမှာ တာပိဆင်ဒီကိတ်က ဟန်မော် ကုမ္ပဏီတစ်ထောင်စက္ကူရယ်၊ ၁၆. ဝိုင်. သုံးဆင့်အဖွဲ့က မြွေဘီလူး တာဖျူးရယ်၊ သင်္ဘောတစ်စီးမှာ လျှို့ဝှက်ပြီး တွေ့ကြတယ်. . ."

"ခင်ဗျားက ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိရတာ လဲ"

ဦးသိယ်က တစ်ချက်ရယ်မောလိုက်ပြီး . . .

"အဲဒီ သင်္ဘောရဲ့မာလိန်မှူးက ကျုပ်တို့ရဲ့ သစ္စာရှိလူယုံ တစ်ယောက်ပဲ၊ ၁၆. ဝိုင်. အဖွဲ့ကို ကျုပ်တို့က အကြွေးပေးစရာရှိ တယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး. . . မြသင်းကြည် အပြင်တိုထွ . . ပွဲ လုံးဝ မရနိုင်အောင် ဟန်မော်က နည်းမျိုးစုံနဲ့ ပိတ်ဆို့ထားတယ်၊ အဲဒီအတွက် ကျုပ်မှာ အတော်စိတ်ပူနေရတယ်၊ ဒါပေမယ့် ခင်ဗျား ရဲ့ရန်သူဖြစ်တဲ့ ကုမ္ပဏီကြွယ်စက္ကူနဲ့ ဟန်မော်က ဘာဖြစ်လို့သွား



တွေ့ရတာလဲ၊ ကျုပ်စဉ်းစားမိတာကတော့ ဟန်မော်နဲ့စက္ကူဟာ သူ တို့ရဲ့ ရှိသမျှငွေအားလုံးထုတ်ပြီး ခင်ဗျားရဲ့ ကုမ္ပဏီကို သိမ်းနိုင်ဖို့ ကြိုးစားတာပဲ၊ ဒီနေရာမှာ ၁၆. ဝိုင်. အဖွဲ့ကို သူတို့က အသုံးချ လိမ့်မယ်"

ကျော်စိုးမိုးက နားမလည်နိုင်စွာဖြင့်. . .

"နေပါဦး . . . ၁၆. ဝိုင်. အဖွဲ့က ဒီလူတွေကို ဘာဖြစ်လို့ ကူညီရတာလဲ"

"ဒါကလည်း ရှင်းပါတယ်၊ ၁၆. ဝိုင်. သုံးဆင့်အဖွဲ့က သူ တို့ပိုင်တဲ့ ရွှေတွေအသုံးပြုပြီး ခင်ဗျားရဲ့ တော်ဝင်နန်းတော်ကုမ္ပဏီ ရှယ်ယာတွေကို. . . ဈေးပေါပေါနဲ့ အချောင်ဝယ်ချင်လို့ပဲ"

ကျော်စိုးမိုး၏မျက်နှာမှာ မသိမသာတင်းမာ၍နေသည်။

မျက်လုံးအစုံမှာ စူးရှတောက်ပ၍နေ၏။ မည်သည့် အခက်အခဲနှင့် ကြုံသည်ဖြစ်စေ သူ စိတ်ဓာတ် လုံးဝမကျပေ။ သူ၏စိတ်ဓာတ်မှာ ထက်မြက်နေဆဲပင်ရှိသည်။ ဤအခြေအနေကို ဦးသိယ် ကောင်းစွာအကဲခတ်လိုက်မိသည်။

တော်ဝင်နန်းတော်ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူး တာဝန်ယူ ထားသူ ကျော်စိုးမိုးသည် သူတို့အတွက် ယုံကြည်စိတ်ချရနိုင်သည့် မိတ်ဆွေတစ်ဦးပင်. .။ သူထံသို့ ဦးသိယ် တကူးတကလာ၍တွေ့ ရသည့်အကြောင်းကိုလည်း ကျော်စိုးမိုး သဘောပေါက်၍သွားပြီ ဖြစ်သည်။

ကျော်စိုးမိုးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်. . . ခင်ဗျားတို့က ၁၆. ပိုင်. သုံးဆင့်အဖွဲ့ကို ပေးစရာရှိတဲ့ အကြွေးအဖြစ် ရွှေတွေနဲ့ ရတနာပစ္စည်းတွေ မပေးခဲ့ရင် ကျွန်တော်ရဲ့ တော်ဝင်နန်းတော်ကုမ္ပဏီဟာ ၁၆. ပိုင်. သုံးဆင့်အဖွဲ့ရဲ့အန္တရာယ်ကနေ. . . လွတ်နိုင်တယ်လို့ ပြောရမှာပေါ့"

ဦးသိယ်က. . .

"ကျုပ်တို့ရဲ့ မြသင်းကြည်ကတော့. . . ကတိပေးထားတဲ့ အတိုင်းအကြွေးဆပ်ရမှာပဲ၊ မဆပ်နိုင်လျှင် သူ့အသက်ခံရဖို့ များတယ်"

"ဒါဆိုရင်. . . မြသင်းကြည် တည်တံ့အောင်မြင်နိုင်ဖို့ အတွက် ကျွန်တော့်ဘက်က အရှုံးပေးရမှာလား"

ဦးသိယ်က ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ်တို့နဲ့က ရပ်တည်မှုခြင်းက ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ ကျုပ်တို့ဘက်မှာ အကောင်းဆုံးနည်းလမ်းတွေ ရှိပါတယ်၊ ၁၆. ပိုင်. သုံးဆင့်အဖွဲ့ရယ်၊ စက္ကူရယ်၊ ဟန်မော်ရယ်၊ သုံးဦးစလုံးအကျိုးအမြတ် လုံးဝမရစေနိုင်ဘဲ. . . ကျုပ်တို့ရဲ့ပေးစရာအကြွေးတွေပါ ကြေသွားတဲ့နည်းလမ်းရှိပါတယ်၊ ၁၆. ပိုင်. သုံးဆင့်အဖွဲ့ကို ဆပ်ရမယ့်ရွှေတွေနဲ့ ရတနာပစ္စည်းတွေကိုသုံးပြီး ကျုပ်တို့ကို ဝိုင်းထားတဲ့ ရန်သူတွေကို အပြတ်ရှင်းပစ်လို့ရတယ်၊ တာပိုဆင်ဒီကိတ်ရဲ့ခေါင်းဆောင် မြသင်းကြည် အပြင်ထွက်လို့ရတာနဲ့ ခင်ဗျားဆပ်စရာရှိတဲ့အကြွေးတွေ. . . ပြန်ဆပ်နိုင်အောင် မြသင်းကြည်က. . . ခင်ဗျားကို ငွေထုတ်ချေးလိမ့်မယ်"



"အင်း. . . ခင်ဗျားတို့ဘက်က ဒါလောက်အထိ ကောင်းနေမှတော့ ကျွန်တော့်ဘက်က တန်ဖိုးကြီးကြီးတစ်ခု ပြန်ပေးရမှာလား"

ဦးသိယ်က ထိုင်ရာမှ ဖြည်းညင်းစွာ မတ်တပ်ရပ်လိုက်၏။

"ခင်ဗျားက အကူအညီပေးဖို့တော့ လိုတယ်၊ ကျုပ်တို့ရဲ့ ပုံနှင်းနဂါးက ခရုကျွန်းကို ရွှေနဲ့ရတနာပစ္စည်းတွေ သယ်လာလိမ့်မယ်၊ သူ့အနေနဲ့ ချောချောမောမော ဖြစ်အောင် ခင်ဗျားကူညီပေးရမယ်၊ နောက်တစ်ခုက မြသင်းကြည်ဟာ တာပိုကနေ အပြီးအပိုင်ထွက်လာလိမ့်မယ်၊ ခရုကျွန်းမှာပြောင်းပြီး အခြေချချင်မျှလိမ့်မယ်၊ အဲဒီတော့. . . ခင်ဗျားအနေနဲ့ လိုအပ်သလို အစွမ်းကုန်ကူညီပေးပါ. . ."

ကျော်စိုးမိုးက ခေါင်းညိတ်လိုက်ပြီး . . .

"ကျွန်တော်ဘက်က အတတ်နိုင်ဆုံး အဆင်ပြေအောင်လုပ်ပေးပါ့မယ်. . ."

ဦးသိယ်က. . .

"ဪ. . . မနက်ဖြန် ခင်ဗျားရဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ အထူးအစည်းဝေးရှိတယ် မဟုတ်လား. . . ဘယ်လိုလဲ. . . ခင်ဗျားဘက်က နိုင်နိုင်ပါ့မလား"

အပြင်သို့ထွက်ရန် ခြေလှမ်းပြင်လိုက်သော ကျော်စိုးမိုး၏ ခြေလှမ်းများ တုန့်ခနဲဖြစ်သွားသည်။

မိမိကုမ္ပဏီနှင့်ပတ်သက်သည့် အတွင်းရေးကို ဤအဘိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသိထားသဖြင့် ကျော်စိုးမိုးအတော်လေး စိုးရိမ်ကြောက်လန့်သွားမိသည်။

ကျော်စိုးမိုးက. . .

"အခုချိန်ထိ. . . ကျွန်တော့်ဘက်က မရှုံးသေးပါဘူး"

ဦးသိဃ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိသည်။

" ကျုပ်တို့လည်း မရှုံးသေးပါဘူး၊ ဖြစ်နိုင်ရင် ခင်ဗျားကိုယ်တိုင် 'တာပို' ကိုလာပြီး အကြောင်းကြားပါ၊ ကျုပ်တို့ အားလုံး ပူးပေါင်းပြီး ရန်သူကို ရင်ဆိုင်ပြီး တိုက်ပွဲဝင်ကြရအောင်"

ကျော်စိုးမိုး တစ်ချက်ပြုံးလျက်၊ ဆိုင်ကလေးအတွင်းမှ ထွက်လာခဲ့သည်။

◆ ◆ ◆

## အခန်း (၂၀)

နံနက် ၈း၀၀နာရီနှင့် ၁၀မိနစ်. . .

ခရုမြို့၏မြို့လယ်သို့ ကျော်စိုးမိုးရောက်သည်။

ဗဟိုရ်လင်း ကုသန်းရောင်းဝယ်ရေးကုမ္ပဏီ အဆောက်အအုံ သုံးဆယ့်ခြောက်ထပ်မြောက်ရှိ သူ၏သီးသန့်ခန်းသို့ ဓာတ်လှေကားဖြင့် တက်၍လာသည်။

ကျော်စိုးမိုးသည် ထိုအခန်းထဲ၌ပင် ရေချိုး၊ အဝတ်အစားလဲလှယ်ဝတ်ဆင်ပြီး အောက်ထပ်ရုံးခန်းသို့ ပြန်ဆင်းလာခဲ့သည်။

ရုံးခန်းတံခါးဖွင့်လိုက်ပြီး အတွင်းသို့ဝင်သည်။

သူ၏အတွင်းရေးမှူးမလေးဖြစ်သော 'သန္တာလွင်'သည် သူမ၏စားပွဲပေါ်၌ စာရွက်များ တစ်ပုံတစ်ပင်နှင့် ခေါင်းမဖော်နိုင်အောင် အလုပ်များ၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမိုး အုပ်ချုပ်ရေးမှူး ဖြစ်လာချိန်ကတည်းကပင် သန္တာလွင်သည် သူ့ထံ၌သစ္စာရှိစွာ အလုပ်လုပ်ကိုင်လာခဲ့သူဖြစ်သည်။

ထိုအပြင် သူမသည် ယဉ်ယဉ်ကလေးနှင့် ကြည့်၍ကောင်းသူဖြစ်သည်။ သူမက ကျနေသော ဆံနွယ်များကို ပင့်တင်လိုက်ပြီး စာအိတ်တစ်လုံးကို ထုတ်၍ပေးသည်။

"ဒီမှာ. . . ဆရာဇနီးရဲ့ရှေ့နေဆီက. . . ပို့လိုက်တဲ့စာပါ. . ."

ကျော်စိုးမိုး၏ နဖူးကြောများ တွန့်၍သွားသည်။

စာထဲ၌မည်သည့်အကြောင်းအရာများပါမည်ကို သူတို့နှစ်ဦးစလုံး သိထားကြပြီးသားဖြစ်သည်။ သန္တာလွင်၏ မျက်နှာအမူအရာမှာ ကျော်စိုးမိုး၏ပူပန်သောကဖိစီးမှုဝေဒနာများကို ကောင်းစွာ နားလည်ထားသည့် ဟန်ပေါ်၍နေ၏။

ကျော်စိုးမိုးက စာအိတ်ကိုယူ၍ စားပွဲပေါ်၌ ပြန်၍ချထားလိုက်သည်။ ဖွင့်၍ပင် မကြည့်ပေ။

"အင်း. . . ဒီစာရောက်လာမယ်ဆိုတာ ငါ. . . ကြိုတင်ခန့်မှန်းမိထားပြီးသားပါ. . ."

သန္တာလွင်က သတိပေးလိုက်သည်။

"ဆရာ. . . ဒီနေ့ ဘုတ်အဖွဲ့ဒါရိုက်တာ အစည်းအဝေးကကိုးနာရီခွဲမှာ စပါလိမ့်မယ်"

ကျော်စိုးမိုးက ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။



"ကုမ္ပဏီဒါရိုက်တာတွေရဲ့ သဘောက. . . ဘယ်လိုတဲ့လဲ"

သူမက နွမ်းနယ်သော လေသံဖြင့်. . .

"သူတို့အားလုံးက. . . ဆရာ့ကို ကန့်ကွက်ကြမှာ သေချာတယ်၊ ကုမ္ပဏီမှာရှိတဲ့ အဆင့်မြင့်ဝန်ထမ်းတွေက အစည်းအဝေးမစခင်မှာ. . . ဆရာနဲ့တွေ့ချင်ပါတယ်လို့ ပြောနေပါတယ်၊ အရေးကြီးတဲ့ကိစ္စရှိလို့ပါတဲ့"

ကျော်စိုးမိုးသည် စားပွဲပေါ်ရှိ စာရွက်စာတန်းများကို တစ်ချက်လှမ်းကြည့်လိုက်သည်။

သူ၏ အဆင့်မြင့်ဝန်ထမ်းများက သူ့ကို တွေ့ခွင့်တောင်းနေကြသည်ဟု သိရသည်။ မည်သည့်အတွက်ကြောင့်ဟု သူမစဉ်းစားတတ်ပေ။

ကျော်စိုးမိုး ခေတ္တမျှ စဉ်းစားလိုက်ပြီး. . .

"သူတို့ကို. . . ရုံးခန်းထဲခေါ်လိုက်ပါ"

မကြာခင်မှာပင်. . .

ကျယ်ပြန့်သည့် သူ၏ရုံးခန်းအတွင်းသို့ လူနှစ်ဆယ်ကျော်ခန့် ရောက်လာကြသည်။

ကျော်စိုးမိုးက သူတို့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"ကျွန်တော့်ကို. . . ခင်ဗျားတို့ တာများပြောစရာရှိကြသို့လဲ"

ထိုလူများသည် တော်ဝင်နန်းတော်၌ သူတို့၏နောင်ရေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ မည်သို့မည်ပုံ ရှိလာနိုင်သည်ကို သိချင်၍လာကြသူများဖြစ်သည်။

ထိုလူစုထဲမှ ဦးဆောင်၍ပြောမည့်သူ 'ရွှေမြင့်'က ရှေ့သို့ဖြည်းညင်းစွာတိုးလာသည်။ သူသည် ကုမ္ပဏီ၌ လွန်စွာယုံကြည်အားထားရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထို့ပြင် လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌လည်း လွန်စွာတော်သူတစ်ဦးဖြစ်သည်။

ရွှေမြင့်သည် ကျော်စိုးမိုး၏ရှေ့သို့ ရောက်လာပြီး စာအိတ်တစ်အိတ်ကိုပေးသည်။

"အုပ်ချုပ်ရေးမှူး . . . ဒီအိတ်ထဲမှာ ကျွန်တော်တို့ အဆင့်မြင့်ဝန်ထမ်းအားလုံးရဲ့ နုတ်ထွက်စာပါ,ပါတယ် . . . ကျွန်တော်တို့အားလုံးအပေါ်မှာ အုပ်ချုပ်ရေးမှူးဟာ ဘယ်အတိုင်းအတာထိကောင်းခဲ့တယ်ဆိုတာ . . . ကျွန်တော်တို့ သိထားပြီးသားပါ။ ဒီနေ့အစည်းအဝေးပြီးလို့ အုပ်ချုပ်ရေးမှူးရာထူးကနေ နုတ်ထွက်ပေးရကယ်ဆိုတာနဲ့ ကျွန်တော်တို့အားလုံးပါ အုပ်ချုပ်ရေးမှူးနဲ့အတူလိုက်ပြီး နုတ်ထွက်ကြဖို့ . . . စီစဉ်ထားပြီးကြပါပြီ"

ကျော်စိုးမိုးမှာ အလွန်အမင်း အံ့အားသင့်သွားသည်။

ဤအခြေအနေမျိုးကို သူလုံးဝ မှမျှော်လင့်ထားမိခဲ့ပေ။

ထို့အပြင် သူ့ရှေ့မှလူများကိုလည်း မဖော်ပြနိုင်အောင်ကျေးဇူးတင်မိသည်။

"ဒါရိုက်တာအဖွဲ့က လူတွေကို . . . ဒီစာအိတ်ထဲမှာပါတဲ့နုတ်ထွက်လွှာတွေနဲ့ အကျပ်ပြန်ကိုင်မယ်လို့ ခင်ဗျားက ဆိုလိုတာလား"

'ရွှေမြင့်'က အားပါးတရ ပြုံးလိုက်သည်။

"အုပ်ချုပ်ရေးမှူး . . . ရင်ဆိုင်နေရတဲ့ လူတွေအားလုံးအကြောင်း ကျွန်တော်တို့ ကောင်းကောင်း . . . သိထားကြပြီးပါပြီ၊ ကျွန်တော်တို့အနေနဲ့လည်း အုပ်ချုပ်ရေးမှူးဘက်ကနေ . . . နိုင်သလောက်ကလေးနဲ့ အကူအညီပေးတာပါ"

မိမိ၏ အခြေအနေကို သူတို့လူစုက 'နိုင်သလောက်ကလေး' ဟူသောနည်းဖြင့် ကူညီကယ်ထင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကူညီမှုသည် သူ့အတွက် လွန်စွာအဖိုးတန်လှပေသည်။

ရွှေမြင့်က ဆက်၍ပြောသည်။

"ကျွန်တော်တို့အားလုံးဟာ တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ ခရိုပ်မှာ အစကတည်းက နေထိုင်ခဲ့သူတွေပါ၊ တခြားဘယ်နေရာကိုမှသွားပြီးတော့လည်း အလုပ်,မလုပ်ချင်ကြပါဘူး၊ ဒီတော်ဝင်နန်းတော်ကုမ္ပဏီရဲ့ အစဉ်အဆက် အုပ်ချုပ်ရေးမှူးတွေထဲမှာ ဆရာဟာ . . . စိတ်ဓာတ်အလွန်ကောင်းတဲ့ လူတစ်ယောက် ဖြစ်တယ် ဆိုတာ ကျွန်တော်တို့အားလုံးက လက်ခံထားကြပါတယ်၊ အခုဆရာ ရင်ဆိုင်ရတဲ့တိုက်ပွဲမှာ ဆရာတစ်ယောက်တည်း . . . မဟုတ်ပါဘူး၊ ဆရာ့ရဲ့နောက်မှာ ဆရာရဲ့ဝန်ထမ်းတွေအားလုံး ရပ်တည်နေပါတယ်"

ကျော်စိုးမိုး၏ ရင်ထဲ၌ မဖော်ပြနိုင်အောင် လှိုက်လှဲသည့်ကြည်နူးဝမ်းသာမှုမျိုးကို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကို. . . ကျွန်တော်ကျေးဇူးတင်ပါတယ်"

သူ၏ အိမ်ထောင်ရေးအခြေအနေက အဆင်မပြေ။

ဤအထဲ သူ၏ကုမ္ပဏီမှာ ပြဿနာပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံနှင့် ကြုံတွေ့နေရသည့်အချိန် သူတစ်ဦးတည်း အထီးကျန်ဘဝဖြင့် အားလုံးကို ရင်ဆိုင်နေရသည်။ ထို့အတွက်ကြောင့် မည်သို့ ကုံးဖြတ်ရမည်ကို မသိနိုင်အောင် ဖြစ်နေမိသည်။

ယခုအခြေအနေ၌. . .

သူ၏နောက်ဘက်တွင် သူ၏အထက်တန်းအဆင့် မန်နေဂျာများမှာ သံမဏိကျောက်တိုင်များပမာ ခိုင်မြဲစွာ ရပ်တည်နေသည်ကို သိရှိလိုက်ရသဖြင့် ပို၍အားတက်လာမိသည်။

ကျော်စိုးမိုး. . .

"ကျွန်တော်. . . အားလုံးအတွက် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

မန်နေဂျာများ အခန်းထဲမှထွက်သွားကြသည်။

◆

အခန်းထဲ၌ ကျန်နေခဲ့သူမှာ သူ၏အတွင်းရေးမှူးမလေးက 'သန္တာလွင်' ဖြစ်သည်။

သူ၏အထက်တန်းအဆင့် မန်နေဂျာများ၏ အခြေအနေ ဤသို့ဖြစ်လာအောင် တစ်စုံတစ်ဦးက ကြိုးစား၍ ဆောင်ရွက်ခဲ့ခြင်း



ပင်ဖြစ်ရပေမည်။ ထိုသို့ ဆောင်ရွက်သူမှာလည်း 'သန္တာလွင်' မှလွဲ၍ အခြားသူ မဖြစ်နိုင်. . .။

ကျော်စိုးမိုးက စာအိတ်ကို ထောင်ပြလျက်. . .

"ဒီ. . . နုတ်ထွက်စာတွေထဲမှာ မင်းရဲ့စာကော ပါ[illegible]လား"

"ပါတာပေါ့ ဆရာရယ်. . . ဒီအထဲမှာ ကျွန်မက ထိပ်ဆုံးကပါ"

ကျော်စိုးမိုးသည် သန္တာလွင်၏ လက်တစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်မိသည်။

"မင်းကို ငါသိပ်ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ. . . အခုအစည်းအဝေး စ,ဖို့ ဘယ်လောက်လိုသေးလဲ သန္တာလွင်"

သန္တာလွင်က နာရီကို မြှောက်ကြည့်လိုက်သည်။

"နောက်ထပ် လေးဆယ့်ငါးမိနစ်လောက် လိုသေးတယ် ဆရာ"

"ဒါဆို ငါ. . . ဒီရုံးခန်းထဲမှာပဲ နေဦးမယ်၊ ရုံးခန်းထဲ ဘယ်သူမှ ဝင်မလာစေနဲ့တော့"

"စိတ်ချပါ ဆရာ၊ ဒီမနက်. . . ကျွန်မတို့အားလုံးအတွက် ကြိုးစားပြီး သူတို့ကို ပြန်တိုက်ပါ၊ ဆရာ့ကို ကျွန်မတို့ ဝန်ထမ်းတွေ အားလုံးက ယုံကြည်ပါတယ်"

◆

www.burmeseclassic.com

www.burmeseclassic.com



(၄၅) မိနစ်ပြည့်ပေပြီ။

အစိမ်းရောင်ကော်ဇော ခင်းထားသည့် စင်္ကြံလမ်းအတိုင်း ကျော်စိုးမိုး လျှောက်၍လာပြီး ဒါရိုက်တာ အခန်းသို့ဝင်လာသည်။

ကုမ္ပဏီ၏ဒါရိုက်တာများအားလုံး ရောက်ရှိနေကြပြီဖြစ်သည်။ အုပ်ချုပ်ရေးမှူးဖြစ်သူ၏ထိုင်ခုံသာ နေရာလွတ်၍နေသည်။ သူ၏မျက်လုံးအစုံက သူ၏ဇနီးဖြစ်သူ မေဝင့်ရှိန်ထံသို့ မသိမသာ အကြည့်ရောက်သွားသည်။

သူမသည် ခေတ်မီလှပသပ်ရပ်၍ အဖိုးတန်သော ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမက ကျော်စိုးမိုးကို မသိမသာပြုံး၍ ပြသည်။

အစည်းအဝေးအစီအစဉ်မှာ ပုံမှန်တစ်ခုတည်းသာဖြစ်သည်။

ကျော်စိုးမိုးက စ၍ပြောလိုက်သည်။

"အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ ကျွန်တော်ပြောမယ်၊ ကျွန်တော်အနေနဲ့. . . တော်ဝင်နန်းတော်ကုမ္ပဏီကို မရောင်းဖို့ ဆုံးဖြတ်ပြီးပြီ၊ ကုဋေတစ်ထောင်စက္ကနဲ့ သူရဲ့နောက်လိုက် မကောင်းဆိုးဝါးတွေနဲ့ ဆွေးနွေးစရာအကြောင်းလည်း မရှိဘူး၊. . . သူတို့ကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ပြန်တိုက်မယ်. . ."

ဦးစွာ လှုပ်ရှားတိုက်ခိုက်လာသူက 'ဗဇင်' ဖြစ်သည်။

"မရောင်းလို့တော့. . လုံးဝမဖြစ်ဘူး"

ဤအစည်းအဝေး၌ ရောက်ရှိနေကြသူများမှာ ကျော်စိုးမိုး၏ဇနီးဖြစ်သူ 'မေဝင့်ရှိန်'၏ အစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်။ ထိုသူများအားလုံးသည် စီးပွားရေးလုပ်ငန်း အသီးသီးလုပ်ကိုင်နေကြသူများဖြစ်ကြသည်။ ဤအစည်းအဝေးသို့ တကူးတက ရောက်ရှိလာကြခြင်းပင်ဖြစ်သည်။



'ဗဇင်'က ဆက်၍ပြောသည်။

"ပထမအရစ်အနေနဲ့. . . အကြွေးတွေကို ရက်ပေါင်းလေးဆယ်အတွင်း ပြန်ဆပ်ရမယ်၊ ကျွန်တော်တို့အနေနဲ့ ပြန်မဆပ်နိုင်ဘူး. . . ကုမ္ပဏီရဲ့ ရှယ်ယာတွေကလည်း ထင်တာထက်ပိုပြီး နည်းလာနေပြီ၊ ရှယ်ယာဈေးကွက်ရဲ့ အခြေအနေကလည်း သိပ်မကောင်းတော့ဘူး၊ ကျွန်တော်တို့အားလုံး အရှုံးနဲ့ ရင်ဆိုင်နေရတယ်၊ အခု အခြေအနေမှာ. . . တော်ဝင်နန်းတော်ရဲ့ ရှယ်ယာဈေးကောင်းနေသေးတယ်၊ ဒီတော့. . . အမြန်ဆုံးရောင်းပစ်ရလိမ့်မယ်"

ကျော်စိုးမိုးက တည်ငြိမ်စွာပင် မေးလိုက်သည်။

"ကုဋေတစ်ထောင်စက္ကက. . . ခင်ဗျားတို့ကို ဘယ်ဈေးအထိပေးမယ်လို့ ပြောထားသလဲ"

'စက္က'သည် သူ၏ယောက်ဖဝမ်းကွဲများထံသို့ ချဉ်းကပ်၍ သွေးထိုးထားကြောင်း ကျော်စိုးမိုး ကြိုတင်၍သိရှိထားသည်။

"လတ်တလော ပေါက်ဈေးထက်. . . လေးဆယ့်ငါးရာခိုင်နှုန်း ပိုပေးမယ်လို့ ပြောတယ်၊ ကျွန်တော်တို့အတွက် အကောင်းဆုံးဈေးနှုန်းလို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမိုးက သတိပေးစကားပြောလိုက်သည်။

"တကယ်တော့. . . တော်ဝင်နန်းတော်ကုမ္ပဏီဟာ ခင်ဗျားတို့ မိသားစု ဆွေစဉ်မျိုးဆက်ပိုင်ဆိုင်ခဲ့တဲ့ ကုမ္ပဏီတစ်ခု ဖြစ်တယ်ဆိုတာကိုတော့. . . ခင်ဗျားတို့ နားလည်မှာပါ"

အခြားယောက်ဖတစ်ဦးဖြစ်သူ သန်းထွန်းက ဝင်၍ပြောသည်။

"အခုအခြေနေမှာတော့. . . ထည့်စဉ်းစားလို့ မဖြစ်နိုင်တော့ဘူး"

စက္ကသည် သန်းထွန်းထံသို့လည်း ချဉ်းကပ်ခဲ့ပေသည်။ တော်ဝင်နန်းတော်ကို စက္ကအနေဖြင့် ပိုင်ဆိုင်ခွင့်ရရှိခဲ့လျှင် သန်းထွန်း၏လုပ်ငန်းများ ကောင်းစွာအဆင်ပြေစေရမည်ဟု ကတိပြုထားခဲ့သည်။'

ထို့ကြောင့်လည်း သန်းထွန်းက တော်ဝင်နန်းတော်၏ ရှယ်ယာအားလုံးထုတ်ရောင်းချရန် တွန်းအားပေးနေခြင်းဖြစ်သည်။

သန်းထွန်းက. . .

"ခင်ဗျား အုပ်ချုပ်ရေးမှူး ဖြစ်ကတည်းက. . . ကုမ္ပဏီမှာ အကြွေးတွေ ပိုများလာတယ်၊ ကျုပ်တို့ရဲ့ အခြေအနေဟာ ရန်သူရဲ့ ရှေ့မှာ လည်စင်းပေးရမလို ဖြစ်လာနေပြီ. . ."

ကျော်စိုးမိုးက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကျွန်တော်အုပ်ချုပ်ရေးမှူး စဖြစ်တုန်းက တော်ဝင်နန်းတော်ရဲ့ အခြေအနေဟာ လုံးဝမကောင်းပါဘူး၊ ဒါကို ခင်ဗျားတို့အားလုံးအသိပဲ၊ ဒီအခြေအနေကနေ. . . ကယ်တင်နိုင်ဖို့အတွက် ကျွန်တော့်ကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်လိုက်တာပဲ မဟုတ်လား. . .၊ ကျွန်တော် တာဝန်ယူတဲ့အချိန်မှာ ကုမ္ပဏီရဲ့ ငွေရင်းနှီးမြှုပ်နှံမှုလည်းပတ်အောင်. . . တခြားကနေ ငွေချေးယူခဲ့ရတယ်. . . ကျွန်တော့်ကုမ္ပဏီရဲ့ လက်ကျန်ငွေရှင်းတမ်းကိုကြည့်ရင် ကျွန်တော် အလုပ်လုပ်ခဲ့တာ. . . အောင်မြင်တာကို တွေ့ကြမှာပေါ့၊ လောလောဆယ်. . . ကုမ္ပဏီမှာ ယာယီအကျပ်အတည်းနဲ့ ကြုံနေရတယ်၊ ဒါကို ကုဋေတစ်ထောင် 'စက္က'က အခွင့်ကောင်းယူပြီး ကုမ္ပဏီကို. . . အပိုင်စီးနိုင်ဖို့ ကြိုးစားတာပဲ"



နောက်ထပ် ယောက်ဖဝမ်းကွဲ တစ်ဦးဖြစ်သူ 'လှမျိုး'က မေးသည်။

"ကောင်းပြီလေ၊ ဒါဆိုရင်. . . ကုမ္ပဏီရဲ့ အကြွေးတွေ ဆပ်ဖို့အချိန်ရောက်လာရင် ခင်ဗျားအနေနဲ့ ငွေအသင့်ရှာပေးနိုင်မှာလား"

လှမျိုးသည် ကျောက်တွင်းလုပ်ငန်းများကို လုပ်ကိုင်နေသူဖြစ်သည်။

လှမျိုးက ဆက်၍ပြောသည်။

"အခုချိန်မှာ စက္ကအနေနဲ့ ကျွန်တော့်ဆီက ရှယ်ယာတစ်ချို့ကို ဝယ်ချင်တယ်လို့ စကားဆိုနေတယ်၊ စက္ကအနေနဲ့ ကျွန်တော့်ဆီက ရှယ်ယာတစ်ချို့ကို ဝယ်ထားတာရှိတယ်၊ ခင်ဗျားအနေကနေ တိကျတဲ့အကြောင်းပြချက်တစ်ခု မထုတ်နိုင်တာနဲ့ စက္ကက သူဝယ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရှယ်ယာတွေကို ချက်ခြင်း . . . ထုတ်ရောင်းပစ်လိမ့်မယ်၊ အဲဒီလို မဖြစ်အောင် ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှတားဆီးလို့ ရမှာ မဟုတ်ဘူး၊ ဒီတော့ အုပ်ချုပ်ရေးမှူးအနေနဲ့ 'စက္က'ဆီသွားပြီး တော်ဝင်နန်းတော်ကုမ္ပဏီကို ဈေးအမြင့်ဆုံးနဲ့ ရောင်းလို့ရအောင် စကားပြောပေးရင် . . . ပိုကောင်းပါလိမ့်မယ်"

ကျော်စိုးမိုးက . . .

"ကျွန်တော်တို့ဟာ ကုမ္ပဏီရဲ့ လုပ်ငန်းအကြောင်းကို နားလည်ထားတဲ့ လူတွေပါ၊ ရှယ်ယာဝင်တွေနဲ့ ဝန်ထမ်းများအားလုံးဟာ ဒီနေ့ဆုံးဖြတ်ချက်အပေါ် မှာ မူတည်နေပါတယ်၊ တကယ်တော့ စက္ကအနေနဲ့ တော်ဝင်နန်းတော်ကုမ္ပဏီကြီးတစ်ခုလုံးကို ဘယ်လိုနည်းနဲ့မှ မဝယ်နိုင်ပါဘူး၊ ဒါကို ခင်ဗျားတို့လည်း သိမှာပါ၊ ဘယ်သူမှလည်း ဒီလောက်ကြီးမားတဲ့ ကုမ္ပဏီရဲ့ရှယ်ယာတွေကို မဝယ်နိုင်ဘူး၊ . . .

"ကျွန်တော့်ဘက်က ဘာမှအကျယ်တဝင့် ရှင်းပြမနေချင်တော့ဘူး၊ ကျွန်တော်တို့ပေးရမယ့်အကြွေးက နောက်ထပ် . . . ရက်ပေါင်းလေးဆယ်ကျော်လိုသေးတယ်၊ ဒီအချိန်ကာလဟာ မနည်းပါဘူး၊ ဒီတော့ ကုမ္ပဏီကို မရောင်းကြပါနဲ့လို့ ပြောပါရစေ"

'ဗဇင်' က ကျယ်လောင်,ကျယ်လောင်လေသံဖြင့် ထ၍ ပြောသည်။

"ကျွန်တော်တို့ အငြင်းပွားဖို့ လာကြတာမဟုတ်ဘူး၊ အခု မဲခွဲပြီး ဆုံးဖြတ်ဖို့ ကျွန်တော်တို့ တိုင်ပင်ပြီးပြီ၊ ကျွန်တော်တို့



အများစုရဲ့ဆန္ဒကို ခင်ဗျား မလိုက်နာရင်၊ နောက်ထပ်အုပ်ချုပ်ရေးမှူး အသစ်တစ်ယောက်ကို ထပ်ပြီးရွေးမယ်၊ ကုမ္ပဏီကိုရောင်းဖို့ကိစ္စ . . . ကုဋေတစ်ထောင်စက္ကနဲ့ တိုင်ပင်နိုင်းရမယ်"

ကျော်စိုးမိုး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ဤယောက်ဖဝမ်းကွဲများသည် အတ္တကြီးမားလွန်းသူများ လောဘကြီးမားလွန်းသူများဖြစ်ကြသည်။

သူ၏ဇနီးဖြစ်သူ မေဝင့်ရှိန်ဘက်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ သူမက မတုန်မလှုပ် အမူအရာနှင့်ရှိနေသည်။ အကယ်၍ မဲခွဲဆုံးဖြတ်ကြမည်ဆိုလျှင် သူမ၏အစ်ကိုဝမ်းကွဲများဘက်မှ လိုက်မည့်ပုံပင်ဖြစ်သည်ဟု သူထင်မိသည်။ ကျန်အဖွဲ့ဝင်ဒါရိုက်တာများသည် ဤနည်းအတိုင်းပင် ဖြစ်ပေလိမ့်မည်။

တော်ဝင်နန်းတော်ကုမ္ပဏီ၏ အစုရှယ်ယာအများစုကို ပိုင်ဆိုင်ထားသူများမှာ မေဝင့်ရှိန်နှင့် သူတို့အမျိုးအဆွေအုပ်စုပင် အများဆုံးပိုင်ဆိုင်ထားကြသည်။

ကျော်စိုးမိုးက လေးနက်စွာပင် ပြောလိုက်သည်။

"ကောင်းပြီ . . . ခင်ဗျားတို့ မဲမခွဲခင်မှာ တစ်ခုတော့ ရှင်းလိုက်ချင်သေးတယ်၊ ကုဋေတစ်ထောင်စက္ကက ရှယ်ယာတွေရဲ့ ပေါက်ဈေးထက် . . . လေးဆယ့်ငါးရာခိုင်နှုန်း ပိုပေးပြီး ဝယ်မယ်လို့ ပြောတယ် မဟုတ်လား"

ဗဇင်က လေသံခပ်ဆတ်ဆတ်ဖြင့် . . .

"ဟုတ်တယ်၊ ဒီအတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်. . . ကုမ္ပဏီကို ရောင်းပစ်ဖို့ ကျွန်တော့်အနေနဲ့ လုံးဝသဘောမတူနိုင်ဘူး"

ပြောပြောဆိုဆိုနှင့် ကျော်စိုးမိုးက အိတ်ထဲမှ စာအိတ်ကို ထုတ်ယူ၍ စားပွဲအလယ်သို့ ပစ်ချပေးလိုက်သည်။

"ဟောဒီ စာအိတ်ထဲမှာ. . . တော်ဝင်နန်းတော်ကုမ္ပဏီရဲ့ အထက်တန်းအဆင့် မန်နေဂျာနဲ့ ဝန်ထမ်းအကြီးအကဲတွေရဲ့ နှုတ်ထွက်စာတွေ ပါတယ်၊ ဒီကိစ္စကို. . . ထုတ်ပြီးကြေညာလိုက်တာနဲ့ ခင်ဗျားတို့ရဲ့ ရှယ်ယာတန်ဖိုးတွေ ဘာဖြစ်သွားမယ်လို့ ထင်သလဲ၊ ကဲ. . . ကျုပ်မှာ အလုပ်တွေအများကြီး လုပ်စရာကျန်သေးတယ်၊ ခင်ဗျားတို့ဘာသာပဲ စဉ်းစားပြီးတော့မှ ခင်ဗျားတို့အားလုံးရဲ့ ဆုံးဖြတ်ချက်ကို လာပြီးပြောပေတော့"

ကျော်စိုးမိုး၏ ဝမ်းကွဲယောက်ဖများ အကြီးအကျယ် မျက်နှာပျက်သွားကြသည်။

ဗဇင်က စာအိတ်ထဲမှ နှုတ်ထွက်စာများကို ကမန်းကတန်း ယူ၍ ကြည့်နေလေသည်။ ဗဇင် ကြည့်၍ မပြီးသေးခင်မှာပင် ကျော်စိုးမိုးက အစည်းအဝေးခန်းမထဲမှ ထွက်၍လာခဲ့လေသည်။

◆

ဗဇင် မျက်နှာကို မော့်လိုက်သည်။

"ဟုတ်တယ်. . . သူပြောတဲ့အတိုင်းပဲ. . . ဒီမှာရှိနေတဲ့



မန်နေဂျာအားလုံးလောက်နီးပါးက အုပ်ချုပ်ရေးမှူးနဲ့အတူ အလုပ်ကနေ ထွက်ကြလိမ့်မယ်. . ."

လှမျိုးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအတိုင်းသာ ဖြစ်လာမယ်ဆိုရင်တော့. . . လုပ်ငန်းတွေ အားလုံး ဘာမှ ဆက်လုပ်လို့ရမှာ မဟုတ်တော့ဘူး . . ."

သန်းထွန်းက. . .

"ကဲ. . . ဗဇင်. . . မင်းက တုဋ္ဌေတစ်ယောက် စက္ကဆီကို အမြန်ဆုံးပြေးပေတော့၊ ငါတို့ရဲ့ ရှယ်ယာတွေကို ဒီနေ့ပေါက်ဈေးနဲ့ ဝယ်နိုင်မလားလို့ သွားပြီး မေးစမ်း"

ဗဇင်က တွေ၍နေပြီးမှ ပြောသည်။

"စက္ကဆီသွားလည်း အပိုဖြစ်မှာပဲ၊ ဒီအချိန်လောက်ဆို မန်နေဂျာတွေ နှုတ်ထွက်တဲ့သတင်းကို စက္က ကြားပြီးလောက်ရော ပေါ့၊ ဒီတော့ သူက အနိမ့်ဆုံး ဈေးကျတဲ့အချိန်ကို စောင့်ပြီးမှ ဝယ်တော့မှာပေါ့၊ သူလည်း အချောင်သမားပဲ၊ ငါတို့ရဲ့ ရှယ်ယာတွေ အခု အချိန်မှာရောင်းရင် ဘာမှတောင် ရမယ်မထင်တော့ဘူး"

မေဝင့်ရှိန်သည် သူမ၏အစ်ကိုဝမ်းကွဲများကို ပြောဆိုနေကြသည်ကို ငြိမ်၍နားထောင်နေလေသည်။

အတန်ကြာမှ. . .

"ကဲ. . . အစ်ကိုတို့ ဆွေမျိုးမိသားတစ်စု. . . ကောင်းဖို့ အတွက် ကျော်စိုးမိုးဟာ လုပ်နေတာလို့ အစ်ကိုတို့ကိုယ်တိုင် ကျွန်မကို ပြောဖူးကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အစ်ကိုတို့က အတင်းအကျပ်နည်းနဲ့ အကျပ်ကိုင်တယ်၊ အခု သူက ပြန်ပြီးအကျပ်ကိုင်လိုက်ပြီးလေ၊ ကဲ. . . အစ်ကိုတို့ ဘာမှ မလုပ်နိုင်တော့ဘူး မဟုတ်လား၊ အစ်ကိုတို့ အခုလိုဖြစ်တာ ကျွန်မကတော့ သိပ်ဝမ်းသာတယ်၊ လောဘကြီးတဲ့ ဒဏ်ခံကြပေတော့. . . သူလုပ်တဲ့နည်းက ကျွန်မတို့အားလုံး ဘေးကျပ်၊ နံကျပ်ဖြစ်အောင် လုပ်လိုက်တာ၊ ကျွန်မတို့အားလုံး. . . တော်ဝင်နန်းတော်မှာပဲ ဆက်ပြီး တွယ်နေဖို့ပဲရှိတယ်၊ အစ်ကိုတို့ မကျေနပ်လို့ မခွဲချင်လည်း မခွဲကြ၊ ကျွန်မကတော့ ကျွန်မယောကျ်ားဘက်ကပဲ နေတော့မယ်"

မေဝင့်ရှိန်သည် ကုမ္ပဏီ၏ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူဖြစ်သည်။

အကယ်၍. . .

မခွဲ ဆုံးဖြတ်ကြမည်ဆိုပါက မေဝင့်ရှိန်က သူမ၏ ယောကျ်ားဖြစ်သူ ကျော်စိုးမိုးဘက်မှ ရပ်တည်လိုက်မည်ဆိုလျှင် အုပ်ချုပ်ရေးမှူးဘက်မှ အားသာသွားမည်ဖြစ်သည်။

ဤသို့ဖြစ်ခဲ့လျှင်. . .

မည်သို့မျှ အငြင်းပွားစရာပြဿနာများ ရှိနိုင်တော့မည်မဟုတ်ပေ။

◆



ဒါရိုက်တာအဖွဲ့ဝင်များ အခန်းထဲမှ ထွက်သွားကြသည်။

နောက်ဆုံးကျန်ရစ်သူမှာ မေဝင့်ရှိန်. . .

သူမက ကျော်စိုးမိုး၏ ထိုင်ခုံအနီး၌ ရပ်လိုက်ပြီး . . .

"ဒီပွဲမှာတော့. . . ကိုကို နိုင်လိုက်ပါပြီ၊ ဒါပေမယ့် သူတို့ကတော့ ကိုကို့ကို ကျေနပ်ကြမယ်လို့ မထင်ဘူး"

"နောက်ထပ် ရက်လေးဆယ်ကျော်မှပဲ၊ သူတို့အကြောင်းကို ခေါင်းထဲထည့်ပြီး စဉ်းစားတော့မယ်. . ."

သန္တာလွင်က မေဝင့်ရှိန်ကို အခန်းတံခါးဝထိ လိုက်၍ပို့ပေးသည်။

ထို့နောက် တံခါးကို အသာအယာပိတ်၍ ကျော်စိုးမိုးဘက်သို့ လှည့်လိုက်သည်။ အစည်းအဝေးပွဲ၌ အုပ်ချုပ်ရေးမှူး အနိုင်ရလိုက်သည့်သတင်းကို ဝန်ထမ်းများအနက်မှ သူမတစ်ဦးတည်းသာ ဦးစွာကြားသိလိုက်ရသည်။

သန္တာလွင်ကိုယ်တိုင်လည်း စိတ်လှုပ်ရှား၍နေမိသည်။

"ဆရာ. . . ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်တွေက ဆရာ့ကိုပဲ ဆက်လက်ထောက်ခံတဲ့အကြောင်း၊ သတင်းစာရှင်းလင်းပွဲ လုပ်မယ်လို့ ပြောပါတယ်"

ကျော်စိုးမိုး ခေါင်းညိတ်ပြလိုက်သည်။

ထိုင်ခုံကို ကျောမှီ၍ မျက်လုံးကို မှိတ်လျက်၊ သက်ပြင်းတစ်ချက်ချလိုက်သည်။

"တော်ပါသေးရဲ့၊ အခုချိန်မှာ. . . ရန်သူအုပ်စုတစ်စု

www.burmeseclassic.com



တည်းကိုပဲ ရင်ဆိုင်ရတော့မယ်. . . "

စားပွဲပေါ်မှ ဖုန်းကမြည်လာသည်။

သန္တာလွင်က ကောက်၍နားထောင်သည်။ ထို့နောက် ကျော်စိုးမိုးထံသို့ လှမ်းပေးလိုက်သည်။

"လုံခြုံရေးဌာနတာဝန်ခံ ဦးထွန်းပိုင်ဆီကပါ. . . "

ကျော်စိုးမိုးက ဖုန်းကိုယူ၍ နားထောင်လိုက်သည်။

ဦးထွန်းပိုင်၏ စိုးရိမ်သောအသံ ပေါ်၍လာသည်။

"ခင်ဗျားတို့အလုပ်ရုံတစ်ချို့မှာ. . . ပြဿနာပေါ်နေတယ်၊ သတင်းအစီရင်ခံစာ ကျုပ်ဖတ်ကြည့်ပြီးပြီ. . . ခင်ဗျား ကိုယ်တိုင် ချက်ချင်းသွားရင် ပိုကောင်းလိမ့်မယ်"

ကျော်စိုးမိုး ပခုံးတစ်ချက် တွန့်လိုက်သည်။

တစ်ဖက်မှ စ,တင်၍ တိုက်ခိုက်လာပြီဖြစ်ကြောင်းကို ကျော်စိုးမိုး နားလည်လိုက်သည်။

◆ ◆ ◆

## အခန်း (၂၁)

'ငွေစန်း'

ဆိုသည်မှာ ယခင်က လမ်းဘေးဈေးသည် တစ်ဦးဖြစ်သည်။ ယခုအချိန်၌မူ သူသည် မြေအောက်လောကသား ဒုစရိုက်သမား တစ်ဦးဖြစ်၍နေပေသည်။

ငွေစန်းသည် ခရုကျွန်း ဈေးပြာမော်တော်ဆိပ်၏ အမြင်ဘက်၌ လူတစ်ဦးကို စောင့်ဆိုင်း၍နေ၏။

ထိုစဉ်မှာပင်. . .

တက္ကစီတစ်စီး ထိုး၍ရပ်လိုက်သည်။

မီးခိုးရောင်ဘောင်းဘီနှင့် အဖြူရောင်အင်္ကျီကို ဝတ်ထားသည့် လူရွယ်တစ်ဦး ဆင်း၍လာသည်။ လူရွယ်၏မျက်နှာပေါ်၌ မချိုတချိုအပြုံးတစ်ရပ် ရှိ၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကား နောက်ခက်မှနေ၍ ခပ်ပြားပြားသတ္တုခွာန် ထုပ်ထားသည့် အထုပ်နှစ်ခုကို ယူလိုက်သည်။

ငွေစန်းက လူရွယ်ကို လှမ်း၍ပြောလိုက်သည်။

"ကျွန်တော်တို့ နောက်ကျနေလိမ့်မယ်၊ မြန်မြန်လေး. . ."

ကျော်ဇောလင်းက ကားထဲမှ သားရေဖိတ် အနက်တစ်လုံး ထုတ်ယူလိုက်သည်။

မကြာခင် သူတို့နှစ်ဦးသည် ဂျက်အင်ဂျင်တပ်မော်တော်တစ်စီးပေါ်သို့ ရောက်သွားကြသည်။ ထိုမော်တော်သည် ခရုကျွန်းနှင့်တာပိုသို့ တစ်နာရီမျှ ရောက်အောင် မောင်းနှင်နိုင်စွမ်းရှိသည်။

မြင်းထန်သော ဂျက်အင်ဂျင်အရှိန်ဖြင့် ရေယာဉ်သည် လှိုင်းများပေါ်၌ ညွှင်သာစွာပြေး၍နေ၏။

ငွေစန်းသည် ကျော်ဇောလင်း၏ သေအိုးထိုင်ခုံကို ကျော်မှီ၍ ထိုင်ရင်း တွေးနေမိသည်။

ဒေါက်တာ 'ချမ်း' သည် သူမသေခင်က ရှေးဟောင်းအနုပညာပစ္စည်းမျိုးစုံကို ဝယ်ယူစုဆောင်းခဲ့သည်။ ထိုကာလက ငွေစန်းသည် ထိုလုပ်ငန်းနှင့်ပတ်သက်သည့် အဝယ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သည်။ ငွေစန်းအနေဖြင့် ထိုလုပ်ငန်းမှ သူ့အတွက်ငွေအတော်များများရရှိခဲ့သည်။

ဒေါက်တာ 'ချမ်း' သေဆုံးသွားသဖြင့် ထိုလုပ်ငန်းမှ သူ့အတွက် ဝင်ငွေရရန်လမ်းကြောင်း ရပ်ဆိုင်းခဲ့ရသည်။ ထိုငွေသည် သူ့အတွက် မက်မောလောက်သော ငွေကြေးဖြစ်သဖြင့် ငွေစန်းမှာ



ထိုအလုပ်မှ ငွေမရတော့မည့်အဖြစ်အတွက် စိုးရိမ်နေမိပေသည်။

ရုတ်တရက်. . .

သေးမှ ကျော်ဇောလင်းက မေးသည်။

"မြသင်းကြည်က. . . သူ့အဖေရဲ့ ရှေးဟောင်းအနုပညာပစ္စည်းတွေကို အလေးအနက်ထားတယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုတာ. . . သေချာရဲ့လား"

"ဒီကောင်မလေးက. . . သူ့အဖေရဲ့အမွေအနှစ်ကို တန်ဖိုးထားပါတယ်၊ ခင်ဗျားအနေနဲ့ သူ့ကိုပေးတဲ့ ပန်းချီကားဟာ အစစ်ဖြစ်ဖို့ပဲ အရေးကြီးတယ်. . . အတုအစစ်ဆိုတာကို ခွဲခြားစစ်ဆေးပေးတဲ့ ကျွမ်းကျင်တဲ့လူက သူ့ဆီမှာ. . . ရှိပြီသား"

ငွေစန်းက ထုတ်ပိုးထားသည့် ရှယ်တုပစ္စည်းနှစ်ခုကို မသိမသာ ကြည့်၍ပြောလိုက်ခြင်းဖြစ်သည်။

ကျော်ဇောလင်းက အသံထွက်အောင်ရယ်၍. . .

"စိတ်ချပါ၊ ကျုပ်က ပန်းချီကားအစစ်ကိုပဲ ပေးမှာပါ"

ငွေစန်းမှာ စိတ်ပျက်လက်ပျက်ဖြစ်၍ နေပုံရသည်။

တစ်စုံတစ်ခုကို တွေး၍ စိုးရိမ်၊ ထိတ်လန့်နေပုံလည်း ပေါ်သည်။

ကျော်ဇောလင်းက. . .

"ခင်ဗျားကို ကျုပ်က ဝိုက်ဆံပေးထားပြီးပြီ၊ သူနဲ့ကျုပ်ကို မိတ်ဆက်ပေးရုံပဲ၊ ဝိုက်ဆံချမ်းသာတဲ့ လူတွေဟာ ပထားမှုင်းမှာတော့ သူတို့ပေးတဲ့ ပစ္စည်းနဲ့ပတ်သက်ပြီး မယုံချင်ကြဘူး၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဝယ်တဲ့ ပစ္စည်းကို သေသေချာချာ စစ်ဆေးကြည့်ကြတာ၊ နောက်ပိုင်းမှာ. . . အစစ်ကို အတုနဲ့ ပြန်လဲလိုက်တော့လည်း သူတို့ မသိကြဘူး၊ သူတို့လက်ထဲက အတုကို အစစ်ထင်ပြီးတော့ အားရကျေနပ်နေကြတော့တာပဲ"

ငွေစန်းက ခေါင်းကို ခါယမ်းလျက်. . .

"အခု ကိစ္စမှာတော့. . . ခင်ဗျားလုပ်ချင်သလို လုပ်လို့ရမယ်မထင်နဲ့၊ တာပိမှာက အတိမ်းအစောင်း မခံဘူး၊ အန္တရာယ်သိပ်ကြီးတယ်. . ."

ချက်ချင်းဆိုသလိုပင် ကျော်ဇောလင်း၏ သဘောထားကို 'ငွေစန်း' နားလည်လိုက်သည်။

ကျော်ဇောလင်းက သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာဖြင့် ပြောလိုက်သည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့၊ အခု. . . ကျုပ်နဲ့တွေ့ရမယ့် ကောင်မလေးက နိုင်ငံခြားမှာ ပညာသင်ပြီး ကြီးပြင်းလာခဲ့ရတဲ့ ကောင်မလေးပါ၊ သူ့အဖေကျတော့ ပုံစံတစ်မျိုးလေ. . . ဒီကောင်မလေးအတွက် ပြဿနာမရှိနိုင်ပါဘူး. . ."

"ခင်ဗျားကို. . . ကျွန်တော်သတိပေးလိုက်မယ်၊ ဒီ ဗိန်းကလေးကို လုံးဝ လျှော့မတွက်နဲ့"

မကြာခင်မှာပင်. . .

မော်တော်သည် တာပိုဆိပ်ကမ်းသို့ ကပ်လိုက်သည်။

ထို့နောက် ငွေစန်းက ဟိုတယ်တစ်ခု၌ ကြိုတင်ငှားထား



သည့် အခန်းသို့ သွားကြသည်။ ထိုအခန်းမှနေ၍ ဖုန်းလှမ်းဆက်လိုက်သည်။

ငွေစန်းက ကျော်ဇောလင်းဘက်သို့ လှည့်၍. . .

"ကျွန်တော်တို့ဆီကို. . . ကားတစ်စီး လာခေါ်လိမ့်မယ်"

◆

နောက်ထပ် နာရီဝက်ခန့်အကြာ၌ လာခေါ်သည့်ကား တစ်စီးနှင့်အတူ လိုက်လာကြသည်။

သူတို့နှစ်ဦးကို ကြီးမားသော ဧည့်ခန်းဆောင်ကြီးတစ်ခု အတွင်းသို့ ခေါ်သွားသည်။ ထိုအခန်းထဲ၌ ရှေးဟောင်းပစ္စည်းများကို ကျော်ဇောလင်းတွေ့လိုက်ရသည်။ ချက်ချင်းပင်သူသည် အခန်းထဲသို့ လှည့်ပတ်၍ကြည့်လိုက်သည်။ သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် လတ်၍လာသည်။

"ဒီပစ္စည်းတွေက. . . အစစ်တွေချည်းပဲလား"

ငွေစန်းက. . .

"ဟုတ်တယ်. . . အစစ်တွေချည်းပဲ. . ."

ကျော်ဇောလင်း၏ မျက်လုံးထဲ၌ အရောင်တစ်မျိုးပြေး၍ သွားသည်။

"ကျုပ်ရဲ့ပန်းချီကားတစ်ချပ်ကို. . . ထပ်ပြီး ရွှေမြင့်ရှင် ရောင်းမယ်ထင်တယ်"

www.burmeseclassic.com



ငွေစန်းက ခေါင်းခါလျက်. . .

"ပြောထားတဲ့ဈေးအတိုင်းပဲ လုပ်ပါ၊ အလိုကြီးရင်အရ နည်းပြီး အားလုံးလက်လွှတ်ဆုံးရှုံးသွားနိုင်တယ်၊ မြသင်းကြည်ကို တွေ့တဲ့အခါ ရိုရိုသေသေဆက်ဆံပါ၊ သူနဲ့ အတူပါလာမယ့် အတွင်း လူယုံတော်ကြီး ဦးသိယ်ကို ပိုပြီး. . . သတိထားပါ"

ကျော်ဇောလင်း ပန်းတက်ချက်တွန့်၍ လေချွန်လိုက်သည်။

သူ၏မျက်လုံးထဲ၌ မရိုးသားသော အမူအရာများပေါ်၍ လာသည်။

ရုတ်တရက်. . .

တံခါးတစ်ချပ် ပွင့်၍လာသည်။

မြသင်းကြည် အခန်းထဲသို့ဝင်လာသည်။ သူမသည် အဖြူ ရောင်ပေါ်၌ ရွှေချည်၊ ငိုးချည်ဖြင့် ရေးထိုးထားသည့် နဂါးရုပ် ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမ၏ နောက်မှ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော အတွင်းလူယုံတော်ကြီးဦးသိယ် လိုက်ပါ လာသည်။ ထို့နောက် ခေတ်မီသပ်ရပ်စွာ ဝတ်ဆင်ထားသည့် အမျိုးသမီးငယ်တစ်ဦး ပါလာသည်။

ထိုအမျိုးသမီးငယ်မှာ အနုပညာပစ္စည်းများနှင့်ပတ်သက် ၍ ကျွမ်းကျင်သူဖြစ်သည်။

ကျော်ဇောလင်းက မြသင်းကြည်၏အလှကို ငေးကြည့် ရင်း . . .

"အင်း . . , ဟိုမှာတုန်းကလို လှနေတုန်းပဲ. . ."



ငွေစန်းက အံ့ဩဟန်ဖြင့်. . .

"ခင်ဗျားတို့က သိနေကြလို့လား"

မြသင်းကြည်က သဘောမကျသည့် လေသံဖြင့်. . .

"ဩော်. . . ရှင်က ဒီအထိရောက်လာတာကိုး"

ကျော်ဇောလင်းက ပြုံး၍. . .

"ဟုတ်ပါတယ်၊ ကိုယ်တို့ တွေ့ဖူးသိဖူးကြတဲ့ မိတ်ဆွေ ဟောင်းတွေလေ"

လူယုံတော်ကြီးဦးသိယ်က မျက်မှောင်ကြုတ်လျက်. . .

"သမီးငယ်လေး. . . ဒီလူက သမီးငယ်လေး ပညာသင် နေစဉ်တုန်းက လိုက်ပြီး နှောင့်ယှက်ခဲ့တယ်ဆိုတဲ့. . . လူလား"

မြသင်းကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဘဘ၊ အဲဒီတုန်းက သူဟာ ကျွန်မရဲ့ အဖေနဲ့ဆက်သွယ်ဖို့အတွက်. . . ကျွန်မကို ခုတုံးလုပ်ခဲ့တယ်ဆိုတာ အခုမှပဲ နားလည်တော့တယ်"

ဦးသိယ်၏မျက်နှာပေါ်၌ သိသာစွာ အမူအရာပြောင်း၍ သွားသည်။

အစောင့်များကို ခေါ်ရန်အတွက် ဦးသိယ်က လက်ကို မြှောက်လိုက်သည်။

ငွေစန်းမှာ မျက်စိမျက်နှာပျက်ပြီး ကြောက်ရွံ့တုန်လှုပ် ၍နေသည်။

မြသင်းကြည်က လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုငွေစန်းကနေ တစ်ဆင့်ပန်းချီကားတစ်ချပ် ဝယ်ဖို့ ကျွန်မအာမေနဲ့ ရှင် သိအောင်တွေ့ထားတာ ရှိတယ်လို့ထင်တယ်. . ."

"ဟုတ်ပါတယ်. . ."

"ဒီပန်းချီကားနဲ့ ပတ်သက်လို့. . . ရှင်တာဝန်ယူနိုင်ရဲ့လား"

"ဒီအတွက် ဘာမှမပူပါနဲ့. . . ဘာပြဿနာမှ မရှိစေရပါဘူး"

ထိုအချိန်တွင်မှာပင်. . .

အနုပညာပစ္စည်းများနှင့် ပန်းချီကားကျွမ်းကျင်သူ အမျိုးသမီးငယ်က ပန်းချီကားပတ်ထားသည့် စက္ကူထူထူအထပ်ကြီးကို ဖြေ၍ ပန်းချီကားကို သေချာစွာ စစ်ဆေးကြည့်ရှုသည်။

ပန်းချီကား စစ်ဆေးသူက ခေါင်းညိတ်ပြလျက်. . .

"ဒီပန်းချီကားက. . . အစစ်အမှန်ပါပဲ"

"ကောင်းပြီ၊ ကျွန်မရဲ့ အတွင်းလူယုံတော်ကြီးက ရှင်ပြောတဲ့အတိုင်း. . . ပေးပါလိမ့်မယ်"

ငွေစန်းက ကျော်ဇောလင်းကို မသိမသာကုတ်လိုက်သည်။သူ့အနေဖြင့် ဤအိမ်ကြီး၏ နေရာအနှံ့သို့ လိုက်လံကြည့်ရှုချင်သည်။ အထိတနေနှင့် ကျောက်စိမ်းမှန်နန်းဆောင်ကို ကြည့်ချင်သေးသည်။

ကျော်ဇောလင်းက. . .

"ဒီပန်းချီကားက ကျွန်တော့်အတွက် သားသမီးလို တန်ဖိုး



ထားပြီး ခင်တွယ်မြတ်နိုးရတဲ့ ပန်းချီကားပါ၊ အခု ကျွန်တော် မပြန်ခင်မှာ ဒီပန်းချီကားကို ကျွန်တော်ကိုယ်တိုင်ပဲ ချိတ်ထားပေးခဲ့ပါရစေ"

မြသင်းကြည်က မျက်မှောင်ကြုတ်လိုက်သည်။

ပန်းချီကားနှင့်ပတ်သက်၍ သူမအနေဖြင့် ထူးခြားစွာ စိတ်ဝင်စားခြင်း မရှိပေ။

"ဒါဆို. . . ကျောက်စိမ်းမှန်နန်းဆောင်ထဲမှာ ချိတ်ထားပါ"

မြသင်းကြည်က ငွေစန်းဘက်သို့ လှည့်လိုက်ပြီး. . .

"နောက်ဆို. . . အရှုပ်အထွေးကင်းတဲ့ ပစ္စည်းတွေကိုပဲ ကျွန်မ ဝယ်မယ်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တောက်ပဖြူဖွေးစူးရှသည့် မီးရောင်၏ အောက်ဘက်တွင်. . .

အနီရောင် ကတ္တီပါခင်းထားသည့် စားပွဲရှည်ကြီးတစ်ခု၏အပေါ်၌ ဖဲချပ်များ ဖြန့်ကြဲ၍နေ၏။

ဖဲကစားသူများ၏ရှေ့၌ အစိမ်းရောင်တုံတင်များ။

ဟိုတယ်၏ တတိယမြောက်ထပ်ရှိ အခန်းတစ်ခုအတွင်း၌ ဖဲကစားနေကြခြင်းဖြစ်သည်။

"ကင်း. . . လေးလုံး. . ."

ကျော်ဇောလင်းက အားပါးတရ အော်လိုက်သည်။

သူ့ဖဲကို မည်သူမျှ မနိုင်. . .

သူ၏ဖဲမှာ အလွန်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုင်းလုံးရှိ ဘုံကင်ပြားများ သူ့ရှေ့၌ ပုံ၍နေ၏။ ငွေစန်းမှာ အခြေအနေကို အကဲခတ်လိုက်သည်။

ထိုနောက် ကျော်ဇောလင်း၏ နားရွက်အနီး တိုးကပ်၍ တိုးတိုးပြောလိုက်သည်။

"တစ်ဝိုင်းလုံးငွေတွေကို ခင်ဗျားတစ်ယောက်တည်း နိုင်နေတာ. . . သူတို့က ခင်ဗျားကို ယူသွားခွင့်ပေးမှာ မဟုတ်ဘူး။ ဦးထုပ်နဲ့ လူက 'ဟပ်ကင်း'လို့ခေါ်တယ်၊ ဒီကောင်က တာပို ဆင်ဒီကိတ် လူမိုက်အဖွဲ့ခေါင်းဆောင် နေဝလီရဲ့ လက်ရုံးလူရမ်းကား လူမိုက်ပဲ၊ ကျန်တဲ့လူတွေကလည်း မကောင်းတဲ့လူတွေချည်းပဲ၊ သူတို့မှာ လက်နက်တွေပါလာမှာ. . . သေချာတယ်၊ ခင်ဗျားနဲ့ ကျွန်တော်နှစ်ယောက်စလုံး အသက်ရှင်လျက်နဲ့ ပြန်ချင်တယ်ဆိုရင်တော့. . . နိုင်ထားတဲ့ ဘုံကင်ပြားတွေအားလုံး စားပွဲပေါ်မှာ ထားပြီး အရှုံးခံကြမယ်"

"ခင်ဗျားပြောသလို . . . မလုပ်ဘူးဆိုရင်ကော"

ကျော်ဇောလင်းက လေသံနိမ့်၍ပြန်မေးသည်။

ငွေစန်းက မသိမသာ ခေါင်းခါလျက် . . .

"ကူးတို့မော်တော်နဲ့ မြေးမို့ . . . တစ်လမ်းပဲရှိတယ်"

ကျော်ဇောလင်း၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်၍သွားသည်။

စားပွဲ၌ထိုင်နေကြသူ ငါးဦးရှိသည်။

ထိုငါးဦးသည် မြို့ခံလူမိုက်များပင်ဖြစ်သည်။



"ကျုပ်နိုင်ထားတဲ့ ဘုံကင်ပြားတွေကို ငွေနဲ့လဲပြီး ယူလာခဲ့ပါ"

ငွေစန်းက ဘုံကင်များနှင့် ငွေလဲလှယ်ပြီး ကျော်ဇောလင်း၏ရှေ့၌ ချပေးလိုက်သည်။

ကျော်ဇောလင်းက စားပွဲရှိနေသူများကို ကြည့်နေရင်းမှ. . .

"ကဲ. . . ခင်ဗျားလစ်ပေတော့. . . တံခါးပေါက်ကနေပဲ ထွက်၊ အပြင်ရောက်မှပဲ ခင်ဗျားနဲ့ဆုံမယ်"

ငွေစန်းက တိုးတိုးကပ်၍ မှာသည်။

"ငွေတွေ ပြန်ပေးခဲ့. . . အဲဒီကောင်တွေကို ပြဿနာမရှာနဲ့နော်၊ ဒီကောင်တွေက တာပိုဆင်ဒီကိတ်လူမိုက်တွေ. . ."

ကျော်ဇောလင်း ခေါင်းညိတ်ပြသည်။

ငွေစန်းထွက်သွားလျှင် ကျော်ဇောလင်းက အိတ်တစ်လုံးထဲသို့ ငွေစက္ကူအထုပ်များ ကောက်၍ထည့်လိုက်သည်။

လူမိုက် "ဟပ်ပီကင်း" က ကိုယ်ကိုရှေ့သို့ကိုင်း၍ စားပွဲကို လက်ထောက်ပြီး မတ်တပ်ထ,ရပ်လိုက်သည်။ ငွေစက္ကူများထည့်ထားသည့် အိတ်ကို စားပွဲပေါ်၌ ချထားရန် အမိန့်ရာပြလိုက်သည်။ ကျန်လူမိုက်များလည်း ထိုနေရာမှ ထ,၍ရပ်လိုက်ကြသည်။

ကျော်ဇောလင်းသည် အာမှန်းမလည်သည့် မိန်းမတစ်ဦး၏အသွင်ဖြင့် ပခုံးကိုတစ်ချက်တွန့်လိုက်သည်။

သူ၏အပေါ်ကုတ်အင်္ကျီအိတ်တွင်းသို့ လက်ကိုနှိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

သူ၏လက်တွင်း၌ ခပ်လုံးလုံးသဏ္ဌာန် ပြောင်လက်နေသည့် လက်ပစ်ဗုံးတစ်လုံးပါ၍လာ၏။ ထိုလက်ပစ်ဗုံးမှာ ပေါ့ပါးသဖြင့် သယ်ယူရ လွယ်ကူမှုရှိသည်။

ကျော်ဇောလင်းက တစ္ဆေပါအနီရောင်ခင်းထားသည့် စားပွဲပေါ်တွင် ဗိုစ်ဘက်သို့ မျက်နှာလျက် လက်ပစ်ဗုံးကို အသာလှိမ့်ချလိုက်သည်။

"ကဲ. . .မင်းတို့ လိုချင်တဲ့ ပစ္စည်း၊ ယူပေတော့. . ."

ပြော၍ပြီးသည်နှင့် ငွေထည့်ထားသည့် အိတ်ကိုကောက်ယူလျက် လျင်မြန်စွာ ပြေးထွက်သွားလေသည်။

ကျော်ဇောလင်း၏ အမြင်အာရုံ၌ နောက်ဆုံး မြင်တွေ့လိုက်ရသည်မှာ. . .

လူမိုက်များသည် လက်ပစ်ဗုံးကို သိမ့်လာနေသည်ကို တုံ့အားသင့်စွာဖြင့် စိုက်၍ကြည့်နေကြပုံပင်ဖြစ်သည်။

တခန်းအပြင်သို့ ရောက်သည်နှင့် . . .

ကျော်ဇောလင်းက တံခါးကို ဆောင့်ပိတ်လိုက်၏။

ကြေလမ်းပေါ်၌ ပြေးကပ်နေအောင် မှောက်ချ၍ ဝပ်လိုက်သည်။

ထိုအချိန်မှာပင်. . .

ကျယ်လောင်သော ပေါက်ကွဲသံပေါ်၍လာသည်။

ကျော်ဇောလင်း လေ့ကျင့်မှု တစ်လျှမ်းဖြင်း ဆင်း၍သွား



သည်။ ပစ္စည်းတစ်သည့်နေရာ၌ သူ၏သားရေအိတ်နှင့် ပန်းခိုးအားများကို ယူလိုက်သည်။ ထို့နောက် ဟိုတယ်၏ ထွက်ပေါက်၌ အလုအယက်တိုး၍ ထွက်နေကြသည့်လူစုပ်ကြား၌ ရောနှော၍လိုက်ပါသွားလေတော့သည်။

◆

အပျောင်ရိပ်တစ်နေရာ၌ ငွေစန်းနှင့်တွေ့သည်။

ပေါက်ကွဲသံ၊ ဓားပြာစ်သံတို့ကြောင့် ငွေစန်းက. . .

"ဟိုတယ်ထဲမှာ. . .ဘာတွေဖြစ်ကုန်ကြလို့လဲ"

ကျော်ဇောလင်းက ခပ်ပေါ့ပေါ့ ရယ်မောလိုက်ပြီး. . .

"ကြော်. . .ဟိုလူမိုက်တွေက ကျုပ်ရဲ့ငွေတွေကို မယူချင်တော့ပါဘူး. . .တဲ့"

အခြေအနေကို ငွေစန်း ချက်ချင်း နားလည်လိုက်သည်။

ကျော်ဇောလင်း၏ လက်ချက်ပင်ဖြစ်ကြောင်း သိလိုက်သည်။

"ခင်ဗျား တော်တော်ညှော်တဲ့လူပဲ၊ ဒီလူတွေဟာ တာပိုဆင်ဒီကိတ် ဓစရိုက်သမားတွေလို့ ကျုပ်ပြောထားတယ်၊ သူတို့က ကျုပ်တို့ နှစ်ယောက်ကို မှတ်မိနေမှာ သေချာတယ်၊ နေရာတနံမှာ ကျုပ်တို့ရဲ့ ပုံသဏ္ဌာန်ကိုပြောပြီး အကြောင်းကြားထားလိမ့်မယ်၊ ဒီလိုဆို ကျုပ်တို့ တာပိုမြို့ကနေ. . . ထွက်လို့ မလွယ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်စိုက်ပါတဲ့အချိန်မှာ လက်ဖက်စိုက်တောင်ပေါ်မှာ အဲဒီလူမိုက်ငါးယောက်စလုံး ရှိနေတယ်။ ကျုပ်တို့ တယ်ဘယ်သူမှ ဘယ်ဝါဆိုတာ ပြောနိုင်မယ့် အခြေအနေမျိုး . . . လုံးဝမရှိကြတော့ဘူး"

ထို့နောက် . . .

မြသင်းကြည်၏ စံအိမ်ရှိရာဘက်သို့ ထွက်လာကြသည်။ အနောက်ဘက်အုတ်တံတိုင်းရှိရာ အမှောင်ရိပ်လွှမ်းသည့် လမ်းကြားထဲသို့ ရောက်လာသည်။

မဲနစ်ဆယ်ကျော်မြင့်သည့် အုတ်တံတိုင်း၏အပေါ်၌ သံတိုင်များ ဖန်ကွဲစများက ထိုးထိုးထောင်ထောင်ရှိနေကြသည်။ စံအိမ်ကြီး၏ အတွင်းဘက်အနေအထား တည်ရှိပုံကို ငွေစန်းက သေသေချာချာ မြော်မြင်ထားသဖြင့် ကျော်ဇောလင်း သိရှိထားပြီး ဖြစ်သည်။

ကျော်ဇောလင်းက အခြေအနေကို အကဲခတ်လိုက်ပြီး . . .

"ဒီနေရာကနေ ကျုပ်ဝင်မယ် . . ."

အနက်ရောင် အထက်အောက်ဆင်တူဝတ်စုံနှင့် အောက်ခံသားရေပြားဖျော့သောဖိနပ်တို့ကို ကျော်ဇောလင်း ဝတ်လှယ်ဝတ်ဆင်သည်။ ခေါင်းမှ ပန်းချီကားကို အဝတ်အိတ်တစ်လုံးထဲ၌ ထည့်သည်။ ခါးပေါ်၌ ရာဘာကြိုးရှာခေါ်တစ်ခုကို လိပ်၍တင်သည်။

ငွေစန်းက ပန်းချီကားအိတ်ကို ကျော်ဇောလင်း၏ ကျောတွင် ချည်၍ပေးသည်။



ငွေစန်းက . . .

"အောက်ထပ်ကို အရင်ရောက်အောင်သွား၊ ခင်ပျား စိတ်ဝင်စားတဲ့ အခန်းကို ရောက်ဖို့ ညာဘက်ကိုသာ ဆက်ပြီးသွား . . ."

"ကဲ . . . ကျုပ်အထဲဝင်မယ်၊ အများဆုံး လေးဆယ့်ငါးမိနစ်လောက်ပဲ ကြာလိမ့်မယ်"

ငွေစန်းက အုတ်တံတိုင်းကို တစ်ချက်မော့ကြည့်လိုက်ပြီး . . .

"မနက်သုံးနာရီထွက်မယ့် သင်္ဘောခေါက်အတွက် ကျုပ်လက်မှတ်ဝယ်ထားပြီးပြီ၊ ခင်ပျားကို ကျုပ်စောင့်တော့ စောင့်မယ်၊ ဒါပေမယ့် . . . သင်္ဘောထွက်မယ့် အချိန်မီအောင်တော့ သွားရလိမ့်မယ်၊ ဒီနေ့ ခင်ပျားလုပ်ပုံနဲ့က . . . ကျုပ်တော့ နောက်ကျော မလုံတော့ဘူး"

ကျော်ဇောလင်းသည် အိတ်တစ်လုံးထဲမှ အနက်ရောင် ပိုးကြိုးရှည်တစ်ချောင်းကို ထုတ်လိုက်သည်။ ထိုကြိုး၏ ထိပ်ဖျား၌ ကျောက်ဆူးသဏ္ဍာန် သုံးခွသံချိတ်ချွန်ပါသော ချိတ်တွဲကို ခိုင်မြဲစွာ ချည်နှောင်ထားသည်။

ကျော်ဇောလင်းသည် ကြိုးကို ခေါင်းပေါ်၌ အရှိန်ယူ၍ လှည့်ပြီး အုတ်တံတိုင်းပေါ်သို့ ပစ်တင်လိုက်၏။

ကြိုးကို လက်ထဲ၌ဆုပ်ကိုင်လျက် အုတ်တံတိုင်းကို ခြေဖြင့် ကန်ပြီး အပေါ်သို့တက်သွားသည်။ အုတ်တံတိုင်းအပေါ်ရောက်လျှင် ဖန်ကွဲအစများ၊ သံ . . . တိုင်များပေါ်၌ ရာဘာခေါ်ရှာခင်းကို

www.burmeseclassic.com

www.burmeseclassic.com



မြန့်ခင်းသည်။ အောက်ဘက်၌ ဗိုဘာမင်များကို ဆွဲ၍ကင်းလှည့်နေသည့် အစောင့်ရှိသည်။

ကျော်ဇောလင်းက ရာဘာအိပ်ရာခင်းပေါ်၌ လှဲအိပ်နေလိုက်၏။ အစောင့် အောက်ဘက်မှ ဖြတ်ကျော်သွားသည့်အထိ ငြိမ်၍စောင့်နေသည်။

အစောင့်ကျော်လွန်သွားချိန်မှ သူသည် အသာမတ်တပ်ရပ်လိုက်၏။ သံချိတ်တွဲကို ပိုးကြိုးဖြင့်လွဲ၍ပစ်လိုက်သည်။ သံချိတ်တွဲသည် နောက်ဖေးဆောင်တန်းလျား၏အမြင့်ဆုံးနေရာရှိ အမိုးပေါ်၌ ချိတ်၍သွားသည်။

ကြိုးကို တင်းနေအောင် ဆွဲလျက်၊ အုတ်တံတိုင်းပေါ်မှ လွှဲ၍ခုန်ချလိုက်၏။ သူ၏ခန္ဓာကိုယ်သည် ခေါင်မိုးပေါ်သို့ ကျသွားသည်။

အမိုးမှ အောက်ဘက်သို့ လျှော၍ဆင်းလာသည်။

အစွန်း၏အပေါ်ဆုံးလေ့ကားကွေ့ အထက်နားတွင်ရှိသော ပြတင်းပေါက်ကို အသာအယာလှမ်း၍ဖွင့်လိုက်၏။ ပြတင်းပေါက်တံခါးပွင့်သွားလျှင် အတွင်းသို့ ခေါင်းလျှို၍ဝင်လိုက်သည်။

မီးဖိုဆောင်တွင်းသို့ ရောက်၍လာသည်။ မီးဖိုဆောင်မှနေ၍ အိမ်ကြီး၏အတွင်းပိုင်းသို့ ဝင်၍လာသည်။

တဖြည်းဖြည်းနှင့် . . .

မှောင်မည်းတိတ်ဆိတ်နေသည့် အခန်းတစ်ခန်းအတွင်းသို့ ရောက်၍လာသည်။



အသင့်ယူဆောင်လာသည့် လက်နှိပ်ဓာတ်မီး အသေးလေးဖြင့် ထိုး၍ကြည့်သည်။

ကြွေထည်၊ ဖန်ထည်ပစ္စည်းများကို စင်ပေါ်၌တွေ့ရသည်။ တစ်ဘက်စင်၌မူ ရုပ်တုများ. . .

သူသည် တစ်ဖက်ခန်းသို့ ကူး၍လျှောက်သွားသည်။

နံရံပေါ်၌ ချိတ်ထားသော သူရောင်းခဲ့သည့် ပန်းချီကားကိုတွေ့လိုက်ရသည်။ ကျော်ဇောလင်း ကျေနပ်စွာပြုံးလျက် ပန်းချီကားကို ဖြည်းညင်းစွာ ဖြုတ်၍ယူသည်။ ပန်းချီကားအစားဖြင့် ပြန်လဲလှယ်ထားခဲ့ရန်အတွက် ကျောပေါ်၌အသင့်ပါလာသော ပန်းချီကား ထည့်ထားသည့် အိတ်ကိုယူလိုက်၏။

အိတ်မှ ဇစ်ကို ဆွဲဖွင့်လိုက်သည်။

ရုတ်တရက်. . .

မီးရောင်များ လင်းထိန်၍သွားပေသည်။

အခန်းဝ၌ မြသင်းကြည်က မတ်တပ်ရပ်လျက်. . .

သူမ၏လက်ထဲ၌ အော်တိုမက်တစ်ပစ္စတိုတစ်လက်. . .

ကျော်ဇောလင်းကို တည့်မတ်စွာချိန်ရွယ်၍ ထားသည်။

သူမသည် သေနတ်ကို ကျွမ်းကျင်စွာကိုင်တွယ်၍ ထားမှန်း မြင်ရုံနှင့် ကျော်ဇောလင်း သိလိုက်သည်။

ကျော်ဇောလင်းသည် လက်နှစ်ဖက်ကို မြှောက်လျက် ပန်းချီကားအနီးမှ နောက်သို့ ဆုတ်လိုက်သည်။ အခြားပစ္စည်းများကို အလျှင်မယူမိဘဲ ပန်းချီကားကိုသာ ဦးစွာယူမိ၍ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု တွက်ဆ,စရာရှိပေသည်။

မြသင်းကြည်က ဘာမျှ မပြော။

အဖြူရောင်ပိုးသားအင်္ကျီပေါ်၌ အနီရောင်နှင့်ရွှေရောင် နဂါးရုပ်ကြီးများ ထိုးထားသောဝတ်စုံကို သူမဝတ်ဆင်ထားသည်။ ဆံနွယ်များက သူမ၏ပါးနှစ်ဖက်ဘေးမှ ရင်ဘတ်ပေါ်သို့ ကျ၍နေသည်။

သူမ၏ တိတ်ဆိတ်မှုသည် စိန်ခေါ်နေသည့်အလား ရှိနေပေသည်။ ကျော်ဇောလင်းအနေဖြင့် မပြောဘဲနေ၍ မရတော့ပေ။

ကျော်ဇောလင်းက ပခုံးတွန့်၍ လက်နှစ်ဖက်ကို ဖြန့်လိုက်ပြီး . . .

"ကျွန်တော် ဒီနေရာအထိ စွန့်စွန့်စားစား ဘာဖြစ်လို့ ရောက်လာသလဲဆိုတာ ခင်ဗျား. . . သိချင်မယ်လို့ထင်တယ်၊ ကျွန်တော် မှန်တဲ့အတိုင်း ဝန်ခံပါ့မယ်. . . ကျွန်တော့်ရဲ့ရင်ထဲမှာ ခင်ဗျားကို မမြင်ရရင် မနေနိုင်အောင် စွဲလမ်းမြတ်နိုးတွယ်တာနေမိပြီဆိုတဲ့အကြောင်း. . . ပြောချင်လို့လာခဲ့တာပါ၊ ခင်ဗျားရဲ့ မျက်လုံးလေးတွေက ကျက်သရေသိပ်ရှိတယ်၊ ဒီလောက်. . .နူးညံ့ချောမောလှပတဲ့ မျက်နှာမျိုး ကျွန်တော် တစ်ခါမှ. . ."

မြသင်းကြည်က စူးရှစွာ ဖြတ်၍အော်လိုက်သည်။

"တိတ်စမ်း. . . အရူး၊ လူလိမ်၊ လူညာ၊ လူညစ်. . . ရှင် ကျွန်မရဲ့ ပန်းချီကားကို လာခိုးတာ မဟုတ်လား. . . မှန်မှန်ပြောစမ်း"



သူမပြောလည်း ပြောချင်စရာပင်။

ကျော်ဇောလင်း နောက်ဘက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်သည်။

မြသင်းကြည်၏မျက်လုံးအစုံက စူးရှတောက်ပြောင်၍နေသည်။

"မင်းရဲ့ တောဒီအခန်းထဲက နံရံတွေမှာ အဖိုးတန်ပန်းချီကားတွေ အများကြီးပါ၊ ဒီပန်းချီကားက မင်းအတွက် အသေးအမွှားကိစ္စပါ၊ ကျွန်တော့်အတွက်ကတော့ ဒီပန်းချီကားဟာ ကျွန်တော့်ရဲ့ အသည်းနှလုံးလိုဖြစ်နေပါတယ်၊ ကျွန်တော် အင်မတန်မြတ်နိုးရတဲ့ ပန်းချီကားပါ. . ."

"ရှင်ဒီလိုမျိုးပဲ. . . လုပ်နေကျ မဟုတ်လား"

"ကျွန်တော် ငွေလိုတဲ့အခါမှာ ဒီပန်းချီကားနဲ့ ကျွန်တော် ခဏလောက်ခွဲခွာရတယ်၊ ပန်းချီကားပိုင်ရှင်ဆီမှာ အစစ်နီးပါး လက်ရာကောင်းတဲ့ ပန်းချီကားအတုတစ်ခုနဲ့ ဖြန်ဖြီးလဲထားခဲ့တယ်၊ ချမ်းသာတဲ့ လူတွေဟာ. . . အတုနဲ့အစစ်ကို သေသေချာချာ မခွဲနိုင်ကြဘူးလေ၊ ကျွန်တော်ကတော့ ဒီပန်းချီကားကို အင်မတန် မြတ်နိုး တန်ဖိုးထားတဲ့လူပါ၊ ဒါကြောင့် ဒီကို. . . လဲဖို့ပြန်လာရင်း အမိခံရတာပါ၊ ကျွန်တော်ရောင်းခဲ့တဲ့ ပန်းချီကားကို ပြန်ဝယ်ပြီး ပြန်ပါတော့မယ်. . ."

ကျော်ဇောလင်း ပြောသည်များကို သူမက ပြုံး၍နားထောင်နေသည်။ မြသင်းကြည်၏ နောက်ဘက်မှ ချည်လျှားသော

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖြူဖြူများနှင့် လူထွားကြီးနှစ်ဦး ပေါ်၍လာသည်။ သူမက ထို လူထွားကြီးနှစ်ဦးကို လမ်းဖယ်ပေးလိုက်သည်။ တောင့်တင်းကြံ့ခိုင်ထွားကျိုင်းသည့် လူကြီးနှစ်ဦးက ကျော်ဇောလင်း၏ ဘေးတစ်ဖက်ဆီ၌ ရပ်လိုက်ကြသည်။

မြသင်းကြည်က အေးစိမ့်သောလေသံဖြင့်. . .

"ရှင်. . . ဒီနေရာကနေ အသက်ရှင်လျက်နဲ့ ပြန်ထွက်ခွင့်ရတော့မယ်လို့မထင်ဘူး. . . ကိုကျော်ဇောလင်း၊ ရှင်. . . ဒီနေရာကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်လို့မရဘူး၊ ကျွန်မရဲ့ ကိုယ်ရံတော်တွေကို လွှတ်ပေးလိုက်ရင်တော့. . . ရှင် တစ်စစီဖြစ်သွားလိမ့်မယ်"

ကျော်ဇောလင်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး. . .

"ဒီပန်းချီကားလေး ပြန်ယူမိတာနဲ့. . . ကျွန်တော့်ကို သတ်မယ်လို့တော့ မထင်မိဘူး"

"ပန်းချီကားခိုးတာက အဓိက မဟုတ်ဘူး၊ ရှင်. . . ကျွန်မရဲ့ အိမ်ထဲကို ခွင့်ပြုချက်မရှိဘဲ ဖောက်ထွင်းပြီးဝင်လာလို့ ပြောနေတာ"

ထိုအချိန်မှာပင်. . .

အတွင်းလူယုံတော်ကြီးဦးသိယ် တစ်လှမ်းချင်း ဝင်လာသည်။ ကျော်ဇောလင်းကို ကြည့်၍ ခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"အင်း. . . ကျုပ်ထင်တာ မှားခဲ့ပါတယ်၊ ဒီအခန်းကို မင်း



သေသေချာချာ လိုက်ကြည့်နေတာတွေ့ကတည်းက. . . ဒီနေရာကို မင်း ပြန်လာမယ်လို့ တွက်ထားပြီးသား. . . မင်းကတော့ တော်တော်ရူးတဲ့အကောင်ပဲ"

ဦးသိယ်က မြသင်းကြည်ဘက်သို့ လှည့်၍. . .

"ဒီကိစ္စကို ဘဘနဲ့ ကျောက်လူရဲ့ တာဝန်ပဲထားလိုက်ပါ"

ကျော်ဇောလင်းကို တစ်ချက်တည်းနှင့် အပြတ်ရှင်းပစ်လိုက်နိုင်သော်လည်း သူမ တစ်စုံတစ်ရာကို တွေးမိသည်။

သူ၏ တစ်ဦးတည်းစွန့်စားရဲသည့်သတ္တိကို သတိထားမိ၍ပင်။

"သူ့ကို. . . တစ်နေရာမှာ ထားလိုက်ပါ"

ချက်ချင်းပင် အစောင့်များက ကျော်ဇောလင်းကို ချုပ်၍ ခေါ်ဆောင်သွားကြသည်။

◆

ကျော်ဇောလင်းကို အစောင့်များက မြေအောက်ခန်းသို့ ခေါ်လာသည်။ ကျောက်သားစကြံလမ်းကျဉ်းတစ်ခုအတိုင်း လိုက်ခေါင်းလမ်းအတွင်းသို့ ထပ်၍ဝင်ကြသည်။ ထိုနေရာ၌ အခန်းကျဉ်းကလေးများရှိသည်။

ကျော်ဇောလင်းကို အခန်းတစ်ခုထဲ၌ ထည့်လိုက်သည်။ ထိုအခန်းထဲမှ ညှီစို့စို့အနံ့များ ထွက်၍နေသည်။ အသုံးမပြုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်လှပြီဖြစ်သော အခန်းတစ်ခုဖြစ်သည်။

သီးသန့်ခွာတ်လှေကားဖြင့် လူယုံတော်ကြီး ဦးသိယ် မြေအောက်ထပ်သို့ ဆင်း၍လာသည်။ သူ၏နောက်ဘက်မှ အရပ်ဆိုးဆိုး၊ ပုကွကွ၊ ဝင်တိုတို မျက်ပေါက်ကျဉ်းကျဉ်း လူတစ်ဦးပါလာသည်။

ကျော်ဇောလင်း၏အခန်းထဲသို့ ဦးသိယ်ဝင်၍ လာသည်။

"သူ့နာမည်က ကျောက်လှူလို့ခေါ်တယ်. . . အိမ်စောင့်ကိုယ်ရံတော်အဖွဲ့ရဲ့ ခေါင်းဆောင်ပဲ"

ဦးသိယ်က ကျော်ဇောလင်းနှင့် ကျောက်လှူကို မိတ်ဆက်ပေးလိုက်သည်။

"ကျုပ်မေးတာကို အမှန်အတိုင်းဖြေပါ. . . မဖြေရင်တော့ မင်းကို ကျောက်လှူရဲ့ လက်ထဲအပ်ရလိမ့်မယ်၊ ကျောက်လှူလက်ထဲရောက်ရင်တော့. . . မင်းအမှန်အတိုင်း ဖြေလာပါလိမ့်မယ်၊ ကျောက်လှူက အင်တေတုန်းကိုတောင်. . . စကားပြောအောင် လုပ်နိုင်စွမ်းရှိတယ်. . ."

ကျော်ဇောလင်းက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် . . .

"ဘုရား. . . ဘုရား. . . ကျွန်တော် ပန်းချီကားခိုးတဲ့လူပါ၊ ကျွန်တော့်ရဲ့ပန်းချီကားကို ပြန်ခိုးဖို့ လာခဲ့တာပါ၊ ဟို. . . အမျိုးသမီးကိုလည်း ကျွန်တော် အမှန်အတိုင်း ပြောပြပြီးပါပြီ၊ ခင်ဗျားတို့က ဘာဖြစ်လို့ ဒီလောက်အရေးတကြီး ဖြစ်နေကြရတာလဲ"

ဦးသိယ်က ကျော်ဇောလင်းကို စူးစိုက်၍ကြည့်လျက်. . .

"အခု. . . ကျုပ်တို့မှာ ရန်သူတွေနဲ့ ရင်ဆိုင်နေရတယ်၊ ဒီတော့ အခု မင်း ဒီအထဲကို ဖောက်ထွင်းဝင်လာတာဟာ. . . ပန်းချီကား ခိုးဖို့ရည်ရွယ်ချက်အပြင် နောက်ထပ် ဘာရည်ရွယ်ချက်ရှိသေးသလဲဆိုတာ သိမှဖြစ်မယ်၊ ကဲ. . . မင်း အမှန်အတိုင်း ပြောစမ်း၊ မင်းရဲ့ အကြောင်းစုံစမ်းဖို့ နေရာတိုင်းမှာ. . . ကျုပ်တို့ရဲ့လူတွေ အများကြီးရှိတယ်ဆိုတာ မင်းနားလည်ထားပါ"



ကျော်ဇောလင်းက ဦးသိယ်၏မျက်နှာကို တစ်ချက်မော့ကြည့်လိုက်သည်။

"ကောင်းပြီလေ. . . ခင်ဗျားတို့ရဲ့အန္တရာယ်ကို ကျွန်တော်တတ်နိုင်သလောက် အကူအညီပေးပါမယ်၊ ကျွန်တော်. . . နိုင်သလောက်ပဲ လုပ်ပေးမယ်၊ နောက်ထပ် ခင်ဗျားတို့ ဘာသိချင်သေးသလဲ. . ."

အိမ်ခြံဝင်း အစောင့်တစ်ဦးရောက်ရှိလာပြီး ဦးသိယ်အား သားရေအိတ်တစ်လုံးပေး၍ တီးတိုးပြောဆိုသည်။

"ခြံဝင်းထဲလိုက်ရှာတာ ဒီသားရေအိတ်တစ်လုံးပဲ တွေ့တယ်၊ မင်းနဲ့အတူ အဖော်လိုက်လာတဲ့ ငွေစန်းကော. . . ဘယ်ရောက်သွားပြီလဲ"

ကျော်ဇောလင်းက ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒီမနက်သုံးနာရီမှာထွက်မယ့် သင်္ဘောနဲ့ ခရူကျွန်းကို ပြန်သွားပြီ၊ သူ့ကို ခင်ဗျားတို့ ဖမ်းလို့ မမီနိုင်တော့ဘူး"

ဦးသိယ်က ချင့်ချိန်တွေးဆ၍ တစ်လုံးချင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလို မဖြစ်နိုင်ဘူး၊ ဒီနေ့ည ပန်းသီးပုံတယ် ထဲမှာ ပြဿနာတစ်ခုဖြစ်သွားတယ်၊ အခန်းထဲမှာ ဒဏ်ရာရတဲ့လူ၊ သေတဲ့လူတွေထဲမှာ မင်းတို့နှစ်ယောက် မပါဘူးဆိုတာ သူတို့သိ ထားကြတယ်၊ ဒီတော့ လူမိုက်ခေါင်းဆောင်ဝေလီနဲ့ သူ့တပည့် လူမိုက်တွေဟာ. . . ဆိပ်ကမ်းမှာ မော်တော်တွေ၊ သင်္ဘောတွေကို သေသေချာချာ စောင့်ကြည့်နေကြမှာ သေချာတယ်. . ."

◆

'ငွေစန်း' လမ်းကြားမှထွက်၍ လမ်းမပေါ်သို့ ရောက်လာ သည်။

တက္ကစီတစ်စီးတား၍ ဆိပ်ကမ်းသို့ စီးလာသည့် တက္ကစီ ကို အပြင်ဆိပ်ကမ်း ရှေ့တည့်တည့် ပလက်ဖောင်း တစ်နေရာတွင် ရပ်နိုင်းလိုက်သည်။

လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်စဉ်မှာပင်. . .

ကူးတို့ဆိပ်ကမ်းအတွင်းသို့ တန်းစီး၍ ဝင်ရောက်နေကြ သော ခရီးသည်များကို တစ်ဦးချင်း လိုက်၍သေချာစွာကြည့်နေ သော တာပိုဆင်ဒီကိတ်မှလူမိုက်နှစ်ဦးကို ရုတ်တရက် မြင်တွေ့ လိုက်ရသည်။

ငွေစန်းသည် လမ်းလယ်ကောင်ရောက်မှ ခြေလှမ်းများ ရပ်တန့်လိုက်ပြီး လမ်းတစ်ဖက်သို့ လျင်မြန်စွာ လှည့်ထွက်သည်။



ကမ်းနားဘက်အစပ်ရှိ အုတ်တံတိုင်းကြီး၏ အမှောင်ရိပ် တစ်နေရာ၌ ခိုကပ်နေလိုက်သည်။

ရှေ့ဘက်တွင် ဧရာမရေပိုက်ကြီးများသာရှိပြီး ဆက်၍ သွားရန် လမ်းမရှိတော့ပေ။

နောက်ဘက်မှ ခြေသံများကို ငွေစန်းကြားလိုက်ရသည်။

ထို့ကြောင့် ငွေစန်း ခြေလှမ်းသွက်သွက်ဖြင့် ရှေ့သို့ဆက် ၍ သွားသည်။ ရှေ့ဘက်မှောင်ရိပ်တွင် ကားရပ်နား သည့် နေရာရှိ သည်။ ထိုနေရာတွင် ကားလေးစီးတန်းစီ၍ရပ်ထားသည်ကို မြင် လိုက်ရသည်။

". . . . . . . . ."

နောက်ဘက်မှနေ၍ သူ၏နာမည်ကို အော်ခေါ်သည့် အသံကြားလိုက်ရသည်။

ရပ်ထားသည့် ကားများပေါ်မှ ရှေ့မီးများပွင့်၍လာသည်။ ကားတံခါးများပွင့်၍ အနက်ရောင်ဝတ်စုံနှင့်လူများ လျင်မြန်စွာ ဆင်းလာကြသည်။ ငွေစန်း၏ရှေ့မှနေ၍ ပိတ်ဆို့ရပ်တန့်လိုက် ကြသည်။

ငွေစန်း တစ်ဖက်သို့ လှည့်၍ပြေးသည်။

လမ်းပေါ်၌ ပြေးလွှားနေရင်းမှ ဝမ်းဗိုက်ထဲ၌ နာကျင် သောဝေဒနာကို ခံစားနေရသည်။ သူ၏နှလုံးသားများ လွင့်စဉ် ပေါက်ကွဲထွက်လုမတတ် ခုန်၍နေသည်။

လွန်စွာရက်စက်ကြမ်းကြုတ်သည့် လူမိုက်ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



'ဝေလီ'သည် ငွေစန်း၏ နောက်မှလိုက်၍လာသည်။

ဝေလီ၏မျက်နှာပေါ်၌ အေးစက်သောအပြုံးတစ်ခု. . .

ရုတ်တရက်. . .

ငွေစန်းသည် သူ၏နောက်ဘက်မှနေ၍ လက်များကို ချုပ်ကိုင်ထားခြင်း ခံလိုက်ရသည်။ မည်သို့မျှ ရုန်းထွက်၍မရ။

'ဝေလီ' သည် ငွေစန်း၏အနီးသို့ ရောက်လာသည်။

ငွေစန်း၏အပေါ်အင်္ကျီကို ဆွဲလှန်လိုက်၏။ အင်္ကျီအိတ်များ၊ ဘောင်းဘီအိတ်များထဲ၌ တွေ့ရသော ငွေစက္ကူများကို ဆွဲနှိုက်ယူသည်။ တစ်ရွက်တလေမျှပင် မကျန်အောင် 'ဝေလီ' က လောဘကြီးစွာ မွှေနှောက်ရှာဖွေယူငင်နေသည်။

'ဝေလီ'က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဒီနေ့ည မင်း. . . ဖဲကစားတာ အတော်ကြီးနိုင်လာတယ် မဟုတ်လား"

'ငွေစန်း' ၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါ၍နေ၏။

သူ၏အခြေအနေကို ချက်ချင်း ရိပ်စား နားလည်မိသည်။ သူ့ကို'ဝေလီ'၏လူမိုက်များက ပတ်လည်၌ဝိုင်းထားကြသည်။

သူမည်သို့မျှ ထွက်ပြေး၍ မရနိုင်တော့နိုင်တော့မှန်း သိသည်။

'ငွေစန်း' ၏ပါးစပ်မှ အသံမထွက်နိုင်၊ သူ၏ ဒူးများခွေညွတ်၍ လမ်းပေါ်သို့လဲကျသွားပေသည်။

◆ ◆ ◆

## အခန်း (၂၃)

ကောင်းကင်ယံ၌ ငွေကြယ်ပွင့်ကလေးများ ပြိုးပြက်စွာ ဝင်းလက်တောက်ပ၍နေကြသည်။

ကောင်းဆိုင်ကျွန်းတစ်နေရာရှိ ရေယာဉ်သိမ်းဝှက်ထားသည့် တဲကြီးအတွင်း၌ လူလေးယောက်ရှိနေကြသည်။

ထက်နေဗလ၊ လူပံကြီး အောင်ဒင်၊ ချစ်ထွေးနှင့် ဖိုးမှန်းတို့ဖြစ်ကြသည်။ သူတို့လေးဦးစလုံး ရေယာဉ်ကို မြင်ဆင်နေကြသည်မှာ တစ်ညလုံးပင်ဖြစ်သည်။

အနားယူချိန်ပင် မရှိသလောက်ဖြစ်နေပေသည်။

အင်ဂျင်ခန်းထဲ၌ ဖိုးမှန်း အလုပ်ရှုပ်၍နေ၏။

အချိန်မှာ အရှက်ကျင်းပေတော့မည်။

အောက်ဘက်အင်ဂျင်ခန်းထဲသို့ 'ထက်နေဗလ' ဆင်း၍

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ လက်ထဲ၌ ဝီစကီတစ်လုံးနှင့် ဖန်ခွက်နှစ်လုံးကိုင်၍လာသည်။

သံစည်ပိုင်းတစ်ခုပေါ်၌ ဝီစကီပုလင်းနှင့် ဖန်ခွက်များကို တင်လိုက်သည်။

ထက်နေဗလက ပျော့ပျောင်းသောလေသံဖြင့်. . .

"ကဲ. . . စက်ဆရာရေ၊ ခဏလောက် အနားယူရင်းနဲ့ သောက်လိုက်ကြရအောင်"

ဖန်ခွက်နှစ်လုံးထဲသို့ ဝီစကီများ လောင်းထည့်လိုက်ပြီး ဇံမှုန်းထံသို့ ဖန်ခွက်တစ်လုံး လှမ်းပေးလိုက်သည်။

ဇံမှုန်းက ဖန်ခွက်ကိုယူ၍ တစ်ချက်တည်း မော့သောက်ပစ်လိုက်သည်။

"ဗျား. . . အခုမှ နည်းနည်းနေသာထိုင်သာ ရှိသွားတယ်၊ အကြောတွေ၊ အချဉ်တွေ ပြတ်ထွက်မတတ် ဖြစ်နေပြီ"

"ကဲ. . . ငါ့ရဲ့ရေယာဉ်အခြေအနေ. . . ပြောပြပါဦး"

"ခင်ဗျားရဲ့ရေယာဉ်မှာ ကျုပ် မလုပ်တတ်တဲ့အပိုင်း တစ်ခုမှ မပါဘူး၊ ရေယာဉ်ရဲ့ အင်ဂျင်ပိုင်း၊ လျှပ်စစ်ပိုင်းနဲ့ ဟိုက်ဒြောလစ် အပိုင်းတွေ အားလုံး စစ်ဆေးကြည့်ပြီးသွားပြီ၊ ခင်ဗျားတို့ကြည့်တဲ့ ရေယာဉ်ဝမ်းပိုင်း အခြေအနေကကော. . ."

"တချို့နေရာတွေက. . . မကောင်းတော့ဘူး၊ ဆွေးနေတယ်၊ လဲသင့်တာ နည်းနည်းပါးပါး လဲလိုက်ရင် ကောင်းသွားမှာပါ"

"ကျုပ်တို့ အခုအခေါက်မှာ ပစ္စည်းဘယ်လောက်အထိ တင်သွားမှာလဲ"

"တန်ချိန် (----)တန် . . . ."

ဇံမှုန်းက အလေးချိန်ကို စိတ်ထဲ၌ပင်တွက်ချက်လိုက်သည်။

"ကုန်ပစ္စည်းအလေးချိန် လောင်စာဆီတွေရဲ့ အလေးချိန်နဲ့ပါ ထပ်ပြီးပေါင်းလိုက်ရင် ခင်ဗျားရဲ့ ရေယာဉ်တော်ကြီး နေ့သွားလိမ့်မယ်၊ ဒီအခြေအနေနဲ့ ဆိုရင်. . . ခရီကျွန်းကို ရောက်ဖို့ မလွယ်ဘူး၊ အဲဒီအချက်ကိုကော. . . ခင်ဗျား စဉ်းစားမိရဲ့လား"

"အင်ဂျင်တွေအားလုံးကောင်းရင် ငါ သွားလို့ရပါတယ်"

"ခင်ဗျားပြောတာထက် ပိုကောင်းအောင်. . . ကျုပ်လုပ်လို့ရတယ်"

"မင်းက. . . ဘယ်လိုလုပ်မှာလဲ"

"ပထမဦးဆုံး တက်မတွေ၊ ပန်ကာတွေဖြုတ်ပစ်မယ်၊ ပြီးတော့ ဂျက်အင်ဂျင်စက်တွေ အသစ်လဲပြီး တပ်ရမယ်၊ ကုန်အလေးချိန်က များတယ်၊ အက်ကွာဂျက်အင်ဂျင်တွေ တပ်လိုက်မှ ရေစူးဟာ အပေါ်ကို ကြွတက်လာလိမ့်မယ်၊ အဲဒီဂျက်အင်ဂျင်တွေ တပ်ထားလိုက်ပြီးရင် ရေတိမ်ပိုင်းကနေ. . . သွားနိုင်လိမ့်မယ်၊ ရွှံ့နွံတွေ ထူထပ်တဲ့နေရာတ ဖြတ်လို့လည်း ရလိမ့်မယ်. . ."

"အမြန်နှုန်းကျတော့ကော. . ."

"မလိုအပ်တဲ့ပစ္စည်းတွေ ဖြုတ်လိုက်ရင် နောက်ထပ်ရှစ်မိုင်အထိ ပိုပြီးမြန်လာလိမ့်မယ်၊ ပန်ကာ ယက်ထုတ်တဲ့အခါမှာ ရေမှုန်ဖောင်းတွေ ထွက်မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မှာအချိန်များများ မရနိုင်တော့ဘူး၊ နောက်ထပ် ဆယ်ရက်အတွင်းပြီးအောင် မင်းတပ်လို့ ဖြစ်ပါ့မလား"

"ကျုပ် လိုအပ်တဲ့ပစ္စည်းတွေကိုသာ ရှာပေး၊ ကျုပ် ဆယ်ရက်အတွင်းပြီးအောင် ဆင်ပေးမယ်၊ အရေးပေါ် နည်းတစ်မျိုးရှိသေးတယ်၊ ရန်သူက ညှပ်ပူး ညှပ်ပိတ်ဝိုင်းထားရင် သုံးတဲ့နည်း"

ထက်နေဗလက စိတ်ဝင်စားစွာဖြင့်...

"ဘယ်လိုနည်းမျိုးလဲ"

"ကျုပ်တို့စီးလာတဲ့ရေယာဉ်ကို...ရေအောက်အနက် ပေငါးဆယ်အထိ မြုပ်ပစ်လိုက်မယ်၊ ပြီးတော့မှ...ရေယာဉ်ကို တဖြည်းဖြည်းနဲ့ ပြန်ပေါ်အောင် လုပ်တဲ့နည်းကိုပြောတာ"

ထက်နေဗလက ခေါင်းရမ်းလိုက်သည်။

"ရေယာဉ်ရဲ့ဝမ်းဗိုက်တွေ... ပိန်လိမ်စုတ်ပြတ်မကုန်ဘူးလား"

ဇံမှူးက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

"ကျုပ်က အရမ်းပြောပါ့မလား၊ ရေယာဉ်က ရေအောက်ကို ဖြည်းဖြည်းလေးနဲ့ ညင်ညင်သာသာလေးကျသွားတာ၊ ရေအောက်ပိုင်းက ရွှံ့နွံတို့၊ သဲတို့ခံနေရင် ဘာမှမဖြစ်နိုင်ပါဘူး"

"ရေယာဉ်ပေါ်မှာပါတဲ့ လူတွေရော..."

"အားလုံး ရေယာဉ်မြုပ်သွားတာနဲ့ ရေအောက်ကို ပါသွားကြမယ်၊ အခန်းတွေကို ရေလုံအောင်ကြိုတင်လုပ်ထားပြီး ရေအောက်ပေငါးဆယ်အနက်နဲ့ ညီတဲ့လေကို ဖိအားပေးပြီး သွင်းထား



လို့ဖြစ်တယ်...ရေအောက်မှာ တစ်နာရီလောက်အထိ အသက်ရှင်လျက်နဲ့နေနိုင်တယ်၊ စက်ပြန်နှိုးတဲ့အခါမှာ အင်ဂျင်ကို ယမ်းအားနဲ့ ပြန်နှိုးရလိမ့်မယ်"

"ရေယာဉ်က ရေပေါ်ကို ဘယ်လိုနည်းနဲ့ ပြန်တက်မှာလဲ"

"အင်ဂျင်ခန်းထဲမှာ နိုက်ထရိုဂျင်ဓာတ်ငွေ့အရည်ဘူးကြီးတွေပါလာလိမ့်မယ်၊ ရေယာဉ်ရဲ့ဝမ်းဗိုက်အောက်မှာပါတဲ့ လေအိတ်တွေထဲကို အဆို့ရှင်တွေကနေတစ်ဆင့် နိုက်ထရိုဂျင်ဓာတ်ငွေ့အရည်ကို လွှတ်ပေးလိုက်ရုံပဲ၊ နိုက်ထရိုဂျင်ဓာတ်ငွေ့အရည်ရဲ့ ပျံ့ကားမှုနှုန်းက သိပ်မြန်တယ်၊ လေအိတ်တွေထဲကို ရောက်တာနဲ့ ရေယာဉ်ကို ရေပေါ်ရောက်သွားအောင် ပင့်တင်ပေးလိုက်မယ်"

ထက်နေဗလက ငြိမ်သက်စွာစဉ်းစားကြည့်မိသည်။

ရေလက်ကြား တစ်နေရာရာ၌ သူတို့၏ရေယာဉ်သည် ရန်သူ၏ပိတ်ဆို့တားဆီးခြင်းကို ခံရပါက မည်သို့ရင်ဆိုင်မည်နည်း။ ဇံမှူးပေးသောအကြံဉာဏ်အရ ရေအောက်တွင် မြုပ်ပြီးနေခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

"ကောင်းပြီ၊ ပစ္စည်းတွေကို ဘယ်နေရာမှာ ထားမှာလဲ"

"ရေယာဉ်မြုပ်ဆင်းတဲ့အခါမှာ အကျငြိမ်အောင် အင်ဂျင်ခန်းနားမှာ ကပ်ပြီးထားမယ်၊ အင်ဂျင်စက်ခန်းက လေလုံနေတော့ ရေယာဉ်အလေးချိန်မညီဘဲ ဖင်ထောင်နေတာမျိုး မဖြစ်အောင် စီစဉ်တာပဲ"

ထက်နေဗလက ခေါင်းညိတ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာတွေအားလုံး ငါလက်ခံတယ်၊ မင်းလိုအပ်တဲ့ ပစ္စည်းတွေ စာရင်းလုပ်ပြီးပေး. . ."

ဇံမှူးက လေးနက်စွာထပ်၍ပြောသည်။

"နောက်ထပ် အရေးကြီးတဲ့ အချက်တစ်ချက်ပြောမယ်၊ ရေယာဉ်ရဲ့နောက်ဘက်မှာ သစ္စာစုံပီဘူးကြီးနှစ်လုံးတပ်ထားတယ်၊ အဲဒီဘူးတွေထဲမှာ အောက်ဆီဂျင်ဘူးနဲ့ အသက်ရှူကိရိယာပဲပါမယ်၊ တကယ်လို့ အရေးပေါ်ပြဿနာတစ်ခုနဲ့ ကြုံလာခဲ့ရင် ရေယာဉ်ကို မောင်းနေရင်းနဲ့ ပစ်ထားခဲ့တာမျိုးနဲ့ ကြုံချင်ကြုံနိုင်တယ်၊ အဲဒီအခါမှာ သင်္ဘောသားတချို့ကို ဘူးကြီးတွေထဲဝင်ခိုင်းပြီး လွတ်အောင်ပြေးခိုင်းလို့ရတယ်၊ အဲဒီဘူးကြီးနှစ်လုံးထဲဝင်ပြီး ကျွန်တော်တပ်ပေးထားတဲ့ ခလုတ်ကို အသာနှိပ်လိုက်ရုံပဲ၊ ခလုတ်နှိပ်လိုက်တာနဲ့ ဘူးတွေက ရေထဲကိုကျပြီး မြုပ်ဆင်းသွားပါလိမ့်မယ်၊ လူတွေက ဘူးကြီးတွေထဲမှာ ပါသွားကြလိမ့်မယ်၊ ရေယာဉ်က လေးဆယ့်ငါးမိုင်နှုန်းနဲ့ မောင်းနေလိမ့်မယ်၊ ရေအောက်မြုပ်သွားတဲ့ ဘူးကြီးတွေ ရေပေါ်ပြန်ပေါ်လာတဲ့အချိန်မှာ ကျုပ်တို့ရဲ့ ရေယာဉ်နဲ့ ရေယာဉ်နောက် လိုက်လာတဲ့ ရန်သူမော်တော်တွေပါ ရှေ့ဘက်မိုင်ပေါင်းအဝေးကြီးမှာ ရောက်သွားကြလိမ့်မယ်၊ အရေးပေါ်အခြေအနေကြုံလာခဲ့ရင် သုံးဖို့အတွက် အသင့်ပြင်ထားရလိမ့်မယ်. . ."

ထက်နေဗလ ခေါင်းညိတ်၍လက်ခံလိုက်သည်။

ဇံမှူး၏ အလွန်ကောင်းသော အကြံအစည်ပင်ဖြစ်သည်။

◆ ◆ ◆

## အခန်း (၂၄)

မရမ်းချောင်. . . ပန်းသွေးချောင်. . . တိမ်နီတို့ အနောက်ဘက် မိုးကောင်းကင်ယံ၌ ယှက်သန်း၍နေသည်။

ညနေစောင်း၍ နေဝင်ချိန်ရောက်ပေတော့မည်။

မိုးပြာကမ်းနားလမ်းအတိုင်း ထက်နေဗလ လျှောက်၍လာသည်။

လမ်းဘေးတစ်နေရာ၌ ငိုက်နေသော ဆိုက္ကားသမားတစ်ဦးကို တွေ့လိုက်ရသည်။ ထက်နေဗလကိုတွေ့လျှင် သူ၏ဘေးသို့ ဆိုက္ကားရောက်၍လာ၏။

"ဆရာ. . . ကျွန်တော့် ဆိုက္ကားပေါ်တက်ပါ"

"မင်းကို ငါသိပါတယ်၊ ဟိုတစ်ခါက ဆိပ်ကမ်းအတွင်း ဘက်ကို သွားတုန်းက လိုက်ပို့တာ. . . မင်းပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ဆရာ သွားမယ့်နေရာကို လိုက်ပို့ပါ့မယ်"

ထက်နေဗလက သူသွားမည့်နေရာကို ပြောသည်။

သူ ယခင်က နေထိုင်ခဲ့သည့်အိမ်ရှေ့မှ ဆိုက္ကားဖြတ်ကျော်လာသည်။ အိမ်မှာ သူရှိစဉ်ကအတိုင်းပင် ရှိ၍နေ၏။

တိတ်ဆိတ်စွာဖြင့် သူလိုက်ပါလာသည်။

မြသင်းကြည်၏ စကားများကို ကြား၍နေမိသည်။

သူသည် ပင်လယ်နှင့် ဆယ်နှစ်ကျော်ကင်းဝေးစွာ တစ်ဦးတည်း နေထိုင်ခဲ့သည်။ လူငယ်များနှင့် ယှဉ်နိုင်သော အရည်အချင်းမျိုး သူ့တွင်မရှိနိုင်ဟု လူအများယုံကြည်ယူဆကြပေမည်။ သူသည် တာပို၌နေထိုင်စဉ်ကာလအတွင်း အမြဲတစေ အရက်မူး၍သာနေခဲ့သည်။

ဆိုက္ကားနင်းသူက. . .

"ဆရာ. . . ကျွန်တော်တို့ကို စောင့်ကြည့်နေတယ်"

သူ၏နောက်သို့ အရိပ်ကဲ့သို့ လိုက်၍ကြည့်နေမည်ဖြစ်ကြောင်း ထက်နေဗလသိထားသည်။ အမှန်အားဖြင့် တာပိုဆင်ကိတ်မှလူမိုက်များ လိုက်၍ ကြည့်နေစေချင်ပေသည်။

ထက်နေဗလက နောက်သို့မကြည့်ဘဲနှင့် မေးသည်။

"လူဘယ်နှစ်ယောက်. . . စောင့်နေသလဲ"

"တာပိုဆင်ဒီကိတ်အဖွဲ့က လူမိုက်သုံးယောက်၊ ဟိုဘက်ခရေပင်အရှေ့ဘက်မှာ ရှိနေတယ်၊ ဆရာမှာ လက်နက်ပါသလား"



ထက်နေဗလက ခေါင်းခါလျက်. . .

"မပါဘူး"

"ကျွန်တော်တို့ ဒီနေရာက. . . အမြန်သွားကြရအောင်၊ အချိန်က ညဘက်ရောက်နေပြီ. . ."

ဆိုက္ကားနင်းသူအား 'ရွှေလိပ်ပြာ' ဟိုတယ်သို့ နင်းရန်ပြောလိုက်သည်။

◆

ရွှေလိပ်ပြာ ဟိုတယ်. . .

ခေတ်မီလှပသစ်ယပ်သော ဟိုတယ်တစ်ခု မဟုတ်ပေ။

ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော ဟိုတယ်တစ်ခုဖြစ်သည်။ ဟိုတယ်ဖွင့်လှစ်ထားသော သက်တမ်းမှာလည်း ကြာမြင့်လှပြီဖြစ်သည်။ အောက်ဘက်အခန်းမှာ လေးထောင့်ကျွန်းသားတုံးများကို အကွက်ဖော်၍ခင်းထားသည်။

ဆိုင်တွင်း၌ ပန်ကာများ တပ်ဆင်ထားသည်။

နံရံ၏နေရာ အတော်များများ၌ ဆေးများကွာ၍နေ၏။

သို့သော် ဤကဲ့သို့သော နေရာမျိုးကို ထက်နေဗလ နှစ်သက် သဘောကျသည်။ ထို့ကြောင့်လည်း ထက်နေဗလသည် ဤဟိုတယ်ကိုရွေး၍လာပြီး အရက်သောက်ခြင်းဖြစ်သည်။

တစ်ဖက်စွန်းဝရံတာ၏ ထောင့်တစ်နေရာ၌ တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်း စားပွဲတစ်လုံးတွင်ထိုင်၍ ထက်နေဗလ အရက်သောက်၍နေ၏။

ဆိုင်အတွင်းသို့ဝင်လာသော စဝ်ရန်နိုင်သည် ထက်နေဗလကို ရုတ်တရက် မြင်တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က ထိုစားပွဲသို့ တည့်မတ်စွာလျှောက်လာ၏။

စဝ်ရန်နိုင်က. . .

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

ထိုင်ခုံတစ်လုံးကိုဆွဲယူ၍ စဝ်ရန်နိုင်က ထိုင်လိုက်သည်။

ထက်နေဗလက စဝ်ရန်နိုင်ကို တစ်ချက်ကြည့်လိုက်၏။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကောင်းစွာသိကြသည်။

ထက်နေဗလက အေးစက်သည့် အမူအရာဖြင့်. . .

"ဘာလဲ. . . ခင်ဗျားက ကျွန်တော့်ဆီကို တရားဝင်အလည်အပတ်လာပြီး စကားပြောချင်လို့လား"

စဝ်ရန်နိုင်က စူးရှသောမျက်လုံးအစုံဖြင့် စိုက်၍ကြည့်လျက်. . .

"ခရုကျွန်းက လုံခြုံရေးတာဝန်ခံ ဦးထွန်းပိုင်က ခင်ဗျားကို ပြောခိုင်းလိုက်တဲ့ စကားတစ်ခွန်း ရှိနေလို့ပါ၊ ခင်ဗျား. . . အလုပ်တစ်ခုလုပ်မယ်ဆိုတာ သူသိနေတယ်၊ ဒီကိစ္စမှာ ခင်ဗျား ဘာဖြစ်လို့ လက်လျှိုရသလဲဆိုတာ သူကိုယ်တိုင် နားမလည်နိုင်အောင်ဖြစ်နေတယ်၊ ခင်ဗျားမှာ ငွေကြေးအရ ဒီအလုပ်ကို လုပ်တာမဟုတ်ဘူးဆိုတာကိုလည်း သူသိတယ်၊ တကယ်တော့ မြသင်းကြည်



ဆိုတဲ့ အမျိုးသမီးဟာ. . . သူ့အဖေ ဒေါက်တာချမ်းမြနဲ့ ဘာမှမထူးခြားလှဘူး၊ ဒီတော့ မြသင်းကြည်နဲ့ခင်ဗျား ဘာမှ မပတ်သက်တာအကောင်းဆုံးပဲ၊ ခင်ဗျား ခရုကျွန်းမှာနေတာ အကောင်းဆုံးပဲတဲ့"

"ကျွန်တော့်အနေနဲ့ ခရုကျွန်းကို မပြန်ဘူးဆိုခဲ့ရင်ကော"

စဝ်ရန်နိုင် မသိမသာပြုံးလိုက်သည်။

ထက်နေဗလလိုလူစားမျိုးက ဤကဲ့သို့ စိန်ခေါ်လာမှုကို ကြိုတင်တွက်ပြီးသားပင်ဖြစ်သည်။

စဝ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခင်ဗျားရဲ့အခွင့်အရေးတွေ ဆုံးရှုံးသွားလိမ့်မယ်၊ ခင်ဗျားပိုင်တဲ့အိမ်နဲ့ ဘဏ်ငွေစာရင်းတွေပါ. . . ဆုံးကုန်လိမ့်မယ်၊ ဒီတော့ခင်ဗျား ပစ္စည်းသယ်ယူမယ့်အလုပ်ကို လုံးဝမလုပ်ပါနဲ့"

"ဦးထွန်းပိုင်ကို ပြောလိုက်ပါ. . . အခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒီတစ်ကြိမ် ခင်ဗျား ပစ္စည်းတွေသယ်ရင်တော့ ခင်ဗျားဒုက္ခရောက်လိမ့်မယ်၊ ခင်ဗျား တစ်သက်လုံး. . . အကျဉ်းထောင်ထဲမှာပဲ နေရလိမ့်မယ်"

ထက်နေဗလက မည်သို့မျှ မထူးခြားသည့်အမူအရာဖြင့် . . .

"ကောင်းပြီလေ၊ ခင်ဗျားပြောစရာ ဒါပဲမဟုတ်လား"

စဝ်ရန်နိုင် ထိုင်ရာမှထရပ်လိုက်၏။

"အခြေအနေတွေက. . . ခင်ဗျားထင်သလို လုံးဝ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ဒီတစ်ခေါက် ခင်ဗျားပစ္စည်းတွေ သယ်လာရင်တော့ ကျွန်တော်နဲ့ ထိပ်တိုက်တွေ့ရလိမ့်မယ်. . ."

◆

အရှေ့မိုးယံကူးသန်းရောင်းဝယ်ရေး အဆောက်အဦးသို့ ကျော်စိုးမိုး ရောက်လာသည်။ ဝန်ထမ်းများ မရှိကြတော့။ သူ၏ အတွင်းရေးမှူးမိန်းကလေး သန္တာလွင် တစ်ဦးတည်းသော သူ့ကို စောင့်၍ကျန်ရစ်သည်။

ကျော်စိုးမိုး၏မျက်နှာမှာ မကြည်မလင်ဖြစ်၍နေ၏။

သူ၏မျက်နှာကို မြင်လိုက်ရုံနှင့်ပင် အခြေအနေ မကောင်းကြောင်းသိလိုက်သည်။

သန္တာလွင်က . . .

"ရုံးခန်းထဲမှာ. . . ဆရာရဲ့ဇနီး စောင့်နေပါတယ်"

မေဝင့်ရှိန်က. . .

"ရှင်. . . အိမ်ကို ပြန်မရောက်တာကြာပြီဆို၊ ဒါကြောင့် ကျွန်မ ဒီကိုလိုက်လာတာ၊ ရှင့်ကို ပြောစရာရှိလို့. . ."

"မင်း . . . ဘာပြောစရာရှိလို့လဲ"

"ရှင်နဲ့ကျွန်မ ကွာရှင်းဖို့ကိစ္စအတွက်. . . ကျွန်မရဲ့ရှေ့နေတွေ ရှင့်ဆီ ရောက်လာလိမ့်မယ်၊ ရှင့်ဘက်က ကန့်ကွက်မှာလား"

သူမ၏ရင်ထဲ၌မူ ကျော်စိုးမိုးက ကန့်ကွက်လာလိမ့်မည်



ဟု ယူဆထားသည်။

ကျော်စိုးမိုးက ခေါင်းခါလိုက်ပြီး ခြောက်သွေ့သော အသံဖြင့် . . .

"ဟင့်အင်း. . . မကန့်ကွက်ဘူး"

"တော်ဝင်နန်းတော်ကုမ္ပဏီမှာ ကျွန်မပိုင်ဆိုင်တဲ့ ရှယ်ယာတွေအားလုံး ရှင့်ကိုလွှဲပေးဖို့. . . ရှေ့နေတွေကို တစ်ခါတည်းပြောထားပြီးပြီ"

"မင်းရဲ့ရှယ်ယာတွေကို ဘာဖြစ်လို့ ရောင်းမပစ်သေးတာလဲ"

"ရှင့်အတွက် စတော့ရှယ်ယာတွေ လိုနေတယ် မဟုတ်လား. . ."

မှောင်ရိပ်၌ရပ်နေသော မေဝင့်ရှိန်က သူထံသို့ တစ်လှမ်းချင်း လျှောက်၍လာသည်။

ယခင်သောအခါက ကြည်နူးချစ်ခင်မှုများ၏ အငွေ့အသက်များကို ပြန်၍ခံစားလိုက်ရသည်။

"ကျွန်မပြန်တော့မယ်. . . ကိုကို"

မေဝင့်ရှိန်က ခြောက်သွေ့သောအသံဖြင့်ပြောပြီး ရုံးခန်းထဲမှ ထွက်ခွာသွားသည်။

ပြတင်းပေါက်၌ရပ်လျက် ပြတင်းပေါက်မှတစ်ဆင့်အပြင်ဘက်သို့ ကျော်စိုးမိုး ငေး၍ကြည့်နေမိသည်။ ရင်ထဲ၌ ပူလောင်ခြောက်သွေ့သော ခံစားမှုတို့ကို ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေဝင့်ရှိန်နှင့်ပတ်သက်၍ မစဉ်းစားလိုတော့။

သို့သော် သူမ,မရှိဘဲနှင့် သူ ရပ်တည်နေနိုင်ပါမည်လော။

◆

အတွင်းရေးမှူးမလေး သန္တာလွင်က ကျော်စိုးမိုး တစ်နေ့လုံး ဘာမျှမစားရသေးကြောင်း သိထားသည်။

"ဆရာ. . . ကော်ဖီဖျော်ပေးရမလား၊ ဒါမှမဟုတ် ဆရာစားချင်တာ မှာပေးရမလား"

ကျော်စိုးမိုးက စားပွဲပေါ်၌ရှိနေသော အရေးကြီးသည့်စာများကို လှန်လှော၍ကြည့်နေသည်။ သူ့အနေနှင့် မည်သည့်အရာကိုမှ စားချင်စိတ် မရှိ။

"နေတော့ သန္တာလွင်. . . ကျေးဇူးတင်ပါတယ်"

သန္တာလွင် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဤအတိုင်းဆိုလျှင် ကျော်စိုးမိုးတစ်ယောက် ရုံးခန်းထဲ၌ပင် အချိန်ကုန်ခံ၍နေတော့မည်ဟု သူမထင်သည်။

ခေတ္တမျှအကြာ၌. . .

"ဆရာ. . ."

သန္တာလွင်၏အသံကြောင့် ကျော်စိုးမိုး မော့ကြည့်သည်။

"ကျွန်မအိမ်ကို လိုက်ခဲ့ပါလား ဆရာ"

သူမ၏အိမ်မှာ ခပ်သေးသေးကလေးဖြစ်သည်။ ထိုအိမ်တွင် သူမတစ်ဦးတည်းသာ နေထိုင်သည်။



ကျော်စိုးမိုးက ကျေးဇူးတင်စွာဖြင့် ပြန်၍ပြုံးပြသည်။

သန္တာလွင်ကိုကြည့်၍ အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုတစ်မျိုး ဖြစ်လာမိသည်။

သန္တာလွင်မှာ ကျော်စိုးမိုးကို ငေး၍ကြည့်နေမိသည်။

သူမ၏ရင်ထဲ၌ ခံစားမှုများ ပြည့်သိပ်၍ နေမိသည်။

ကျော်စိုးမိုးက ပြုံးလျက်ဖြင့်. . .

"ကျေးဇူးပါပဲ, . . သန္တာ၊ ကိုယ်. . . ရုံးခန်းမှာပဲ အလုပ်တွေ လုပ်လိုက်ပါဦးမယ်"

ကျော်စိုးမိုးသည် သူ၏ဇနီးသည် မေဝင့်ရှိန်အပေါ်၌ မမေ့ပျောက်နိုင်သေးကြောင်း သူမ နားလည်လိုက်မိသည်။

"ကျွန်မ ပြန်တော့မယ်. . . ဆရာ"

သူမ ရုံးခန်းထဲမှ လှည့်ထွက်လိုက်၏။

"ခဏ. . . သန္တာ"

ကျော်စိုးမိုးက လှမ်း၍ခေါ်သည်။

သူမ ပြန်၍လှည့်လာသည်။

"မင်းရဲ့ဆွေမျိုးတွေထဲမှာ. . . စိတ်ချယုံကြည်ရတဲ့လူ ရှိနိုင်မလား"

သူမ ငြိမ်၍ တွေဝေစွာ စဉ်းစားသည်။

"ရှိတယ်. . . ဆရာ၊ ကျွန်မရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ကို ယုံကြည်ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ. . . မြသင်းကြည်နဲ့ငါ တွေ့ပြီးပြောချင်တယ်၊ ဒီတော့ မင်းရဲ့အစ်ကိုဝမ်းတွဲကို. . . တာပိုမြို့ကို ချက်ချင်းလွှတ်လိုက်၊ ပြီးတော့ မြသင်းကြည်ကို ပြောခိုင်း. . . ငါတို့နှစ်ယောက် တွေ့ပြီးဆွေးနွေးဖို့ စိတ်ချလုံခြုံရတဲ့ နေရာတစ်နေရာ စီစဉ်ထားပါလို့. . . ပြောလိုက်"

◆ ◆ ◆

## အခန်း (၂၅)

နောက်ထပ် သုံးရက်အကြာ. . .

ထက်နေဗလထံသို့ မြသင်းကြည်ထံမှ သတင်းပို့ချက်များ ရောက်လာသည်။

တော်ဝင်နန်းတော်ကုမ္ပဏီအုပ်ချုပ်ရေးမှူး ကျော်စိုးမိုးနှင့် တာပိုမြို့ရှိ လျှို့ဝှက်သောသချိုင်းတစ်ခု၌ တွေ့ဆုံဆွေးနွေးကြသည်။ သဘောတူညီမှုအချို့ ရရှိသည်။ မြသင်းကြည်က ကျော်စိုးမိုးအတွက် လိုအပ်သောငွေကြေးများကို ခရုကျွန်းသို့ သူမ ရောက်ချိန်၌ ချေးမည်ဟု ကတိပေးသည်။ ကျော်စိုးမိုးက ခရုကျွန်း၌ မြသင်းကြည်ရပ်တည်နိုင်ရန် အကူအညီပေးမည်ဖြစ်သည်။

ထို့နောက် မြသင်းကြည်ကို ဟန်မော်နှင့် ဆင်ဒီအိတ်လူမိုက်ဝေလီတို့ပေါင်း၍ လုပ်ကြံတိုက်ခိုက်သည်။ ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မြောက် အပြတ်ရှင်းခြင်းဖြစ်သည်။ မြသင်းကြည် မရှိမှ ဟန်မော်သည် တာပိုဆင်ဒီကိတ်၌ ခေါင်းဆောင်ဖြစ်မည်။ ထို့ကြောင့် မြသင်းကြည် အသက်မရှင်နိုင်ရန် ဟန်မော်က အစွမ်းကုန်ကြိုးစားခြင်းဖြစ်သည်။

မြသင်းကြည်မှာ အသက်ဘေးမှ သီသီလေးလွတ်ခဲ့ရသည်။

မြသင်းကြည်၏ ကိုယ်ရံတော်များနှင့် ကျော်စိုးမိုးက အသက်စွန့်၍ ကူညီပေးခဲ့ရသည်။ ကျော်စိုးမိုးမှာ တာပိုဆင်တီကိတ်၏ ရန်သူအဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်သည်။

ကျော်စိုးမိုး၏လက်ချက်ဖြင့် တာပိုဆင်ဒီကိတ် လက်မရွံ့လူမိုက်ခေါင်းဆောင်ဝေလီ၏ တပည့်နှစ်ဦးနှင့် ပြင်ပကြေးစားသေနတ်သမားတစ်ဦးတို့ သေဆုံးခဲ့ရသည်။

◆

မှောင်စပျိုးသော ညနေခင်းအချိန်. . .

ပင်လယ်ရေပြင်၌ လှိုင်းအိကလေးများသာ ရှိနေပေသည်။

ထက်နေဗလ၏လူယုံဖြစ်သူ သမ္ဗာန်သမား 'ဆန်းတင့်' သည် သမ္ဗာန်ကို ရေလယ်ပိုင်းသို့ လှော်ခတ်၍လာသည်။

သမ္ဗာန်ပေါ်တွင် ထက်နေဗလနှင့် မြသင်းကြည်။

အလင်းရောင်မှုန်ပျပျအောက်၌ နီညိုရောင်ဆေးသုတ်



ထားသော မော်တော်တစ်စီး အသင့်စောင့်၍ နေသည်ကိုတွေ့ရသည်။

မြသင်းကြည်က. . .

"ဒါ. . . ဘယ်သူ့ရဲ့ မော်တော်ဘုတ်လဲ"

"မင်းတို့မိသားစုရဲ့ ကျေးဇူးကို ပြန်ဆပ်ချင်တဲ့ ဇာလျှမ်းရဲ့မော်တော်လေ၊ သူက ဒီညအဖို့. . . အတတ်နိုင်ဆုံး ကူညီမယ်လို့ ပြောထားတယ်"

ဇာလျှမ်း၏မော်တော်ဘုတ်ပေါ်သို့ ထက်နေဗလနှင့် မြသင်းကြည်တို့ ပြောင်း၍တက်လိုက်ကြသည်။

တာပိုမြို့၏ အရှေ့ဘက်စွန်းစွန်းရှိ ဆိပ်ကမ်းငယ်တစ်ခုသို့ လျင်မြန်စွာ ခုတ်မောင်း၍လာသည်။

မြစ်ဝဘက်မှ မမြင်နိုင်တော့သည့် နေရာအရောက်၌. . .

ဆိပ်ခံတံတားတွင်ကပ်ထားသည့် မြသင်းကြည်၏ 'မြပုလဲဒေဝီ' ရေယာဉ်ကို မြင်ရသည်။ တစ်ဖက်၌ ဆေးရောင်များကွာ၍ ပေကျံညစ်ပတ်နေသည့် 'မိန်' ရေယာဉ်ကို တွေ့လိုက်ရသည်။

ဆိပ်ခံပေါ်မှ နှစ်ဦးသား တက်လာကြသည်။

'မိန်' ရေယာဉ်ပေါ်၌ လူဝကြီးအောင်ဒင်နှင့် ဖုံမှုန်း တို့အလုပ်များနေရာမှ မတ်တတ်ထရပ်လိုက်ကြသည်။ သူတို့နှစ်ဦး၏ အဝတ်အစားများမှာ ချွေးများ၊ စက်ဆီများနှင့် ပေကျံရွှဲ၍နေသည်။

ထက်နေဗလက ပြုံး၍. . .

www.burmeseclassic.com

www.burmeseclassic.com



"သူက ဇမ္ဗူနီးလို့ခေါ်တယ်၊ အစ်ကိုရဲ့ အကောင်းဆုံး စေ့ဖြင်ဆရာပဲ၊ ဒီဘက်က. . . အောင်ဒင်ကတော့ မင်းသိမှာပါ"

လူဝံကြီးအောင်ဒင်က ရယ်မောလျက် ကြီးမားတုတ်ခိုင်သော လက်ကြီးဖြင့် မြသင်းကြည်၏လက်ကို ဆွဲ၍ နှုတ်ဆက်သည်။

"ငါတို့ အောင်မြင်ဖို့ပဲ လိုတော့တယ်၊ အခြေအနေကတော့ အခုအချိန်ထိ. . . ကောင်းနေသေးတယ်"

ထက်နေဇလက. . .

"ဒီနေ့ည မိုးလေဝသအခြေအနေ ဘယ်လိုရှိနိုင်သလဲ"

"ပင်လယ်ပြင်ငြိမ်နေလိမ့်မယ်၊ ညကိုးနာရီနဲ့ ငါးမိနစ်မှာ လထွက်မယ်၊ ပင်လယ်ရေက ညဆယ့်နှစ်နာရီမှာ တက်မယ်၊ လေက အရှေ့တောင်ဘက်ကို တိုက်နေလိမ့်မယ်၊ မြူတွေဆိုင်းနေမှာ သေချာတယ်၊ ခရုကျွန်းက ထွက်မယ့်ရေယာဉ်တွေ ထွက်နိုင်မှာ မဟုတ်ဘူး"

"ကောင်းပြီ. . . ငါတို့အသင့်ဖြစ်တာနဲ့ ပစ္စည်းကွေတင်မယ်၊ ဆယ့်နှစ်နာရီ မထိုးခင် ထွက်ကြမယ်၊ စက်အခြေအနေကော"

ဇမ္ဗူနီးက. . .

"အားလုံး ပြီးနေပြီ"

ထက်နေဇလက ကုန်းပတ်ပေါ်သို့ တစ်ချက်ကြည့်လိုက်၏။

သေနတ်တင်ခုံများပေါ်၌ လက်နက်များ မတွေ့ရပေ။

ထက်နေဇလက. . .



"ချစ်ထွေးနဲ့ ကျော်ဇောလင်းကော. . . အဆင်သင့်ဖြစ်နေကြပြီလား"

အောင်ဒင်က ဆိပ်ခံတံတားတစ်ဖက်၌ ရပ်ထားသော အနက်ရောင်ကားတစ်စီး၏ဘေး၌ ရပ်ထားသော ကုန်တင်ကားကြီး တစ်စီးဘက်သို့ လက်ညှိုးထိုး၍ပြသည်။ ကုန်တင်ကားကြီးမှာ အပြာရင့်ရောင် တာရပတ်များဖြင့် အုပ်မိုးထားသည်။

ဆိပ်ခံတစ်ဖက်၌ရပ်ထားသော အနက်ရောင်ကား၏ ရှေ့ဘက်မှ ဇာလျှမ်းထွက်၍လာပြီး သူတို့ထံသို့ လျှောက်၍လာသည်။

မြသင်းကြည်နှင့် မျက်နှာချင်းဆိုင်မိသောအခါ၌. . .

"ကျုပ်အနေနဲ့ ဒီကိုလာဖို့ မသင့်လှဘူး၊ ခင်ဗျားရဲ့ အဖေ ဒေါက်တာချမ်းက ကျုပ်ရဲ့မိသားစုနဲ့ ကလေးတွေအတွက် လိုအပ်တဲ့ငွေကြေး အတော်များများ ထုတ်ပေးခဲ့တယ်၊ ဒီကျေးဇူးကို အခု ပြန်ဆပ်တာပါ၊ တာပိုမြို့မှာ ဒုစရိုက်ဆင်ဒီကိတ်အဖွဲ့ ပျက်စီးသွားခဲ့မယ်ဆိုရင် တာပိုမြို့အတွက် အများကြီးကောင်းလာပါလိမ့်မယ်၊ ဒါကြောင့် ကျုပ်က. . . အခုလိုပြန်ပြီး အကူအညီပေးရတာပါ"

"အခုလိုကြားရတာ ဝမ်းသာပါတယ်"

ကုန်တင်ထရပ်ကားကြီးပေါ်မှနေ၍ 'ကျော်ဇောလင်း' ခုန်ချလာသည်။

"အားလုံး အဆင်သင့်ပါပဲ၊ ခင်ဗျားတို့အားလုံး အံ့ဩသွားအောင်. . . ကျွန်တော်စီစဉ်ထားတယ်"

ကားနောက်ဘက်မှနေ၍ 'ချစ်ထွေး' ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြသင်းကြည် ဖုန်းဆက်ဖို့လိုတယ်၊ ဟန်မော်ဆီကို ဖုန်းပြန်ဆက်မယ်လို့. . . ပြောထားလိုက်ပြီ"

သူမက အသာအယာ ခေါင်းညိတ်ပြသည်။

မြသင်းကြည်က တယ်လီဖုန်းထားသောစားပွဲ၌ ထိုင်လိုက်၏။

ထက်နေဇလက ချစ်ထွေးလှမ်းပေးသော တယ်လီဖုန်းခွက်ကို ယူလိုက်သည်။ ထက်နေဇလက ဖုန်းနံပါတ်ကို လှည့်သည်။

ထက်နေဇလက. . .

"ဆင်ဒီကိတ်အဖွဲ့က. . . ဟန်မော်ကို ခေါင်းဆောင်အဖြစ်. . . အသိအမှတ် မပြုကြသေးဘူး၊ မင်းရှိနေသေးလို့ပေါ့၊ ဟန်မော်ကလည်း မင်းကို ရှင်းမပစ်နိုင်၊ ကျန်တဲ့အဖွဲ့ဝင်တွေ ကျေနပ်အောင်လည်း လုပ်မပေးနိုင်လို့ ပြဿနာဖြစ်မယ့် အသံတွေ ထွက်နေတယ်"

တစ်ဖက်ဖုန်းလိုင်းမှ မြည်သံကြားအောင် ထက်နေဇလက စောင့်နေသည်။

မြသင်းကြည်ဘက်သို့ လှည့်၍. . .

"ဒီကောင် ယုံကြည်လာအောင်ပြောဖို့. . . မင်းမှာ နှစ်မိနစ်ပဲ အချိန်ရလိမ့်မယ် မြသင်းကြည်"

ထက်နေဇလက နာရီကိုမြှောက်၍ ကြည့်လိုက်သည်။

တစ်ဖက်မှ အသံပေါ်၍လာ၏။

"ဟန်မော်. . . ပြောနေပါတယ်"



မြသင်းကြည်၏ လက်ချောင်းကလေးများ တုန်ခါ၍သွားသည်။

သူမက စိတ်ကိုတင်းလျက်. . .

"မြသင်းကြည်ပါ. . . ကျွန်မနဲ့ ရှင့်ရဲ့အခြေအနေက အခုလိုပဲ မရေမရာဖြစ်နေဦးမယ်လို့ထင်တယ်"

"မင်းထင်သလို မဟုတ်ဘူး၊ ငါက ဆင်ဒီကိတ်ကို အုပ်စိုးထားပြီးနေပြီ"

"ကျွန်မရဲ့အိမ်ကိုတော့. . . ရှင် စိုးမိုးလို့ မရနိုင်သေးပါဘူး"

"လွယ်ပါတယ်. . . ငါ့လူတွေနဲ့ ဝင်တိုက်လို့ရတယ်"

"ကျွန်မမှာ သစ္စာရှိတဲ့ ကိုယ်ရံတော်တွေရှိတယ်၊ ရှင်လွယ်လွယ်နဲ့ ဝင်တိုက်ဖို့ဖြစ်နိုင်ပါ့မလား. . . ဘာတွေဖြစ်ကုန်မယ်ထင်သလဲ. . . အားလုံး ရှုပ်ထွေးကုန်လိမ့်မယ်၊ ရှင့်ကိုလည်း သက်ဆိုင်ရာက လက်ပိုက်ကြည့်နေမယ်ထင်လို့လား၊ ရှင်လုပ်ချင်သလို လုပ်လို့ ဘယ်သူကမှ. . . လက်ခံမှာ မဟုတ်ဘူး"

ဟန်မော်ဘက်မှ ခေတ္တမျှ ငြိမ်သက်ချသွားသည်။

"အခု. . . မင်း ဘာပြောစရာရှိလို့လဲ"

"တာပိုဆင်ဒီကိတ်ရဲ့ခေါင်းဆောင်နေရာကနေ ကျွန်မ စွန့်လွှတ်ပေးမယ်၊ ဒါပေမယ့်. . . ကျွန်မရဲ့ တောင်းဆိုမှုတွေရမှဖြစ်မယ်"

ဟန်မော်ထံမှ မထင်မှတ်သော အံ့ဩမှုနှင့် အားရကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



သံပေါ်၍လာသည်။

မင်း အရင်ကတောင်းခဲ့တဲ့. . . အချက်တွေပဲ မဟုတ်လား၊ မင်းရဲ့အခြေအနေကို မင်းပြန်ပြီး ငုံ့ကြည့်ပါဦး၊ မင်းရဲ့ အိမ်ထဲကိုတောင်. . . မင်းပြန်ဝင်လို့ မရနိုင်တော့ဘူး၊ မင်းအိမ်အေားပတ်လည်က လမ်းတွေမှာ ငါ့ရဲ့လူတွေ အပြည့်ချထားပြီးပြီ"

"ကျွန်မနဲ့ ကျွန်မရဲ့အိမ်ဖော်တွေ ဒီည. . . တာပိုမြို့ကနေ ထွက်သွားဖို့ ခွင့်ပေးရမယ်၊ ၁၆ . ဝိုဝ်. သုံးဆင့်အဖွဲ့ကို ပေးရမယ့် ပစ္စည်းတွေကို တစ်ခါတည်းယူသွားမယ်. . . ကျွန်မရဲ့ ရပိုင်ခွင့်အမွေနဲ့ပတ်သက်တာတွေအားလုံး လက်မှတ်ထိုးပြီး လွှဲထားပေးခဲ့မယ်၊ ဘဏ်စာရင်းနံပါတ်တွေ၊ ကိုယ်စားလှယ်တွေ၊ ဖောက်သည်တွေ၊ တာပိုဆင်ဒီကိတ်နဲ့ပတ်သက်တဲ့ စာရင်းအားလုံး ရှင့်အတွက် ပေးထားခဲ့မယ်၊ ဒါပေမယ့် ရှင်နဲ့ အေးအေးဆေးဆေး ညှိနှိုင်းလို့ မရခဲ့ရင်တော့. . . အိမ်နဲ့အိမ်ထဲကပစ္စည်းတွေအားလုံး ဖျက်ဆီးပစ်လိုက်ဖို့အတွက် လူယုံတော်ကြီးဦးသိယ်ကို လှမ်းပြီးအမိန့်ပေးလိုက်ရုံပဲ"

မြသင်းကြည်က ထက်နေဇလအက်သို့ တစ်ချက်ကြည့်လိုက်သည်။ အချိန်စေ့နေပြီဖြစ်ကြောင်း ထက်နေဇလက ခေါင်းညိတ်၍ အချက်ပြလိုက်သည်။

"ကောင်းပြီ၊ ရှင့်ဆီကအဖြေကို. . . နောက်တစ်ကြိမ်ဖုန်းဆက်ပြီးမေးမယ်၊ စောင့်နေပါ"

"ဖုန်းကိုချသွားစရာမလိုပါဘူး။ ငါတို့မှာ တယ်လီဖုန်းကို



ခြေရာခံတဲ့စနစ် မရှိဘူး"

ဟန်မော်ပြောနေသော်လည်း တစ်ဖက်မှ ဖုန်းချ၍သွားပြီဖြစ်သည်။

ဟန်မော်မှာ ဒေါသထွက်၍နေသည်။

ဗညားနှင့်ဒုစရိုက်လုပ်ငန်းများအကြောင်းကို ဟန်မော်ပြန်၍တွေးလိုက်မိသည်။ မြသင်းကြည်အား လူမိုက်ခေါင်းဆောင် 'ဝေလီ'က အပြတ် မရှင်းပစ်နိုင်သည်ကိုပါ ထပ်၍တွေးမိပြန်သည်။

မြသင်းကြည်အသက်မရှိမှပင် ဆင်ဒီကိတ်၏ခေါင်းဆောင် သူဖြစ်လာမည်ဖြစ်ပေသည်။

ဟန်မော်က ခေါင်းတရမ်းရမ်း လည်တခါခါဖြင့်. . .

"ငါတို့ အချိန်သိပ်နောက်ကျသွားပြီ. . . သူ့ရဲ့အိမ်ကြီးနဲ့ တာပိုဆင်ဒီကိတ်မှတ်တမ်းတွေကိုတော့. . . လုံးဝ အပျက်အစီး မခံနိုင်ဘူး"၊

"ဒါဆို သူ့ကို အလွယ်တကူ ထွက်ခွင့်ပေးလိုက်မှာလား"

"ငါတို့ လိုချင်တာရရင်တော့ ပေးရမှာပေါ့. . . ဒါပေမဲ့ ဒီမိန်းမ အသက်ရှင်လျက်နဲ့ ထွက်မသွားနိုင်ပါဘူး၊ သူတို့ရဲ့ရေယာဉ် တာပိုရေလက်ကြားကနေ မကျော်ခင်မှာ ငါတို့ရဲ့ ရေယာဉ်တွေနဲ့ သက်ဆိုင်ရာက မော်တော်ဘုတ်တွေက. . . အသင့်စောင့်နေကြမှာ၊ အဲဒီနေရာမှာက ရေတိမ်တယ်. . . သူတို့ကို အဲဒီနေရာမှာ အပြတ်ရှင်းပစ်လိုက်ရုံပဲ. . . ပြီးတော့မှ အဲဒီနေရာမှာ ကျသွားမယ့် ရွှေတွေ၊ ရတနာတွေကို အသာလေး ဆယ်ယူလိုက်ရုံပဲ၊ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အရသိုရင် ငါတို့က ၁၆ ‌. ဝိုင်အဖွဲ့ကို တချို့တစ်ဝက်ပေးလိုက်ပြီး ကျန်တာကို ငါတို့က. . . ယူထားလိုက်ရုံပဲရှိတယ်၊ ငါတို့ဘက်က အဆင်ပြေဖို့ သေချာပါတယ်"

ဟိန်းမော် ကျေနပ်စွာပြုံးလိုက်သည်။

တယ်လီဖုန်းသံမြည်လာသဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

မြသင်းကြည်ထံမှ ဖြစ်သည်။

ဟန်မော်က သူ့ကိုယ်သူ စိတ်ချယုံကြည်စွာဖြင့် ပြောလိုက်သည်။

"မင်းရဲ့တောင်းဆိုချက်တွေကို. . . ငါလက်ခံပါတယ်"

မြသင်းကြည်က အေးဆေးတည်ငြိမ်သောလေသံဖြင့် ပြောသည်။

"ကျွန်မဝင်လာတဲ့အခါမှာ စိတ်ချရဖို့အတွက် ရှင့်ရဲ့ ရေယာဉ်ကို သုံးခွင့်ပေးရမယ်၊ တခြားအဖွဲ့ဝင်တွေက. . . ကျွန်မကို အနှောင့်အယှက် မပေးပါဘူးလို့ ရှင့်ဘက်က ကတိပေးရမယ်၊ အဲဒီလူတွေအားလုံး တာပိုမှာကော. . . ရှိကြရဲ့လား"

ဟန်မော်အနေဖြင့် လှည့်စား၍ မရနိုင်တော့။

သူမအနေဖြင့် စုံစမ်းရန် မခက်ခဲပေ။

ဟန်မော်က. . .

"အားလုံး. . . တာပိုမှာပဲ ရှိတယ်"

"ဒါဆိုရင်. . . ရှင်တို့အားလုံး ကျွန်မရဲ့စံအိမ်ခြံပေါက်



ကနေပဲစောင့်ကြပါ၊ ရှင်တို့ အားလုံးရောက်လာပြီဆိုတာကို လူယုံတော်ကြီးဦးသိယ်တတွေ့မှ ကျွန်မနဲ့ ကျွန်မရဲ့လူယုံတော်တွေ အားလုံး ရှိတဲ့လက်နက်တွေ ချပေးမယ်၊ ဒါပေမယ့် ဒီလိုလုပ်ဖို့က လမ်းလယ်ကောင် မျက်မြင်သက်သေရဲ့ရှေ့မှာ လုပ်မှဖြစ်မယ်"

"မျက်မြင်သက်သေက. . . ဘယ်သူလဲ"

"ဦးဇာလျှမ်းပါ"

ဟန်မော် ဖေါသထွက်၍သွားရပြန်သည်။ အင်မတန်လည်သည့် မိန်းမပါလားဟု တွေးမိသည်။

"ကောင်းပြီလေ. . . ငါလက်ခံတယ်. . . ပုံနင်းနဂါးနဲ့ သူ့ရဲ့လူတွေကကော. . . ဘယ်မှာလဲ"

"သူတို့က သူတို့ရဲ့ရေယာဉ်ပေါ်မှာပဲရှိမယ်၊ ရှင့်အတွက် အချိန်များများ မပေးနိုင်ဘူး၊ တစ်နာရီပဲ ရမယ်၊ ညဆယ်နာရီမှာ ကျွန်မရောက်လာမယ်၊ ကျွန်မလာတဲ့အခါမှာ ရှင့်လူတွေအားလုံး လမ်းဖယ်ပေးထားပါလို့ ပြောပါ"

ထိုသို့ပြောပြီးသည်နှင့်. . .

မြသင်းကြည်က ဇာလျှမ်းထံသို့ ဖုန်းကိုလှမ်း၍ပေးလိုက်သည်။

"တာပိုမြို့သူမြို့သားတွေ လုံခြုံစိတ်ချမှုရဖို့အတွက် ကျုပ်က မျက်မြင်သက်သေအဖြစ် ဆောင်ရွက်ပေးမှာပါ။ ကားလေးတစ်စီး၊ ကုန်တင်ထရပ်ကားကြီးတစ်စီး၊ ပစ္စည်းတွေသယ်ဖို့မယ့် အကြောင်း. . . ခင်ဗျားရဲ့လူတွေကို ကြိုပြီးပြောထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်မော်မှာ ဒေါ်သကို မထိန်းချုပ်တော့. . .

ဒေါ်သကကြီး အော်၍ပြောလိုက်သည်။

"ဇာလျှမ်း. . . ဒီကိစ္စမှာ ခင်များက ကြားဝင်ပြီး ရှုပ်စရာ အကြောင်းကို လုံးဝမရှိဘူး၊ နေဦး. . . ခင်ဗျား ကျုပ်အကြောင်း ကောင်းကောင်းသိစေရမယ်"

ဇာလျှမ်းက အံကို တင်းတင်းကြိတ်၍ ဖုန်းကိုချလိုက်သည်။

ထက်နေဗလနှင့် မြသင်းကြည်တက်သို့ လှည့်၍. . .

"ဒီည. . . အားလုံး ချောချောမောမောနဲ့ အဆင်ပြေပါစေလို့ ကျုပ်. . . ဆုတောင်းပါတယ်"

◆ ◆ ◆

## အခန်း(၂၆)

မြသင်းကြည်၏ဘေး၌ချထားသည့် ရေဒီယိုစကားပြောစက်မှ မီးနီကလေးပွင့်၍လာသည်။

လူယုံတော်ကြီး ဦးသိယ်၏အသံ ပေါ်လာသည်။

"သမီးလေး. . . တာပိုဆင်ဒီကိတ်အဖွဲ့ဝင် ငါးယောက် သမီးလေးကို. . . လာစောင့်နေကြပြီ"

ထက်နေဗလက နာရီကိုကြည့်လိုက်၏။

ည (၁၀း၀၀)နာရီ. . .

သူ၏လူများကို တာရပတ်အုပ်ထားသော ကုန်တင်ထရပ်ကားကြီးပေါ်သို့တက်ရန် အချက်ပြလိုက်သည်။

နဖူးတွင် အနက်ရောင်ပဝါ စည်းနှောင်ထားပြီး မျက်နှာပျေါ်၌ အမဲရောင်ဆေးများ ကွက်တိကွက်ကျား သုတ်သိမ်းထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ကျော်ဇောလင်းက ကုန်တင်ထရပ်ကားကြီး၏ နောက်ဘက်မှ ခုန်တက်လိုက်သည်။

သူ၏နောက်မှ လူဝံကြီးအောင်ဒင်၊ ချစ်ထွေးနှင့် ဇံမှုန်းတို့ တက်၍လိုက်သွားသည်။

မိုးမြင့်က လင့်ခရူဇာကား၏ ကားမောင်းသူနေရာ၌ ဝင်ထိုင်လိုက်သည်။

မြသင်းကြည်၏ရေယာဉ်မှ သင်္ဘောသားငါးဦးက ဦးဇာလျှမ်း၏အစောင့်များအဖြစ် ယူနီဖောင်းများဝတ်ဆင်၍ လိုက်ပါသွားကြသည်။

မြသင်းကြည်က လင့်ခရူဇာ၏ရှေ့ခန်း၌ ဝင်ထိုင်လိုက်၏။

ထက်နေဗလ ထရပ်ကားပေါ်သို့တက်ပြီး တံခါးကို ပိတ်လိုက်သည်။

လင့်ခရူဇာကား၏ ရှေ့မီးကို ဖွင့်ချည်မှိတ်ချည် အချက်ပြလိုက်သည်။ ဆိပ်ခံဂိတ်တံခါးဝ တံခါးပွင့်၍သွားသည်။

လင့်ခရူဇာကားက ရှေ့မှဦးဆောင်၍သွားသည်။

လမ်းမှာကြမ်းတမ်းသဖြင့် လင့်ခရူဇာမှာ လမ်းပေါ်၌ခုန်ပေါက်၍ နေသည်။

ညာဘက်ရှိ တောင်ကြောပေါ်သို့ အရှိန်မြင့်၍ ကားကို မောင်းနှင်လိုက်သည်။

◆



ဟန်မော်သည် အဖြူရောင်ပိုးသားဝတ်စုံကို သစ်ရစ်စွာ ဝတ်ဆင်၍ထားသည်။ သူ၏ဘေး၌ လူမိုက် 'ဝေလီ' ရပ်၍နေသည်။

နာရီကိုကြည့်ရင်း ဟန်မော် စိတ်လှုပ်ရှား၍နေသည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်းမှ . . .

"သူတို့ဘက်က. . . နောက်ကျနေတယ်"

စံအိမ်ကြီး၏ အရှေ့ဘက်၌ တာဝန်ကျသည့် ဝေလီ၏လူတစ်ဦးက ဝေလီထံသို့ ရေဒီယိုစကားပြောစက်ဖြင့် လှမ်း၍ အကြောင်းကြားသည်။

တောင်ကုန်းပေါ်သို့ အရှိန်ပြင်းစွာ မောင်းတက်လာသည့် ကားသံကို ကြားလိုက်ရ၍ဖြစ်သည်။

ဟန်မော်က. . .

"ဘယ်သူတွေပါတယ်ဆိုတာ သေသေချာချာကြည့်စမ်း"

ကားကို သေချာလှမ်း၍မြင်ရသောအခါ၌ ဝေလီ၏လူက ပြန်၍သတင်းပို့သည်။

"ရှေ့ကကားအသေးထဲမှာ ဇာလျှမ်းနဲ့ အမျိုးသမီးတစ်ယောက် ပါတယ်၊ နောက်ဘက်က ကုန်တင်ထရပ်ကားထဲမှာတော့ အစောင့်လေးယောက်ပါတယ်၊ ကျွန်တော် ဖမ်းထားပြီး စစ်ဆေးလိုက်မယ်လေ"

"စစ်မနေနဲ့တော့. . . မြသင်းကြည် ဒီကို အချိန်မီရောက်လာဖို့ပဲလိုတယ်"

"ဒီမိန်းမဟာ. . . ငါတို့ကို ဘာပြန်လုပ်နိုင်မှာမို့လဲ၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်နက်ကိုင် လူမိုက်သုံးဆယ်ကျော်တောင် အသင့်ရှိနေတာပဲ"

◆

ဇာလျှမ်း၏လင့်ခရူဇာကားနှင့် ကုန်တင်ထရပ်ကားကြီးနှစ်စီးသည် စံအိမ်၏ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်တန့်လိုက်သည်။

မြသင်းကြည်သည် လင့်ခရူဇာကားထဲမှ ထွက်လိုက်သည်။

ကုန်တင်ကားကြီး၏အနီးမှ ကပ်၍လျှောက်သည်။

ထက်နေဇလက ကားအတွင်းမှနေ၍ တာရပတ်အပေါက်ကလေးမှ လှမ်း၍ပြောသည်။

"လမ်းလျှောက်ရင် ခပ်ဖြည်းဖြည်းလျှောက်၊ အနှေးရုပ်ရှင်ပြကွက်ထဲကအတိုင်း. . . တဖြည်းဖြည်းလျှောက်သွား၊ သူတို့အားလုံး တစ်စုတည်း ရောက်လာအောင်လုပ်. . . သူတို့ရဲ့အာရုံကမင်းဆီကိုပဲ ရောက်အောင်လုပ်. . . ."

မြသင်းကြည်သည် လမ်းပေါ်သို့ တဖြည်းဖြည်းခြင်းလျှောက်၍ကူးလာသည်။

ဇာလျှမ်းကမူ လင့်ခရူကား၏တံခါးကို မှီ၍ရပ်နေသည်။ သူကလူလုံးပြသက်သက်. . .။ ဇာလျှမ်းမှာ ဇာခွေးများ တစ်ကိုယ်လုံးပြန့်၍နေ၏။



ဇာလျှမ်းတစ်ဦးတည်းသာလျှင် မြသင်းကြည်၏နောက်ဘက်၌ရှိနေသည်။ သူမ၏နောက်၌ အခြားမည်သူမျှ လိုက်ပါလာခြင်းမရှိပေ။

အခြေအနေကိုအကဲခတ်နေကြသည့် ဆင်ဒီကိတ်အဖွဲ့ဝင်များသည် စိတ်ချလက်ချဖြစ်သွားပြီး သူတို့၏သက်တော်စောင့်များကိုထားရစ်ခဲ့လျက် ကားများထဲမှ ထွက်လာကြသည်။ မြသင်းကြည်နှင့် တွေ့ရန် လူစုလိုက်ကြသည်။

မြသင်းကြည်၏ရင်ထဲ၌ အသည်းနှလုံးများ လွင့်စဉ် ခုန်ထွက်လုမတတ် ဖြစ်၍နေမိသည်။

စိတ်ချလက်ချဖြစ်သွားဟန်ဖြင့် ကျေနပ်စွာပြုံးနေသောဟန်မော်က. . .

သူ၏နောက်၌ ဆင်ဒီကိတ်လူမိုက်ခေါင်းဆောင် 'ဝေလီ'။

အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသည့် 'ဗညား'။

ထို့နောက် မျက်နှာဝိုင်းဝိုင်းနှင့် 'ရာဟု'ရောက်လာသည်။

အားလုံး စုံ၍နေပေပြီ။

သူမနှင့်ဆင်ဒီကိတ်အဖွဲ့ဝင်များဆုံရန် ခြေလှမ်းအနည်းငယ်မျှသာ လိုတော့သည်။

သူမ လမ်းလယ်ကောင်သို့ ရောက်၍လာသည်။

ထိုအချိန်တွင်. . .

ထက်နေဇလထံမှ သူမကိုလှမ်းခေါ်သံ ကျယ်လောင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာသည်။

ချက်ချင်း သူမ လမ်းပေါ်၌ အလျားမှောက်ချ၍ ပေးလိုက်၏။

သူမနောက်ဘက်၌ရှိနေသော ကုန်တင်ကားကြီး၏ နောက်ဘက်မှ တာရပတ်အကာ ပွင့်၍သွားသည်။

ထူးခြားသောမြင်ကွင်းကို ဟန်မော်နှင့်ကျန်လူများ ငေး၍ကြည့်နေမိကြသည်။ ထရပ်ကား၏နောက်ဘက်ရှိ ခုံတစ်လုံးပေါ်၌ 'မိန်' ရေယာဉ်ပေါ်မှ စက်သေနတ်ကြီးနှစ်လက်ကို တင်လာသည်။

ရုတ်တရက် . . .

သေနတ်ပြောင်းဝနှစ်ခု အပြင်သို့ထွက်၍လာ၏။

ပြောင်းဝနှစ်ခုမှ ကျည်ဆန်များက အဆက်မပြတ်ပစ်ခတ်၍နေသည်။ လွန်စွာပေါက်ကွဲအားကောင်း၍ ပြင်းထန်ထိရောက်လှသော ကျည်ဆန်များဖြင့် အနီးကပ်ပစ်ချလိုက်ခြင်းဖြစ်၍ ကျည်လမ်းကြောင်းတစ်လျှောက်၌ ရှိနေသူအားလုံး လမ်းပေါ်သို့လဲကျသွားကြသည်။

လူဝံကြီးအောင်ခင်နှင့် ကျော်ဇောလင်းတို့က စက်သေနတ်များဖြင့် ပစ်ခတ်နေစဉ် ချစ်ထွေးနှင့်ဇံမှုန်းတို့က ကျည်ခါးပတ်ကို ကျည်ဖြည့်ပေးနေကြသည်။

သူမ၏ဦးခေါင်းပေါ်မှနေ၍ ကျည်ဆန်များ အနီးကပ်ဖြတ်ပြေးနေကြသည်ဟု ထင်မိသည်။



ကျည်ဆန်မှန်သည့်နေရာများမှ လွင့်စဉ်ထွက်သည့်အပိုင်းအစများ သူမအပေါ်သို့ပင် ကျ၍လာသည်။

သူမသည် လမ်းပေါ်၌ ပေ၍ကပ်နေပေသည်။ ပေါက်ကွဲသံများ ကျယ်လောင်လွန်းလှသဖြင့် နားနှစ်ဖက်ကို တင်းတင်းပိတ်ထားရသည်။

ခုခံ၍ပစ်ခတ်သောသေနတ်သံများ မကြားရတော့ပေ။ စက်သေနတ်နှစ်လက်မှာလည်း ပစ်ခတ်စရာမရှိတော့သဖြင့် အသံတိတ်၍ရပ်သွားသည်။

ထက်နေဇလက မြသင်းကြည်ထံသို့ ပြေးသွား၍ဆွဲမ,ထူလိုက်သည်။ ထို့နောက် 'ဇာလျှမ်း' ၏ လင့်ခရူဇာဆီသို့ လျှောက်သွားပြီး . . .

"ဇာလျှမ်း. . . အပြင်ထွက်လို့ရပါပြီ"

ဇာလျှမ်းမှာ ကားအောက်၌ ဝင်၍ပုန်းနေခြင်းဖြစ်သည်။

အပြင်သို့ ကိုယ်ကို လူးလွန့်ထွက်လာသည်။

လမ်းပေါ်သို့ သူကြည့်လိုက်သည်။

မီးလောင်ပျက်စီးနေသော ကားများ. . .

လဲကျငြိမ်သက်နေကြသည့် ဆင်ဒီကိတ်အဖွဲ့မှအဖွဲ့ဝင်များနှင့် လူဆိုးလူမိုက်များ၏ အလောင်းများကိုတွေ့လိုက်ရသည်။

ထရပ်ကားကို မိုးမြင့်က စံအိမ်၏ဝင်ပေါက်၌ နောက်ပြီးထိုး၍ရပ်တန့်လိုက်သည်။

ရွှေများနှင့်ပစ္စည်းများသယ်ရန် မြသင်းကြည်က အမြန်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ သူမ၏လူများက လျင်မြန်စွာ အလုပ်,လုပ်နေကြသည်။

◆

စက်သေနတ်ကြီးနှစ်လက်နှင့် ရွှေများ၊ ရတနာပစ္စည်းများကို ထရပ်ကားပေါ်မှချသည်။ ဆိပ်ခံဘောတံတားပေါ်မှတစ်ဆင့် 'မိန်' ရေယာဉ်ပေါ်သို့ သယ်ယူကြသည်။ ဇမ္မူန်းအနေဖြင့် ပစ္စည်း,များ၏အလေးချိန်ကို ရေယာဉ်ကခံနိုင်ရည်ရှိမှ ရှိပါ့မလားဟု စိုးရိမ်စိတ်ဖြင့်တွေးနေမိသည်။

ပစ္စည်းအားလုံး တင်ပြီးသွားပေပြီ။

'မိန်' ရေယာဉ်ထွက်ခွာရန် အသင့်ဖြစ်နေပေပြီ။

◆ ◆ ◆

## အခန်း (၂၉)

လ,ရောင်အောက်၌ 'မိန်' ရေယာဉ်သည် အရှိန်ပြင်းစွာဖြင့် ပင်လယ်ပြင်၌မောင်းနှင်၍နေ၏။

ရေလက်ကြားမှ အတားအဆီးအချို့နှင့် ရင်ဆိုင်ရျှိုးဖောက်ထွက်ကျော်ဖြတ်လာနိုင်ခဲ့သည်။

ရေယာဉ်၏ဘေး တစ်ဖက်တစ်ချက်၌ ရေစက်ရေမွှားများဖြင့် များစွာဖြာထွက်၍နေ၏။

ပွဲစင်ပေါ်သို့ ဇာမ္မူန်း တက်၍လာသည်။

တဝေါဝေါတိုက်ခတ်နေသော လေပြင်းကြားမှနေ၍ ထက်နေဗလကို လှမ်း၍မေးသည်။

"အခု. . . အမြန်နှုန်း ဘယ်လောက်ရှိနေလဲ"

မိုင်နှုန်းပြခွက်ကို ထက်နေဗလ လှမ်းကြည့်နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"တစ်နာရီကို မိုင်လေးဆယ်..."

"မောင်းရတာ အခြေအနေ...ဘယ်လိုလဲ"

"သိပ်...ကောင်းတယ်"

လူဝံကြီး အောင်ဒင်က ဇံမှုန်း၏ပခုံးကို ရင်းနှီးစွာ ဖက်လိုက်ပြီး...

"မင်းကတော့...တကယ့်ကိုတော်တဲ့ စက်ဆရာကြီးပဲ၊ ရေယာဉ်အစုတ်အပေါင်းကြီးကို အတောင်ပံတပ်ပေးနိုင်တဲ့ ဆရာပဲ"

"မင်း တကယ်တော်တယ်...ဇံမှုန်း"

ပွဲကိုင်နေသော ချစ်ထွေးက လှမ်း၍ချီးမွမ်းသည်။

ချစ်ထွေးက အလွန်ကျေနပ်သဘောကျသောကြောင့် ချီးမွမ်းခြင်းဖြစ်သည်။

ဇံမှုန်း၏ရင်ထဲ၌ ထူးခြားစွာခံစားနေရသည်။

ယခုမှပင် လက်တွဲညီသူများနှင့် သူကြုံတွေ့ရပြီဖြစ်ကြောင်း နားလည်လိုက်သည်။

◆

အခက်အခဲပေါင်းများစွာကြားမှ 'မိန်'ရေယာဉ်သည် အတွင်းလူယုံတော်ကြီး ဦးသိယ်နှင့် ၁၆. ဝိုင်. သုံးဆင့်အဖွဲ့၏ခေါင်း



ဆောင်မြွေဘီလူးတာဗျူးတို့ ကြိုတင်စီစဉ် စောင့်ဆိုင်းနေသည့် ဆိပ်ခံဘောတံတားဘေး၌ ဆိုက်ကပ်လိုက်သည်။

မြသင်းကြည်က ထက်နေဗလကိုကပ်၍ တီးတိုးပြောသည်။

"တာဗျူးကို ပေးရမယ့်ပစ္စည်းတွေနဲ့ အတူရောပြီး ကျွန်မရဲ့ပစ္စည်းတွေကိုပါ...ယူလာတာ သူ မသိစေနဲ့နော်"

၁၆. ဝိုင်. သုံးဆင့်အဖွဲ့အတွက် ပေးရမည့်ပစ္စည်းများ ကိုကုန်းပေါ်သို့ချသည်။ ချိန်တွယ်ကြပြီးလျှင် ကုန်တင်ထရပ်ကားပေါ်သို့ တင်ကြသည်။

ပစ္စည်းများအားလုံး သယ်ချပြီးလျှင် မြသင်းကြည်က မြွေဘီလူးတာဗျူးကို ပြောလိုက်သည်။

"ကျွန်မ ပေးစရာရှိတဲ့အကြွေးတွေ... အကုန်ဆပ်လိုက်ပြီနော် "

တာဗျူးက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"အကြွေးတွေကျေပါပြီ၊ တာပိုမှာကျန်ခဲ့တဲ့ ခင်ဗျားရဲ့ရန်သူတွေအခြေအနေကကော..."

"အားလုံး...ရှင်းသွားပြီ"

တာဗျူး၏ မျက်လုံးများ ဝိုင်း၍သွားသည်။

မြသင်းကြည်၏ စကားကို သူယုံကြည်သည်။

"တာပိုဆင်ဒီကိတ် လူမိုက်များကို အားလုံး ရှင်းပစ်နိုင်ခဲ့၍သာ သူမ ထွက်လာနိုင်ခြင်းဖြစ်ရမည်။ တာဗျူးအနေဖြင့် သူမကို

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီး လေးစားသွားရသည်။

အရုပ်ဆိုးလှသော သူ၏မျက်နှာကြီးကို ရှေ့သို့တိုး လျက်...

"အင်း... ကျုပ်ရဲ့အဖွဲ့ထဲမှာ ခင်ဗျားလိုထက်မြက်တဲ့ အမျိုးသမီးအဖွဲ့ဝင်တစ်ယောက် မပါတာ... တော်တော်လေး နာတယ်၊ ဒါပေမယ့် ဒီဒေသပတ်ဝန်းကျင်မှာတော့ ကျုပ်ကိုလှန်နိုင်တဲ့လူ မရှိဘူး၊ မင်းအနေနဲ့ အကောင်းဆုံးကတော့ တာပိုကိုပြန်ပြီး ငံနေပါ..."

တာဗျူးက အတိအလင်း ခြိမ်းခြောက်လိုက်ပေပြီ။

တာဗျူး၏လက်ထောက်တစ်ဦးကလာ၍ သတင်းပို့သည်။

"ပစ္စည်းတွေ အားလုံးတင်ပြီးသွားပါပြီ... ဆရာကြီး"

"ကောင်းတယ်..."

တာဗျူးက အစောင့်အကြပ်များပါသော သူ၏ကုန်တင် ကားကြီး ထွက်ခွာရန် လက်ပြလိုက်သည်။

တာဗျူးနှင့် သူ၏လက်ထောက်တို့က အခြားကားတစ်စီး ပေါ် သို့တက်လိုက်သည်။ ထို့နောက် ကားနှစ်စီးသည် မြို့လယ်ဘက် သို့ လမ်းခွဲ၍ အမြန်မောင်းနှင် ထွက်ခွာသွားကြသည်။

... ထက်နေဗလနှင့် အောင်ဒင်တို့သည် မြသင်းကြည်တို့ နှုတ်ဆက်လျက် 'မိန်'ရေယာဉ်ဆီသို့ ထွက်ခွာသွားကြသည်။

◆



လူသူကင်းမဲ့သော နှင်းတောင်တန်း၏ထိပ်ဘက်ရှိ ကား ပတ်လမ်းတွင် ရွှေနှင့်ပစ္စည်းများ သယ်ဆောင်လာသော ထရပ် ကားသည် ခပ်ဖြည်းဖြည်း မောင်းနှင်၍နေ၏။

နယ်မြေသစ်၏ အစွန်အဖျားဖြစ်၍ လူနေ လွန်စွာကျဲပါး သောနေရာဖြစ်သည်။

ကားမောင်းသူက တစ်ဆစ်ချိုးကွေ့ကို ကွေ့လိုက်၏။

ရှေ့ဘက်၌ လမ်းပိတ်၍ထားသည်ကို တွေ့လိုက်ရသဖြင့် ဘရိတ်ကို နင်းလိုက်သည်။

ကျော်ဇေလင်းသည် ကားသမား၏ နားထင်ကို ပစ္စတို ဖြင့် ကပ်၍ချိန်လိုက်သည်။

"မင်းတို့ အားလုံးကို... ဖမ်းလိုက်ပြီ"

ကျော်ဇေလင်းနှင့် အတူပါလာသည့် မြသင်းကြည်၏လူ များက ဒဗ်. ဝိုင်. သုံးဆင့်အဖွဲ့မှ လူအားလုံးကို ဖမ်းဆီးချုပ်နှောင် လိုက်ကြသည်။

ထို့နောက် ထိုလူအားလုံးကို ချုံပင်များကြား၌ ထိုး၍ထားခဲ့ သည်။

ချစ်ထွေးက ထရပ်ကားပေါ်သို့ တက်၍နေရာယူပြီး ရှေ့ သို့မောင်းထွက်လာသည်။

ရှေ့ဘက်တစ်နေရာရှိ ချုံပင်များကြား၌ ပုန်းကွယ်၍ထိုး ထားသော မြသင်းကြည်၏ မာစီဒီးကားရှိနေသည်။

ကျော်ဇေလင်းက မြသင်းကြည်ထံသို့သွား၍ သတင်းပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အားလုံး အဆင်ပြေတယ်၊ ၁၆. ဝိုင်. သုံးဆင့်က ငမိုက်သားတွေကိုတော့ ကြိုးတုတ်ပြီး ချုံထဲမှာ ဝှက်ထားခဲ့တယ်၊ ဒီကောင်တွေကို လူတွေ လွယ်လွယ်နဲ့ တွေ့နိုင်မှာ မဟုတ်ဘူး"

"ကောင်းပြီ. . . ရှင့်ကိုပေးထားတဲ့ လိပ်စာအတိုင်း ရွှေနဲ့ ရတနာ့ပစ္စည်းတွေကို သွားပို့ပါ။ အဲဒီနေရာကိုသွားဖို့. . . ချစ်ထွေးက လိုက်ပြလိမ့်မယ်"

မြသင်းကြည်က သူမ၏လူယုံတော်ကြီး ဦးသိယ်ဘက်သို့ လှည့်၍တစ်လုံးခြင်း အေးဆေးစွာ ပြောလိုက်သည်။

"အခုလို ပစ္စည်းတွေ အပျောက်ရိုက်တာ. . . ကုဋေတစ်ထောင်စက္ကူရဲ့လက်ချက်လို့ပြောရမယ်၊ ရွှေနဲ့ပစ္စည်းတွေ ကုဋေတစ်ထောင်စက္ကူရဲ့ဂိုဒေါင်ထဲ ရောက်သွားတာနဲ့ မိနစ်ပိုင်းအတွင်းမှာ မြွေဘီလူးတာဗျူးဆီကို ချက်ချင်း. . . သတင်းပို့လိုက်မယ်"

ဦးသိယ်က ကျေနပ်အားရစွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။

◆

မြွေဘီလူးကြီး 'တာဗျူး'သည် သူထံသို့ ပစ္စည်းများရောက်မလာကြောင်း သိလိုက်ရသည်။ သူ၏နယ်မြေ၌ ပစ္စည်းများကြားဖြတ်အလုခံလိုက်ပြီဖြစ်ကြောင်း နားလည်လိုက်သည်။



ထိုအတွက်ကြောင့် 'တာဗျူး'သည် ဒေါသယမ်းအိုး ပေါက်ကွဲရုံမျှမက ရှူသွက်လုမတတ် ရှက်နေမိပေသည်။'

ထိုစဉ်မှာပင်. . .

သူထံသို့ သတင်းတစ်ခု ရောက်လာသည်။

. . . . . . . . . . .

. . . . . . . . . . .

"ဘာ. . . ကုဋေတစ်ထောင်စက္ကူ. . ဟုတ်လား၊ တောက်! သူနဲ့ငါနဲ့က အမြဲလက်တွဲနေကြတာပဲ၊ ဟုတ်ပြီ. . . ဟုတ် ပြီ။ သူက တော်ဝင်နန်းတော်ကုမ္ပဏီကို အပိုင်စီးချင်နေတာ၊ ငါ့ကို. . . သူ့ဝေစုထဲက အမြတ်ခွဲမပေးချင်တဲ့ သဘောပဲပေါ့။ ဒါနဲ့. . . အခု စက္ကူ ဘယ်မှာလဲ. . ."

◆ ◆ ◆

www.burmeseclassic.com



စဝ်ရန်နိုင်ကို အမှတ်လေးရာလေးဆယ်ကို လွှတ်လိုက်ပါ၊ အဲဒီနေရာမှာ ကုဋေတစ်ထောင်စက္ကူပိုင်တဲ့ ဂိုဒေါင်တစ်လုံးရှိတယ်၊ စဝ်ရန်နိုင်တို့ ရှာဖွေနေတဲ့ ရွှေနဲ့ရတနာပစ္စည်းတွေ အဲဒီဂိုဒေါင်ထဲမှာ ရှိနေတယ်၊ အဲဒီနေရာကို အမြန်ဆုံးသွားနိုင်ရင် ၁၆. ပိုင်. သုံးဆင့်အဖွဲ့ရဲ့ခေါင်းဆောင် မြွေဘီလူး'တာဗျူး'ကိုပါ. . . တွေ့ရလိမ့်မယ်၊ စဝ်ရန်နိုင်ကို လက်နက်အပြည့်အစုံ ယူသွားပါလို့ ပြောလိုက်ပါ"

သူတို့နှစ်ဦးပြောနေသည်ကို စဝ်ရန်နိုင်က နားထောင်၍နေသည်။

ချက်ချင်းပင် စဝ်ရန်နိုင်သည် မွေးကြီးကို ရေဒီယိုဖြင့် လှမ်း၍ဆက်သွယ်လိုက်သည်။ မွေးကြီးသည် လက်ရွေးစင် အထူးအဖွဲ့ဝင်များနှင့် အသင့်စောင့်၍နေသည်။

စဝ်ရန်နိုင်က လိပ်စာပေးလိုက်ပြီး . . .

"မွေးကြီး. . . ခင်ဗျားတို့ အဲဒီနေရာကို သွားဝိုင်းထား၊ ကျွန်တော် အခုပဲ လာခဲ့မယ်"

◆

စဝ်ရန်နိုင်၏ကား ရောက်သွားလျှင် မွေးကြီးက အသင့်စောင့်ဆိုင်း၍နေသည်။ လမ်းတစ်ဖက်၌ရှိသော ဖျက်စီးပြီးသွင်းနေသည့် ဂိုဒေါင်ကြီးတစ်လုံးကို လက်ညိုးညွှန်၍ မွေးကြီးက ပြောသည်။

## အခန်း (၂၈)

ဌာနချုပ်၏ရေကြောင်းဆိုင်ရာ စစ်ဆင်ရေး အခန်းထဲ၌ တယ်လီဖုန်း မြည်လာသည်။

မြသင်းကြည်က ကျော်စိုးမိုးထံသို့ ဆက်သွယ်ပေးရန် တောင်းလိုက်သည်။

မြသင်းကြည်က တည်ငြိမ်စွာဖြင့်. . .

"ကျွန်မ. . . အခု ခရုကျွန်းပေါ်ကို ရောက်နေပါပြီ"

ကျော်စိုးမိုးက. . .

"ကောင်းပါပြီ၊ ခင်ဗျား. . . ဒီမှာ ကောင်းကောင်းမွန်မွန် နေဖို့ ခွင့်ပေးထားပါတယ်"

သူမ၏အသံမှာ နွမ်းနယ်၍နေ၏။

"ကျွန်မ. . . သတင်းပေးစရာတစ်ခု ရှိတယ်၊ ရဲအရာရှိ

www.burmeseclassic.com

www.burmeseclassic.com



"အခုလေးတင် ကုဋေတစ်ထောင်စက္က ဂိုဒေါင်ကို ပြေးဝင်သွားတယ်. . ."

"နောက်ထပ်ကော. . ."

မွေးကြီး၏ရေဒီယိုစကားပြောစက်မှ အသံမြည်၍လာ၏။

ကောက်ယူရန် နားထောင်လိုက်လျှင် လက်ရွေးစင်အဖွဲ့ဝင်တစ်ဦးက သတင်းပို့သည်။

"နောက်ဘက်ကနေ မြွေဘီလူး 'တာဗျူး'နဲ့ ၁၆. ၀ိုင်. သုံးဆင့်အဖွဲ့ဝင်တွေ. . . ဝင်သွားတာတွေ့ရပါတယ်"

"ခဏစောင့်နေလိုက်ပါဦး. . . ပြီးတော့မှ ငါတို့ တစ်ပြိုင်တည်းဝင်မယ်"

သုံးမိနစ်ခန့်အကြာ။

ဆူညံနေသည့် ကားအင်ဂျင်သံများ. . .

သေနတ်သံများ. . .

ဆက်တိုက်ပေါ်ထွက်လာသည်။

"သေနတ်သံကြားရပြီး၊ မွေးကြီး. . . ခင်ဗျားတို့ပါ အထဲကို ဝင်ပေတော့"

စဝ်ရန်နိုင်က လမ်းတစ်ဘက်ကို ပြေးတက်သွားသည်။

မွေးကြီးနှင့်အထူးအဖွဲ့ဝင်များက ဂိုဒေါင်၏အရှေ့ဘက်တံခါးကို ပုဆိန်များဖြင့် ခုတ်၍ဖွင့်လိုက်ကြသည်။

စဝ်ရန်နိုင်နှင့်သူ၏လူများ အတွင်းသို့ပြေးဝင်သွားကြသည်။



အရေးပေါ်ထွက်ပေါက်၊ နောက်ဖေးဘက်ထွက်ပေါက်၊ ဘေးဘက်ထွက်ပေါက်များမှ လုံခြုံရေးရဲအဖွဲ့ဝင်များ လျှင်မြန်စွာ ဝင်လာကြသည်။

ဂိုဒေါင်အတွင်းပိုင်း၌ ကြမ်းပြင်ပေါ်တွင် တာရပတ်များဖြင့်အုပ်ထားသည့် ရွှေများ၊ ရတနာပစ္စည်းများကို တွေ့ရသည်။

ထိုပစ္စည်းများ၏ ဘေးဘက်၌ သွေးအိုင်ထဲ၌ လဲကျငြိမ်သက်နေသည့် ကုဋေတစ်ထောင်စက္က၏ရုပ်အလောင်းကိုပါ တွေ့လိုက်ရသည်။

စက္ကကိုပစ်သတ်လိုက်သူမှာ မြွေဘီလူး 'တာဗျူး'ပင်။

စဝ်ရန်နိုင်တို့ ရုတ်တရက် ဝင်ရောက်လာသဖြင့် 'တာဗျူး'မှာ အော်တိုမက်တစ်ပစ္စတိုကို တင်းကျပ်စွာဆုပ်ကိုင်လျက် ဒေါကြောင်ပြီး ရပ်နေမိသည်။

စဝ်ရန်နိုင်က တာဗျူး၏အနီးသို့ လျှောက်၍လာသည်။

"ခင်ဗျားက ဒုစရိုက်လုပ်ငန်းမျိုးစုံကို လုပ်နေတဲ့လူ၊ အခုတော့ ခင်ဗျားပြေးလို့ ရှောင်လို့ မရနိုင်တော့ဘူး၊ ကျုပ်က. . . အခု ခင်ဗျားကို အလွယ်ကလေး ဖမ်းလိုက်နိုင်ပြီ"

တာဗျူးမှာ စဝ်ရန်နိုင်ပြောသည့်စကားများကို မကြားတစ်ချက်၊ ကြားတစ်ချက် ဖြစ်နေမိသည်။ သူသည် ဘဝမြင့်စွာဖြင့် စိတ်လိုက်မာန်ပါ ဒေါသအလျောက် လုပ်မိခဲ့သည်။

ယခုအချိန်၌. . .

သူသည် ရဲများပတ်လည်ဝိုင်းထားသည့် ရှေ့ရာ၌ သတ်

www.burmeseclassic.com

www.burmeseclassic.com



သေအထောက်အထားနှင့် မတိမ်းသာမရှောင်သာ မိရှိနေချေပြီ။

စဝ်ရန်နိုင်က တာဗျူး၏လက်ထဲမှ သေနတ်ကို သိမ်းယူလိုက်ပြီး လက်ထိပ်ခတ်လိုက်သည်။

တာဗျူးမှာ အံကိုကြိတ်လျက်ဖြင့် . . .

"ခင်ဗျားတို့ ဘာမှနားမလည်ဘူး၊ စတ္တ . . . စတ္တ ဒင်းကိုယ်တိုင် ကိုယ့်သေတွင်း ကိုယ်တူးတာပါ၊ ကျုပ်အပေါ် သူက သစ္စာဖောက်တယ်၊ သူလိုလူစားမျိုးက ကျုပ်ကို အခုလို . . . အခုလို လုပ်ရဲတာယ် . . ."

တာဗျူး မကျေမနပ် အဖြစ်ဆုံးကိစ္စမှာ စိုဒေါင်ကြမ်းပြင်ပေါ်၌ရှိနေသော ရွှေများ၊ ရတနာပစ္စည်းများပင်ဖြစ်သည်။

ကုန်ပစ္စည်းများအတွက် သူ လွှန်မင်းစွာ ကြိုးစားခဲ့ရသည်။

ဤပစ္စည်းများကို မည်သူကိုမျှ မပေးပစ်နိုင်ပေ။

ဤသို့ဖြစ်လာစေရန် အကြံအစည်မျိုး မည်သူကမျှ ကြံမည်မဟုတ်ပေ။ ဤပစ္စည်းများကို လုံခြုံရေးအဖွဲ့ဝင်များနင်ရဲများလက်ထဲသို့ ရောက်သွားစေရန် မည်သူကမျှ ကြံနိုင်မည်မဟုတ်။

ကုဋေထစ်ထောင်စတ္တကိုယ်တိုင်ကလည်း ဤရွှေများနှင့်ရတနာပစ္စည်းများကို အလွယ်တကူပစ်၍ ထားလိမ့်မည် မဟုတ်ချေ။

ဤအတိုင်းဆိုရင် . . .

မြသင်းကြည်၏လက်ချက်သာ ဖြစ်ပေတော့မည်။



မြသင်းကြည်ကို တာဗျူးအနေဖြင့် အမြဲလျှော့၍ တွက်ထားခဲ့မိပေသည်။

ထိုသို့ လျှော့တွက်မှုကြောင့် . . .

သူသည် ကြီးမားစွာသော ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရပေပြီ။

◆ ◆ ◆

## အခန်း (၂၉)

မြသင်းကြည်နှင့် သူမ၏အဖွဲ့သားများ ကားပေါ်သို့တက်နေကြသည့်အချိန်မှာပင် 'မိန်'ရေယာဉ်သည် ပင်လယ်ဒေါ်ကိုဖြတ်၍ ထွက်လာသည်။

ရေလက်ကြားထဲသို့ မရောက်ခင်မှာပင် . . .

တိုက်ခိုက်ရေး ယာဉ်သုံးစင်းသည် လက်နက်အင်အားအပြည့်အစုံနှင့် ကွေ့ဝင်လာသည်။

'မိန်'ကိုမြင်သည်နှင့် နောက်မှ လိုက်လာလေတော့သည်။

ပဲ့စင်ပေါ်နေ၍ စက်မောင်းတံကို ထက်နေဗလ အတုန်ဖွင့်ချလိုက်သည်။

ရေယာဉ်သည် အမြန်ဆုံးနှုန်းဖြင့် ရေပေါ်၌ ရှပ်၍ပြေးနေသည်။ နောက်ဘက်မှ တိုက်ခိုက်ရေးယာဉ်များက ပိုး၍ပြေးနေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တဖြည်းဖြည်းနှင့် မိ၍လာသည်။

ရှေ့ဆုံးမှ တိုက်ခိုက်ရေးယာဉ်က စက်သေနတ်ဖြင့် လှမ်း၍ပစ်ခတ်သည်။

ကျည်ဆန်များက ရေထဲ၌ တဝေါဝေါကျ၍နေသည်။

အောင်ဒင်က မီးခိုးဘူးကြီး၏အဖုံးကို ဖွင့်လိုက်သည်။

မီးခိုးလုံးကြီးများ နောက်ဘက်တွင်ကျန်ရစ်ခဲ့သည်။ တိုက်ခိုက်ရေးယာဉ်များမှာ သူတို့အား မမြင်ရတော့သဖြင့် ကျန်ရစ်ခဲ့သည်။

အောင်ဒင်က သဘောကျစွာ ရယ်မော၍နေ၏။

ပင်လယ်ပြင်၌ မိုင်းရှင်းသင်္ဘောများက ပိတ်၍စောင့်နေသည်ကို မြင်လိုက်ရသည်။ သင်္ဘောများထံမှ ရပ်ရန်အချက်ပြသည်။

အရှေ့ဘက်မှ နေရောင်ခြည်များ ထိုးဖြာကျ၍လာသည်။

ထက်နေဗလက သူ၏ရေယာဉ်ကို မရပ်။

မိုင်းရှင်းသင်္ဘောဆီမှ အမြောက်တစ်ချက်ပစ်လိုက်သည်။

အမြောက်ဆန်က 'မိန်'ရေယာဉ်၏ အရှေ့ဘက်ရေလမ်းကြောင်းပေါ်သို့ ကျ၍လာသည်။

နှစ်ဦးသား ပဲ့ပိုင်းသို့ ပြေးသွားကြသည်။

ပဲ့ပိုင်း၌ ပုံးအဖြူကြီးနှစ်လုံးရှိသည်။

မျက်နှာတွင် အောက်ဆီဂျင် မျက်နှာဖုံးစွပ်ပြီး ပုံးဖြူကြီးတစ်လုံးစီထဲသို့ ထက်နေဗလနှင့် အောင်ဒင်တို့ဝင်သည်။



အဖုံးကိုပိတ်လျက် ခလုတ်ကို နှိပ်လိုက်သည်။

ပုံးနှစ်လုံးမှာ နောက်ဘက်ရှိ ရေဂယက်ထဲသို့ ဝေါခနဲ ပြုတ်ကျသွားသည်။ မီးခိုးလုံးများ၏ အကာအကွယ်ဖြင့် ပုံးကြီးနှစ်လုံးမှာ ရေထဲ၌မျော၍ပါသွားသည်။

မိုင်းရှင်းသင်္ဘောနှစ်စီးမှ ပြိုင်၍ ပစ်ခတ်နေသော သေနတ်ကျည်ဆန်များက 'မိန်'၏ ပတ်လည်၌ ကျ၍ရောက်လာနေ၏။

သင်္ဘောဝမ်းဗိုက်ထဲ၌ရှိသည့် နိုက်ထရိုဂျင်ဓာတ်ငွေ့အိတ်များကို ကျည်ဆန်အချို့ ထိမှန်သွားသည်။

အဖြူရောင်မီးခိုးလုံးကြီးများတက်လာပြီး ရေယာဉ်တစ်ခုလုံး ပေါက်ကွဲသွားသည်။

ဘေးပတ်ဝန်းကျင်၌ ကြီးမားသော လှိုင်းဂယက်ကြီးများ ထ၍ကျန်ရစ်သည်။

ရေပြင်ပေါ်၌ မည်သည့်အရာမျှ မကျန်ရစ်တော့ပေ။

မီးစမီးနများနှင့် အပျက်အစီးအချို့သာ ကောင်းကင်ပေါ်မှနေ၍ တဖြည်းဖြည်းနှင့် ရေပြင်ပေါ်သို့ ပြန်၍ကျနေသည်။

ရေယာဉ် ပေါက်ကွဲသံကြီးမှာ ကျယ်လောင်လွန်းလှသဖြင့် ပတ်ဝန်းကျင် မိုင်အတော်များများမှပင် ကောင်းစွာကြားနိုင်ပေသည်။

'မိန်'တား ပင်လယ်ရေပြင်ပေါ်၌ ထာဝရ ပျောက်ကွယ်၍သွားပေပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com



ပုံးများနှင့် မျောပါသွားသူနှစ်ဦးဖြစ်သည့် ထက်နေဗလနှင့် လှူဝံကြီးအောင်ဒင်တို့၏ ကံကြမ္မာကိုလည်း မည်သူမျှ ပြောနိုင်ကြမည် မဟုတ်ကြချေ။

'မိန်'နှင့်အတူပင်. . .

ထာဝရ ပျောက်ကွယ်သွားလေပြီလော. . .။

ပင်လယ်ပြင်ကျယ်ကြီး တစ်ခုလုံး ပြန်လည်၍ အေးချမ်းတိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်ရပေတော့သည်။

ပြီးပါပြီ

ဇော်ထက်အောင်

www.burmeseclassic.com